


www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏာမိ


မေတ္တာရန့်နှင့်နေပျော်ကျေနပ်စေ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၀၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၀၀၅၀၃

၂၀၀၅ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

[illegible] ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှိုင်စာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# မေတ္တာရနံ့နှင့်
# နေပျော်ကျေနပ်စေ

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







အဲဒီအစ်ကိုတစ်ယောက်ကို တစ်ခါစိတ်တိုင်းမကျ ဖြစ်ရလေတိုင်းမှာ ... ထိဆုကြီးတစ်ခါ ထပေါက်မည်ဆိုလျှင် ... အခုခါ ... ရဲရဲကိုမီအောင် ချမ်းသာနိုင်မည့် ဘီလျံနာသူဋ္ဌေးတော့ ကမ္ဘာပေါ်တွင် ရှိနိုင်တော့မည်မထင်။ ဘီလ်ဂိတ်လောက်များ တော့ သွားစမ်းပါ ...။ လေးစားလွန်းလို့ "ကြီးတော်"ဟုလာခေါ် လျှင်တောင် ... "အေး ... ငါ့တူကလေး"ဟု ပြန်ခေါ်ပေးလိုက် ဦးသေးသည်။

ဒါပေမဲ့လည်း အဲဒီလိုကလည်း မဖြစ်။ စိတ်တိုင်းကျရတာတွေများလာလေ ...။ လူကစိတ်မချမ်းသာ လက်မချမ်းသာ ဖြစ်ရလေ ...။ ကြာကြာနေရင် ... လူက လူရုပ်တောင် ပေါက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့မည် မဟုတ်ပေ ...။ ကိုယ့်မှာမိဘတွေ မရှိကြတော့ကတည်
က ဒီအစ်ကိုလေး တစ်ယောက်ကို စွဲစွဲမြဲမြဲ မျက်စိစုံမှိတ် အား
ယုံကြည်ပါတော့မည် ... ဟု အားငယ်သင့်သလောက်တော
အားမငယ်လိုက်ရ ...။ ဒါပေမဲ့ သူကတော့ အထင်နှင့်အမြ
ပါစင်အောင် တက်တက်ကြီးကို လွဲလေသည်။

မိဘနှစ်ပါးတို့ မရှိကြတော့ဘူး ဆိုတာကလည်
သူများတကာ မိသားစုတွေလို ... ရုတ်တရက် မတော်တဆမှုေ
နှင့် ... သားသမီးတွေမှ အရွယ်မရောက်နိုင်ကြသေးခင် ... "ဂြုတ်
ဆို နှစ်ယောက်လုံး ကွယ်ပျောက်သွားကြတာမျိုးလည်း မဟုတ်
ဘူး ...။ သူတို့ဘာသာ အသက်အရွယ်ကြီးကာမှ အိမ်ရာထူထေ
ဖြစ်ကြလို့ ... သားရော သမီးပါ အရွယ်ရောက်ပြီးချိန်မှာ
အေးအေးဆေးဆေး သမားရိုးကျပဲ သခ်ါရသဘောအတိုင်း
ကုန်ကြတာပါ။

သူများတကာ သူငယ်ချင်းအပေါင်းအသင်းတွေ
အချိန်မှာ မိစုံဘစုံနဲ့ ဆက်ရှိနေသေးကြချိန်မှာ ကိုယ်တွေက
နည်းစောပြီး မိဘမဲ့ဖြစ်သွားတာလောက် ရှိတာပါ။ ရဲရဲ ဆို
မိန်းကလေးငယ်မို့ အစ်ကိုအကြီးဖြစ်သူကို ပုံအပ်အားကိုးချင်
ဝင်လာတာကလွဲရင် ထူးပြီးတော့လည်း Cotnplex တွေ တင်
ကြီးနဲ့ ဖြစ်ကျန်မနေရစ်ပါဘူး ...။ ရဲရဲတောင် အဲဒီလို ...။





ကိုပဲ အစ်ကိုက ယောကျာ်းကြီးတန်မဲ့ ... အချိန်တန်လို့မှ နာလန်
ပြန်မထူနိုင်သေးဘဲ ... ဆက်ဖြစ်နေရသေးတာလား ...။

အဲဒီလိုတော့လည်း မဟုတ်လောက်သေးဘူး ထင်ပါ
တယ်လေ ...။ နဂိုတည်းက အနေအေးဆေးပေမဲ့ အပေါင်းအသင်း
တော့ များတတ်သူပီပီ ... သူ့သူငယ်ချင်း အပေါင်းအဖော်တွေနဲ့သူ
ဆိုရင်တော့ ... ပျော်ရွှင်စိတ်ချမ်းသာနေတတ်တဲ့ အချိန်တွေကို
တွေ့မြင်နေရသားပဲ။ အဓိက,ကတော့ ရဲရဲ ဆိုတဲ့ ညီမတစ်ယောက်
ကို သူ့ခေါင်းထဲ သိပ်မထည့်တာ။ ရဲရဲကလည်း အဲဒါကိုပဲ မကျေ
မနပ်နဲ့ အသည်းထဲ ရှစိတက်ပြီး နေမထိထိုင်မသာ ဖြစ်ရတာ ...။

ရဲရဲ ဖြစ်စေချင်တာက ... မိဘနှစ်ပါးစလုံး မရှိကြ
တော့ဘူးဆိုတာရဲ့ နောက်တစ်နေ့မှာ ... (နောက်မှဆုံးပါးသွားခဲ့
တဲ့ မေမေ့ ရက်လည်ဆွမ်းကျွေးရဲ့ နောက်နေ့မှာ) အလုပ်အကိုင်
ကိုယ်စီနဲ့ဖြစ်တဲ့ ရဲရဲနဲ့ အစ်ကို့ရဲ့ ပုံမှန်လစဉ်ဝင်ငွေက ဘယ်လောက်၊
မေမေတို့ ချန်ရစ်ခဲ့တာက ဘာတွေ ဘာတွေ အယ်လောက်ကစ
လို့ ... သူစိတ်ဝင်တစား လေ့လာစီမံပြီးရင် ... ရှေ့လျှောက်နေ့
စဉ်နေထိုင်စားသောက်ဖို့ အထိပါ စီစဉ် ...။ ရဲရဲကိုလည်း သူက
ဝဲ တာဝန်ပေးခိုင်းစေပေါ့ ...။

ခုတော့ မဟုတ်ပေါင် ...။ မေမေတို့ ဘာတွေဘယ်
လောက်ကျန်ခဲ့သလဲလည်း သူ မသိ။ ရဲရဲက ချပြတော့လည်း

www.burmeseclassic.com



**စိတ်မဝင်စား။** အသုဘကိစ္စတွေကိုတောင် ရဲရဲ တစ်ယောက် ဘယ်အိတ်ထဲက နှိုက်ထွက်လာလို့ ခုလို အဆင်ပြေပြေ၊ စည်စည် ကားကား မြေကျသွားရသလဲ ... သူ မသိ ...။ နောက်တစ်နေ့ ကစလို့ ရှေ့ရေးအတွက်လည်း ဘာမှမစိမ်၊ မဆွေးနွေး။

အိမ်မှာ ဘာအလုပ်ပေါ်လို့ ဘာတွေလိုအပ်နေသလဲ လည်း သူ စိတ်မဝင်စား။ (ခိုင်းရင်၊ အကူအညီတောင်းရင်တော့ လုပ်ပေးလိမ့်မည်။) ရက်လည်ရဲ့ နောက်တစ်နေ့ကစပြီး ရဲရဲ စီမံ ထည့်သို ပေးထားသော ထမင်းဘူးကိုကိုင်ပြီး ရုံးပြန်တက်တော့ တာ ဒီနေ့ထိ။ မိုးလင်း ရှစ်နာရီက ထွက်သွား ... ညနေ(သို့) ညမိုးကြီးတော်တော်ချုပ်မှ ပြန်လာ ...။

တစ်ခါတလေကျ တစ်ယောက်နဲ့ တစ်ယောက် တစ်နေကုန်နေလို့မှ နှုတ်ဆက်စကား၊ အာလာပသလ္လာပ တစ်ခွန်း လောက်တောင်မှ မပြောဖြစ်ကြ။

သူ့အိမ်မှာ မရှိခင် အချိန်တွေမှာ ညီမဖြစ်သူ ဘာ ဖြစ်နေသလဲ၊ ဘာလုပ်လို့ ဘာကိုင်နေသလဲ ... လည်း ဘာမှမသိ ချင်၊ မမေးမြန်း။ ညီမဖြစ်သူရဲ့ တစ်ကိုယ်ရေ တစ်ကာယအကြောင်း မပြောပါနဲ့။ သူကိုယ်တိုင် လက်ရှိနေထိုင်နေတဲ့ ဤအိမ်ကြီး ဘာဖြစ်နေသလဲ ... ဘာလိုအပ်နေသလဲလည်း ... ဘာမှ စိတ်မ ဝင်စား။ ယုတ်စွအဆုံး သူ မနက်တိုင်း အသားလေး ကောက်ယူ





သွားနေကျ ထမင်းဘူးကလေးသည်ပင်လျှင် ဘယ်က ဘယ်လို ဖြစ်ပေါ်လာမှန်း သူ စဉ်းစားနေပုံမပေါ်ချေ ...။

သူ့အဝတ်တွေ မလျှော်ဘဲပုံထား၊ သူ့အခန်းကိုမ ရှင်းဘဲ တစ်ပတ်လောက် ပေမှထား ...။ ဘာမှမပြော။ သူလည်း မလျှော်။ မရှင်း။ တော်သလိုကြည့်နေနေလိမ့်မည်။ အိမ်စရိတ်ဆို တာကိုလည်း "ပိုက်ဆံလိုပြီ" လို့ ပြောမှ ထုတ်ပေး။ တစ်ခါတလေ ကျ ရဲရဲကရွဲ့ပြီး "တစ်လခလုံးပေး ... စိုက်ထားနေရတာ များ ပြီ" ဟု သူ လခထုတ်ရက်မှာ အကျပ်ကိုင်လျှင်လည်း အသာ တကြည့်ပဲ ထုတ်ပေးလိုက်လိမ့်မည်။ သို့သော် ... မတောင်းလျှင် မပေး။ "သူ အဆင်ပြေနေလို့ မတောင်းတာ နေလိမ့်မပေါ့" ဟု အေးဆေးနေပေလိမ့်မည်။

အိမ်ရှေ့က ခြံတံခါးကြီး တံခါးပတ္တာတစ်ဖက်ပြုတ် ပြီး ရွဲ့စောင်းကျ၊ မြေကြီးနဲ့ ထောက်တိုက်နေတာကိုတောင်မှ မြင်ရက်နဲ့ ဖြတ်ကျော်ပြီး ... ဒီအတိုင်း ရုံးကိုထွက်သွားပါတယ်ဆို ...။ "နက်ဖြန်ကျ ရုံးမသွားနဲ့ ... ခွင့်ယူလိုက် ... အဲဒီတံခါးကြီးကိစ္စ ပြီး အောင်လုပ်ပေး ... နက်ဖြန် တစ်နေ့တည်းနဲ့အပြီးနော် ..." ဟု ရာဇသံ ပစ်တော့လည်း အဟုတ်ပင်အမိန့်နာခံကာ သူ့ဘာသာအလုပ်သမား တွေ စီစဉ်ခေါ်လာပြီး လုပ်ဆောင်နေသည်မှာ ... ညနေဘက် ရဲရဲ အလုပ်ကပြန်လာတော့ တံခါးနှစ်ချပ်လုံး သေသပ်ကြော့ကြော့လို့ ...။

www.burmeseclassic.com



ကဲ ...။ ဘယ်လို အစ်ကိုနည်း။

ဘယ်လိုအစ်ကိုလဲ ဆိုတော့ ... လူမှာ သွေးတိုးပြီး နှလုံးရောဂါပါ ရနိုင်လောက်တဲ့ အစ်ကိုမျိုးပေါ့ ...။ မိဘတွေရှိစဉ်ကတည်းက ဒီလိုအချိုးမျိုးပဲ ဆိုပေမဲ့ ခုနေခါမှာတော့ ကိုယ့်ထက်ငယ်တဲ့ ကိုယ့်ညီမလေးတစ်ယောက်ရဲ့ အနေအထားကို ခေါင်းထဲထည့်ပြီး စဉ်းစားပေးလေ။ ခုများတော့ ... တစ်ခါတလေ တစ်နေကုန် စကားတောင် မပြောမိကြပါဘူးဆိုမှတော့ ... ဘယ်မှာလဲ ... ရဲရဲ လိုလားတောင့်တနေမိတဲ့ ... မေတ္တာတွေ၊ အကြင်နာတွေ။ ဂရုတစိုက် အလိုက်သိမှုတွေ၊ တာဝန်ယူမှုတွေ။

ရဲရဲကပဲ လောဘတွေ ဇွတ်ကြီးနေမိတာလား ...။

ဒီလိုယောက်ျားမျိုးဟာ အိမ်ထောင်ပြု၊ မိန်းမယူဖို့ဆိုတာကော ခေါင်းထဲရောက်မဲ့ လူမျိုးလား။ ရဲရဲကတော့ တခြားအထီးကျန်ညီမတွေလို အစ်ကိုဖြစ်သူကို စိတ်ကြီးပုပ်ပြီး လိုက်တိုတွာနေမှာ မဟုတ် ...။ ယူစမ်းပါစေ ...။ သူ့မိန်းမဖြစ်သူ ဘယ်နရက်လောက် သည်းညည်းခံနိုင်မလဲ သိချင်သည်။ ကိုယ့်ဒုက္ခကို လာမျှယူရမဲ့ ဘဝတူ မိန်းမသားတစ်ယောက်ကိုတော့ သနားသား။ ဒါပေမဲ့ အဖော်ရှိလာမှ ကိုယ့်ခံစားချက် နည်းနည်းသက်သာမည်ဟု ထင်နေမိသည်။





မပြောနိုင်ဘူးလေ ...။ ညီမနဲ့ကျတော့ ဤသို့ဖြစ်သော်ငြား ... အချစ်နဲ့ မိန်းမနဲ့ကျတော့ ... နောက်တစ်ဖုံပြောင်းပြီး လူကောင်းပကတိကြီး ဖြစ်ချင်လည်း ဖြစ်သွားနိုင်မှာပဲ ...။

ဒီလိုမှ မဟုတ်ရင်တော့ အဲဒီအစ်ကို့ကို ဒီအိမ်ကြီးမှာ ပိုးထိုးထိုး၊ လောက်တက်တက် တစ်ဦးတည်း ပစ်ထားခဲ့ပြီး ... ရဲရဲက ကိုယ်လွတ်ရုန်း လွတ်လမ်းရှာပစ်လိုက်ချင်သည်။ ရဲရဲရဲ့ လိုလားတောင့်တချက်တွေကို ပြည့်စုံအောင် ဖန်တီးပေးနိုင်မဲ့ ... ယောက်ျားပီသသူ တစ်ယောက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး လက်တွဲခွင့်ရနိုင်မယ်ဆိုရင်ဖြင့်ပေါ့နော် ...။

အစ်ကို့လိုပဲ နောက်တစ်ယောက် ဆိုရင်တော့ ... "ဆောရီး ..."။ မျှဝေနိုင်မဲ့သူ ဆိုရင်တော့ ... ရဲရဲဘက်က ဘာတွေဘယ်လောက်ပဲ စွန့်လွှတ်ရလွှတ်ရ ...။ လိုက်လျောရ လိုက်လျော့ရပါ ...။

မေတ္တာ၊ အကြင်နာ၊ ဂရုတစိုက် အလိုက်သိမှု၊ တာဝန်ယူမှု၊ ကိုယ့်ဘဝအတွက် တကယ့်အဖော်ကောင်းတစ်ယောက် ...။

ကိုယ့်မှာ အဲဒီကံမျိုး တကယ်ပဲ ပါနိုင်မလား ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ချမ်းမြရည်

ရည့်ဘဝမှာ အမေ့ကို ကြည့်လိုက်တိုင်း မျက်ရည်ကျနေတတ်သည့် အချိန်ကသာ ပိုများနေတတ်ကြောင်း ရည် ငယ်ငယ်ကလေးတည်းက သတိထားမိခဲ့သည်။ အဖေရှိစဉ်ကတည်းကပင် ... အမေဟာ ဝမ်းနည်းလည်းငို၊ ဝမ်းသာလည်းငို၊ စိတ်လှုပ်ရှားလည်း မျက်ရည်ကျ ...။ ဘာမှ ဖြစ်မနေချိန်မျိုးမှာတောင် တစ်ခါတလေကျ ... စကားတပြောပြောကပင် အလိုလိုနေရင်း မျက်ရည်တွေ ကျလာတတ်တာမို့ ... အဖေမရှိတော့တဲ့ နောက်ပိုင်းမှာ ... အမေ မျက်ရည်မကျဖြစ်တဲ့နေ့ဆိုတာ ရှိမှရှိပါတော့လေစ ဟုတောင် ရည်က ထင်သည်။

အမေက ဒီလိုဆိုတော့ အမေ့ရဲ့တစ်ဦးတည်းသောသမီး "ချမ်းမြရည်"ခများလည်း ထစ်ခနဲရှိ ... "လူကနောက် ... မျက်ရည်ကရှေ့ဆုံး"ဆိုတာမျိုး (မဖြစ်ချင်လည်းဘဲ) ဖြစ်လာရတော့





တာပေါ့လေ ...။ တချို့အခါတွေများ ဘာကိစ္စမှ အထွေအထူးလည်း မရှိပါဘဲနှင့် သားအမိနှစ်ယောက်သားစလုံး အားလပ်ချိန်၊ မျက်လုံးချင်း ကြာကြာဆိုင်လိုက်မိကြရင် ...။

အို ... အဲဒီလိုကျ ... မျက်နှာချင်းဆိုင် ခပ်တင်းတင်း ခပ်ကျပ်ကျပ် ဖက်ပစ်လိုက်ကြပြီး မျက်ရည်အပြိုင်ကျပစ်လိုက်ရတာလောက် ပေါ့ပါးတဲ့ အရသာမျိုးလည်း ရှိနိုင်တော့မည်မထင် ...။ အဲဒီလို ဖက်ငိုဖြစ်လိုက်ကြရရင် ... ရည့်မှာရော အမေ့မှာပါ ... နောက်တစ်နေ့တွေအတွက် ခရီးဆက်ဖို့ အားအင်တွေပဲ ပြည့်လာကြသလိုလို ... နှစ်ယောက်စလုံးမှာ အဲဒီစိတ္တဇကိုယ်စီနှင့်ဖြစ်ပါသည် ...။

အဲဖေမရှိတော့ချိန်မှာ ရုတ်တရက် ကြုံတွေ့လိုက်ရတဲ့ ဒုက္ခသုက္ခများကတော့ များလွန်းလို့ ... ဘာတွေမှန်းတောင် သေချာပြန်မပြောတတ်တော့ချေ။ အဓိက,ကတော့ ... စားစရာမရှိ၊ နေစရာမရှိလောက်ထိ မဟုတ်ပေမဲ့ ရည်နှင့် အဲမေတို့ဟာ ရှန်းကန်နိုင်လွန်းပါမှ လူတန်းစေ့နိုင်တဲ့ အနေအထားမျိုး။ ဆွေမျိုးကောင်းတွေ မရှိဘူးတော့ မဟုတ်ဘူးလေ ...။ ရှိပေမဲ့ ... စိတ်ဓာတ်အင်အား၊ လူအင်အားလောက်သာ တစ်ယောက်တစ်လှည့် ကူနိုင်ကြတာမျိုးတွေချည်းဆိုတော့ ...။ ရည် ကျောင်းမပြီးခင်၊ အလုပ်မရခင် ... အမေချည်းပဲ အလွန်ပင်ပန်း ...။ ခုကျတော့ နှစ်ယောက် မျှပင်ပန်း ...။



www.burmeseclassic.com

www.burmeseclassic.com



အမေကတော့ ဘဝပေး အခြေအနေနဲ့မှ မလိုက်အောင် ပြစ်မျိုးမှဲ့မထင် လှနိုင်လွန်းတဲ့ ရည့်ကိုကြည့်ပြီး … သူ့သမီးလှလှကလေးကို သူ့လိုမပင်မပန်းဘဲ အဆင့်မြင့်မြင့် ဆက်လက်လှပနိုင်မဲ့ ဘဝမျိုးကို ရည်မှန်းမျှော်လင့်နေသူပေါ့နော် …။ အမေ့သမီး ရည်ကတော့ ကိုယ့်ဘဝထက် … အမေ့ဘဝကို ပိုပြီး ပြောင်းလဲလှပစေလိုသူ …။

အမေ့မျက်ရည်တွေကို ခမ်းခြောက်စေချင်လှပြီလေ။ သူ့ဘာသာ ဝမ်းသာလို့ ကျချင်ရင်တော့ရှိစေ …။ ကျချင်သလောက်သာကျ …။ ဝမ်းနည်းရလို့ကျရတာမျိုးတော့ ထပ်မကျနေစေချင်တော့ပါ။ နှစ်ဦးသား ကျစ်ကျစ်ပါအောင် ဖက်ငိုလိုက်ကြရရင် … အားသစ်ပြန်လောင်းပြီး နေသာထိုင်သာ ရှိကြရတယ် ဆိုပေမဲ့ … ဒါဟာ ပုံမှန်မဟုတ်တဲ့ ဖြေသိမ့်နည်း တစ်ခုဆိုတာ … ရည်က သိနေသားပဲဟာ …။ သူများတကာတွေမှာ ဒီလိုအားပြန်ဖြည့်နေဖို့မှ မလိုတဲ့ဘဝ။ ရည်တို့လည်း အားကိုပြန်ဖြည့်မှ ပြန်ပြန်ပြည့်နေရတာထက် … နဂိုတည်းကိုက မလျော့ရတဲ့ အခြေအနေမျိုး … ပိုအလိုရှိတာပေါ့ … မဟုတ်ဘူးလား …။

အမေ မျက်ရည်ကျစရာ မလိုတော့ဘူးဆိုရင် … ရည်က ထိဆုကြီး အလီလီ ပေါက်တာထက်တောင်မှ ဝမ်းသာချင်လည်း ဝမ်းသာမိမည် …။





ဒါတွေက တစ်ကဏ္ဍ ထားပါလေ …။ ခုလောလောဆယ် အနေအထားမှာတော့ ရည်ဟာ … ရည်းစားများသူ၊ အညာလွယ်သူ၊ "ရည်းစားတစ်ထောင်၊ လင်ကောင်တစ်ယောက်"ဆိုတာ ချမ်းမြရည်လို မိန်းကလေးမျိုးအတွက်ပဲ … ရယ်လို့ သတ်မှတ်ခံထားရတဲ့သူ။ (အဲဒီလို သတ်မှတ်ချက်တွေအတွက်လည်း မျက်ရည်က ကျရပေါင်း များနေပြီဆိုတော့ … ကုန်ခါတောင် နီးနေလှပြီ။)

ဖခင်အုပ်ထိန်းခြင်း ကင်းမဲ့တဲ့ မိန်းကလေးမို့ ရည်က အဲဒီလိုကိစ္စမျိုးမှာ သတိပိုထားပြီး ဆင်ခြင်နေသူပါဆိုရင် … ကြားရတဲ့ မြင်နေရတဲ့ ပတ်ဝန်းကျင်က ရည့်ကိုပြက်ရယ်ပြုချင်ကြမလား မသိချေ။ ရည် … သိတာကတော့ … "ရည်းစားများသူ"လို့ သတ်မှတ်ခြင်း ခံထားရတဲ့ ရည်ဟာ တကယ့်တကယ်တမ်းမှာ … "ပန်းကောင်းတစ်ပွင့်သာ ပန်လိုသူ"ဆိုတာပါပဲ …။

အဲဒါကြောင့်လည်းပဲ … ချစ်သူရည်းစားရယ်လို့ ရှိလာလိုက် …။ ရည့်ဘက်က စစ်မှန်သော မေတ္တာအပြည့် စုံပုံပြီး ချစ်ကြည့်လိုက်။ သို့သော် … ခဏကြာရင် … အကြောင်းကလေလှလိုက်၊ ကွဲလိုက်၊ ပြတ်လိုက်။ လမ်းခွဲခဲ့ရပြီးသော ချစ်သူများအားလုံးနဲ့ ရည်တို့ ပြတ်တောက်ခွဲခွာကြရသည့် အကြောင်းရင်းတိုင်းမှာ ရည့်ဘက်က အပြစ်တစ်စုံတစ်ရာနဲ့ စတင်ဖြတ်တောက်ခန့်ရစ်ခဲ့ခြင်း မဟုတ်ကြောင်းကိုတော့ ရည်က ကျမ်းကိုင်ပြီးလည်း ကျိန်ဝံ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ကချည်း ကျန်ရစ်ရတာ ...။ ဒါကိုပင် ပတ်ဝန်းကျင်က ခြေနိမ့်ရာလှံစိုက် ... "ကောင်မလေးက ရည်းစားများတယ်၊ လူတကာအသည်းလည်း လှည့်ပတ်ခွဲတယ် ..."ဟု ပြောဆိုချင်နေကြတာ ဘာ့ကြောင့်နည်း ...။

အမေကတော့ "ကံ"ကိုချည်းပုံပြီး ရီးမယ်ဖွဲ့သည်။ (ပြီးကျတော့ ခုထက်ထိတိုင် သူ့သမီးလေး အဆုံးစွန်အထိ မပျက်မစီး အကောင်းပကတိလေး ကျန်နေဆဲ ဖြစ်တာကိုကျတော့ ... အဲဒီ"ကံ"ကိုပဲ သူပြန်ပြီး ကျေးဇူးတင် ... နှစ်လိုနေပြန်သေးသည်။) ရည်ကတော့ ... ဆက်တိုက်ကြုံတွေ့နေရတဲ့ ပြဿနာမှာ "အဖြေ" တစ်ခုခုတော့ လိုပြီဟု ထင်နေသည်။

"ဒီလိုဆိုလည်း ... ယောကျ်ားဆိုတာတွေကို မယုံကြည်တော့ဘဲ ကိုယ်ချည်းသာ အေးအေးလေးနေပါတော့လား ... နောက်ထပ် အသစ်မရှာဘဲ လူ့အမြင်တင့်စေပါတော့လား ..."ဆိုရင်တော့ ရည်က ကောင်းမှန်းသိရက် ... ထိုအကြံပြုချက်ကို လက်သင့်မခံနိုင်ပေ ...။

အမေ့မျက်ရည်တွေ ခမ်းသွားဖို့ "လူ"လိုသည်လေ။ ရည့်ဘဝမှာ အားကိုးအားထားနဲ့ ရှေ့ကမားမားကြီး ရပ်နေပေးဖို့ လူလိုသည်။ ဒီလိုမှ "ကောင်းနိုးနိုး"နဲ့ မရှာဖွေရင် ... ဘယ်သိကြားမင်းက ... လူကောင်းကြီးတစ်ယောက် ရည့် ရှေ့သို့ "ဘွား"ခနဲ





လာချပေးမလဲ ...။ ဒီတော့ ... အဲဒီကိစ္စအတွက် မျက်ရည်ကကျနေရဆဲ ဖြစ်တာလည်း ကိစ္စမရှိ ...။ နောက်ထပ် (ကံကမလှသေးရင်) အကြိမ်အရေအတွက် နည်းနည်းပါးပါး ထပ်ကျရလည်း ... ရပါတယ် ... ကိစ္စမရှိလှသေး ...။

စီးပွားရေးတစ်ခုလုပ်ရင်တောင် "အရင်းအနှီး"ဆိုတာက လိုကိုလိုအပ်နေသေးတာပဲ ...။ မျက်ရည်တွေ ခမ်းစေရအောင် မျက်ရည်တွေ ကျနေရဦးမှာကို ရည်က တွေးပူနေလို့ ... ရှောင်ချင်နေလို့ ဘယ်ဖြစ်ပါ့မလဲ ... နော် ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဝိဝါ

ဒက်ဒီက ဇီ့ကို "လေဒီပါလေရာစိန်"ဟု ချစ်စနိုးနောက်ပြောင်ပြီး ခေါ်တတ်တဲ့ အချိန်မှာ ဇီ့ရဲ့ အဲဒီအကျင့်ဆိုးကလေးတစ်ခုကို မာမီကတော့ ဘယ်လိုမှ ဘဝင်မကျ။ ချစ်စနိုးမဖြစ်တဲ့အပြင် ... ရိုက်ချင်နှက်ချင်စိတ်တွေတောင် ပေါ်နေတတ်လေ့ရှိတာ ဇီ အသိဆုံးပဲ ဖြစ်လေသည်။

ဇီကလည်း ဇီ ...။ "လောကကြီးထဲမှာ ကိုယ်ဝင်မပါလည်း သူတို့ဘာသာသူတို့ ပြေပြေလည်လည် အေးဆေးပြီးဆုံးသွားမဲ့ ကိစ္စတွေ တစ်ပုံကြီးပဲဆိုတာ သဘောပေါက် လက်ခံထားရမယ် သမီး"လို့ မာမီက ဘယ်လောက်ပဲ ဆုံးမ ဆုံးမ ...။ "ဝင်ပါလိုက်ရင် အဲဒီပြီးဆုံးသွားတဲ့ အပြီးသတ်လေးက ပိုလှချင်လှမှာပေါ့ ..."ရယ်လို့ ... ကိုယ့်ကိုယ်ကိုယ် အထင်တကြီးနဲ့ မရိုးမရွစိတ်တွေက တားမရ၊ ဆီးမရ ...။





ဒါပေမဲ့ တစ်ခါတလေကျ ဇီ ဝင်ပါလိုက်လို့ ... အေးဆေးပြီးရမဲ့ဟာတွေ ပုံကြီးချဲ့ ရှုပ်ထွေးကုန်ကြတာလည်း မရှိမဟုတ် ဆိုတာတော့ ဇီက ဝန်ခံပါသည်လေ ...။ ဥပမာ ... သူများတကာ သမီးရည်းစားစုံတွဲတွေ အချင်းချင်း မပြေလည်ကြတာကို ပြေလည်အောင် ကြားဝင်စေ့စပ်ပေးကြည့်ကာမှ ချက်ချင်းလက်ငင်း ဖြန်းဖြန်းကွဲ၊ ပြတ်တောက်သွားကြတာမျိုး ...။ မသိချင်ယောင်ဆောင်နေလိုက်ရင် ... သူတို့ဟာ သူတို့ချိန်းတွေ့ ခိုးတွေ့ကြတာမျိုးလောက်သာဖြစ်မဲ့ ... အိမ်ကကောင်မလေးနဲ့ လမ်းထဲကကောင်လေးတို့ရဲ့ ကိစ္စဟာ ... ဇီ ဝင်ပါလိုက်ကာမှ ... ခိုးရာလိုက်သွားတဲ့အထိ ကြီးကျယ်သွားတာမျိုး ...။

ဒါပေမဲ့လည်း များသောအားဖြင့်တွေမှာတော့ ... တကယ် အကူအညီ လိုနေတဲ့သူတွေ ပြေလည်သွားကြတာကို မြင်ရတော့လည်း ဒက်ဒီရဲ့ ချစ်စနိုး ... လေဒီပါလေရာစိန်ကလေးဟာ ဘယ်လောက် ဝမ်းမြောက်ဝမ်းသာနဲ့ စိတ်ချမ်းသာရတယ်ထင်သလဲ ...။ သူ မကျေနပ်လှတဲ့ဟာကို လစ်ရင်လစ်သလို ကျူးလွန်နေတတ်လေ့ရှိတဲ့ သမီးဖြစ်သူကို မာမီက ... ကြည့်မရဖန် များလာတော့ (ပြောဆိုဆုံးမလို့ကလည်း သိပ်မအောင်မြင်လေတော့ ...) ဇီ့မို့ဆိုရင် မာမီက သတင်းအမှောင်ချထားတတ်တာမျိုးတွေ ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲလိုဆိုရင်တော့ ဓိက သိပ်မှန်း။ မာမိုကိုတော့ [illegible] တော့တ်ပါ။ ဖြစ်ရပ်၊ လုပ်ရပ်ကိုပါ ...။ ဥပမာဆို ... ရပ်ကွက်ထဲ [illegible] မှာ ...၊ အမျိုးအဆွေ အသိအကျွမ်းတွေထဲမှာ တစ်စုံတစ်ယောက် [illegible] များ နာဖျားမကျန်း ဖြစ်ပြီလားဆိုရင် ... "ဓိ မသိစေနဲ့ဟော့" [illegible] တာမျိုး။ ဓိ သိလို့ကတော့ ... ဒက်ဒီ့ရဲ့ ခင်မင်ရာ ခင်မင်ကြောင်း [illegible] သဓားတော်ကြီးပေါင်းစုံဟာ ဓိလက်ချက်နဲ့ ဖုန်းတဂွမ်ဂွမ်ဖြေ [illegible] လို့ နားညည်းပေရော့ ...။

ဓိဒက်ဒီကတော့ "မေ့ဆေးဆရာ၀န်ကြီး" လေ။ ကုသ [illegible] ရေးသမားတော်၊ ခွဲစိတ်၊ ကလေး၊ အမျိုးသမီး အထူးကု မှန်သ [illegible] တို့ဟာ ဒက်ဒီ့အသိချည်း။ ဓိဒုက္ခကို လိုမ့်နေအောင် ခံရသူချည်း [illegible] ဓိက ဖုန်းတစ်လုံးနဲ့တင် ရောဂါအခြေအနေတွေ ပြောပြီး Onli[illegible] doctor စနစ်နဲ့ ကြားပွဲစား ၀င်လုပ်တော့တာကိုး။ ဆရာကြီး [illegible] တွေတင် ဒုက္ခရောက်ပလားဆို ... လူနာရှင်နဲ့ လူနာတွေလည်း [illegible] သိပ်တော့မသက်သာလှပါ ...။ သူတို့က သူတို့ဘာသာသူတို့ [illegible] အထူးကုနဲ့ ရည်မှန်းထားပေမဲ့ ... ဓိက ၀င်ဆုံးဖြတ်၊ ဘွတ်ကင်[illegible] ပေး၊ မိတ်ဆက်ပေး၊ နောက်ဆုံး ကားနဲ့ပါ လိုက်ပို့ ... လုပ်တာ[illegible] လွန်းလို့ ရည်ရွယ်ထားသူနဲ့ လုံးလုံးမတွေ့လိုက်ရပဲ ဟိုအထူးကု[illegible] ပဲ ပြီးလိုက်ရတာ အခါခါ။





အဲဒီတော့ တစ်စုံတစ်ယောက်များ နာမကျန်းလို့က တော့ ...။ "ဓိမသိစေနဲ့ဟော့ ..." ပင်။ နို့မို့ဆို မာမိုခများ နှစ်ဖက် ကျက်မှာပူရသတဲ့။ ဓိကတော့ လူ့သဘောကို သိပ်နားမလည်နိုင်ပါ။ ဘာကယ်ဆိုရင် လူမမာတစ်ယောက် အဆင်ပြေပြေနဲ့ ရောဂါပျောက် တာသာ အဓိက မဟုတ်ဘူးလား ...။

မာမိကတော့ဖြင့် ဘာထူးခြားပလဲ ...။ ထူးခြားရင် အမှောင်ချ ...။ နို့မို့ဆို လေဒီပါလေရာစိန်က ၀င်ပါနေဦးမည်။ အဲဒီလောက် ပါလေရာနိုင်လွန်းတော့ ... မိန်းကလေးတစ်ယောက် ကာရုဏ်ဖြေ့ဆိုတာကြီးကိုတောင် နည်းနည်းလောက် ထိပါးစပြု ချင်နေပြီ ... ဟု မာမိက မြင်သတဲ့ ...။ ဘာဆိုင်လို့လဲနော် ...။ ပြီးသတ်ကျတော့ ဓိက "ဘာတွေ၀င်ပါကူညီရပါ့မလဲ" လို့ ရာရာကို အကဲခတ်နေတော့ချိန်မှာ သူအရင်သိထားတဲ့ သတင်း ကိုသမှုကို ဦးစွာအမှောင်ချထားတတ်တဲ့ မာမိက ... "ဓိတစ်ယောက် တော့ ဘယ်နေရာမှာ ဘာတွေ၀င်ပါနေဦးမှာလဲ" လို့ ဓိကိုဖဲ အစဉ် စိုက် အကဲခတ်လို့ နေတော့သတဲ့လေ ...။

ဒက်ဒီကတော့ တစ်ဦးတည်းသောသမီးလည်းဖြစ်။ အလုပ်များလှတဲ့ ဖခင်တစ်ယောက်အနေနဲ့ သားသမီးနဲ့ အနီးကပ် နေရချိန်လည်း နည်းလှလေရာ ... ဆုံလိုက်တာနဲ့ ချစ်စနိုးနဲ့အလို လိုက်ပစ်ဖို့ တစ်ခုတည်း ခေါင်းထဲရှိတော့တာပါ။ အဲဒါဥပ



www.burmeseclassic.com

www.burmeseclassic.com



မာမီက ... "ဒက်ဒီဖျက်လို့ ... အဲဒီ ပါလေရာမက ပျက်စီးနေတာ..." တဲ့ ...။

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ... အဘက်ဘက်က ဘာမှပူပင်စရာမရှိတဲ့ ခီဇဝါ တစ်ယောက်ဟာ ... ပြည့်စုံအောင်မြင်တဲ့ မိဘနှစ်ဦးရဲ့ ချစ်သမီးလေးအဖြစ် ငြိမ်းငြိမ်းကလေးနေ၊ နေနိုင်ပါရက် ... သူများအပူတွေ ကိုယ့်အပူလုပ်ပြီး ... တစ်ခါတလေကျ အိပ်မပျော် စားမဝင်ဆိုတာလောက်ကြီးအထိ ဆိုတော့လည်း မာမီမှာ ဘယ်လိုလုပ် လက်ပိုက်ကြည့်နေနိုင်တော့မလဲလေ ...။

ပြောရမယ်ဆို ခီကလည်း ခွဲကခပ်ကြီးကြီးရယ် ...။ ကိုယ်စိတ်ပါပြီဆိုရင် မအောင်မြင်မချင်း မအိပ်မနေ ဇွဲရှိုက်စိုက် ဖွဲ့ခပ်တတ်တာက ငယ်ကျင့်ပဲမို့ ...။ ခုလိုကျောင်းပြီး၊ အလုပ်မဝင်သေး၊ အားလပ်ဆိုတဲ့အချိန်မှာတော့ ဘာပြောကောင်းမလဲ ...။ ခီ့မှာ "သူများအရေး ...၊ ကိုယ့်အရေး"ဆိုတဲ့ အလုပ်တစ်ခုလောက်သာ ဖွဲ့ခပ်စရာ ကြီးကြီးမားမား ဖြစ်နေတော့တာ ...။

"နှာခေါင်းကျည်ပွေ့ တွေ့မယ်နော် ..."။ "သူများဓားခုတ်ရာမှာ လက်ဝင်မလျှိုချင်နဲ့နော် ..."။ "ကျော်တော့ လှေသူကြီး ညားတော့ လှေထိုးသား ဆိုသလို ဖြစ်နေမယ်နော် ..."။ "လည်လွှန်းတဲ့ဘီး ချေးသင့်မယ်နော် ..."စသဖြင့် ... မာမီ့ရဲ့စကား





ပုံတွေကလည်း ခီ့အပေါ်မှာ တစ်ခုပြီးတစ်ခု ... ကုန်ကိုမကုန်နိုင်တော့ပေ ...။ မာမီ့အလိုအရဆိုရင် ... ခီဟာ လူတစ်ယောက်တည်းနဲ့ စကားပုံ(၁၀၀၀)စာအုပ်ထုတ်လို့ ရနိုင်လောက်သည့်သူမျိုးပဲ ဖြစ်နေသည်။

"သမီးရဲ့ အကျင့်ဟာ တစ်နေ့မှာ သမီးကို ဒုက္ခကောင်းကောင်းကြီး ပြန်ပေးနေလိမ့်မယ် ... ခီ ..."

နှိမိတ်ဖတ်သလို ပြောမိပြီးလျှင်တော့ မာမီက သူ့ဘာသာပင် "ဖတ် ... ဖတ် ... လွဲပါစေ ... ဖယ်ပါစေ"နှင့် ... တစ်ယောက်တည်း အလုပ်ဆက်ရှုပ်နေပေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

"ရည်တို့အိမ်ကိုသွားကြရအောင်ဟာ ... အဲဒီတစ်ယောက်ဟာ ဒီတစ်ခါတော့ အိမ်ထဲကအိမ်ပြင်တောင် မထွက်တော့တဲ့အထိ ဖြစ်နေပြီတဲ့ ... အလုပ်တောင် မသွားဘူးလို့ ငါ သတင်းကြားတယ် ..."

ဇီက ကိုယ့်စကားကိုတော့ဖြင့် ဂရုမစိုက်ဘဲ ချဉ်ပေါင်ရွက်ကြော် အိုးတစ်အိုးကိုပဲ သဲကြီးမဲကြီး အရေးသယ်နေသည့် ရဲရဲကို ... "ဟေ့ ..."ဟု နောက်ဘက်ကနေ ခါးကို လက်ညှိုးနှင့် လှမ်းထိုးလိုက်သည်။ ရဲရဲက လက်ထဲက သံယောက်မနှင့် ဇီကို နောက်ပြန်အနေအထားနှင့်ပင် "ဖတ်"ခနဲ ပြန်ရိုက်လိုက်လေသည်။ သို့သော် မထိပါ ...။ မျှော်လင့်ပြီးဖြစ်သည့် ဇီက ... ကလိထိုးထိုးပြီးပြီးချင်းမှာ နောက်ဘက်သို့ခုန်ပြီး ပြန်ရှောင်ပြီးဖြစ်၏။





"ဒီမှာ ဒေါ်ရဲရဲရဲ ..."

"နေစမ်းပါဟာ ..."

"နင့်ချဉ်ပေါင်ကြော်က ဘာအရေးကြီးသလဲ ..."

"အင်မတိ အင်မတန်ကို အရေးကြီးတယ် ..."

"ဟိုမှာ ... ရည်က ..."

"ပစ်ထားလိုက် ..."

"ဟယ် ... ဘယ့်နှယ့် ပြောလိုက်တာလဲ ..."

"အဲဒီတစ်ယောက်က အဲဒီလို ဖြစ်နေကျပဲဟာ ... ဘာဆန်းသလဲ ... ဝင်ခံစားပူပင်မနေနဲ့ ... နင်ဝင်ပါပါ မပါပါ ... တစ်လလောက်ကြာရင် ... အလွန်ဆုံးမှ တစ်လခွဲလောက်ကြာရင် သူ့ဘာသာပြန်ပြီး နာလန်ထလာလိမ့်မယ် ..."

"နင့် ချဉ်ပေါင်ကြော်ကရော ... ဘာဆန်းနေလို့လဲ ... ဟယ် ... ဆန်းတယ် ... ဆန်းတယ် ..."

ရဲရဲက ရုတ်တရက် ထအော်သော ဇီဇဝါကို သမင်လည်ပြန်ကြည့်လိုက်သည်။ မျက်ခုံးနှစ်ဖက် မြှင့်တင်ထားသည့် ရဲရဲကိုလည်း ဇီက မသက်သာသလို ပြန်ကြည့်နေကာ ...

"အတော်ထူးဆန်းတယ် ... နင်က ချဉ်ပေါင်ကြော်ဆိုရင် ဘယ်တုန်းကများ ဒီလောက် ကြိုက်တတ်လို့လဲ ... စားရင်တောင် မျှစ်အနီလေးနဲ့ ရောကြော်မှ မျှစ်ပဲပိုပြီး ဈေးစား



www.burmeseclassic.com

www.burmeseclassic.com



ထတ်သေးတာ မဟုတ်လား ... ခုကြည့်စမ်း ... ပြီးခဲ့တဲ့ စနေက နင့်အိမ် ငါလာတယ် ... နင် ချဉ်ပေါင်ကြော်နေတယ် ... ခုလည်း ချဉ်ပေါင်ကြော် ... ဒီအပတ်ထဲမှာ ကြားထဲရက် တစ်ရက်ရက်လည်း ငါတစ်ခေါက် ရောက်သေးတယ်လေ ... ဘယ်နေ့ကလဲတော့ မေ့သွားပြီ ... ဒါပေမဲ့ မမေ့တာကတော့ ... နင် အဲဒီနေ့ကလည်း ချဉ်ပေါင်ကြော်နေတယ်လေ ..."

ရဲရဲက ဝမ်းသာအားရကြီး ထရယ်လိုက်သဖြင့် ဇီက "အကြံအစည်တစ်ခုခုတော့ ရှိရမယ် ..."ဟု ခေါက်ဆွဲကြော် ပြာစတိုင်ဖြင့် ပြောလိုက်သည်။

"ဟား ဟား ဟား ... နေ့တိုင်း လာကြည့်ရောပေါ့ မိဇီ ရယ် ... နင့်မျက်လုံးကြီးတွေ ဒီ့ထက်ပြူးပြီး ထွက်လာအောင်လေ ... နင်က ပြီးခဲ့တဲ့ စနေနေ့ကမှ စသိတာ ... အဲဒီမတိုင်ခင် နှစ်ရက်ကတည်းက ချဉ်ပေါင်ကြော်နေတာ ... ဒီအပတ်ထဲက နင်မလာတဲ့ ရက်တွေမှာလည်း ချဉ်ပေါင်ကြော် ..."

"ဟယ် ... အဲဒါ ဘာဖြစ်တာလဲ ..."

ရဲရဲက ပြန်မဖြေခင်မှာပင် ဇီက သဘောအရင်ပေါက်သွားရကာ ...





"ကြည့်စမ်း ... နင် အတော်စိတ်ပုပ်တဲ့ မိန်းမပါလား ရဲရဲရယ် ... ငါ့အစ်ကိုကြီးကို နင် နှိပ်စက်နေတာ ကြည့်စမ်း ... ကိုစိုးမိုးတော့ သွားတွေလည်း ကြိမ်းဖန်ပြီး ကြွေတောင် ကျကုန်ပြီလား မသိပါဘူးဟယ် ..."

"ဟာဟ ... ငါ့အစ်ကိုကြီးတဲ့ ... ဘယ်တုန်းကများလဲ ..."

"နင့်အစ်ကိုဟာ ... ငါ့အစ်ကိုပဲပေါ့ ... မလုပ်ပါနဲ့ ရဲရဲရယ် ..."

"သူတောင် မမိုက်မသုန် ... မတုန်မလှုပ် ဆက်တိုက်စားနေနိုင်သေးတာ ... နင်က ဘာမှဝင်ဖြစ်မနေနဲ့ ... ဒီလောက်လုပ်နေတာတောင် ဘာတစ်ခုမှလဲ မပြော၊ မဝေဖန်၊ ခံနိုင်ရည်ရော ... နေနိုင်တာရော ... စုံနေတာပါပဲ ... မစားတာလည်း မဟုတ်ဘူးနော် ... ပြန်လာလို့ ထမင်းဘူးဆေးရင် ပြောင်နေတာပဲ တွေ့တယ် ... ကျောက်ရုပ်တောင် သူ့လောက်ဆိုးရဲ့လား မသိဘူး ..."

"သူက ဆိုးတာလား ... နင်က လိုက်ဆိုးနေတာလား ..."

ရဲရဲက ဇီဇဝါ့ကို အဖြေမပေးဘဲ ... ချဉ်ပေါင်ရွက်မွှေကြော်အိုးထဲသို့ ... ရောက်သီးတစ်စိတ်ကို စိစိပါအောင်ညှစ်ပြီး ဆမ်းချလိုက်သည်။ လက်ထဲက ယောက်မနှင့်လည်း အဆက်မပြတ်မွှေ ...။



www.burmeseclassic.com

www.burmeseclassic.com



"လွန်ပြီဟာ ရဲရဲ ..."

"အမယ်လေး ... ရှောက်သီးဆမ်းတာပဲ နှစ်ရက်ရှိနေပြီ ... အေးဆေးပဲ"

"နင်တို့အိမ်မှာ အိမ်သာကော လောက်သေးရဲ့လား ..."

"သူ့တစ်ယောက်တည်းပဲဟာ ... အိမ်မှာ အိမ်သာကနှစ်လုံးတောင်ရှိတာ ... ဘယ်အလုံးပြေးပါပါပေါ့ ... ဒါပေမဲ့ ... သူ့နာမည်ကို ... စိုးမိုးကနေ ဝင်းခိုင်လို့ ပြောင်းရင်တောင် ပြောင်းရမယ် ... လှုပ်ရှားဗျာများနေတာ တစ်ခါမှမတွေ့မိသေးဘူး"

"ကြည့်စမ်း ... နင့်ကျတော့ မစားဘူး ..."

"ဘာလို့စားရမှာလဲ ... အရူးလား ..."

ဓီ လိုက်ပြီး အကဲခတ်နေတာကို သိသဖြင့် ရဲရဲက .. ဂက်စ်မီးဖိုကို ခလုတ်ပိတ်ပြီး ... ဒယ်အိုးကို မီးဖိုပေါ်က ချလိုက်ပြီးတာနဲ့ ... လေကလေး တချွန်ချွန်နှင့် မီးဖိုချောင်ကို ပတ်လျှောက်နေတော့ကာ အလုပ်မရှိ အလုပ်ရှာ လိုက်လုပ်နေလိုက်လေသည်။ ဓီကတော့ နှုတ်ခမ်းလေး စုချွန်ပြီး ထော်ထွက်နေသည့် ရဲရဲရဲ့ပုံစံကိုကြည့်ရင်း ကြည့်ရင်း ... စိတ်မသက်မသာတွေ ပိုပိုဖြစ်လာသည်။ ရဲရဲရဲ့ စိတ်ဓာတ်တွေဟာ တစ်မျိုးပဲ ...။

"နင်ဟာလေ ... တော်တော့်ကို တစ်မျိုးကြီးပဲ မိဓီရယ် ..."





"အောင်မာ ... အဲဒါ ငါက နင့်ကို တွေးနေတာ ... ဒေါ်ရဲရဲရဲ ..."

"မဟုတ်ဘူး ... နင့်အမေ အမြဲပြောနေကျအတိုင်းပဲလေ ... ငါ့ချဉ်ပေါင်ကြော်ကိုလည်း နင့်ခေါင်းထဲကထုတ်လိုက် ... ချမ်းမြရည်ကိုလည်း ပစ်ထားလိုက် ... ဒါပဲပေါ့ ..."

"မရလို့ပေါ့ဟ ... ဒီမှာ ငါ ဒီလိုစဉ်းစားထားတယ်ဟာ ... ရဲရဲ ..."

"နားမထောင်လို့ မရဘူးလား ..."

"မရဘူး ... အလုပ်မရှိတော့တဲ့ ဟိုလျှောက်ဒီလျှောက်လည်း လုပ်မနေနဲ့ ... ဒီစားပွဲမှာ လာဝင်ထိုင် ... ငါပြောတာကို နားထောင် ..."

"အင်း ... ကိုယ့်အိမ် ... ကိုယ့်ရာ ... ကိုယ့်ပိုင်နက်ထဲမှာ သူများကလာဝင်ပြီး အမိန့်တွေ ပေးနေတာကို ဝင့်ရှိပေတော့ ခံနေရပေဦးမယ် ... ဪ ... ဘဝ ... ဘဝ ..."

ဘာပဲဖြစ်ဖြစ် ရဲရဲက ဓီ့ရှေ့ကနေရာလွတ်မှာ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်ပါသည်။ ရဲရဲ၊ ရည်နဲ့ ဓီတို့ဟာ ... ဟိုးခပ်ငယ်ငယ် အရွယ်တွေထဲက အတူလက်တွဲကြီးပြင်းလာကြတဲ့ သူငယ်ချင်းတွေလေ ...။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတရားနဲ့ ဂရုစိုက်မှုတို့ ဝေါ်မွတ်တောင့်တနေတတ်တဲ့ ရဲရဲမှာ … အရေးရှိ ဝိုင်းငိုပေးမဲ့ ရည်နဲ့ … အရာရာကို ပါလေရာ အတင်းဝင်စွက်တတ်တဲ့ ဇီတို့ ရှိနေပေသေးလို့သာ လူ့ဘဝကြီးထဲမှာ ဘယ်လိုမဆို နေပျော်နေရတော့တာလေ …။

"ဒီမှာ ရဲရဲရဲ့ … ရည့်ရဲ့ အခုနောက်ဆုံးလူကြီး ကိုမြတ်အောင်ဟာ ဘယ်လောက်ကောင်းတဲ့ လူကြီးလဲ … နင်တို့ ငါတို့လည်း အသိပဲ … ငါ့မှာတော့ ဒီတစ်ခါတော့ ဒီမိန်းကလေး ကံကောင်းပါပြီပဲ ယုံကြည်ထားတာ … အကျင့်စာရိတ္တရော၊ စိတ်ဓာတ်ရော၊ ယောက်ျားပီသမှုရော … ငွေကြေးအလုပ်အကိုင်၊ မိဘအသိုင်းအဝိုင်းရော ဘာမှ ပြောစရာ မရှိတဲ့ လူမျိုးလေ …"

"ငါတောင် လိုချင်လာပြီ …"

"ကျေးဇူးပြု၍ မပြောင်စမ်းနဲ့ဟာ … ဒါပေမဲ့ ကိုမြတ်အောင်လည်းပဲ … မခံဘူး … မမြဲဘူး … အပြီးသတ်ကျတော့ ပြတ်တာပဲ … ဒါ ရည့်အမေပြောနေတဲ့ 'ကံ'လည်း မဟုတ်ဘူး … အမိက,ကတော့ အဲဒီလို လူတော်လူကောင်းတစ်ယောက်ဟာ အဘက်ဘက်က ကောင်းမွန်ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ လိုချင်တတ်တာ …"

"ဒါဆို ဘာလို့ အစောတည်းက ရည့်ကို လာကြိုက်သလဲ"





"မဟုတ်ဘူးလေ … ငါ ဆိုလိုတာက ကိုမြတ်အောင်လို လူမျိုးဟာ တခြားဘာကိုမှ ဂရုစိုက်နေတဲ့လူမျိုး မဟုတ်ဘူး … ဒါပေမဲ့ … သူသာလျှင် ပထမတစ်ဦးတည်းသော မူပိုင်ရှင် ဆိုတာမျိုးကို တန်ဖိုးထားတာ … ဖြစ်ချင်တော့ … အရင်က မသိခဲ့လို့ … ခုတော့ တွဲလာတာလည်း ကြာပြီ ဆိုတော့ ဟိုလူပြော၊ ဒီလူပြောနဲ့ … ဒါတွေက ခုမှပေါ်လာတာပဲ … ဒါပဲ … ပြတ်ရတဲ့ အကြောင်းရင်းက … အရင်လူတွေလိုပဲ"

"စမကြိုက်ကြခင်ကတည်းက ပြောထားရမှာပေါ့ …"

"ဟာ … နင်ပဲ စဉ်းစားကြည့်ပါဦး … ကိုယ့်လာကြိုက်တဲ့ လူတစ်ယောက်ကို ရှင့်အရင်မတိုင်ခင်က ဒီပြင်ခုနစ်ယောက်လောက် ရှိခဲ့တယ်နော် … လို့ ဆီးပြောရမှာကြီးက … ဟာ … မနိပ်ပါဘူး"

"ဘယ်ဟာကရော နိပ်လို့လဲ … ခုကော နိပ်သလား … ဒါကြောင့်ပဲ ပြတ်ပြတ်နေရတယ်ဆိုရင် … ဒီတစ်ခါကတော့ ထားလိုက်တော့ … နောက်တစ်ခါလည်း တွေ့ဦးမှာပဲ … သေချာတယ် … ငိုချတော့မလို မျက်လုံးကြီးနဲ့ ဒီလောက်လှနေတဲ့မိန်းမ … ထပ်မတွေ့တော့ မရှိနိုင်ဘူး … တွေ့ပြီဆိုတာနဲ့ … အစောတည်းကပြော …"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..."

"ဘာလို့ဖုံးကွယ်ထားရမှာလဲ"

"ဖုံးကွယ်တာတော့ မဟုတ်ဘူးလေ ... ဒါပေမဲ့ ..."

"ဖြစ်နေပြီပဲ ... အရှိအရှိအတိုင်းပေါ့ ... မပြောချင်ရင် ဘယ်သူ့ကိုမှ ထပ်မကြိုက်နဲ့တော့ ... ဒါလည်းရတာပဲ ..."

"ဟာ ... နင်က သိပ်လွယ်တယ် ... သူ့အခြေအနေလည်း သိသားနဲ့ ..."

"ဘာအခြေအနေလဲ ..."

"တစ်စုံတစ်ယောက်ကိုတော့ ..."

"ကျွတ် ... သွားစမ်းပါ ... အဲဒီ ခံယူချက်ကြီးကိုက အောက်တာ ..."

"နင်ကော ဘာထူးလို့လဲ"ဟု ပြောလိုက်လျှင် ... အဲဒီမိရဲရဲက သူ့နံဘေးမှာ ခုထိရှိဆဲ သံယောက်မနှင့် တကယ်ထ ချချင် ချနေဦးမည့်သူမို့ ဇီက စကားလုံးတို့ကို ပြန်ပြီးပဲ မျိုချလိုက် ပါသည်။ ဒီသူငယ်ချင်းမ နှစ်ယောက်တို့နှင့် ပေါင်းရတာ ဇီဇော့ အဖို့ စကားအပြောအဆိုကတော့ တကယ် ဆင်ခြင်ရလွန်းပါသည် တစ်ခုခုဆိုရင် ... ငိုမဲ့သူနဲ့၊ နာမဲ့သူနဲ့ ...။ ကိုယ်က သုံးယောက်ထဲ မှာ အပြည့်စုံဆုံး၊ အဆင်အပြေဆုံးတစ်ယောက် ဖြစ်နေတော့လည်





ပဲ ဆင်ကို ဆင်ခြင်ရမှာ သဘာဝပေါ့။ သူများတကာရဲ့ အရေး ကိစ္စတွေမှာ အတင်းကြီး ဝင်,ဝင်စွက်တတ်လေ့ရှိတဲ့ ဇီဇဝါဟာ နေရာတကာတိုင်းမှာ လူမှုရေးမသိတတ်သူ တစ်ယောက်တော့ မဟုတ်ပါချေ ...။

"ထားပါ ရဲရဲရယ် ... ငါဆိုလိုတာက ... တစ်ယောက်ယောက် လည်းရှိမှ ဖြစ်မယ် ... နင်ပြောသလို အရှင်းဆုံး ဆီးပြော လိုက်ပြန်ရင်လည်း ဘယ်သူမှတောင် အနားကပ်လာကြ တော့မှာ မဟုတ် ... မပြောခဲ့ပြန်ရင်လည်း အပြီးသတ် နီဂုံးက ဤပုံပဲ ဖြစ်ဦးမယ်ဆိုတော့ ... လုံးလည်ချာလည်က တော့ လိုက်နေပြီ ..."

"နင်သာ ယောကျ်ားလေးဆိုလည်း အကောင်းသား ... နင်ပဲယူလိုက်ရုံပဲ..."

"အဲဒါ့တို ပြောတာပေါ့ ... အဲဒီလိုမျိုး စေတနာ ငါ့မှာ တကယ်ရှိတယ်"

သူ့ကျတော့ စေတနာမရှိတဲ့ မိန်းမလိုလိုမို့ ရဲရဲက ဇီဇဝါ့စကားကို နှုတ်ခမ်းရွဲ့ပြုံးပြီး တုံ့ပြန်လိုက်သည်။

"ကိုမြတ်အောင်နဲ့ မတိုင်ခင် တစ်ယောက်တုန်းကလည်း ငါ့ကြောင့် ပြတ်သွားရသလို ဖြစ်နေတာလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်တာ ... နင် ဝင်ညှိညှိ မညှိညှိ ... ဟိုတစ်ယောက်က ဘက်(ခ)ဂီယာကို ထိုးကိုထိုးနေပြီဥစ္စာ ... နင့်အပြစ်လို့ ထင်မနေနဲ့ ..."

"ငါကတော့ Guilty (အပြစ်မကင်းသလို)ဖြစ်မိတယ် ရဲရဲရဲ့ ... အဲဒါလေ ... ငါ စဉ်းစားထားတာလေးက ... လူတစ်ယောက်လည်းလိုတယ် ... ဆီးဝန်ခံလို့လည်း မဖြစ်နိုင်ဘူးဆိုရင် ... နင်ကိုတည်းက အကြောင်းတွေ ကြိုသိပြီး ... နားလည်မှု ကရုဏာနဲ့ ခွင့်လွှတ်ပေးနိုင်မဲ့သူမျိုး ..."

"ဤကမ္ဘာပေါ်မှာ မွေးပြီလား ..."

"မွေးပြီ ... ငါတော့ ရည့်ကို သူနဲ့ပဲမြင်တယ် ... သူနဲ့မှပဲဖြစ်မယ်ဟာ ... အချင်းချင်းတွေ အားလုံး အစဉ်းသိဆိုတော့ ... နောက်မှ ရက်ရက်စက်စက် ပက်ပက်စက်စက် ထလုပ်မဲ့သူမျိုးလည်း မဟုတ်ဘူး ... အားလုံးအဆင်ပြေမယ် ... ရည်လည်း အခြေတကျဖြစ်၊ သူ့အမေကြီးလည်း စိတ်ချမ်းသာ ... ငါတို့လည်း ဝိုင်းပျော်ကြရ ... ဟင်းဟင်းဟင်း ... အိုကေပဲ ... တစ်ခုပဲရှိတာ ... နည်းနည်းလေးတော့ ... ဆားကပါရမယ် ... ဝိုင်းလှော်လိုက်မှ ဖြစ်သွားနိုင်မှာမျိုး ..."





ရဲရဲက ... ဇီဇဝါရဲ့ မျက်လုံးထဲသို့ စူးစူးကြီး စိုက်ကြည့်နေပါသည်။ ဘာပြောမလို့လဲ ... ဘယ်သူ့နာမည်ကို သူ့ဝါးစပ်က ထွက်လာဦးမလို့လဲ ...။

" 'ထူး' လေဟာ ... ကဲ ... ဒီထက်ကောင်းတဲ့ အကြံအစည်များ ရှိသေးလား ..."

ဇီက ဝရန်းသုန်းကားကြီး ပြောချလိုက်အပြီးမှာ ... ကိုယ့်ကိုယ်ကိုယ် ပြန်ကျေနပ် အားရနေဟာ ... လက်ဖဝါးနှစ်ဖက်ကို အကြိမ်ကြိမ် ပွတ်တိုက်ရင်း ... စိတ်လှုပ်ရှားနေရတာတွေကို ဖျောက်သည်။ မျက်နှာလေး တစ်ခုလုံးလည်း ကျေနပ်တက်ကြွမှုနှင့် နီရဲပြီး ဝင်းပနေလေသည်။

ဇီနှင့် ပြောင်းပြန် ...။ မည်းမှောင်ညိုပုပ်ပြီး ခက်ထန်သွားရသူကတော့ ရဲရဲပင် ဖြစ်ပါတော့သည်။ ရဲရဲမှာ အဲဒီပါလေရာမ ဇီဇဝါကို ခုချက်ချင်းပဲ လည်ပင်းထညှစ်ပစ်လိုက်ချင်စိတ်ကြီးနှင့် ကိုယ်လည်း သူ့လိုပဲ စိတ်ဂနာမငြိမ်နိုင်စွာ လက်ဖဝါးနှစ်ဖက်ကို လိုက်ပွတ်နေမိသည်။

သွားသေလိုက်ပါလား။ ချေးတွင်းထဲကို ပြုတ်ကျပြီး နှာခေါင်းထပ်နှစ်ပြီး သေပစ်လိုက်ပါလား ... ဘွားပါကြီးရဲ့။ ရှုန်းလိုက်တာ ...။ မုန်းလိုက်တာ ...။

"ဟင် ... ဘယ့်နယ်လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ထူးက နင် စိမ်တိုင်းရရအောင် ... လိုက်နာရအောင် နင့် သားလား ... နင်နဲ့ ဘာဆိုင်သလဲ ... ရည်ကကော ... နင်ပြောသမျှ ခေါင်းညိတ်ပြီး လက်သင့်ခံပါမယ်လို့ နင့် ကို ပြောထားလို့လား ..."

"သူကောင်းဖို့ ... တစ်သက်တာ လုံခြုံအခြေကျဖို့ ငါက စိမ်တာပဲ ... သူ နားလည်ပြီး ... ကိုယ် ကောင်းဖို့တော့ ကိုယ်အသိဉာဏ် ရှိရမှာပေါ့ ... သူ့အသိဉာဏ် မရှိရင်လည် သူ့အမေကို မရှရအောင် ငါပြောမယ် ... ရည်က သူ့ အမေကြီး တစ်ခွန်းပါ့ဟာ ... ထူးကလည်း ငါ့သားတော့ မဟုတ်ဘူးလေ ... ဒါပေမဲ့ ဆိုင်တယ်လို့တော့ ပြောလို့ ရမလား မသိဘူး ..."

"ဘာကိစ္စလဲ ..."

ရဲရဲက ထိုင်နေရာမှ ထရပ်လိုက်သည်။ ကိုယ်ဟ အမူအရာက အမြဲတစေ ဖျတ်ဆတ်ဆတ် နိုင်သလောက် ... စကားကောင်း စကားချိုလည်း ဘယ်တော့မှ ပြောလေ့မရှိတဲ့ ... ရဲ့ ဒီတစ်ခါ ဟန်ပျက်မှုကို ဓီဇဝါကတော့ ချက်ချင်းရိပ်မိနိုင်သည် ပုံ မရပါ ...။ ထထွက်သွားဖို့ ပြင်နေတာကိုပင် လက်ကိုဖမ်း ထားလိုက်ပြီး ...





"ထူးနဲ့ ငါ့ကို လူကြီးတွေက သဘောတူထားကြတာဟ ... နင်တို့ကိုတောင် ငါ ပြောပြမထားသေးဘူးနော် ... အရေး ကိုမပါလို့ ပြောပြမနေတော့တာဟာ လူကြီး၊ လူကြီးတွေက သပ်သပ် ...၊ ကလေးတွေရဲ့ ခင်မင်မှုက သပ်သပ်ပါဆိုတာ ... လာရောလို့တော့ ဘယ်ရပ့ါမလဲ ... ထူးကလည်း ရည့်အပေါ် မှာဆို အမြဲစိတ်ပူနေတတ်တာ ... ငါ့မှာလည်း ရည့်အပေါ် အကြွေးတစ်ခု တင်နေသလိုရှိနေတာ ... အဲဒါလည်း ဒီနည်း နဲ့ပဲ ဆပ်လိုက်မယ်လေ ..."

"ဩော် ... ဟော်ဟော်ဟော် ... ဒီလိုလား ... ဒါဖြင့် ထူး ဟာ နင်ပိုင်တဲ့ပစ္စည်းကြီးပေါ့လေ လက်စသတ်တော့ ...။ လက်နှစ်ဖက်ကြီးနဲ့ စုံချီပွေ့မ,ယူပြီး ... ရော့ ... ငါပိုင် ပစ္စည်းကြီး နင်ယူပေတော့လို့ ပေးပစ်လို့ ရရအောင် ထူး က ခွေးကြီးလား ... ဝက်ကြီးလား"

ရဲရဲက သူ့လက်ကို ဇီလက်ထဲမှ ဖျတ်ခနဲ ဆွဲဆောင့် ရုန်းပြီး သံယောက်မကို ပြန်ကောက်ကိုင်ကာ ချထားတာ ကြာပြီ ဖြစ်သော ချဉ်ပေါင်ကြော်အိုးဆီ လှမ်းသွားလေသည်။ ပြီးလျှင် တော့ စိတ်လိုက်မာန်ပါနှင့် ... နောက်ထပ် ရှောက်သီးတစ်စိတ်စာ အရည်ရွှမ်းရွှမ်းကို ဒယ်အိုးထဲ ထပ်ညှစ်ချ၊ သံယောက်မနှင့် စိစိ ညက်ညက်မွှေ ...။



www.burmeseclassic.com

www.burmeseclassic.com



"မအောင်မြင်စေရဘူး ... ကြည့်နေ ..."

"ဟယ် ... စိတ်ပုဝ်မ ... နင် စိတ်ပုပ်ပြန်ပြီ ..."

"ချောင်ပေါင်ကြော်ကို ပြောတာလား ... ထူးကိစ္စကို ပြောတာ လား"

"နှစ်ခုစလုံးပဲဟာ ... နင်ဟာ တစ်ခါတလေကျ ... အမှ ဘာရှားနဲ့ ကောင်းမယ်ထင်တာကို သိသိကြီးနဲ့ ဖွတ်စိတ်ပု ဝင်တတ်တယ်လို့ ငါထင်တယ်ဟာ ရဲရဲ ..."

"မှန်တယ် ..."

"ထူးနဲ့ ရည်လေ ... ဘာဖြစ်လဲ ... အရမ်းခင်တဲ့ ငယ်သ ငယ်ချင်းတွေချင်းပဲ ... ဘာမကောင်းတာ ရှိနိုင်သေးလဲ ... စနေနဲ့ ဗုဒ္ဓဟူး ... ရှုံးတောင် ... ထမင်းမငတ် ..."

"ချမ်းမြရည်နော် ... ချမ်းမြရည် ..."

"အေးလေ ... ဘာဖြစ်သေးလဲ ... ချမ်းနဲ့စပေမဲ့ ဗုဒ္ဓဟူးက ဗုဒ္ဓဟူးပဲ ... နင်က သူများအကြောင်းလည်း ဘာမှစိတ် ဝင်စားတတ်ပဲနဲ့ ... ရည်က ချမ်းမြရည် ဖြစ်နေပေမဲ့ ဗုဒ္ဓဟူးပဲ ... စနေနဲ့ဆို သိပ်လိုက်ပေါ့ ... ရဲရဲ တစ်ယောက် တည်းပဲ ဗုဒ္ဓဟူး ဖြစ်နေရတော့မှာလား ... ဟိ ..."

"နင် ပြန်တော့ဟာ ... ဇီဇဝါ ..."

"ထူးနဲ့ ရည်နဲ့ ကိစ္စ ..."





"စိတ်ချ ... ရအောင်ကို ဖျက်မယ် ..."

*ဇီဇဝါကလည်း ထိုင်နေရာမှ ဆောင့်ခနဲနေအောင်ပင်* ထရပ်လိုက်သည်။ ရဲရဲကတော့ ဇီကို လှည့်ပင်မကြည့်တော့ပါ။ ကျောခိုင်းထားချေပြီ။ ပခုံးလေးနှစ်ဖက်က စုံဖြောင့်တန်းကာ ခါးဆီသို့ "V"ပုံသဏ္ဍာန်အတိုင်း ရှူးဆင်းသွားသည့် ... အချိုး အစား ကျနလှသော ကျောကုန်းကလေးကို ဇီဇဝါက ခပ်ကြာ ကြာ ဆက်ငေးကြည့်မိနေသေးသည်။

အင်မတန် လှပအချိုးကျလှပေမဲ့ ... ဖြောင့်တန်း လွန်းသော ပခုံးတို့က ... "ငါတို့ကတော့ ခေါင်းမာမာနဲ့လူမျိုးပဲ ဟော့"ဆိုတဲ့ ကြွေးကြော်သံကို ကိုယ်စားပြုချင်နေတာများလား။ "မဖြစ်နိုင်တဲ့ကိစ္စလို့ ... ငါထင်တဲ့ အရာမှန်သမျှ ဖြစ်ကိုဖြစ်မလာ စေရဘူး"လို့ စိန်ခေါ်ချင်နေတာမျိုးများလား ...။

အေးပါ ... စိန်လိုက်ပါ ...။ ကြည့်ကြသေးတာပေါ့။ ဇီဇဝါကတော့ ပခုံးတွေလည်း တန်းဖြောင့်လို့ မနေပါ ...။ ဒါပေမဲ့ မဖြစ်မနေ ဖွဲ့ခပ်တတ်လွန်းတဲ့ "လေဒီပါလေရာစိန်"လေ ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဇနီးလောင်းက နင့်ကို ဘာတွေတိုက်တွန်းနားချ ဆောတီးလှော်လှော်ပြီးသွားပြီလဲ ..."

ရဲရဲရဲ့ စကားအသွားအလာကို ဘာမှ နားမလည် လိုက်ရှာသည့် ထူးက ရဲရဲကို ပြန်ပြီး မျက်မှောင်ကုတ် မေးဆတ် ပြလိုက်ပါသည်။ ရဲရဲ ထံမှ "ကျွတ်"ခနဲ စုတ်သပ်သံတစ်ချက် ထွက်လာ၏။ ထူးက ရဲရဲ့ ပုံစံကြောင့် ရဲရဲ မသိအောင် တစ် ဖက်လှည့်ပြီး ကျိတ်ရယ်နေလေသည်။

အသွင်တစ်စက်မှ မတူကြသည့် ဤမိန်းကလေးငယ် သုံးဦးနှင့်မှ အခင်မင် အရင်းနှီးဆုံး အပေါင်းအသင်းတွေ လာဖြစ် နေကြရခြင်းမှာ ... ထူးအတွက် ထူးလှတဲ့ ကုသိုလ်ကံကြောင့် ပင် ...။ ထူးနှင့် အရင်ဦးဆုံး ခင်မင်ရင်းနှီးခဲ့ရသည်မှာ ... မိဘ ချင်း သူငယ်ချင်းမိတ်ဆွေများ ဖြစ်ကြသည့် ... ဓိဇဝါနှင့် ...။ ပြီး ကျမှ မိဇိရဲ့ မိတ်ဆက်ပေးချက်အရ ... "ငါ့ကို ခင်သလိုပဲ ခင်" ဟူသည့် ကျန်မိန်းကလေးနှစ်ယောက်နှင့်ပါ ထူးက ကျွမ်းဝင်ပတ် သက်ခဲ့ရခြင်း ဖြစ်သည်။





သူတို့သုံးယောက်နှင့် "မချောသုံးယောက်၊ ကိုယ်တစ် ယောက်" ခင်မင်နေရခြင်းမှာ... ထူးအတွက် တော်တော့်ကို ဒုက္ခ ကြီးသည့် ဝန်ကြွေးများနှင့် ချိုမြိန်သော ကုသိုလ်ကံတို့ကို တစ် လှည့်စီ ခံစားနေရသကဲ့သို့ ရှိပါသည်။ တစ်ပုံစံစီ ဖြစ်ကြတဲ့ ဤ သုံးယောက်တို့ဟာ ထူးကို ချက်ကျကျနှင့် ဒုက္ခပေးတတ်တဲ့နေ ရာတွေမှာတော့ စိတ်တူကိုယ်တူ အသွင်တူတွေချည်း ...။

အမြဲတမ်းလိုလို ကပ်ဖဲ့တိုက် ရွဲ့စောင်း၊ ဒေါသထွက် နေတတ်သည့် ရဲရဲနှင့် စကားများ၊ ပျာကလပ်၊ ဟိုပါပါ ဒီပါပါ နိုင်လှသော ဓိဇဝါတို့မှာ ... ထူးကို အလယ်မှာထားပြီး ... "သူ့ ပိုခင်သလား၊ ငါ့ပိုခင်သလား" ဆိုတာမျိုးလည်း အမြဲတမ်း စုံစမ်းပြိုင်ချင်နေကြသေးသည်။ ထူးက မိဇိကို ... "ငါ့ကိုခင်သလိုပဲ ခင် ... ဆို ..."ဟု စောဒကတက်လျှင် ... ဓိဇဝါက ... "အေး လေ ... အဲဒီကတည်းက အရှင်းကြီးပဲပေါ့ ... ငါ့ထက်တော့ ပို ခင်မသွားနဲ့လို့ အစောတည်းက ပြောထားတာပဲဟာ"... ဟု ချက်ချင်း ချေပတတ်သလို ...။

ရဲရဲကတော့ ခပ်ငေါ့ငေါ့ မျက်နှာ၊ လေသံတို့နှင့် ... "အေးပေါ့ ... ဂုဏ်ဂုဏ်ချင်း၊ ငွေငွေချင်း၊ အသိုင်းအဝိုင်းချင်း တူနေပြီးသား တစ်ယောက်နဲ့တော့ ငါက ဘယ်ယှဉ်လို့ ရနိုင်မှာတုံး ... မဟုတ်ဘူးလား ... ရပါတယ် ... နောက်မှသိဒ့်လူက



www.burmeseclassic.com

www.burmeseclassic.com



တော့ နေခက်လှလို့သာ သဘောထားပါ ... အေးဆေးပဲ ... ရတယ် ... ဘာမှမဖြစ်ဘူး ..."ဟူသော စကားမျိုးကို ... နေ့တိုင်းလည်း ပြောနိုင်သည်။ တစ်နေ့တည်းကို အခါသုံးဆယ်လောက်လည်း ပြောနိုင်သည်။

ဒါမျိုးနဲ့တော့ ဘယ်တော့မှ ဒုက္ခမပေးတတ်သည့် ... ပိုခင်တာ မခင်တာတွေကို အရေးလုပ်ပြီးလည်း ဖြိုင်မနေတတ်သည့် ချမ်းမြရည်ကတော့ ... "ပျော့ပျော့ကလေးနှင့်" ဆိုသလို ... သူ့ နှိပ်စက်တတ်ပုံတွေက အချိုကြီးတွေချည်း ဖြစ်လေသည်။ တော်ကြာကျ၊ လိုက်ရှင်းရပြန်ပြီ။ ဝင်ပါပေးရပြန်ပြီ ...။ တစ်နေ့တစ်နေ့ ... "ငါ့ခေါင်းကို ဘယ်ကောင် ဖချောင်းရိုက်သွားမလဲ" ရယ်လို့ ကျောမလုံဘဲ ဆိုင်ကယ်စီးဦးထုပ်ကိုသာ နေ့နေ့ညည ဆောင်းထားရမည့် အပေါက်တွေချည်း ဖြစ်လေသည်။

အမှန်အတိုင်း ပြောရရင်တစ်ယောက်ကို Character (စရိုက်လက္ခဏာ)တစ်မျိုးစီနှင့်ဖြစ်သော ဤသုံးယောက်တို့ရဲ့ အဲဒီအချိုးအချိတ် Characterတို့ကို ... ဘယ်တစ်မျိုးကိုမှ ထူးက မကြိုက်။ ပြောရမယ်ဆိုရင် ... Character ကိုသာ မကြိုက်တာ ... မိန်းမပီသမှု၊ နူးညံ့သိမ်မွေ့မှုနှင့် ချိုသာယဉ်ကျေးနိုင်မှု၊ သဘောကောင်းသည်းခံတတ်မှုတို့မှာတော့ ချမ်းမြရည်ကို ထူးက အမှတ်အပေးဆုံး ဖြစ်ပါသည် ...။ ကျန်နှစ်ယောက်တို့ကတော့လား ...။





သို့သော် ... မကြိုက်တာနှင့် ... ခင်မင်သံယောဇဉ်ရှိတာတို့ကတော့ သပ်သပ်စီသာ ဖြစ်သည်လေ ...။ ဒါကို အသေအချာ ရိုပ်မိထားကြပုံရသည့် သူငယ်မသုံးယောက်တို့ကလည်း ... သူတို့ဆိုးသမျှကို တည်ည်းညည်း တည့်ညည့်နှင့် အမြဲခံနေတတ်သည့် ထူးကို ယောက်ျားလေးတစ်ယောက်လို့တောင်မှ မှတ်ပါတော့ရဲ့လား မသိ။ သူတို့မိန်းမချင်းတွေလိုပဲ ... သဲကြီးမဲကြီး နှစ်လိုခင်မင်နေကြတာ ... ထူးကလည်း ပြန်ပြီးရိပ်မိနေရပါသည်။

"ဟဲ့ ... နင့်ကို ငါမေးနေတယ် မဟုတ်လား ..."

"အား ... ချိုချိုသာသာနဲ့ ဖြည်းဖြည်း ပြောရင်လည်း ရတယ် ... စကားကို လူနားလည်အောင် ပြောမှပေါ့ ... အရွဲ့တွေ အထွန့်တွေနဲ့ ဆိုရင်တော့ ... နင်တို့လို တစ်ဖြုတ်တည်းက ဆင်းလာတဲ့ ဖြုတ်သူဖြုတ်သားတွေ အချင်းချင်းလောက်ပဲ နားလည်နိုင်မယ် ..."

ရဲရဲက ... ထူးကို တစ်ချချနှင့် ပစ်ပေါက်ပို့ ... ကြံရွယ်ကာ မျက်စိဝေ့ဝဲရှာဖွေ ကြည့်လိုက်ပြီးမှ ... ကိုယ့်အကြံအစည်ကို လက်လျှော့လိုက်ပါသည်။ ဘယ်လောက် သဘောကောင်းကာ အလိုက်သိတတ်တဲ့ လူတစ်ယောက်ပဲ ဖြစ်ပစေ ...။ "နိုင်လိုမှင်းထက် နိုင်လွန်းသည် ... မိန်းကလေးဖြစ်ပြီး ... ရိုင်းပျလှသည် ..."ဟု ထင်ဖန်များလာရင် ... ထူးရဲ့စိတ်ထားတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ အပေါ်မှာ ပြောင်းလဲ ... သွားမှာမျိုး ... ကတော့ ရဲရဲ အတွက် ... ငရဲကျတာထက်တောင်မှ ပိုဆိုးနိုင်ဦးမည့် ပြဿနာကြီးပင်။

ပြောင်းတော့ ပြောင်းလဲစေချင်တာပေါ့နော် ...။ သို့သော် ... ရဲရဲ ပြောင်းလဲစေချင်ပုံက ... တစ်မျိုး ...။ ထူးဟာ စေစေ ... မရှိတော့တဲ့ နောက်ပိုင်းမှာ ... ရဲရဲရဲ့ ရင်ထဲက တစ်ဦးတည်းသော ယောကျ်ားတစ်ယောက် ဖြစ်သည်လေ ...။ အစ်ကိုလား ... သွားစမ်းပါ ...။

ချဉ်ပေါင်ကြော်ကို ဆယ်ရက် ဆက်ကြော်လိုက်မှ ... "ရဲရဲ ... နင် သိပ်ကလေးမဆန်နဲ့ဟာ ... လိုအပ်တာရှိရင် ... ပါးစပ်နဲ့ တိုက်ရိုက်ပြောပေါ့ ..."ဟု သူ့လခ တစ်လခစာကို လာထုတ်ပေးတတ်သော အစ်ကိုမျိုးကို ရဲရဲက ... ရင်ထဲ၊ ဦးနှောက်ထဲ ထည့်သိုနေရဦးမှာလား ...။

ပိုက်ဆံဆိုတာ မလိုဘူးတော့ ဘယ်ဟုတ်ပါ့မလဲ ...။ ညီမရဲ့လစာနဲ့ ချက်ပြုတ်ကျွေးမွေးနေသမျှကို အခန့်သားထိုင်စားနေတာနဲ့စာရင် ... သူ့လခကလေးပါ လာပေး ... ထည့်စိုက်ဖော်ရတာတော့ ကောင်းတယ်ပဲ ဆိုရမှာပေါ့ ...။ ဒါပေမဲ့လည်း ချဉ်ပေါင်ကြော်ချည်း ဆယ်ရက် ဆက်ဖြစ်နေတာသည် ... အဲဒီပိုက်ဆံ တစ်ခုတည်းကို တောင်းနေတာ မဟုတ်ကြောင်း အဲဒီအစ်ကိုက





ဆေသိ ...။ ထားပါ ...။ ဘယ်တော့မှ မသိတော့ရင်လည်း နေပေ့စေ ...။ သိလာဖို့ကိုလည်း မျှော်လင့်မနေတော့ပါဘူး ...။

အစ်ကို့ကို မမျှော်လင့်ချင်တော့သည့် ရဲရဲက ... ကိုယ့်ဘဝမှာ တစ်ဦးတည်းသော ... "အင်မတန်မှ ခင်မင်တတ်၊ အလိုက်သိတတ်၊ အလျှော့ပေးသည်းခံတတ်၊ နားလည်စာနာတတ်၊ တာဝန်ယူတတ်၊ ဂရုတစိုက်ရှိတတ်လှသည့် ..." ဂုဏ်ပုဒ်တွေ အများကြီးနှင့် ဖြစ်နေသော "ထူး"ကိုတော့ မျှော်လင့်ချင်မိပါသည်။

ရဲရဲ လွန်သလား ...။ မှားသလားဟင် ...။

ရဲရဲက စိတ်ကိုလျှော့ချလိုက်ကာ ... မျက်နှာကြောကိုပါ ချက်ချင်းပြင်ယူလိုက်ရင်း ...

"ငါ့ကို မိဇီက နင်နဲ့သူ့ကို လူကြီးတွေက သဘောတူပြီး စီစဉ်ချင်နေကြတယ်လို့ ပြောလို့လေ ..."

"ဟား ဟား ဟား ... သူက အဲဒီလို ပြောသလား ..."

"အမယ် ... အားရနေတဲ့ လေသံကြီးနဲ့ ... အဲဒါ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမဲ့ ... ငါ့စိတ်ထင် ... မိဇီဟာ ဒီကိစ္စအတွက် ... ဒီလောက် ကဲကဲဆတ် ကျိုးကွက်ငြင်းထုတ်ပစ်ထားတာ ... နင်တို့ကိုတောင် ပြော့ပြော

www.burmeseclassic.com



ပြနေလိမ့်မယ်လို့ ငါ မထင်တော့ဘူးလေ ... ပြန်ပြောပြထားတယ်ဆိုတော့ ... သိပ်ဆန်းတယ် ... ဘာ့ကြောင့်ပါလိမ့် ...”

ထူးပုံစံက တစ်ဆိတ်လောက် အားတက်သရောနိုင်လှသလား ... ဟု ရဲရဲက ထင်မြင်အကဲခတ်ချင်နေမိသည်။

“သိပ်သိချင်မနေပါနဲ့ ... အဆန်းတကြယ် ဘာမှမရှိဘူး ... မိမိက ပြောတယ် ... အဲဒီလို ပတ်သက်မှု သတ်မှတ်ချက်အရ ... နင်ဟာ သူပိုင်ပစ္စည်းလိုလို ဘာလိုလိုပေါ့ဟယ် ...”

“ဟား ဟား ဟား ...”

“အဲဒီ သူပိုင်ပစ္စည်းကြီးကို ချမ်းမြရည် အတွက် လက်ဆောင်အဖြစ် အပိုင်ပေးမတဲ့ ... ပါလေရာမက ရည့်အတွက် အရမ်းဝင်ခံစားနေရပြန်ပြီလေ ...”

ထူး ပုံစံက တွန့်ခနဲဖြစ်ပြီး ရှုံ့မဲ့သွားလျှင် ရဲရဲမှာ သက်ပြင်းလေးတစ်ချက် ခိုးကျိတ်ပြီး ချရပါသည်။ အငိုသန်သော ချမ်းမြရည်ကို စိတ်ရှည်ရှည် ... ဖွဲ့နဘဲနှင့် ဖျောင်းဖျအားပေးပြီး မျက်ရည်တိတ်စေတတ်တဲ့၊ ရည်နဲ့ပတ်သက်သမျှ ပုရိသအပေါင်းတို့ရဲ့ အရှုပ်အထွေး၊ အခက်အခဲတွေကို သူချည်း ဝင်ခေါင်းခံဖြေရှင်းပေးတတ်တဲ့ ... ဤတစ်ယောက်ဟာ ... ပင်ကိုယ်မူလကိုက စိတ်သဘောထား မြင့်မြတ်ကြီးကျယ်နေသူသာ ဖြစ်ပြီး ... ရည်မှ





ရည် ... ရည့်ကိုပိုသာ ... မေတ္တာထားနေနိုင်လို့တော့ မဟုတ်ဘူးဲ မှတ်လား ...။

“ဘာလဲ ရဲရဲရာ ... နင်ကကော လေဒီစိန်ရဲ့ နောက်လိုက်လား ... သင်းက ... ဒီတစ်ခါ နင့်အလှည့်လို့ အမိန့်ချမှတ်လိုက်သလား ... အဓိပ္ပာယ်မရှိတာတွေ ... အဲဒီလိုကိစ္စမျိုးဟာ အဲဒီလို စီစဉ်လို့ ရသလား ... ဟားဟား ...”

ရဲရဲမှာ စိတ်မထိန်းလိုက်နိုင်ဘဲ ... ထူးရဲ့ ပခုံးတစ်ဖက်ကို ဝမ်းသာအားရ ... ဖြန်းခနဲကြီး ထရိုက်လိုက်မိပါတော့သည်။ အတော့်ကို အံ့သွားသော ထူးခမျာ ရဲရဲရဲ့ မျက်နှာကို လှမ်းအကဲခတ်လိုက်ပြီးမှ ...

“ကျွတ် ကျွတ် ... စိတ်သဘောထားချင်းတွေ ထပ်တူကျပြီး တစ်ဂိုဏ်းတည်းသားတွေ ဖြစ်နေပြန်တော့လည်း ... အဲဒီအရိုက်အနှက်က မလွတ်နိုင်ပြန်ဘူးလား ...”

“ဆောရီးဟာ ... ဒါပေမဲ့ နင် ဒီလိုသဘောပေါက်ရင်တော့ ပြီးတာပဲ ...”

“ဒါပေမဲ့ လေဒီစိန်ရဲ့ တစ်ဖတ်သက် ငါ့စကားနွားရတွေကို ဘယ်လိုကျော်လွှားရမလဲ ငါ မသိသေးဘူး ... အဓိပ္ပာယ်မရှိလို့ မဖြစ်နိုင်တာပါ ဆိုတာကိုလည်း ချမ်းမြရည်ကိုတော့ သဘောပေါက်စေချင်တယ် ... ခုလောက်ဆို ဒီဝါက

www.burmeseclassic.com



ချမ်းမြရည်ကိုလည်း တာတွတ်တွတ်တွေ သွားနားချနေ လောက်ပြီ ထင်တယ်လေ ... ချမ်းမြရည် ကိုယ်တိုင်ကလည်း ဒါကြီးဟာ သိပ်အဓိပ္ပာယ်မရှိလှမှန်း သူ့ဘာသာသူတော့ သိနေမှာပါ ...

ဒါပေမဲ့ မိရည်က စိတ်ကခပ်ပျော့ပျော့ရယ် ... ခုလိုအချိန်မှာ သူကိုယ်တိုင်က ငြင်းကိုငြင်းမဲ့ ဒီဟာတစ်ခု ကို ... ငါက ငြင်းလို့ပါ ဆိုတာမျိုး ထင်မြင်သွားမှာတော့ ငါ လုံးဝမလိုလားဘူး ရဲရဲ ... ဒီလောက်ကြီး ခင်မင်လာ ပြီးကြပြီးမှ ... ငါကငြင်းလို့ သူ ငိုရပြန်ပြီဆိုရင် ... တစ် သက်လုံး ထားခဲ့တဲ့ ငါ့စေတနာတွေက လုံးဝပလုံ့ပဲ"

"အရေးထဲ ... သူကလည်း အရာထင်ချင်နေသေးတယ် ..."

ရဲရဲမှာ ထူးကို မျက်စောင်းရွယ်ကာ ပြောလိုက်သော် ငြား နှုတ်ခမ်းလေးတို့ကတော့ ပြုံးမြမြသာ ရှိနေပါသည်။

"ရတယ် ... ငါ နင့်ကို ကူညီမယ် ထူး ..."

"အေးပါ ... သိတယ် ... ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ ငါ အကူအညီလိုတိုင်း နင့်ကိုချည်း တောင်းရတော့မှာ ... ငါသဘောပေါက်တယ် ... ဒီတစ်ချက်ကတော့ နင့်ခေါင်း ထဲကမှ ရှွေထွက်တာ ... ဟိုနှစ်ကောင်ကတော့ ချေးသရိုး တွေ ဖြစ်မို့ပဲ များနေတယ် ..."





ထူးမှာ ... "မိန်းကလေး"ဆိုသည့် အမျိုးအစားတွေ ကို အတော်ကြီး ရယ်ချင်နေရပေမဲ့ ... ရဲရဲကိုသာ မြှောက်ပေးနိုင် ရင် ဒီကိစ္စမှာ သူ့ အသာကလေး ဆောင်ထွက်ထိုင်နေလို့ ရနိုင် လောက်ပြီမှန်း သေချာပြီမို့ ရယ်ချင်စိတ်ကို အတင်းချိုးနှိပ်ကာသာ ပြုံးစေ့စေ့ ...။

သူနဲ့ လူကြီးချင်း စကားပြောဆို ထားကြလို့ ထူး ကို သူ ပိုင်ပါသည် ... ဟု ... အားနည်းနေသည့် သူငယ်ချင်းထံ present အဖြစ် ပေးပို့ချင်သည့် "ပါလေရာမ"ကိုလည်း ရယ်ချင် သည်။ သူမှ ဝင်မကူညီရင် ထူးတစ်ယောက်တော့ ... လေဒီစိန့် ရဲ့ စီစဉ်ညွှန်ကြားမှုတွေအောက်မှာ ... မချစ်မနှစ်သက်သူနှင့် အနစ်နာခံ ဆေါင်းဖက်လိုက်ရရှာတော့မည် ... ဟု ထင်နေသည့် ... ဒေါ်ပျွတ်ဆတ်ကိုလည်း ရယ်ချင်သည်။ ခုလောလောဆယ်မှာ ချမ်းမြရည်ကိုတော့ ထူးက မရယ်ချင် ...။ ရိုက်ချင်နေသည်။

ကိုမြတ်အောင်နှင့် အဆင်မပြေကြတော့ဘူး ဆိုတဲ့ သတင်း စကြားကတည်းက ချမ်းမြရည်ကို ထူးက လှည့်ပတ်ကာ ရှောင်ရှားနေခဲ့ပါသည်။ နောက်ဆုံးတော့ ဒီဘူတာ့ပဲ ဆိုက်ဦးတော့ မှာကိုလည်း အတိအကျပင် တွက်နိုင်ပြီးသား ...။ အဲဒါကြောင့် ဒီတစ်ခါတော့ ကိုယ်ပါ ကန့်လန့်ကန့်လန့် ပါဝင်မနေရတော့အောင် ကြိုကိုရှောင်ထားလိုက်တာ ...။ လိုက်ညှိပေးရတာ၊ မျက်နှာပြရ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မှားမှားမှတ်မှတ် ရပ်ရတာတွေက ကြိမ်ဖန်ရေ များလာတော့ ... ကိုယ့်ကိုယ်ကိုယ် "ငါ ဘာကောင်လဲ"ဟုပင် ပြန်မေးကြည့်ရတော့မလိုလို ဖြစ်လာပြီလေ။

မိန်းကလေးပီသလှကာ ... ရုပ်ရည်အရလည်း ဘယ်လိုယောက်ျားလေးမျိုးမဆို အနည်းဆုံး နှစ်ခါပြန်လှောက်တော့ လှည့်ကြည့်မိကြမည်ချည်းဖြစ်သော ချမ်းမြရည်ကို ခုလို စိတ်ကုန်စရာကောင်းလှသည့် တစ်ယောက်ပြီးတစ်ယောက် ... ကိစ္စမျိုးတွေ မပေါ်လျှင်တောင် ... ထူးက "ကိုယ့်ရဲ့ မိန်းကလေး"အဖြစ် ... စဉ်းစားကြည့်ဖို့ မဖြစ်နိုင်ပါ။ ချစ်ခင်မြတ်နိုးမှုဆိုတာ ... ရုပ်အလှ၊ စိတ်အလှ၊ တန်ဖိုးထားနိုင်မှု ဆိုတာတွေနှင့်လည်း သိပ်မဆိုင်လှပါဘူးလေ ...။

အချစ်ဟာ အချစ်ပဲပေါ့ ...။ ဘာကိုမှ သိပ်ငဲ့နေစရာမလိုတဲ့ ... ယောက်ျားလေးတစ်ယောက် အနေနှင့် အချစ်မပါတဲ့ အိမ်ထောင်ရေးတစ်ခုကို ဘယ့်အတွက်နဲ့ ထူထောင်ကြည့်နေရဦးမှာလဲ ...။ ထူးရဲ့ ရင်ထဲမှာ မိန်းကလေးတစ်ယောက်က အတည်တကျ နေရာယူကာ ရှိနှင့်နေပြီးသား ...။

❀ ❀ ❀





အိမ်ပေါ်သို့ လှမ်းတက်လာသည့် စီဇဝါကိုမြင်လျှင် ...မြရည်က မျက်နှာကိုပင့်မော့ ...၊ မျက်တောင်ကို ပုတ်ခတ် ...ခတ်လုပ်ကာ ... ကျချင်စပြုလာပြီဖြစ်သည့် မျက်ရည်တို့ကို ...သိမ်းထားလိုက်ပါသည်။

"မိရည်ရေ ... ဒီနေ့တော့ ဘာအကြောင်းကြောင့်မှငြင်းပယ်မနေနဲ့တော့ ... ငါနဲ့လိုက်ခဲ့လာ ... လပြည့်ဝန်း ... သွားမယ် ..."

ရည်က ... "မလိုက်ချင်ဘူး"ဟု ခပ်တိုးတိုးလေးပဲ ...လိုက်သည်။

"ဘာလို့မလိုက်ချင်ရမှာလဲ ... လာစမ်းပါ ... အရင်ဦးဆုံး ရဲရဲတို့ရုံးကို သွားမယ်လေ ... ပြီးရင် သူ့ကိုပါ ခေါ်ထုတ်လာကြမယ် ..."

"ရဲရဲက သူ့ကို အဲဒီလို လာ,လာခေါ်ထုတ်တာလည်း မကြိုက်ပါဘူး ဇီရယ် ... နင်က ဘယ်သူ့လက်အောက်မှာမှ မလုပ်ဖူး ... ဘယ်သူ့မျက်နှာမှ ကြည့်မနေဖူးတော့ ... အလုပ်ထဲ၊ ရုံးထဲ၊ ကုမ္ပဏီထဲမှာ အလုပ်ချိန်၊ ရုံးချိန်ကြီး ...



www.burmeseclassic.com

www.burmeseclassic.com



အပြင်ခဏ ထွက်တယ်ဆိုတာ ... အကြိမ်အရေအတွ
များလာရင် သိပ်ကောင်းတာ မဟုတ်ဘူး ... အဲဒါ
မသိဘူး ..."

"ဘယ်မှာ အရေအတွက် များလို့လဲ ..."

ရည်က နှုတ်ပီတ်ပိတ်ကလေးသာ နေလိုက်သည
အမုန်မှာ ရည့်ကို အဲဒီလို လာ,လာခေါ်ထုတ်တတ်တာမျိုး
လည်း မကြိုက်ချေ ...။ သို့သော် ... မကြိုက်တာကို မကြိုက်ကြော
မဖြစ်နိုင်ကြောင်း ... ကိုယ့်ဆန္ဒကို ဖော်ထုတ်တားမြစ်ရမှာကျ
အားနာနေသည်။ နှုတ်နည်းနေမိပါသည်။ အဲဒါကြောင့် ကြ
ရဲရဲ နာမည်ကိုတပ်ပြီး ...။ သို့သော် ... ဒီဇဝါက ရည် ပြောလိ
ကို နားလည်သည့်ပုံတော့ မရပါ ...။

အိမ်ထဲကအိမ်ပြင် မထွက်ချင်လို့ ... အလုပ်ရှ
မျက်နှာအညိုကိုခံပြီး ခွင့်ယူထားသည့် ရည်က ... ခွင့်မ
လျှောက်သွားနေဖို့ကို စိတ်မဖြောင့်ပါ ...။ အိမ်ပြင်ထွက်ရ
တော့ အလုပ်ပဲ သွားတော့မှာပေါ့ ...။

"လာပါဟယ် ... လပြည့်ဝန်း ..."

ဟင့်အင်း ...။ လပြည့်ဝန်း ဆိုရင် ပိုလို့တော
မသွားချင်သေးသည်။ ကုန်တိုက်ကြီးခမျာတော့ အပြစ်မရှိ
သို့သော် ... အဲဒီ လပြည့်ဝန်းထဲမှာက ရည်နဲ့ ... ကိုမြက်





ခါရာတွေက ဓာတ်ပုံကြီးမှ တစ်ပုံကြီး ...။ ပြီးကျတော့ လပြည့်
န်းရဲ့ ... ယုဇနဟိုတယ်ထဲမှ အိတ်နှင့် ဖိနပ်ဆိုင်ကလေး ...။
 ...။ မငိုချင်ပါဘူးဆိုကွယ်။

ရည် ဘယ်လိုမှ မျှော်လင့်မထားတာ ...။ ခါတိုင်း
တွေနှင့် မတူ ... အောင်မြင်မြင့်မားသော လူဟုတ်တစ်ယောက်
ရက်နဲ့ ချမ်းမြရည်ကိုတင်မက ... ချမ်းမြရည်ရဲ့ မိခင်ကြီးကို
 ... အလွန်တရာ အလေးထားရှိသေ ...၊ သိတတ်မှုရှိလှတဲ့
ပြတ် ...။ ရည်က ဒီတစ်ခါတော့ ရည် ကံကောင်းပါပြီပဲ ...
င်ခဲ့မိတာပေါ့ ...။

"အဲဒါကြောင့် နင့်ကို ငါပြောတာပေါ့ ရည်ရယ် ... နင်
စိတ်ကူးလွဲမနေနဲ့ ... ထူး ဆိုတာ တခြားသူစိမ်းယောကျ်ား
တွေလိုလည်း မဟုတ်ဘူး ... သူ့တစ်သက်လုံး နင့်အနွံ
အတာကို ဘယ်လောက်ခံထားလိုက်လဲ ... နင့်အပေါ် သူ့
လောက် ကောင်းနိုင်တဲ့ ယောကျ်ားဆိုတာ ရှိနိုင်ဦးမလား"

ရည်က ငိုချင်နေတာတွေတောင် ပျောက်ပြီး တဟီး
ဟီး တဟားဟား ရယ်ချပစ်လိုက်ချင်လာသည်။ အဲဒီအခါကျရင်
ဒီလောက်စွမ်းစွမ်းတမံ စိတ်ပါနေတဲ့ ဒီဇဝါဟာ ... သူ သနား
ညာတွေ ကြီးမားနေတဲ့ သူ့သူငယ်ချင်းမလေးတော့ ရူးသွား
ပါပြီဆိုပြီး ... ထူးကို ခုချက်ချင်း ပြေးခေါ်ပြီးရင် ရည့်လက်



www.burmeseclassic.com

www.burmeseclassic.com



ထူးလက် ... ဆွဲထပ်ယူ ... တွဲများချုပ်ထားတော့မလား မ
နိုင်ချေ ...။

"ဒီမှာ ဒေါ်ဒေါ် ... ဒေါ်ဒေါ့်သမီးက ... ဗိုစေတနာတွေ
မျက်နှာလွှဲပြီး ... ပြက်ရယ်ပဲ ပြုချင်နေတာ ... အဲဒါကြ
ပြောပေးပါဦး ..."

ဇီဇဝါက အနားသို့ မယောင်မလည်နှင့် ကပ်လ
သည့် ရည့်အမေကိုပါ စကားဝိုင်းထဲ လှမ်းဆွဲထည့်ပြီး တိုင်တ
လိုက်သေးသည်။ အမေက ရည့်ကို မသိမသာ အကဲခတ်လ
ရည်က မသိချင်ယောင်ပဲ ဆောင်နေလိုက်လေသည်။

ခုတစ်ခေါက်မှာ ရည်တင်မက ... အမေလည
အိပ်ရာထဲပင် ပစ်လဲကျတော့မတတ် ဟန်ချက်ပျက်သွားရပုံရတ
ရည်က ရိပ်မိနေသည်။ အမေ ... အမေ ...။ ရည့်အတွက် 
လင့်ချက်တွေ အင်မတန် ကြီးမားရှာတဲ့ အမေ ...။ "အမေအ
ဒီလောက်သိတတ်နေတာလေး တစ်ချက်တည်းနဲ့ကို ငါ့သ
လေးဟာ အရမ်းကဲဆိုးတဲ့သူတစ်ယောက် အမြဲ ဖြစ်မနေနိုင်
ဘူး သမီးရယ် ... နတ်ကောင်း နတ်မြတ်တွေက သိမှာပါ ...
တဲ့ ...။

အမေ့နှုတ်ကထွက်တဲ့ စကားမို့ အသည်းထဲက
ယုံကြည်ချင်ပါသော်လည်း အဲဒီနတ်ကောင်းနတ်မြတ်များက ခုထ





ထိတော့ ရည့်အကြောင်းကို သေသေချာချာ ဂဃနဏ သိကြသေး
ပုံမရချေ။ ဒါကြောင့်မို့ ခုထိမ,မကြသေးဘဲ လက်ပိုက်ကြည့်နေ
ကြဆဲ ရှိတာပေါ့ ...။

သမီးဖြစ်သူရဲ့ အရိပ်အကဲကို ကြည့်ပြီး ... စကား
ဝိုင်းထဲ သူပါ ဝင်ပါရင်ရမလားဟု အကဲလာခတ်ဟန်ရှိတဲ့ အမေ
က ... ဇီဇဝါရဲ့ ဖိတ်ခေါ်မှုပါသော စကားအဆုံးမှာ ... ဗိုဘေးသို့
ဖျတ်ခနဲ ဝင်ထိုင်ချလိုက်သည်။ ဇီဇဝါက ရည့်အမေရဲ့ လက်ချောင်း
ပိန်ပိန်ကလေးတို့ကို သူ့လက်နဲ့ လှမ်းဆုပ်ယူကိုင်လိုက်ရင်း ...

"ဒီလိုပါ ဒေါ်ဒေါ်ရယ် ... ခုချိန်မှာ ဒီစကားမျိုးကြီး ပြော
ရတာ စောနေသေးတယ်ပဲ ပြောရမလား ... တစ်မျိုးကြီး
ပဲ ... ဒါပေမဲ့ စောတာက အရေးမကြီးဘူး ... ထပ်နောက်
ကျသွားမှာပဲ ကြောက်တာ ... ဒေါ်ဒေါ်တော့ ဗိုက ...
ရှိသေတာသာ ရှိတာနော် ... ငယ်ကတည်းက ကိုယ့်အဒေါ်
ရင်းလို ပေါင်းလာတော့ ဘာမှ မတိုင်ပင်ရဲစရာတော့ မရှိ
ဘူး မဟုတ်လား ..."

"မှန်ဖို ..."

ရည်က သက်ပြင်းသံနှင့် လှမ်းဟန့်လိုက်ပေမဲ့ ...
ဇီဇဝါတော့ ဒီလောက်နဲ့တန့်အောင် ဟန့်နိုင်လျှင် ... ပြေး၍သာ
ထိထိုးရတော့မည် ဆိုတာမျိုးကိုလည်း သိပြီးသားပင် ...။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ သမီးရယ် ... သမီး ပြောချင်တဲ့ အကြောင်းအရာက ဘာနဲ့ ပတ်သက်တယ်ဆိုတာတော့ ဒေါ်ဒေါ်လည်း ရိပ်မိနေနိုင်တာပဲ ... ဒေါ်ဒေါ်မှာလည်း သမီးတို့ပဲ ယုံကြည်အားကိုးရမဲ့သူရှိတာ ... တကယ်တော့ ဒေါ်ဒေါ်သမီးလေးမှာ ဒီလိုကံကြမ္မာမျိုး အကြိမ်ကြိမ် ကြုံတွေ့နေရတယ်ဆိုတာကလည်း ... မျက်နှာမွဲမုဆိုးမတစ်ယောက်ရဲ့သမီးဖြစ်နေတာကလေး တစ်ချက်တည်းနဲ့ ..."

ရည့်အမေက ငိုဦးတော့မည့်ပုံ ပေါက်လာပြီမို့ ... ဓိက ... ကိုယ့်ရှေ့က ရေနွေးကြမ်းပန်းကန်လုံး ခပ်ပူပူတစ်ခုကို ကောက်ကိုင်ကာ ရည့်အမေလက်ထဲ ဆတ်ခနဲ ထိုးထည့်လိုက်ပါသည်။ ရည့်အမေခမျာ ရေနွေးတွေ အပြည့်နှင့် ရောက်လာသော ရေနွေးကြမ်းပန်းကန်ကို ... မွှမွှလေးကိုင်ရ၊ တဖူးဖူးမှုတ်ရ၊ အသာကလေးစုပ်သောက်ပြီး မျိုချရနှင့် ... ယောင်ယမ်းပြီး အလုပ်ရှုပ်သွားရတာနှင့်ပဲ ငိုသည့်စခန်းသို့ မရောက်လိုက်ရတော့ပေ ...။

"အဓိက,ကတော့ ဒေါ်ဒေါ်ရယ် ... ရှင်းရှင်းပြောရရင် ဓိတို့က ... ကလေးပဲ လုပ်ချင်သေးပေမဲ့ ရည့်ကိုတော့ တကယ့်ကို အခြေကျစေချင်ပြီ ... အဲဒါ တကယ့်စေတနာမှန်ပဲ ... အဲဒါကြောင့် ဓိတို့က ရည့်ကို ထူးနဲ့ သဘောတူကြတယ် ... အဲဒါပါပဲ ..."





ဓိဇဝါက ရဲရဲလည်းပဲ ပါသယောင်ယောင် စကားကို နည်းနည်းလေးကားပြီး ပြောလိုက်သည်။ ချမ်းမြရည်ကဓိကို မျက်လုံးလေးတစ်ချက် စွေကြည့်ပြီးမှ ... မျက်နှာကို လမ်းဘက်သို့ လှည့်ငေးထားလေသည်။ ရည့်အမေမှာတော့ ဓိစကားကြောင့် လက်ထဲက အကြမ်းပန်းကန်ကို ယွန်းဗန်းလေးထဲ မြန်မြန် ပြန်ချလိုက်ရင်း ... မျက်လုံးပြူးပြူးကလေးနှင့် ...

"မောင်ထူးကလေးက ဘာဖြစ်တယ် ..."

"ဘာမှမဖြစ်ဘူး အမေ ... ဓိဇဝါကို သူ့အဖေနဲ့ အမေက ဘယ်လိုခေါ်ကြသလဲ ... အမေ သိသင့်တယ် ... ခုကိစ္စက ဘာမှ မဟုတ်ဘူး ..."

အဲဒီအမေဟာ သူ့သမီး ချမ်းမြရည်ကိုတော့ဖြင့် တစ်စက်ကလေးမှကို ဂရုမစိုက်တော့ပါ။ ဓိဇဝါကိုသာ လက်ညှိုးကလေးနှင့် လှမ်း,လှမ်းတို့နေရင်း ... မေးက တဆတ်ဆတ် ...။

"ဒေါ်ဒေါ်သမီးက အကြောင်းသိချင်းနဲ့မှ ဖြစ်တော့မယ် ... ဒါကြောင့် ထူးကိုပဲ လက်ခံလိုက်လို့ ပြောနေတာ ... အဲဒါ ..."

အမေက ရည့်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်သည်။ ကိုယ့်ကိုယ်ကိုယ် ဦးနှောက်နည်းနည်းနှင့် ခပ်ထုံထုံ မိန်းမအမျိုးအစားထဲကဟု အစဉ်အမြဲ သတ်မှတ်သိရှိထားပြီးသား ချမ်းမြရည်



www.burmeseclassic.com

www.burmeseclassic.com



က ... "အမေ အရမ်းစိတ်ဝင်စားသွားပြီ" ဆိုတာလောက်ကိုတော့ ဖျတ်ခနဲ သိရှိသဘောပေါက်ပါသည်။ ပြောရမယ်ဆိုရင် ... ဒီလို အမူအရာမျိုးတွေကို မမြင်ရလည်းဘဲ ဒီလိုကြားရင် ဒီလိုပဲဖြစ် မယ်ဆိုတာကအစ ကြိုသိသည်။

ဗီဖဝါ လုပ်ပုံနဲ့ အမေတော့ တရစပ်ဝင်ပါ ... သူပါ တိုက်တွန်းတော့မည်ဟု ထင်ထားပေမဲ့ ... အမေက ... ရည့်အရိပ် အကဲကိုကြည့်ကာ ... ဘယ်လို သဘောပေါက်သွားသည် မသိ ...။

"အတည်တကျလေး တစ်ခုခုတော့ ဒေါ်ဒေါ်လည်း ဖြစ်စေ ချင်တာပဲ ဗီဖဝါရေ ... သမီးတို့ ကောင်းမယ်ထင်တာလေး ညီအစ်မသုံးယောက် ဝိုင်းတိုင်ပင်ကြပေါ့ ... ဒေါ်ဒေါ်က တော့ ငါ့သမီးတွေကို ယုံတာပဲ ..."

ပြောပြီးတာနဲ့ သူ့ရေနွေးခွက်သူ ပြန်ကောက်ကိုင် ကာ အမေက နောက်ဘက်က အခန်းထဲ ဖျိုးဖျိုးဖျတ်ဖျတ်နှင့် ပြန်ဝင်သွားလေတော့သည်။ ခုနက နောက်ဘက်ထဲကနေ တလှစ် လှုပ်နှင့် နဲ့လျှောက်ပြီး ထွက်လာတဲ့ အမေ့ဟန်ပန်နဲ့ ... ခု ပြန် ဝင်သွားတဲ့ တဖျိုးဖျိုးတဖျတ်ဖျတ်ဟန်က ... လားလားမျှမတူ ...။ အမေ တက်ကြွသွားပြီ ...။ ရည် သိသည်။

"ငါ့အမေတော့ စိတ်ဓာတ်ထိုင်ကျနေတာတွေတောင် နည်း နည်းပျောက်သွားလိမ့်မယ် ထင်တယ် ... ဒါပေမဲ့ တော်





လောက်ပါပြီဟာ ... ဒီလောက်,လောက်ကလေးပဲ တက်ကြွ ရင် ရပြီ ... ဒီ့ထက် တက်တက် ... တက်တက်လာပြီးမှ ဝုန်းခနဲ ပြန်ကျိုးရရင် ... သူ ခံနိုင်ရည်ရှိမယ် မထင်ဘူး ... တော်လောက်ပြီဟာ မိဓိ ..."

"ဘာဆိုင်လဲ ... ဘာလို့ ပြန်ကျိုးကျရမှာလဲ ... တက်ပြီး ရင်း တက်ပြီး ... နောက်ဆုံး တာဝတိံသာပေါ်အထိ တက်တင်ထားလည်း ရတာပဲ ..."

"ပေါက်ကရ မပြောနဲ့ ဗီရေ ... နင် လုပ်နေတဲ့ကိစ္စက တစ်ဖက်တည်း မဟုတ်ဘူး ... နှစ်ဖက် ...။ တစ်ဖက်တည်း ကို လာစွတ်ပြီး သေချာနေစေတာ ... ဒီကိစ္စက အောင်မြင် လာမှာ မဟုတ်ဘူး ..."

"ထူးက ငါ့ကိစ္စ ထားစမ်းပါ ..."

ရည်က ခေါင်းခါလိုက်သည်။ ရဲရဲကဖြင့် ရည့်ဆီကို ဒီအကြောင်းနဲ့ ပတ်သက်လို့ ဖုန်း(အိမ်မှတစ်ဆင့်) လှမ်းဆက် ပြီးခဲ့ပါပြီ။ ဗီကသာ "ဗီတို့"တွေ ဘာတွေ လုပ်နေတာ ... ဒီကိစ္စ မှာ ရဲရဲမပါမှန်း ... သိပ်သဘောမကျလှမှန်း ... ဘယ်လောက် အ,တယ်ပြောပြော အဲဒီလောက်တော့ ရည်က သိသေးသည်။

"နင် ဖြစ်နိုင်မယ် ထင်သလား ... စဉ်းစားစမ်း ... ယောကျ်ား တစ်ယောက်ကို သူမချစ်တဲ့ မိန်းမနဲ့ ဖွတ်အတင်းပေးစား



www.burmeseclassic.com

www.burmeseclassic.com



**စီစဉ်လို့ရတာ** ဘယ်နှခါများ ကြားဖူးသလဲ ... သူ့မိရင်း **ဘရင်းက** ဒါမျိုးဝင်လုပ်ရင်တောင် ... ရချင်မှ ရနိုင်မယ် ... **ခုတော့** ဘာမှမဆိုင်တဲ့ ကြားက သူငယ်ချင်းမက ဝင်စီစဉ်တာတဲ့ ... ရှူးနေလား မသိဘူး ... သူ့ဘာသာသူ ရှူးတာက အရေးမကြီးဘူး ... နင်နဲ့ နင့်အမေကပါ ကြားထဲညပ်ပြီး အရှူးဝင်ဖြစ်ရဦးမယ်လို့ ... မဟုတ်ဘူးလား ရည်ရာ...

ထူးဟာ ကမ္ဘာပေါ်မှာ နင့်အတွက် အကောင်းဆုံးယောကျ်ားတစ်ယောက် ဖြစ်ချင်လည်း ဖြစ်နေမယ် ... ဒါပေမဲ့ သနားတာ၊ ကရုဏာသက်တာ၊ မောင်ရင်းနှမလိုကြင်နာတာ စေတနာထားနိုင်တာတွေဟာ အချစ်မှ မဟုတ်တာဟဲ့ ... သူ နင့်ကိုမချစ်ဘူး ... မယုံမရှိနဲ့ ... သူ့ပါးစပ်ကကို ငါ့ကို လာထုတ်ပြောသွားတာ ..."တဲ့။

**စီဖေါက** ... အူလည်လည် မျက်နှာထားမျိုးနှင့် ဖြစ်နေသည့် ရည့်ကို တဒင်္ဂမျှ စေ့စေ့ကလေး စိုက်ကြည့်ပြီးသည်နှင့် ...

"စိတ်ပုပ်မနဲ့ နင်နဲ့ စကားပြောပြီးကြပြီ မဟုတ်လား ..."

ရဲရဲကို ဆိုလိုတာမှန်း သိပေမဲ့ ခေါင်းညိတ်လိုက်လျှင် ... ရည့်ကပါ ရဲရဲကို"စိတ်ပုပ်မ"ဟု ယောက်ခံရာ ကျသွားမှာ ရည် စိုးရိမ်ပါသည်။





"အဲဒီဟာမက အရှည် ဘာမှမတွေးတဲ့ဟာမ ... ငါ့ကို ဆန့်ကျင်ရရင် ပြီးရော ... ငါက ကောင်းတယ်ထင်လို့ လုပ်ချင်တာမှန်သမျှ သူ မဟားတိုက်၊ မလှောင်ပြောင်၊ လိုက်မဖျက်တာ ဘယ်နှခါရှိသလဲ ... ဘာမှလဲ အကျိုးအမြတ် ရှိနိုင်မှာ မဟုတ်ဘဲနဲ့ ... ငါ့ကို ကျောချင်တဲ့ ငယ်စိတ်ကလေးတစ်ချက်နဲ့ ... သင်း ခက်နေတာ ... ထားလိုက်စမ်းပါ သူ့ကို ..."

ဒီတစ်ခါမှာတော့ ရည်က စီဖေါ့ကို ... ရဲရဲ့စကားလုံးတွေအားလုံးကို လုံးစေ့ပတ်စေ့ တစ်လုံးမကျန် ပြန်ဖောက်သည်ချပစ်လိုက်ပါသည်။ ဒီနဲ့ ရဲရဲဟာ အဲလိုပဲ ... ဘာမဟုတ်တာလေးတွေနဲ့ သိပ်ပြိုင်တတ်ကြတယ် ဆိုတာတော့ ရည်လည်း သိသည်။ ထူးလည်း သိမှာပါဟု ရည် ထင်သည်။ ရည့်ခမျာ တစ်သက်လုံး ကြိုးစားပမ်းစားနှင့် ဘယ်သူ့ဘက်မှ သေချာမတိမ်းမိအောင်ကြည့်ရှောင် ... အားထုတ်နေရချိန်မှာ ထူးကတော့ လှလှပပ ... အေးအေးပေါ့ပေါ့ကလေးနှင့် ... သိပ်နေတတ်သည်ဟုလည်း ရည်က ထင်သေးသည်။ ရည်က မတော်ပေမဲ့ ... ထူးကတော့ တော်သည့်ကျွမ်းသည်ပဲ ဖြစ်ရာ ... ဒီကိစ္စကိုရော ထူးက တကယ်ပဲ ဘယ်လိုပြောဆို ဆုံးဖြတ်ပါလိမ့် ...။



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲဆီက ဖြစ်ဖြစ်၊ ဖိုးဆီကပဲ ဖြစ်ဖြစ် ... တစ်ယောက်ယောက်ကို ကြားခဲ့ပြီးတော့ မဟုတ်ဘဲ ... ထူးရဲ့နှုတ်က တကယ် ဖွင့်ဟလာသော စကားမျိုးကို ရည်က ကြားဖူးချင်လိုက်တာ ...။

ရည့်စကားတွေကြောင့် တစ်မိနစ် နှစ်မိနစ်လောက် ငြိမ်ကျသွားသည့် ဖိုက ... ခဏတွင်းချင်းမှာပင် ... မှေးကျဉ်းသွားသည့် မျက်လုံးကလေးတွေ ပြန်ပြူးလာခဲ့ရင်း ...

"ဪ ... ဒီလိုလား ... ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... အဲဒီလို တွက်ရင်တော့ သူ မှန်တာပေါ့ ... ဒါပေမဲ့ဟာ ယောကျ်ားဆိုတဲ့ လူတန်းစားဟာ သူပြောသလောက်ကြီး အဲဒီ အချစ် ... အချစ်ဆိုတာကြီးကို ကိုးကွယ်နေကြလို့လား ... ဝေးဝေးမကြည့်နဲ့ ... နင့်အဖေနဲ့ နင့်အမေကိုပဲ ကြည့် ... ပြီးရင် သူ့အဖေနဲ့ သူ့အမေကြည့် ... "ချစ် ချစ် ချစ်"လို့ အော်ပြီးမှ ယူခဲ့ကြတာလား ...

နင့်အဖေဆို ဆုံးသာသွားရော ... နင့်အမေနာမည်ကို နှုတ်ဖျားကချတဲ့ရက်များ ရှိဖူးလို့လား ... ဒါတောင် နင့်အမေကို သူက ယူရမဲ့နေ့ မရောက်ခင် တစ်ပတ်အလို လောက်ကျမှ မြင်ဖူးတာဆို ... ကဲလေ ... ကြည့်ပါဦး ... ရဲရဲအဖေကြီးလည်း ... "အမေရေ ... အမေရေ"နဲ့ သူ့





အဘွားကြီးကို ကြင်နာလိုက်တာ ... သူတို့လည်း အမျိုးတွေက စီစဉ်စပ်ဟပ်ပြီး ပေးစားတာဆို ...

အဲ ... ဒါပေမဲ့ ငါ့ဒက်ဒီတို့ကျတော့ တက္ကသိုလ်မှာတွေ့၊ ချစ်ကြိုက်ပြီးမှ ယူတာဟဲ့ ... ဒါပေမဲ့ ငါက မာမိကို မေးကြည့်ပြီးသွား ... ခုလောက်အရွယ်ရောက်တော့ ... ဒက်ဒီကို ဟိုးတုန်းကလိုပဲ ချစ်နေသေးတာပဲလားလို့ ... ဘာပြန်ဖြေမယ်ထင်သလဲ ... တစ်မိတည်းပေါက်တွေတောင် သူ့ငါမကျေနပ်၊ ငါသူ ကြည့်မရ ရှိသေးတာ ... လူသူစိမ်းကြီးနှစ်ယောက် ခုထက်ထိ အကြာကြီး ရှည်ရှည်မြဲမြဲ လက်တွဲထားနိုင်တာ ... အဲဒါ အချစ်ထက် ... မေတ္တာတဲ့ ...၊ သံယောဇဉ်တဲ့ ... ဒါပဲဟဲ့ ..."

ဖိဇဝါက သူ့စကားရှည်ကြီးကို သူ ပြန်ကျေနပ်နေ ... ရှိပေမဲ့ ... ချမ်းမြရည်ကတော့ လိုက်မမီနိုင်ဟန် ဇဝေဇဝါ ...င် ...။ "သိပ်တော့ နားမလည်ဘူး"ဟု ဆိုလိုက်ပါသည်။ ...ါ့ထံမှ "ငတုံးမ"ဟူသော အသံက ခပ်မြန်မြန်ပင် ထွက်ပေါ ...။ စိတ်ထဲမှာတော့ ... "အေး ... တုံးတုံး ... အဲသလိုထိုင် ...နေလို့ ... လာ,လာသမျှတွေက တစ်ယောက်မကျန် ပြန်,ပြန် ...သွားကြတာ ..."ဟု နစ်နစ်နာနာပင် ဆက်ပြီးတွေးနေလိုက် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နယ် ... သူငယ်ချင်းကလေးနှစ်ယောက် ရှိပါတယ် ... တစ်ယောက်က ဒေါ်စိတ်ပုပ် ... တစ်ယောက်က ဒေါ်တုံးတုံး ... သေချင်စော်တောင် နံပါတယ် ... ငါပြောတဲ့ရှေ့က အရွဲ့ကြီးကို ထိပ်ခေါင်းထဲမထည့်ရင်နေ ... နောက်ဆုံးက အရေးအကြီးဆုံး နှစ်လုံးကိုပဲ အသေမှတ် ... 'မေတ္တာ၊ သံယောဇဉ်' ... ဒါပဲ ..."

"အဲဒီတော့ ..."

"ချစ်ပြီးပဲယူယူ ... သူများစီစဉ်လို့ပဲရရ ... ဘယ်လင်ယား၊ ဘယ်အိမ်ထောင်ပဲဖြစ်ဖြစ် ... နောက်ဆုံးမှာ ကျန်ရစ်တာက အဲဒီနှစ်ခုပဲ ... အဲဒီနှစ်ခုကသာ အဓိကအရေးကြီးတာ ... နင့်အတွက်ဆိုရင် ထူးမှာ၊ အဲဒီနှစ်ခုစလုံးက အခြေကြီးကတည်းက ရှိနေပြီးသား ... အိမ်ထောင်သက်ရှည်ကာလကြာမှ ရှိလာရမှာတွေကို အစောတည်းက ကြိုရှိထားတယ်ဆိုတော့ ... ပြီးပြီပေါ့ ... ဘာလိုသေးလဲ ..."

သူပြောတော့လည်းပဲ ဟုတ်ရတော့မလိုလို ... ရည့်မှာ "အချစ်"တွေနဲ့ချည်း ကြုံခဲ့ရပေါင်း များပေမဲ့ ... မေတ္တာနဲ့ သံယောဇဉ်ဆိုတာတွေ လုံးလုံးပါခဲ့ပုံ မရတော့ ... ဘယ်မှာလဲ စွဲမြဲခိုင်ကျည်မှု ...။





ဗီဇဝါက ရည့် မျက်နှာကိုကြည့်ကာ ခပ်ပိုင်ပိုင်လေး အစ်ချက်ပြုံးလိုက်ပြီး ... "သဘောပေါက်ပြီ မဟုတ်လား"ဟု ပြောပြောဆိုဆို ထိုင်နေရာမှ ထရပ်လိုက်သည်။

"ကဲ ... ကဲ ... ဒီတစ်နေ့တော့ နင် မလိုက်ချင်လည်း နေပါတော့ ... ငါဘာသာပဲ သွားလိုက်တော့မယ် ... ဒါပေမဲ့ နင် ဘယ်နရက်ဆက်ပြီး အိမ်တွင်းပုန်း နေနိုင်မှာမို့လို့လဲ ... လောကကြီးမှာ အသည်းကွဲတာထက် အရေးကြီးတဲ့ စီးပွားရေး၊ လူမှုရေးတွေ အများကြီးရှိတာပဲ ... အဲဒီအသည်းကလည်းပဲ ကွဲမနေပါနဲ့တော့ ... အဓိပ္ပာယ်ရှိရှိ တစ်ခုခုနဲ့ ဘယ်လိုပြန် အစားထိုးယူရမလဲ ဆိုတာလည်း ... ခုဆိုနင် သဘောပေါက်ပြီးနေပြီပဲ ..."

သူ့သဘော သူဆောင်တတ်သည့် ဗီ တစ်ယောက် သူပြောချင်ရာကို တက်ကြွစွာပြော ... သူ့ဘာသာသူတွေ ကောက်ချက်ဆွဲ ကျေနပ်ကာ အိမ်ပြန်သွားလျှင် ... ခဏသွားရှောင်နေဟန် ရှိသည့် အမေက ရည့်ထံပါး ... ခပ်သွက်သွက်ပဲ ပြန်ကပ်လာတာ ...

"အမေ့စိတ်ထင်တော့ ... ဒါ မောင်ထူးကလေးရဲ့ စကားတွေပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … အမေကလည်း … ရဲရဲက ဘာပြောသလဲ
အမေ သိလို့လား …"

"ခုန သမီး ဒီ့ကို ပြောပြနေတာတွေ အမေ ကြားလို
တာပဲလေ … သူပြောတာတွေလည်း ဟုတ်နိုင်တာပဲ
ဒါ မောင်ထူးကလေးက သူ့စိတ်ရင်းထဲ ရှိတဲ့အတိုင်း
လင်းတာလေ … သူ သမီးကိုတော့ မချစ်ဘူး … ဒါအ
တရားပဲ … ငယ်ကတည်းက မောင်နှမတွေလို နေလာ
သမီးရယ် … တောင်တောင်အီအီလို ချစ်ဖို့တော့ ခဲယ
နေသေးတာပေါ့ … ဒါပေမဲ့ … မေတ္တာစေတနာနဲ့
ရှောက်ချင်တာ … ဒါပဲ …"

"ဟင် … မဟုတ်ဘူး ထင်တယ် …"

"သူကိုယ်တိုင် လာမပြောဘဲ … တစ်ဖက်လှည့်နဲ့တော
မဟုတ်ဘူး … နှစ်ဖက်လှည့်နဲ့ အရင်ဝင်ကြည့်တာပါ
ဗီစကားထဲမှာကိုက နောက်မကျချင်တော့လို့ဆိုတာ အ
အကျကို ပါနေတာပဲ …"

အမေက … "သမီး သဘောပါ … အဓိက,က သ
စိတ်ချမ်းသာဖို့ကသာ အရေးကြီးတာပဲ … အမေကတော့ ကြီးပြီ
အမေမရှိတော့ရင် သမီး ဘယ်သူနဲ့ ကျန်ခဲ့ချင်သလဲ … စိတ်ချ
သာမဲ့လမ်းကို ရွေးပေါ့ သမီးရယ် …"တဲ့ …။ ချမ်းမြရည်မှာ





မျက်ရည်ကျချင်လာရပြန်တာကို မျက်တောင်တွေ အပြန်ပြန်ပုတ်ခပ်သိမ်းဆည်းရပြန်ရင်း … "အမေစိတ်ချမ်းသာဖို့က ပိုအရေးကြီးတာပါ …"ဟု တီးတိုးကလေး ရေရွတ်လိုက်မိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"ရှပ်တီးရှပ်ယှက် ကလေးမရယ် ... ညနေဘက်လောက် ငါ့ခြံဘက် ကူးလာပြီး စကားပြောလိုက်ရင်လည်း ဖြစ်သားနဲ့ ... ဒီကိုချိန်းရတာက ဘာသဘောများလဲ ... ပန်းခြံထဲမှာ နှစ်ယောက်တည်းလေး လာထိုင်နေကြတော့ နင်နဲ့ငါနဲ့ကို ဘယ်သူတွေက ဘယ်လိုထင်ကြမလဲ ..."

ထူးက ဇီဇဝါကို ပြောင်စပ်စပ် မျက်နှာနှင့် လှမ်းမေးလိုက်အပြီးမှာ ... ခါတိုင်းလို ... "လဲသေလိုက်ပါလား ..." တို့ ...။ "အစုတ်ပလုပ် အနုတ်စုတ်ဂုတ်စုတ်၊ အိုနှာရှုတ်တွ၊ သူဖုန်းစား ကျောက်ပြားဝီ"တို့ ...။ စကားမျိုးတွေကို ပြန်လည်မျှော်လင့်လိုက်မိသော်လည်း ဇီဇဝါ ကြည့်ရတာ ... ထူးရဲ့စကားကို သေသေချာချာတောင် ကြားလိုက်ဟန် မရှိပါ ...။





ပါလေရာမတို့ရဲ့ ထုံးစံ ... "ဘယ်အကွက်ကောင်းမှာ ငါ ဝင်ပါလိုက်ရပါ့မလဲ"ပဲ အမြဲမျှော်ချောင်းနေတတ်မြဲ မိဇီဟာ ... သူ့သဘာဝနဲ့ သူ့ဆန္ဒတွေအရ ဣန္ဒြေလေး တစ်ခွဲသားနဲ့ ငြိမ်ငြိမ်လေး နေတတ်လေ့ရှိသူလည်း မဟုတ်ပြန်လေရာ ... ခုလည်းပဲ ... ခေါင်းတစ်ခုလုံး ... ချာချာလည် ဇော့ယမ်းလျက် ထူးကို သိပ်ဂရုမစိုက်နိုင်ဘဲ ရှိလေသည်။

"နင် ခေါင်းမမူးဘူးလား ဇီဇဝါ ..."

"ကျွတ် ... နားညည်းစိုက်တာ ... ဩော် ... ဒုက္ခပါပဲ ... အဲဒီတစ်နာရီကလည်းပဲ ထိုးတော့မယ်နော် ... ခက်လိုက်တာ ... ဟင်း ..."

"တစ်နာရီထိုးရင် ဘာလုပ်မလို့လဲ ..."

"ငါ သွားဆရာဝန်နဲ့ တစ်နာရီအတိမှာ ချိန်းထားတယ်လေ ... သွားကိုက်နေလို့ ..."

"ဟင် ... ဒါဖြင့် ငါ့ကို 'ဆယ့်နှစ်ဆယ့်ငါး ... အရောက်ဒီကို'လို့ ဘာကိစ္စ ခေါ်ချိန်းရတာလဲ ... သွားဆေးခန်းလိုက်ပို့ပေးရမှာလား ... ငါ မအားဘူးနော် ဒီနေ့ ... ငါလည်း ဒီနေ့ နေ့လယ် နှစ်နာရီမှာ ဂျပန်ဧည့်သည်တွေနဲ့ ... Traders မှာ ချိန်းထားတယ် ..."

"ဟင် ... နင်က နှစ်နာရီထိုးရင် မအားတော့ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"[illegible] ... ဒါလေမဲ့ ရတယ်လေ ..., သွားဆေးခန်းကို [illegible]လိုက်ခဲ့ဦး ဆိုရင်တော့ လိုက်ခဲ့ပေးမယ် ... ဒါဆို [illegible] ... သွားကြစို့ ... ခု ငါ့ရုံးကို ပြန်ဝင်ပြီး ယူစရာရှိတာလေးတွေ ဝင်ယူမယ် ... ပြီးရင် နင့်ကို သွားဆေးခန်းလိုက်ပို့ပေးမယ် ... ခဏတော့ အတူစောင့်ပေးလို့ ရနိုင်ပါတယ် ... တစ်နာရီလေးဆယ့်ငါးလောက်ထိ မပြီးသေးရင်တော့ ... နင့်အိမ်ကို ဖုန်းလှမ်းဆက်ပေးလိုက်ပြီးမှ ငါလစ်မယ်လေ ... လာ ... လာ ... ဒါဆို ခုထ ..."

"ထားစမ်းပါ ... သွားဆေးခန်းက ဘာအရေးကြီးသလဲ ..."

ထူးမှာ မိန်းမတို့၏ အတွင်းသဘောကို အမြဲလိုက်မမီ ဖြစ်နေရတတ်တာ ... ဤသို့သော အချက်များကြောင့်ပင်တည်း။ ဒါဖြင့် ဘာက အရေးကြီးနေရတာလဲ ...။ ခေါင်းကတော့ ခုနကထက်ပင် ပိုပြီး အလွှပ်အယမ်းက မြန်ဆန်လာပြီ ...။ ထိုင်နေရာကနေလည်း ဖျတ်ခနဲ ထရပ်လိုက် ... ဘယ်ညာလျှောက်ပြီး ခဏနေ. လာပြန်ထိုင်လိုက် ...။

"နင် ... တစ်ယောက်ယောက်ကို စောင့်နေတာလား ..."

"အေးပေါ့ဟဲ့ ... ဒါပဲပေါ့ ... Hand Phone မပါဘူးလား"

"ဘာကိစ္စ ပါရမှာလဲ ... ငါ့မှာ ဘယ်မှာ Hand Phone ရှိလို့လဲ"





"အောက်လိုက်တာ ... တစ်ခါတလေလေးလည်း နင့်အဖေဆီက ခဏတဖြုတ်လောက် တောင်းကိုင်ပါလား ..."

"နင့်အဖေဆီက နင်တောင်းကိုင်ပါလား ... ငါ့မှာ နင့်လိုကိစ္စမှ မများတာ ... ငါက မလိုအပ်ဘူး ..."

ဒီလိုဆိုတော့ စုကောက်ကောက် ညိုမှောင်မှောင်[illegible]ပြနေပြီဖြစ်သည့် မျက်နှာက ချက်ချင်း အကြောလျှော့ကာ [illegible]ခနဲရယ်သံ ထွက်လာလေသည်။ ပြီးတာနဲ့ ..."ဟေး"ခနဲ [illegible]ကျွယ်ကျယ် တစ်ချက်ပါ ဆက်အော်လိုက်သေးကာ ... ကလေး[illegible]ယောက်လို ခုန်ဆွဆွနှင့် လက်ဝါးနှစ်ဖက်ကိုလည်း တဖျပ်ဖျပ်[illegible]ပ်လိုက်သေးသည်။

"ကဲ ... ထူး ... ငါ သွားပြီနော် ... တာ့တာ ... အဆင်ပြေကြပါစေနော် ... အား ... သွားကလည်း ကိုက်လိုက်တာ ... ကျွတ် ကျွတ် ..."

ပါးနှစ်ဖက်ကို လက်ဝါးနှစ်ဖက်နှင့် ပိတ်အုပ်ဖိကိုင်[illegible]စီဝါ တစ်ယောက် ထွက်ပြေးသွားချိန်မှာ ... ထူးခမျာ မျက်[illegible]ကြီး စုံကုတ်ကာ စိတ်အိုက်လက်အိုက်ကြီးပင် ကျန်ရစ်ရပါ[illegible]။ သူ့လို ထထွက်ပြေးလို့ကလည်း မဖြစ်နိုင်တော့ဘူးလေ ...။ [illegible]ခြံအပေါက်ဝမှာက လှပသော ဆံပင်ရှည်ဖြောင့်ဖြောင့်ကြီးကို [illegible]ကလေး လှုပ်ရှားစေရင်း ... လှုပ်လီလှုပ်လဲ့ကလေး နဲ့လျှောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်သော ချမ်းမြရည်က ... ဝင်ခွင့်လက်မှတ်ကို ဖြတ်လျက် နေပြီ ...။

လက်မှတ်ကလေးကိုင်ကာ ပန်းခြံအတွင်းဘက်ထဲ လည်ဆန့်လှမ်းကြည့်လိုက်သော ချမ်းမြရည်မှာ ... သူ့နောက်ကျော နားကနေကပ်ပြီး ... မျက်နှာကို အိတ်ကြီးတစ်လုံးနှင့်ကွယ် ... ပုန်းကွကွ ပုတုတုနှင့် လှစ်ခနဲ ဖြတ်ပြေးသွားသော ဇီဇဝါကိုလည်း မြင်လိုက်ပုံမရပါ ...။ အားလုံးကို မြင်ကွင်းကျယ် မြင်နေရသော ထူးကသာ တအားရယ်ချင်လာရပြီး ... ခပ်တိုးတိုး အသံထွက်က ရယ်လိုက်မိသည်။ ဇီဇဝါ ... ဇီဇဝါ ...။ မဟုတ်တရုတ် ကောင် မလေး ...။ တစ်ခါတလေကျတော့လည်း စိတ်ကုန်ရ ...။ ခုလို ဆိုတော့လည်း သဘောကျစရာတောင် ... ကောင်း ...။

အဲဒါကြောင့်ပင် ရဲရဲက ... "ကလေးလိုလို မွေး လိုလိုနဲ့ သူ့ရဲ့အကြံအစည်တွေအတွက် ဘာကိုမှ မှုနေမဲ့မိန်းမ မဟုတ်ဘူးနော် ... ရှက်ကြောက်တွန့်ဆုတ်နေလိမ့်မယ်များ မထင် နဲ့ ...သူ ဖြစ်ချင်ရာတွေ အောင်မြင်နိုင်ဖို့ဆိုရင် ... ဘာကိုမှအရှက် အကြောက် ရှိနေမဲ့သူလည်း မဟုတ်ဘူး ..."လို့ ... ကောင်းကောင်း ကြီးကို လက်ချာရိုက် သတိပေးထားခဲ့တာ ...။

ထူးကို လှမ်းမြင်သွားပြီဖြစ်သော ချမ်းမြရည်က ထူးမျက်နှာပေါ်က အပြုံးတချို့ကြောင့် ... သူ့မျက်နှာလေးလည်း





ရှင်ပျကြည်လင်သွားရကာ ... လက်ကလေးတစ်ဖက် မသိမသာ ထောင်ပြပါသည်။ အမြဲတမ်း ရှက်စွဲ့ဟန်ပါနေတတ်တဲ့ နူးညံ့လှ သော လှုပ်ရှားမှုလေးတွေမှာ ... မိန်းကလေးချင်းပင် စိတ်ဝင်တ စား ခဏငေးကြည့်ကြရမည် ဖြစ်ပေရာ ... ခုလည်းပဲ ပတ်ဝန်း ကျင်က ပုရိသကြီးကြီးငယ်ငယ် မှန်သမျှ ... ချမ်းမြရည်ရဲ့ ရှက် စနိုး မျက်နှာလေးဆီ အကြည့်တွေ ဆိုက်ရောက်သွားကြလေ သည်။

ထူးက သက်ပြင်းတစ်ချက်နှင့် မတ်တတ်ရပ်ပြီး ကြိုဆိုလိုက်သည်။ ပိုးပဝါစကလေး လေတိုက်သွားသလို ... သိမ် မွေ့ညင်သာစွာ လျှောက်လှမ်းလာတော့မည့် ခြေလှမ်းကလေးတွေ ကိုလည်း စိတ်မရှည်နိုင်စွာ ... ကိုယ်ကပဲ သူ့အနားထိ အရင် အရောက် သွားပြီး ကြိုဆိုလိုက်ပါသည်။

"ဘတ်စ်ကားတွေက ကျပ်လိုက်တာ ထူးရယ် ... နောက်ကျ သွားသလား ... နင်ကလည်း ငါ့ရုံးအောက်ကနေပဲ လာ စောင့်ကြိုလိုက်တာ မဟုတ်ဘူး ... နင့်မှာ ကားပါလာရဲ့သား နဲ့ မဟုတ်လား ..."

"ဟူး ... အရှင်းလင်းဆုံး ပြောရရင်တော့ ... နင့်မြင်လိုက် ရမှပဲ နင် ရောက်လာမယ်ဆိုတာ ဒါ သိလိုက်ရတော့ပဲ မိရှည် ..."



www.burmeseclassic.com

www.burmeseclassic.com



ရည့် ဈက်နှာကလေး ဖျတ်ခနဲ တစ်မျိုးဖြစ်သွားသည်။

"အမ် ... နင်ချိန်းလို့ ငါ လာခဲ့ရတာ မဟုတ်ဘူးလား ..."

ထူးက စိတ်ပေါက်ပေါက်နှင့် ... "ဓိဇဝါ"ဟု သုံးလုံးတည်းသာ ရေရွတ်လိုက်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ... ထူးရဲ့ မှန်မှန်ကန်ကန် အခြေအနေကို ရည့် အနေနဲ့ အရင်းအတိုင်း အရှင်းဆုံး သိထားဖို့တော့ လိုသည်လေ ...။ ရှက်တတ်တဲ့ ကိုယ့်သူငယ်ချင်းမကလေး ရှက်စိတ်ကြီးနဲ့ နာကျင်မသွားစေဖို့ကတော့ ထူး အနေနဲ့ အထူးဂရုစိုက်ပေးရမှာပေါ့ ...။ ဒါပေမဲ့ သိသင့်တာကိုလည်း အသိပေးတော့ ပေးထားမှ ...။

ရည်က ခေါင်းကလေးငုံ့ကာ ခပ်သဲ့သဲ့ တစ်ချက်ရယ်လိုက်သည်။

"ငါကတော့ ဓိအကြောင်းကို သိပြီးသားပါ ထူးရယ် ... ဒါပေမဲ့ အမေကတော့ စိတ်ပါနေပြီ ..."

ဟိုက် ...။ ချမ်းမြရည်ရဲ့စိတ်ကို ထူးက သိပါသည်။ ချမ်းမြရည်သည် စကားတစ်ခွန်းကို ဆိုလိုက်လျှင် ထိုစကားသည် တခြားဘာအဓိပ္ပာယ်ကိုမှ ထပ်မဆောင်ပါ ...။ သူပြောတဲ့ အဓိပ္ပာယ် အတိုင်းပင် ...။ ဟို ကျန်တဲ့နှစ်ယောက်ကတော့လား ...။ စကား တစ်ခွန်း ပြောလိုက်တိုင်း "နောက်ကွယ်က တကယ့်ဆိုလိုရင်း





ဘာပါလိမ့် ..."လို့ ... နောက်ထပ်နှစ်ဆင့်လောက် ထပ်လိုက်

ည့်နိုင်မှ တော်ရုံလောက်ကျမဲ့ဟာတွေ ...။

ချမ်းမြရည်ဟာ ဘာကိုမှ ရည်ရွယ်ပြီး မြောင်းဖော်ပုံ

အဖြစ်အပျက်ကို အသိပေးရုံမျှ သက်သက်ပင် ...။ သို့သော် ...

အဖို့ကတော့ အနေရအထိုင်ရတွေ ခက်နေရပြီ။ ခုမှပဲ ပြန်

မိတာ ...။ ဘာကိုမှ ထပ်ဆင့်မရည်ရွယ်တော့သော ချမ်းမြရည်

ဓကတိစကားတွေမှာ ... သူ့ရဲ့ ခေတ်အဆက်ဆက်က အကောင်

ရော ... ဘယ်လို၊ ဘာတွေများ အနေရ အထိုင်ရကျပ်ခဲ့ကြ

လိမ့် ...။ ထူးလို ကြိုသိနားလည်ပေးမထားနိုင်လျှင် ... ကြား

စကားတွေအတွက် အထင်အမြင်သေးရတာမျိုးတွေ ဖြစ်မကုန်

ဘူးလို့ကော ... ပြောနိုင်မလား ...။

"ဓိ ပြောတဲ့ ကယ်တင်တာ ဆိုတာကြီးကတော့ ရယ်ရသားပဲ ... ကယ်တင်ရအောင် ငါက ချောက်ထဲကျနေတာတော့လည်း မဟုတ်ပါဘူး ..."

"အေးပေါ့ဟ ... အဲဒီ မိဓိဟာ ..."

ထူးမှာ ... ဒါမျိုးကလွဲပြီး ပြန်ပြောစရာ စကားမရှိပါ။

"ဒါပေမဲ့ ... ငါ့အမေကတော့ ချောက်ထဲရောက်နေပုံရတယ်ဟ ... ဘယ်တုန်းကလဲတောင် မသိဘူး ... သူ့အလိုလိုပါ ... ဘယ်သူ့ပယောဂမှတော့လည်း မပါပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ညှံ့ညှံ့သက်သက် ရယ်သံတချို့ဟာ လူတစ်ဖက်သား ကို အတော်အခံရ ခက်စေတတ်ကြောင်း ထူးက ခုမှပဲ သဘော ပေါက်တော့သည်။ စကားကို တခြားရည်ရွယ်ချက်တွေ မပါဘဲ တဲ့တိုးရှင်းရှင်းသာ ပြောတတ်သော ချမ်းမြရည်ဟာ ရယ်သံသဲ့ တချို့ကိုကျတော့ ဘယ်လိုရည်ရွယ်ချက်တွေနှင့်များ ဖန်တီးထုတ် လွှင့်ချင်ပါလိမ့် ...။

"အဲဒါတွေက သိပ်အရေးမကြီးလှပါဘူး ... နင် ငါ့ကို တကယ်ခေါ်လိုက်တာ ဆိုရင်လည်း ... ဒီ့ရဲ့ ရှုးနမ်းပုံတွေ ကို ပြောပြတော့မှာပဲ ဖြစ်မှာ ... ဆိုတာမျိုးကို တွက်ပြီး ငါ လာခဲ့တာပါ ... အရေးကြီးတာ တစ်ချက်က ... နင့်ကို တွေ့ထုန်း အကူအညီတစ်ခု တောင်းချင်လို့ ..."

လုပ်ပြီ ...။ လုပ်ပြီ ...။

"အဲဒီကိုမြတ်အောင် ဆိုတဲ့လူကြီးက သိပ်ဆတ်တာပဲလို့ ငါ ထင်တယ်လို့ အစောကြီးကတည်းက ငါပြောခဲ့တာ နော် ... ခုချိန်မှာ သင်းနဲ့ငါ မျက်နှာချင်းဆိုင် တွေ့ကြရ ရင်တော့ ... နှစ်ယောက်လုံး မျက်ခွက်တွေ စုတ်ကြဖို့ပဲ ... တော်ပါတော့ မိရည်ရာ ... ဒီပြင် အကူအညီ ဆိုရင်တော့ ပြော ... ဟေး ... ဒါတောင် ငါက နှစ်နာရီထိုးဖို့ ဆယ့် ငါးလောက်အထိပဲ အချိန်ရမယ်နော် ..."





"ဒါဆို ခုမြန်မြန်လေး ပြေးလိုက်ကြတာပေါ့ ... နင့်မှာ ကားပါလာတာပဲ မဟုတ်လား ... ကိစ္စကတော့ နင်မရှောင် လွှဲချင်နဲ့ ... ကိုမြတ်အောင်ပဲ ..."

ကျွတ် ...။ အဲဒါတွေကြောင့်ပဲ မိစိဟာ သူ့သူငယ် င်းမကလေးကို စိတ်မချ လက်မချတွေဖြစ်ပြီး အတင်းကြီး ဝင် တ်ဖက် စီစဉ်ချင်နေတော့တာလား ...။

"သိပ်အောက်တဲ့လူဟာ ... ကိစ္စပြတ်သွားကြပြီဆိုတော့ ... ငါက စာတွေ၊ ဓာတ်ပုံတွေ၊ ပစ္စည်းတွေ၊ အားလုံး ကြွပ် ကြွပ်အိတ်တွေနဲ့ သုံးလုံး သွားပြန်ပို့လိုက်တယ်လေ ... ငါ့ဘက်ကလည်း အပြီးကို ပြတ်ပါတယ်ဆိုတဲ့ သဘော ..."

ဘယ်ဟုတ်မလဲ ...။ သူနဲ့ကိုယ် ပြတ်ကြပြီဆိုရင် ... တကယ်ပြတ်ကြောင်း မပြတ်ကြောင်း ဆိုတာတွေကို သက်သေထ နေစရာ ဘာလိုတော့မှာလဲ ...။ ဘယ်တော့မှ မျက်နှာချင်းပြန် ဆိုင်ကြနဲ့တော့ ...။ ပတ်ကိုထပ်မပတ်သက်နဲ့တော့ ...။ အဆက် အသံကို လုပ်နေစရာမလို ...။ သက်သေတွေ လိုက်ပြနေတယ် ဆိုတာကတော့ ...။ တော်ပါပြီ ... မပြောတော့ပါဘူး ...။

"သူက ပြောတယ်လေ ... ဒါတွေ လာပြန်ပေးနေစရာ မလိုဘူးတဲ့ ... ငါက ပြောတာပေါ့ ... ချမ်းမြရည်က ပြတ်တယ်ဆိုရင် အားလုံးပြတ်တယ် ... ကိုယ့်ဆီမှာ သူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်တာ ဘာတစ်ခုမှ မကျန်စေရတော့ဘူး ဆိုတော
လေ ... ဘာပြောတယ် မှတ်လဲဟယ် ... ဒါဖြင့် သူဝ
ကျွေးခဲ့တဲ့မုန့်တွေ ... အသီးအနှံတွေပါ အကုန်ပြန်ပေး
တဲ့ ... ကဲ ...။ ကဲ ...”

အငိုသန်သော ချမ်းမြရည် တစ်ယောက် ... “တ
ကဲ”နှင့် စိတ်တွေတိုလို့ နေချိန်မှာ ထူးကတော့ ... အော်မရယ
မိအောင် နှုတ်ခမ်းကို မနည်းကြီး ကိုက်ထားရပါသည်။ ချုပ်ပြ
သား၊ ဝတ်ပြီးသား ထဘီ၊ အကျီကြီးတွေ၊ သုံးပြီးသားပစ္စည်းကြ
တွေ ... ကြွပ်ကြွပ်အိတ်တွေနဲ့ ပြန်ရောက်လာလေတော့ တစ်ဖ
ကလူကလည်း ဒီလိုပဲ ပြောတော့မှာပေါ့ ...။

“အဲဒီတော့ နင်က ခု ဘာလုပ်ချင်တာလဲ ...”

“ငါ့ကို အရေပြား၊ အသားလှလွန်းလို့ဆိုပြီး ... အဲဒီတ
ယောက်က အသီးအနှံတွေချည်း အမြဲဝယ်ပေးတတ်တာ
သူ့အသီးအနှံတွေကြောင့်များ လှလာတာကျလို့ ... ငါ့အ
သာ ဟိုးအစောကြီးတည်းက ...”

“အေးပါ ... အေးပါ ... အခု ဘာလုပ်မှာလဲ ...”

“အကုန်လုံးတော့ ဘယ်မှတ်မိတော့မှာလဲ ... ဒါပေမဲ့ မျက်
ထဲတွေ့တဲ့ အသီးအနှံတွေ အများကြီး ဝယ်ပစ်ပြီး
သူ့ကို သွားပြန်ပေးမယ်”





ဩော် ... ချမ်းမြရည် ...။ ချမ်းမြရည် ...။

“ထားလိုက်စမ်းပါ မိရည်ရာ ...”

“နင်ကတော့ အပြောခံလိုက်ရတဲ့လူမှ မဟုတ်ဘဲ ထူးရယ် ... ငါ့မှာတော့ စိတ်တွေတိုပြီး ... နာလန်မထူနိုင် ဖြစ်နေရာ ကနေတောင် ရုတ်တရက် နာလန်ထလာတယ် ...”

“အမြတ်ပေါ့ဟ ...”

“မမြတ်ဘူး ... လုပ်ပါဟာ ... နင် ကားလည်းစိုက် ... လူလည်းစိုက်... ပိုက်ဆံတချို့တစ်ဝက်လည်း ခဏစိုက် ...”

“လောလောဆယ်တော့ ဘာမှကို မစိုက်နိုင်သေးဘူးနော်... နေ့လယ်နှစ်နာရီမှာ အလုပ်ရှိသေးတယ်လို့ ပြောပြီးပြီ ...”

ချမ်းမြရည်က ထူးကို ခပ်ကြာကြာလေး စိုက်ကြည့် နေပြီးမှ မျက်လွှာချသွားပါသည်။ ပြီးမှ ခပ်တိုးတိုးကလေး ...

“ရဲရဲတို့များ သိပ်မုန့်တာပဲ ... ကြိုတွေးတတ်တဲ့ နေရာမှာ တော့ သူ့ဦးနှောက်က ပြေးနေတာပဲ ... သူက ကြိုကိုပြော ထားတာ ... ဟိုအရှုးမ ဝင်လုပ်တာနဲ့ပဲ ... ထူးက နင့် အနားမှာတောင် နေရဲမှာ ... နေချင်မှာ မဟုတ်တော့ဘူး တဲ့ ... ခုချိန်ကစပြီး နင့်ဘေးကနေ ထွက်ကိုပြေးနေတော့ မှာ ... မယုံရင်ကြည့် ... တဲ့ ... မှန်လိုက်တာ ရဲရဲရယ် ... အတော်ဆုံး ဗေဒင်ဆရာပါ ဆိုရင်တောင် သူ့လောက်မှန် မှာ မဟုတ်တော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သူက စရှောင်ပြီဆိုရင် ... နင်ကလည်း သဘောပေါက်ပြီး လိုက်ရှောင်နေနိုင်ပါမှ ... ခပ်ဝေးဝေးနေပေးလိုက်နိုင်ပါမှ ... နင့်အပေါ်မှာ သိပ်ကောင်းတဲ့ သူငယ်ချင်းကောင်း တစ်ယောက်ကို နင် အပြီးသတ် ဆုံးရှုံးလိုက်ရတာမျိုး ... အထိ ဖြစ်မလာနိုင်မှာတဲ့ ... နို့မို့ဆိုတော့လား ... 'ပလုံ'ဆိုတဲ့ အသံတောင် ကြားလိုက်နိုင်မှာမဟုတ်ဘူးတဲ့ ...

ငါက ရဲရဲ အဲဒီလောက်ထိ ကြိုတွက်နိုင်မယ်လို့ မထင်မိလို့ပါ ထူးရယ် ... ငါ့မှာ တစ်ယောက်ပြီး တစ်ယောက် ... ငါ့ဆီးက ထွက်ထွက်ပြေးသွားကြတဲ့ ဒဏ်တွေကို ခံရလွန်းလို့ ... ငါ့အခင်ဆုံး ယောကျ်ားလေးသူငယ်ချင်းဖြစ်တဲ့ နင်ကပါ ထွက်ပြေးသွားဦးမယ် ဆိုရင် ငါ ဘယ်လိုမှ လူဆက်လုပ်နေလို့ ရတော့မှာတောင် မဟုတ်ဘူး ... ငါ ဘာလုပ်ရမလဲဆိုတာ ငါ သိပါပြီ ... ရဲရဲစကားကိုပဲ အတိအကျ နားထောင်ရတော့မှာပေါ့ ...

ခုလည်း နင်က ပြောစရာရှိတယ် ... နေ့လယ်ထမင်းစားချိန်မှာ ခဏထွက်လာခဲ့ဦးလို့ ခေါ်တယ်ဆိုလို့ ... အဟုတ်မှတ်လို့ ငါလာတာပါ ... ဟိုနှစ်ယောက်ပြောတဲ့ စကားဆို ... ငါ မယုံဘဲ ... အဟုတ်မမှတ်ဘဲ နေတာ





ဘယ်နှခါများ ရှိမှုးလို့လဲ ... ဒါပေမဲ့ နောက်ဆို ... 'နင်ခေါ်တယ်'ဆိုတဲ့ တစ်ဆင့်စကားလောက်နဲ့ဆို ... ငါမလာတော့ပါဘူး ... နင်ကိုယ်တိုင် 'ဘွား'ခနဲကြီး ပေါ်လာပြီး လာပတ်သက်မှပဲ ပြန်ပတ်သက်ပါတော့မယ် ... ငါတို့လေးယောက် အရင်လိုပဲ ... ကြားခံဘာမှရှိမနေဘဲ ... ကလေးတွေလိုပဲ ... ခင်ခင်မင်မင်ပဲ ဆက်ရှိကြရအောင်ပါ ... ဟုတ်ပြီလား ..."

အပြီးသတ်နားက စကားလုံးတွေမှာ အသံကလေးက တုန်တုန် တုန်တုန်နှင့် မျက်နှာလေး ... နှာခေါင်းဖျားကလေး ... မျက်ခွံအပေါ်ကလေးတို့က နီရဲချင်လာရပါပြီ။ ဘုရား ... ဘုရား ... ပန်းခြံကြီးလယ်ကောင်မှာ ငိုများချလိုက်ဦးမလို့လား ...။ အဲဒါထက် ပိုဆိုးတာက ... အားငယ်တတ်သော၊ ကံမကောင်းတတ်သော သူငယ်ချင်းမကလေးရဲ့ ... တလွဲအတွေးများ ...။

"ဟာ ... နင်ကလည်း ... မဟုတ်ပါဘူး ... ရဲရဲ ပြောတာလည်း တစ်ရာ ရာနှုန်းတော့ မမှန်ဘူး ... အဲဒါ တကယ်ပါ ... ကာယကံရှင် ငါ ကိုယ်တိုင်က ပြောနေမှတော့ ယုံစမ်းဟာ ... ငါက ဘာလို့ထွက်ပြေးရမှာလဲ ... နင်က သူ့ရဲ့လား မိရည်ရာ ... အဲဒီရဲရဲဟာ ... နေပေးစဦး ... တွေ့မှ ..."



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ဟယ် … ငါ နားလည်ပါတယ် …"

"မဟုတ်ဘူး ဆိုရင် တကယ့်ကို မဟုတ်လို့ပဲ မီရည် …
ကဲ … ကဲ … ဒါဖြင့် ဒီလိုလုပ် … နင်လည်း ထမင်းစား
ချိန်ကြီး ခဏလစ်လာတာ သိပ်အချိန်မရဘူး … ငါလည်း
အလုပ်ရှိတယ်ဆိုတော့ … ခု နင့်ကို နင့်ရုံးကို ငါပြန်လိုက်
ပို့ပေးခဲ့မယ် … ညနေကျမှ လာပြန်ခေါ်မယ် … ဖယ်ရီနဲ့
ပြန်လိုက်မသွားနဲ့ … နည်းနည်းနောက်ကျလည်း စောင့်နေ
ဟာ … ငါးနာရီခွဲ … ခြောက်နာရီထက်တော့ နောက်မကျ
ပါဘူး …"

ချမ်းမြရည်က မေးခွန်းပါသော မျက်လွှာကလေးနှင့်
လှန်ပင့်မော့ကြည့်သည်။

"ငါ့အမေကတော့ သိရိမင်္ဂလာဈေးမှာ သစ်သီးဒိုင်တွေ
ရှိတယ် ပြောတာပဲ … များများဝယ်ချင်ရင် … အဲဒီသွား
လိုက်ကြရင် ကောင်းမယ် ထင်တယ် …"

ချမ်းမြရည်ရဲ့ မျက်နှာကလေးမှာ ချက်ချင်းဆိုသလို
ပင် အနီအရဲတွေပျောက်၊ ကြည်လင်ဝင်းပလို့ သွားတော့ … ထူး
မှာ "ခေါင်းကျိန်းရတော့မည် …" ဆိုတဲ့ ခံစားချက်ကြီးကို ခေါင်း
ထဲက ဖွတ်ဖျောက်ထုတ်ရင်း သက်ပြင်းတစ်ချက်ကို "ဟူး" ခနဲသာ
ချလိုက်မိပါတော့သည် …။





ဪ … မိန်းမ၊ မိန်းမ …။ သူငယ်ချင်းမ …။
တစ်ယောက်မဟုတ်ဘူး …။ သုံးယောက်တောင်ဗျို့ …။ အင်း …။

❀ ❀ ❀

အစ်ကိုက … အရာရာကို ဆောင့်ကြီး၊ အောင့်ကြီး
ခုန်းဒိုင်းအုံးခွမ်းနှင့် အသံတွေထုတ်လျက်ရှိသော ရဲရဲကို … မျက်
လုံးတစ်ချက် စွေကြည့်ပြီး … ဖတ်လက်စ သတင်းစာဆီ အကြည့်
ကို ပြန်ပို့လိုက်သည်။ ခုလောလောလတ်လတ်မှာ … ကိုယ့်ရဲ့စိတ်
ဆါက်ကွဲရာ ထွက်ပေါက်အနေနှင့် … အိမ်ကပစ္စည်းတွေပြီးရင် …
လူသား၊ သက်ရှိဆိုလို့ … မျက်စိရှေ့မှာ … ဤအစ်ကိုတစ်ယောက်
ပဲ မြင်တွေ့လေရာ … စိတ်ရှိလက်ရှိ ဆိုလို့ကတော့ … တစ်ခုခု
ကို ပြေးပြက်ပြီးတော့ကို လုပ်ပစ်လိုက်ချင်တာ …။

သို့သော် … ကျောက်ရုပ်တောင်မှ နှုတ်ပါများရင်
ဘာဖြစ်တယ်ဆိုလား …။ ကျောက်ရုပ်နီးပါးမျှဖြစ်သော ဤအစ်ကို
သည်လည်း … သူ့အသားထိလာရင်တော့ ဆက်လက်ပြီး ငြိမ်ခံ
နေချင်မှ ငြိမ်ခံပေလိမ့်မည်။ ကိုယ့်ထက် သုံးနှစ်ကြီးပြီး … ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကမျှ မရောနှော, အနေတည်၊ ဖယ်တုယ်တယ် နိုင်လှသေ အစ်ကို,ကို ... သွယ်ဝိုက်သောနည်းပေါင်းစုံနှင့် ပညာပြဝံ့သည ရဲရဲက တိုက်ရိုက် ကိုယ်ထိလက်ရောက်ကြီးတော့လည်း ... မလု ရဲလှပါ ...။

အမှန်စင်စစ်ကတော့ လူတစ်ယောက်ယောက် လုပ်ချင်နေတာ။ ပစ္စည်းဆိုတာတွေက အသံမြည်လှတဲ့အပြင် ပျက်စီးသွားရင် ကိုယ်ပဲ ပြန်ရှင်း ပြန်သိမ်းရ၊ အသစ်ဝယ်ထည် နှင့် ကိုယ့်ပဲ အလုပ်ပြန်ရှုပ်စေတဲ့ အရာများလေ ...။ ပြီးကျတေ ပစ္စည်းပစ္စယတွေကို အသံမြည်အောင် ဆောင့်အောင့်ပြနေရခြ ဟာ အင်မတန်မှ အောက်တန်းကျလှတဲ့ ...၊ လုပ်စရာမရှိတဲ့ နောက်ဆုံးအပြုအမူဟု ရဲရဲက သတ်မှတ်သည်။ တခြားထွက်ပေါ ရှိလို့ကတော့ ... ဘယ်သူတွေက ပစ္စည်းတွေဆီက အသံဗလံတွေ ပဲ တိုက်စစ်ဆင်ကြတော့မှာလဲ ...။ မဟုတ်ဘူးလား ...။

ခုတော့ ... ကိုယ့်ဘာသာ အောက်တန်းကျလှသည ဟု ထင်သော အရာများကို ကိုယ်ကိုယ်တိုင်ပဲ ပြုလုပ်နေပါသည

"ခွမ်း ... ခလွင် ..."

ကြေးလင်ပန်းပေါ် ... စတီးခွန်းတွေ ပစ်တင်သံ

အစ်ကိုက သတင်းစာကိုပိတ်ကာ ... ထိုင်နေရာ ထရပ်လိုက်သည် ...။ ရဲရဲလို ဆောင့်ကြီးအောင့်ကြီး မဟုတ်





မှန်အေးအေးဆေးဆေး ...။ ထိုအစ်ကိုကား ... သတင်းစာကို ခြင်း'ခနဲ ဆောင့်ပိတ် ... ထိုင်နေရာမှ 'ဝုန်း'ခနဲ ထရပ်ကာ ... နေ ... တနင်္ဂနွေ ရုံးပိတ်ရက်ကလေး အိမ်မှာ နားအေးပါးအေး နဲ့ နေရမလား မှတ်ပါတယ် ... အဲဒါကြောင့် ဒီအိမ်မှာ နေကို နေချင်တာ ..."စသဖြင့် အသံကျယ်ကြီးနှင့် အော်ဟစ်မည့်သူ မျိုး ... (လုံးလုံးမှ)မဟုတ်ပါချေ ...။

ကဲ ... ကဲ ... နားငြီးရင်လည်း လမ်းထိပ်က လက် က်ရည်ဆိုင်ဖြစ်ဖြစ် ... ဘယ်ပဲဖြစ်ဖြစ် ... တော်ရာသွားနေချေ...။ စ်ယောက်မှ မရှိဘဲ ... အိမ်မှာ ကိုယ်ချည်းကျန်နေလည်းပဲ ဆောင့်အောင့်တာကတော့ ဆက်လက် ဆောင့်အောင့်နေရဦးမှာ ဲ...။ အစ်ကို မရှိတော့လို့ ကြားရမဲ့လူ၊ သိစေချင်တဲ့လူ မရှိတော့ လို့ ... ဆောင့်ကြီးအောင့်ကြီးတွေကို ရပ်တန့်ပစ်လိုက်မယ်လို့တော့ ထင်မနေနဲ့ ...။ မယုံရင် ပြန်ချောင်းနားထောင်ကြည့် ...။ ကြား ရဦးမှာပဲ...။ အစ်ကို့ကို ဆောင့်အောင့်နေတာမှ မဟုတ်တာ ...။

အစ်ဆို့ကိုဆိုလို့ကတော့ ဒီနည်းမျိုးကို သုံးချင်မှသုံး မှာ ...။ အောင်မြင်မြင် မအောင်မြင်မြင် ... "ချဉ်ပေါင်ကြော်"ကဲ့ သို့သော နည်းမျိုးကိုသာ ရှာကြံသုံးမည်။ ခုဟာက ဘာလုပ်ရမယ် မှန်း မသိတဲ့ စိတ်ထွက်ပေါက်ကို ရှာနေတာ ...။ (တွေ့မယ်လည်း ထင်ပါဘူး။)



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ဟိုနှစ်ယောက်ကို ... ညနေစောင်းကြီး နှစ်ယောက်တည်းစုံတွဲ ...၊ အထုပ်အပိုးကိုယ်စီနဲ့ တပျော်တပါးကြီး လှမ်းတွေ့လိုက်တယ်လေ ...။ မိရည်ကတော့ ထုံးစံအတိုင်း (ဘာတွေမှန်းမသိ ရှက်နေတတ်တဲ့) ရှက်မျက်နှာ ...။ ဟိုကိုယ့်ကောင်လေးကတော့ လိုက်လျော၊ အကြိုက်ဆောင်ပါတော့မည်ဆိုသော မျက်နှာ ...။ ဆင်တူနေတာကတော့ နှစ်ယောက်လုံး ခပ်ပြုံးပြုံး ...။ ပုံစံတွေကတော့ သီတင်းကျွတ်မှာ လူကြီးမိဘတွေကို လိုက်ကန်တော့ကြတော့မည့် ညားကာစ လင်မယားစုံတွဲလေး လိုလို ...။

ဟိုပါလေရာမ ... ငရုပ်မရဲ့ အစီအစဉ်တွေဟာ ... ဘာတွေများ ... ထိထိရောက်ရောက်ကြီး ... အောင်မြင်။ ခြေလှမ်းတွေ ကျဲကုန်ရပါလိမ့်။ ခါတိုင်းဆိုလည်း ဒီသကောင့်သားလေး တစ်ယောက်တည်းကို သူငယ်ချင်းမသုံးယောက်က “လျှင်သူဦးစတမ်း” အနိုင်ဝိုင်းကျင့်နေကျဖြစ်သည် မှန်သော်လည်း ... သူ့ရဲ့ အဟွဲအဖက်များနဲ့ အကွက်စေ့နေတတ်မြဲ မိရည်နဲ့ထူးတို့ ... ဒီလို ဆုံတွေ့နေကြဖို့ အကြောင်းအရာက သိပ်တော့မရှိလှဘူးလေ ...။

ဟိုလိုက်ရှင်းပေး၊ ဒီလိုက်ကြားဝင်ရ ဆိုတာမျိုးတွေ ရှိလာရင်တောင် ... ရဲရဲရော ... မိဖိပါ ... ဘာလုပ်တော့မည် ... ဘယ်သွားတော့မည် ဆိုတာတွေကို သိလည်းကြိုသိသည်။ တစ်ခါ





ဘလေ ... ကိုယ့်အကြံတောင် ပါလိုက်ရသေးသည် ...။ ခုကျတော့ ...။ ဘာလဲ ... အဲဒါဘာလဲ ...။

စကားပြောတွေက ကြွပ်ဆတ်ရွှဲစောင်းနေတတ်ပြီး စိတ်မထင်ရင် ... အသံရော၊ လက်ရောပါတတ်သေးသည့် ရဲရဲမှာ ... ကိုယ့်ရဲ့ ကြွပ်ဆတ်ဆတ် ရွှဲစောင်းစောင်းတွေကို အစဉ်သဖြင့် နားလည်လက်သင့်ခံနေကြမည့်သူရယ်လို့ သိပ်မရှိလှပါ ...။ မရှိဆို ... မရှိတဲ့လူတွေလည်း အလွန်မဟုတ်လှတာတော့ ကိုယ့်ဘာသာလည်း သိနေသည်။ ဘာလို့ သည်းခံနေကြရမှာလဲ ...။ အဲဒီတော့ ကိုယ့်မှာက အိမ်ကစက်ရုပ်၊ သစ်ငုတ်ရယ် ...။ သဘောကောင်းလှတဲ့ ကောင်ကလေးရယ် ... နစ်နာနေစရာလို့ ခေါင်းထဲမထားတတ်တဲ့ သူငယ်ချင်းမနှစ်ယောက်ရယ် ...။ ဒါပဲရှိတာပါ။

အလုပ်ထဲက၊ အပြင်က၊ အသိုင်းအဝိုင်း၊ ဆွေမျိုးတွေဆိုရင်တော့ စကားသုံးခွန်းလောက် ဆုံပြောလိုက်တာနဲ့ ... ရန်မဖြစ်ချင်ကြသူတွေ ဆိုရင်တောင် ... ပြုံးပြုံးကလေး ... မသိမသာကလေး ခွာသွားပြီးကြရက်သား ဖြစ်နေပြီ ...။ ဆတ်ဆတ်ထိ မခံချင်ကြသည့် လူမျိုးများနှင့်ဆိုရင်တော့ ... အလုပ်ထဲမှာ ... အသိုင်းအဝိုင်းထဲမှာ ... ရဲရဲနှင့်ဆိုရင် မပေါင်းချင်ကြ ...၊ ခွန်းကြီးခွန်းငယ် ဖြစ်ထားကြသူတွေသာ များပါသည်။ ဒါပဲရှိတာပါ ...။ ကိုယ့်မှာဒါလေးပဲ ရှိတာပါ ...။ အဲဒါကိုပင် ... ခုချိန်မှာ ... အကြံတူ ထို



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကတစ်ဖက် ...။ သူတို့ရဲ့ အကြံအစည်ကို လိုက်ဖျက်မည့် ... စိတ်ပုပ်မ ... ကိုယ့်တစ်ယောက်တည်းက တစ်ဖက် ...။ ဒီလိုဖြစ်လို့ နေပြီလား ...။

"နင် ... ဘာဖြစ်နေသလဲ ... ညီမလေး ... ဘာအဆင် မပြေဘူးလဲ"

ဘုရားရေ ... ကျားသားမိုးကြိုး ...။

တစ်အိမ်လုံး ... ဖုန်တထောင်းထောင်းနှင့် ရှင်းစရာ လင်းစရာတွေက အပြည့်။ လျှော်ရမဲ့ အဝတ်တွေဆိုလည်း ... နောက်ဖေးက အဝတ်လျှော်စက်နားမှာ ... ရေစလုံကြီးတစ်လုံးနှင့် စိမ်ပြီး ပစ်ထားတာ ... အချဉ်ပေါက်နေလို့ ... အဝတ်ချဉ်ဖတ် အဖြစ် ... ငါးပိရည်နဲ့တောင် တို့စားလို့ ရလောက်နေပြီ ...။ ဒါ ကိုပင် အလုပ်မရှိ၊ အလုပ်ရှာ ... မိဘတွေလက်ထက်တည်းက ရှိသော ... ကြေးလင်ပန်း၊ ခွက်၊ ယောက်၊ ပန်းအိုး ... ကြေး ပစ္စည်းများ ...။ စတီးဇွန်း၊ ပန်းကန်၊ အိုး ... စတီးပစ္စည်းများ ...။ တစ်ပုံတစ်ခေါင်းကြီးတို့ကို ချလာပြီး ... အသံမြည်ရင်ပြီးရော ... သန့်ရှင်းရေးတွေ ထိုင်လုပ်နေခဲ့မိတာလေ ...။

မလုပ်လည်း ရသေးရက် ... အသံမြည်ရင်ပြီးရော ... တမင် အပင်ပန်းတွေခံနေတာကို ... အိမ်က ကျောက်ရုပ်တော့ ဟာ့ထ်(Heart)ထိသွားပြီ ထင်ရဲ့ ...။





"ငါ့ကြောင့် အဆင်မပြေတာဆိုရင် ... ငါ့ကို ပြောမလား ... အင်း ... ဒီလိုတော့ ရှိတယ်ကွာ ... လူဆိုတာ ... ကိုယ်နေချင်သလို ... နေတတ်သလို ... အဆင်ပြေမယ်ထင်သလို နေနေရင် ပြီးရောပေါ့ ... ဆိုတဲ့ အတွေးဟာ တစ်ခါတလေ ကျတော့ သိပ်မမှန်ဘူးဆိုတာ ငါလည်း သဘောတော့ပေါက် ပါတယ် ... ကိုယ့်ညီမလေးအတွက် ... ဒီ့ထက် တစ်ခုခုတော့ ပိုသင့်မှန်းလည်း သိပါတယ် ... ဒါပေမဲ့ကွာ ... မလုပ်တတ် တာ ...၊ မလုပ်ချင်တာ ...။ အဲ ... အခု အစ်ကို့ကြောင့် ရဲရဲ ... ဘာတွေဖြစ်နေပြီလဲ ..."

အမယ်လေး ...။ ဘုရား ... ဘုရား ...။ ကြေးပစ္စည်း စတီးပစ္စည်းများဟာ ... ချဉ်ပေါင်ကြော်ထက် ထိရောက်မှုစွမ်း အား ပြင်းထန်တတ်ကြောင်း ... ကျွန်ုပ် ကောင်းကောင်းကြီး သဘောပေါက်ပါပြီ ... အသင်လောက ...။

ရဲရဲကလည်း အခွင့်သာတုန်းလေး ... (သူက 'ပြော' ... ... )

"ဒီမှာ ... ကိုယ့်ကိုယ်ကိုယ် အချိန်တန် အရွယ်ရောက်နေပြီလို့များ တစ်ဆိတ်လောက် မထင်မိဘူးလား ... မိန်းမကလေး ဘာလေး ယူဖို့ စိတ်ကူးထဲမှာ မရှိဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း … လက်စသတ်တော့ ရဲရဲက ငါ့ကို ဒီအိမ်ကနေ တုတ်နဲ့ကလော်ထုတ်ပစ်လိုက်မှ အေးတော့မယ်လို့ … ထင်နေတာလား …"

"ဘယ်ကလာ … တစ်ယောက်တည်းကြီး ကျန်ခဲ့ရမှာများ ဘာလုပ်ဖို့လဲ … ကိုယ့်ဒဏ်တွေ တစ်ဝက်လောက် မျှခံမဲ့ 'ကံဆိုးသူမယ်ရှင်'တစ်ယောက်လောက် မြန်မြန်ရှာလာခဲ့ … ဒါပဲ …"

အစ်ကိုက နှုတ်ခမ်းစေ့ပြုံးကာ ခေါင်းတယမ်းယမ်းလုပ်နေလျှင် … ရဲရဲသည် အသည်းတွေ ယားတက်လာရကာ …

"ပြောစမ်းပါ … ရည်းစားလေး ဘာလေး မရှိဘူးလား …"

"ဘာလုပ်ဖို့လဲ … မလိုပါဘူး … ငါ့အတွက် … မလိုဘူး …"

"မလိုဘူး … ဟုတ်လား … ဘုရားရေ … မလိုဘူး … သြော် သြော် … မိုးလင်းလို့မှ … ကိုယ့်စောင်ကိုယ်မခေါက်၊ ကိုယ့်ခြင်ထောင် ကိုယ်မတင် … စားနေတဲ့ထမင်း … ဘယ်ချောင်က ထွက်လာသလဲလည်းမသိ … ကိုယ်ရေချိုးဖို့ ရေစင်ကြီးပေါ်က ရေကန်ထဲမှာ ရေရှိလား မရှိလား မသိ … အဲဒီရေချိုးခန်းထဲက ဆပ်ပြာတွေ၊ သွားတိုက်ဆေးတွေ ဘယ်ကရောက်လာကြသလဲလည်း မသိ …၊ လူနှစ်ယောက်တည်းပဲ ရှိပေမဲ့ ဒီလောက်ကြီးမားနေတဲ့ အိမ်နဲ့





ခြံကြီးအတွက် … နေ့စဉ်လည်ပတ်နေတဲ့ ငွေကြေးပိုက်ဆံ … ဘယ်လောက်လိုလို့ ဘယ်က … ရနေသလဲလည်း မသိ … အဲဒီလို လူတစ်ယောက်အတွက် … ဘာဆိုဘာမှ မလိုဘူးပေါ့ … ဟုတ်လား …"

အစ်ကိုစိုးမိုးရဲ့ မျက်နှာက ဖျတ်ခနဲလေး တစ်မျိုးမျိုးသော့ ဖြစ်သွားပါသည်။ သို့သော် … အလွန်တရာ ထူးဆန်းသော ဓါတ်လက္ခဏာရှိသူသည် … သူ့ရဲ့ ထူးဆန်းအံ့သြလောက်အောင် သိနားမလည်နိုင်တတ်မှုကြီးတွေကိုပဲ ပြန်လည်ထွေးပိုက်ထားလိုသည့်ပုံ ရကာ …

"အဆင်မပြေရင် ပြောသင့်တယ်လေ … လိုအပ်တာတွေဆိုရင် ပြောပေါ့ … နင် ပြောလိုက်ရင် ငါထ,ပြီး မလုပ်ပေးတာ … ဘယ်နှခါရှိသလဲ …"

"ဟယ် … သြော် … ဒါဖြင့် ရဲရဲကိုကျတော့ ဘယ်သူက ဒါတွေကို နောက်က တကွတ်တွတ် လိုက်ပြောပြနေလို့ သိနေရတာလဲ …"

"အိမ်ကိစ္စတို့ ငွေကိစ္စတို့ … နင် တာဝန်ယူနေသမျှ ငါ ဘာမှ ဝင်မစွက်ဖက်ဘူးလေ …"

"အာ … စွက်ပါ … စွက်ပါ … စွက်စေချင်နေတာ … ခုဟာက မစွက်လွန်းလို့ ခက်နေတာ … ဟာ … စွက်ဖက်

www.burmeseclassic.com



တယ်လို့တောင် ပြောနေရမှာ မဟုတ်ပါဘူး ... အဲဒါတွေ အားလုံး အစ်ကိုပဲ တာဝန်ယူထားရမှာ ...”

“နင် မလုပ်နိုင်ရင် လူငှား ...”

“တော်စမ်းပါ ...”

ရဲရဲက ထအော်ပစ်လိုက်သည်။ ပါးစပ်ကနေ “ဖတ်” ခနဲ အပြောလွယ်သလောက် လက်တွေ့မပါနိုင်တဲ့ သဘောတရားတွေ ...။ လူငှား ... လူငှား ... ဟာ့ ...။ လူတစ်ယောက်စရိတ်၊ အိမ်ရှင်နှစ်ယောက် မရှိတဲ့အခါ သူ့တစ်ယောက်တည်း အိမ်ကြီးတစ်လုံးမှာ ထားခဲ့ရဖို့ ...။ ပြီးကျတော့ လူငှားအိမ်ဖော်ခေါ်တိုင်း ... ရှိရှိသမျှ အိမ်ကိစ္စ ... လူမှုရေး၊ စီးပွားရေး မှန်သမျှကို အဲဒီလူငှားက လိုက်သိစွမ်းဆောင်နိုင်ရောတဲ့လား ...။

“နေပါဦး ... ညီမလေးရယ် ... လူငှားတာနဲ့ မိန်းမယူတာနဲ့ ဘာကွာသွားလို့လဲ ... နင့်ပြဿနာတွေရဲ့ ထွက်ပေါက်က ငါ မိန်းမယူမှပဲ အားလုံး အဆင်ပြေသွားနိုင်မှာလား ... ဒီလိုလား ...”

အနည်းဆုံးတော့ ဟောဒီက ခေါင်းပေါ်မှာ လာပုံထားတဲ့ သူ့တစ်ကိုယ်ရည် တစ်ကာယ တာဝန်တွေကိုတော့ ခေါင်းလွှဲတင်ပေးလိုက်လို့ ရမယ်လေ ...။ ညီမနဲ့ဆိုရင်တော့ ဖြစ်ပေါ်လာနိုင်မယ် မထင်တော့တဲ့ ... အိမ်ရှင်ယောက်ျားတစ်





ယောက်ရဲ့ တာဝန်ဝတ္တရား ဆိုတာတွေကို ကိုယ့်မိသားစု ... အိမ်ဦးနတ်ဆိုတဲ့ အသိကလေး တစ်ဆိတ်လောက် ရှိလာရင်တော့ ပြောင်းလဲနိုင်ကောင်းရဲ့လို့ ... မျှော်လင့်တယ်လေ ...။

ဒါပေမဲ့ တော်ပြီ ... တော်ပြီ ...။ အစ်ကိုနဲ့ညီမ ဒီလောက် စကားခပ်ကြာကြာကြီး မပြောဖြစ်တာသည်ပင် အတော်ကြာနေပြီမို့ ... စကားစမြည် လက်ဆုံကျသလို ဖြစ်လိုက်ရတာကိုတော့ ဝမ်းသာပါရဲ့ ...။ (ဘာပဲဖြစ်ဖြစ် ပတ်သက်မှုကလေး တစ်ခုတလေကတော့ ရှိလိုက်သေးတာပေါ့ ...။) သို့သော် ... ပြောဖြစ်ကြတဲ့ စကားအခွန်းအရေအတွက်က သုံးခွန်းထက်ပိုကျော်လာပြီမို့ ... ခဏကြာရင် ရဲရဲက ဆက်လက်သည်းညည်းခံ သတိထားမနေနိုင်တော့ဘဲ ... ရွဲ့စောင်း၊ ထေ့ငေါ့၊ ပုတ်ခပ်၊ အော်ဟစ်၊ အာပြဲ၊ ပေါက်ကွဲတာတွေ ဆက်တိုက်ဆိုသလို ပါဝင်လာတော့မည်။

တော်ပါပြီ ...။ ဒီကျောက်ရုပ်သည် ... ဟာ့ထ် (Heart)တော့ ထိသွားခဲ့သည် ဖြစ်သော်လည်း ဦးနှောက်ထဲအထိ ဆက်ထိဖို့အတွက်တော့ ရဲရဲက စွမ်းဆောင်နိုင်မည့်ပုံမရ ...။ အဟုတ်ကို လက်လျှော့ရပါတော့မည်။ အဆုံးစွန်ဆုံး မခံမရပ်နိုင် ဖြစ်လာလျှင် ... “ဒီလောကကြီးထဲမှာ ဒီနှစ်ယောက်တည်း” ဆိုတဲ့ သံယောဇဉ် စိတ်ထားကလေးကို ခြားထက်ထက်နဲ့ဖြတ် ...။

www.burmeseclassic.com



ပြီးရင် ... လွတ်ရာတော်ရာ ရှောင်ပြေး ...။ ဒါပဲရှိနိုင်တော့မည် ... မဟုတ်ဘူးလား ...။

လွတ်ရာရှောင်ပြေးဖို့ စီစဉ်ရင်တော့ အရင်အခါတွေ မျှော်လင့်ထားမိသလို ... ကိုယ့်ရဲ့အဖော်ကောင်းလို့ ယူဆနိုင်သူနဲ့ ပိုင်ပိုင်ကြီး လက်တွဲပြီး အရာရာကို ရင်ဆိုင်ခွင့် ဆိုတာတော့ ရနိုင်တော့မည် မထင် ...။ ကိုယ့်တစ်ယောက်တည်း ... ထီးတည်း တစ်ကောင်ကြွက် ဆိုတဲ့ ဘဝကြီးဟာ ... ခုလို ဘာတာဝန်မှ ခေါင်းထဲမထည့်တတ်သော၊ သူ့အလုပ်ကိစ္စတွေ ကိုယ့်ခေါင်းပေါ် တင်ချင်သော အစ်ကိုမျိုးနှင့် နှစ်ယောက်တွဲဆိုတဲ့ ဘဝမျိုးထက် များ ပိုမိုလို့ ဆိုးရွားနေဦးမှာလား ...။ ဘုရား ... ဘုရား။

ဘာလုပ်ရမှာလဲ ...။ ဘာလုပ်ရမှာလဲ ...။

"ကဲ ... ဒါဖြင့် မိန်းမယူမယ် ..."

"ဟမ် ..."

"မိန်းမယူမယ် ... နောက်နေတာ မဟုတ်ဘူးနော် ညီမလေး အိမ်ထောင်ပြုတယ်ဆိုတာဟာ အလုပ်တာဝန်တစ်ခုဆိုရင် လုပ်ကိုလုပ်လိုက်တာပဲ အရှင်းဆုံး မဟုတ်လား ... ငါ့ အတွက်ကတော့ ဘာမှ သိပ်ထူးလာမှာ မဟုတ်ဘူးလေ"

အမယ်လေး ... အမယ်လေး ...။ ထူးတွေတည့်အံ့ဩ သော် ...။ အတွေးအခေါ်တွေ အမြဲတစ်မျိုးကြီး ဖြစ်နေတတ်တဲ့





ညီအစ်ကိုဟာ ... အလုပ်တာဝန်တစ်ခု ထမ်းဆောင်တဲ့အနေနဲ့ အိမ်ထောင်ပြုပါတော့မတဲ့ ...။

"မိန်းမယူမယ်ဆိုတော့ ... ဘယ်မှာလဲ ... ဘယ်သူလဲ ... ခုနကပြောတော့ မလိုအပ်တဲ့အတွက် ရည်းစားတောင် ထားမထားဘူးဆို ..."

"ဟုတ်တယ် ... မရှိပါဘူး ... ယူမှဖြစ်မယ် ဆိုတော့လည်း တစ်ယောက်ယောက်ပေါ့ ... သင့်တော်မဲ့ တစ်ယောက် ယောက် ..."

အား ...။ "ဘယ်သူဖြစ်ဖြစ် ..."လို့ မပြောရုံတစ်မယ်ပဲဆိုတော့ ... တော်တော်ကြာ မတော်တရော်တွေ လုပ်ချလာရင် ... နေ့ရှိသရွေ့ အိမ်ပေါ်မှာ မျက်နှာချင်းဆိုင်ကြီး ...။ ခုထက်တောင် ပိုဆိုးသွားမှ အခက်။ ဘာမှန်းမသိတဲ့ မုန်းစရာလူကြီး တစ်ယောက်ကို ခေါင်းပေါ်တင်ထားရာကနေ ... နောက်ထပ်,ထပ်ပြီး မုန်းစရာကြီး နံပါတ်နှစ်ကိုပါ ပခုံးပေါ် ထပ်ထမ်းထားရရင်တော့ ...။

"ပေါက်ကရတွေ လျှောက်မလုပ်နဲ့ ... ရဲရဲ ဆိုလိုတာက အစ်ကို့အချိုးအချိုတ်တွေကို နည်းနည်းလောက်ပဲဖြစ်ဖြစ် ပြင်ကြည့်လိုက်မယ်ဆိုရင် အဆောတလျင်ကြီး မိန်းမထည့်နေစရာတောင် မလိုဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"နင်ပဲ ရှာလိုက်ပေါ့ ... ငါ မိန်းမယူမယ်ဆိုရင် အဲဒီတ[illegible] ယောက်ဟာ ငါနဲ့ထက် နင်နဲ့ပိုပေါင်းရမှာ ... နင်[illegible] အဆင်ပြေဖို့ပဲ ပိုလိုတယ် ... နင်ပဲ ကြည့်ကျက်ရှာလိုက်[illegible]

အိုး ... အိုး ... အိုး ... အချိုးပြင်ဖို့ကိုကျတော[illegible] စကားအစပ်မခံ ...။ ဘယ်လောက်အထိ သူတစ်ပါးကို တာဝ[illegible] ယူစေ ...၊ သူ့ကျတော့ ရှောင်ထွက်စေသလဲ ဆိုရင် ... သူမိန်း[illegible] ယူရမဲ့ကိစ္စကို ညီမကပဲ ကြည့်ကျက်ရှာလိုက်တဲ့။

ရဲရဲမှာ ... ရုတ်တရက် ... ရင်ထဲမှာရော ... ခေါင်[illegible] ထဲမှာပါ ... "ဒိန်း"ခနဲ ဖြစ်သွားကာ ... လက်ဖျားခြေဖျား[illegible] လည်း အေးစက်ထုံကျဉ်လို့ သွားရပါသည်။ ပြီးလျှင် ... ရင်ထ[illegible] လှုပ်လှုပ် ... လှုပ်လှုပ်နှင့် ဆက်တိုက်ကြီး ခပ်မြန်မြန် ဆက်[illegible] နေရာ ရဲရဲက ... ကိုယ့်ရင်ဘတ်ကိုယ် လက်နှစ်ဖက်နှင့် စုံဖိထ[illegible] လိုက်ရသည်။

ကြည့်စမ်း ...၊ ကြည့်စမ်း ...။ ဒီလောက်ကောင်း[illegible] အခြေအနေမျိုးဆိုတာ နောက်ထပ်လည်း ထပ်မကြုံနိုင်တော့ဘူး[illegible] ဒီလောက်ကောင်းတဲ့ အကြံကိုလည်း နောက်တစ်ခါ ထပ်မရ[illegible] တော့ဘူး ...။

"အေးနော် ... အစ်ကို ... စကားမပြင်နဲ့ ... ပြီးကျမှ [illegible] မလုပ်နဲ့ ... အားလုံးအဆင်ပြေပြေ စီစဉ်ပြီးမှ အစ်ကို့ဘ[illegible]





က စကားပြောင်းရင် ... ရဲရဲနဲ့ အစ်ကိုနဲ့ ... ဒီတစ်သက် လည်း မကဘူး ... နောင်ဘဝအထိပါ သေခန်းပြတ်ပဲ ... နှစ်ယောက်တည်းရှိတဲ့ဟာကို တစ်ယောက်စီ ... တစ်ကောင်ကွက် ပြတ်ထွက်သွားကြရရင်လည်း အရေးမစိုက်ဘူးနော် ... တစ်ယောက်မကလို့ တစ်ဝက်ပဲ ထပ်ပြတ်ပြတ် ... ရဲရဲက ဂရုမစိုက်ဘူးဆိုရင် ... ဘာမှကို ဂရုမစိုက်ဘူး ..."

ရုတ်ချည်း တက်တက်ကြွကြွတွေ ထဖြစ်လာပြီးမှ မြိမ်းခြောက်စကားတွေပါ ဆက်တိုက်ပါလာသည့် ညီမဖြစ်သူကို ... ကိုစိုးမိုးက ... ထူးဆန်းသလိုတော့ ရှိပုံရပေမဲ့ ... သူ့ မူပိုင်ပုံဟန် အတိုင်း တုံဏှိဘာဝေနှင့် ခပ်မဆိတ်သာ ဆက်လုပ်နေလေသည်။

အို ...။ ပါလေရာမက စိတ်ပုပ်မလို့ အမြဲခေါ်ဝေါ် နေကျ ရဲရဲဟာ ဒီတစ်ခါတော့ဖြင့် စိတ်ပုပ်မှာ မဟုတ်ရပေါင်နော်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ...။ ဒီလောက်ကလေးပဲ ကြံရွယ်မိ တာပါ။ ကိုယ့်ရဲ့စိတ်ကူးယဉ်ကလေးကိုလည်း သူငယ်ချင်းကောင်း အကျိုးအတွက် စတေးခံလိုက်ရရာမလို ...။ သူများတကာရဲ့ ဘဝ ကလေး တကယ်ပဲ တည်ငြိမ်အေးချမ်းသွားနိုင်တာကို သိသိကြီး နဲ့ လိုက်လံဖျက်ဆုတ် ပိတ်ပင်ပစ်နေရာလည်း မကျတော့ ...။

မုန်းစရာကောင်းတဲ့ ကိုယ့်အစ်ကိုကြီးလည်း အိမ်ရှင် ကောင်းကလေး တကယ်ပီသနိုင်သည့်သူတစ်ဦး လက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်။ ကိုယ့်သူငယ်ချင်းမကလေးလည်း ... မုန်းစရာကောင်းတ
တစ်ချက်ကလွဲရင် ... အစစပြည့်စုံတဲ့ လူကောင်း လူအေးတ
ယောက်နဲ့ အခြေကျ။ ကိုယ့်အိမ်ပေါ်ရောက်လာရမဲ့ ... ကိုယ်
အတူ ... ဒီအစ်ကိုကြီးရဲ့ ဆိုးကျိုးတွေကို အတူလက်တွဲရင်ဆို
ရမဲ့ ... (အစ်ကိုပြောသလိုဆို "နင်နဲ့ပဲ ပေါင်းရမှာ"ဆိုတဲ့ ...) သူ
တစ်ယောက်ဟာလည်း တခြားသူစိမ်းတစ်ယောက် မဟုတ်တော့
ဘဲ ... ကိုယ်ချစ်နိုင်တဲ့ ... ကိုယ့်အကြောင်းကိုသိတဲ့ နားလည်တဲ့
သူပဲ ဖြစ်နေ ...။ ချွဲနွဲ့လို့၊ တိုင်ပင်လို့ ရဦးမဲ့ ဒေါ်ဒေါ့လို မိကြီး
ဖကြီး တစ်ယောက်ကိုပါ အဆစ်ကရလိုက်သေး ...။

ကဲ ... လေဒီပါလေရာစိန်ရေ ...။ ဒီထက်ကောင်းတဲ့
အစီအစဉ်တောင် ဒီလောက် မကောင်းနိုင်တော့ဘူးနော် ...
"သားရွှေအိုးထမ်းလာတာကို မြင်ချင်ပါတယ် ..."ဆိုတဲ့ ...
အဘက်ဘက်က အိုကေသောဇာတ် ... ဆိုတာ ဒါမျိုးကိုပဲ ခေါ်
တာနေမှာ ...။ ဒီအကြံဟာလေ ... အစောတည်းက ဘာလို့ခေါင်း
ထဲရောက်မလာရတာလဲ ...။ ကဲ ... နောက်မကျပါစေနဲ့ဦး ...
ဟိုမှာကတော့ တွဲသွားတွဲလာတွေ စတင်နေကြပြီ ...။

* * *





"နင့်ဟာက ... နင်ကောင်းစားမဲ့ အကြံညာဏ်ကြီးပဲ ..."

ရဲရဲမှာ စိတ်မလုံသဖြင့် ... "ဒိတ်"ခနဲ ဖြစ်သွားရ
"ဘာလဲ"ဟု ပြန်ပြီး ကျူးအော်လိုက်သည်။

"နင်လေ ... အကြံကလေးက လက်တစ်ဆစ်နဲ့ ... ခုဟာ
က နင့်ခေါင်းပေါ်က အစုတ်ထုပ်ကို ရည့်ခေါင်းပေါ်ကို
ဘုတ်ခနဲ ပစ်တင်ဖို့ ကြံရွယ်တာပဲ ..."

"အောင်မာ ... ဘာအစုတ်ထုပ်လဲ ..."

"ဒါ နင်ပဲပြောတဲ့ စကားပဲ ... နင့်အစ်ကို မထုံတက်တေး၊
တုံးကိုဘာဝေ၊ တာဝန်ရှောင်၊ နေစိမ့်ကြီးနဲ့ ဒီလောက်အေး
ဆေးပြီး သူများတာဝန် ကူထမ်းဖို့ဝေးလို့ ... သူ့ခြေထောက်
ပေါ်တောင် သူ မနည်းရပ်နေရမဲ့ ငါ့သူငယ်ချင်းကို ပေးစား
မယ် ... နင်တောင် ဘာပုံပေါက်နေသလဲ ... ရည် ဆိုရင်
ရှူးတောင်ထွက်သွားမယ် ..."

ရဲရဲက စိတ်တိုတိုနှင့် ... ဓိဝေါ့ရဲ့ စားလက်စမုန့်
င်းခါးပန်းကန် တစ်ဝက်အကျန်လောက်ကို ... စားပွဲအောက်ခြေ
အမှိုက်ပစ် ပလတ်စတစ်ပုံးထဲ "ဆတ်"ခနဲ ဆွဲယူသွန်ထည့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် ... ဓိဇဝါကလည်း အားကျမခံ ... ရဲရဲရဲ့ လက်ဖ
ရည်ခွက်ကို ... ဆိုင်အပြင်ဘက် အထိပင် "ဖြန်း"ခနဲ ပက်
လိုက်လေသည်။

"နောက်ထပ် ကျစိမ့်တစ်ခွက် ... ရှယ်နော် ..."

"မောင်လေး ... အစ်မကိုလည်း မုန့်ဟင်းခါးပွဲသစ်တစ်ပွဲ
အီကြာကွေးနဲ့ပဲ ... နံနံပင်၊ ပဲသီး၊ ငရုတ်သီးမှုန့် ...အ
ထည့်"

ဆိုင်မှ စားပွဲထိုးကောင်ကလေးမှာ ... ရဲရဲနှင့် ဓိ
တို့ကို စိတ်ရှုပ်ရှုပ် ရယ်ကျဲကျဲနှင့် ကြည့်နေရာမှ ... ခေါင်းကု
ပြီး ထွက်ခွာသွားလေသည်။

"စကားပြောရင် လက်မပါနဲ့ဟာ ... ဒီတစ်ခါ ငါ့မုန့်ဟ
ခါးပန်းကန်ကို ထပ်သွန်ပစ်ရင် လက်ဖက်ရည်ကို နင့်အ
ပေါ် လောင်းရလိမ့်မယ် ... လက်ဖက်ရည်တဲ့ ... အရော
ကလည်း မိတ်ကပ်ရောင်ရင့်ရင့်ကြီး နီကြောင်နေတာပဲ
အင်္ကျီပေါ် ဖွဲသွားရင်တော့ ချွတ်လို့ရမှာတောင် မဟု
ဘူး ..."

"အောင်မာ ... နင်လုပ်သမျှကို ငါက ငြိမ်ခံနေမယ် ထ
တယ်ပေါ့ ဟုတ်သလား မိဓိ ... ငါ့လက်ဖက်ရည်
ဆိုးဆေးပါရအောင် ... နင့်မုန့်ဟင်းခါးကကော ... အ





ရောင်ပေါက်နေသလဲ ပြန်ကြည့်လိုက်ဦး ... ငရုတ်သီးတွေ
က အရောင်တင်မှုန့်ရော ... လှော်ထောင်းမှုန့်ရော တစ်ခု
မှ အစစ်မဟုတ်ဘူး ... ခုလောက်ဆို နင့်အသည်းထဲမှာ
Dyes (ဆိုးဆေး)တွေ စုပုံနေပြီ ..."

"အရေးမပါတာတွေ မပြောကြေး ... အရေးပါတာကိုပဲ
ဆွေးနွေး"

"အဲဒီ အရေးမပါတာတွေကို နင်က စပြောတာလေ"

"အေး ... ဒါဆို ငါက ... ရည့်ကို သနားလွန်းလို့၊ ကောင်း
စားစေချင်လွန်းလို့ ဝင်ပါတာ ... နင်က ကြားထဲက ဝင်
အမြတ်မထုတ်နဲ့ ..."

"နင်တစ်ယောက်တည်းပဲ ရည့်သူငယ်ချင်းလား ... ငါလည်း
သင့်တော်သလို ဝင်ဝက်စီမံ အကြံပေးခွင့် ရှိတယ် ..."

"ဒါပေမဲ့ နင့်ဟာက နင် အမြတ်ထွက်တာ ... နင်ခံနေရ
တဲ့ နင့်ဒုက္ခကို တစ်ဝက်ဝေချင်တာ ..."

ဒါတင်က,ရိုးလား ,ပါလေရာမရဲ့ ...။

"အေးလေ ... အဲဒီလိုလို့ နင် ခံယူရင် ... ရည် ကောင်းစား
တာကိုချည်း နင်က မြင်ချင်တာလား ... ငါကောင်းစား
မှာကိုကျတော့ မမြင်လိုဘူးလား ... ငါကရော နင့်ရဲ့ချစ်သူ
ငယ်ချင်း မဟုတ်ရတော့ဘူးလား"

www.burmeseclassic.com



စီဇဝါတစ်ယောက် "တွေ"ခနဲ တစ်ချက်ဖြစ်သွ… ရပြီးမှ …

"နင့်ကိစ္စက ဒီပြင် သင့်တော်မဲ့ တစ်ယောက်ယောက်… ထပ်ရှာပေးပြီး ကူညီချင်လို့လည်း ရတယ် … ရည်နဲ့ထူး… ထူးနဲ့ရည် … ဒီကိစ္စကကျတော့ ဘာမသင့်တော်… မြင်နေလို့ နင်က ဝေဖျက်ချင်နေရတာလဲ … အဲဒါ… ငါကမကျေနပ်နိုင်တာ … လက်ကိုမခံနိုင်ဘူး …"

"သူတို့ကိုဖျက်ဖို့ သက်သက်ရယ်တော့လည်း မဟုတ်…"

"ဟုတ်ပါတယ် … ငါစပြောလိုက်ကတည်းက နင် သ… မတူဘူး ဆိုတာကြီးက အရင်တန်းထွက်လာတာပဲဟာ… ကိုစိုးမိုးကိစ္စကတော့ ခုမှ နင် အကြံရလာတာ … အဲဒီအ… ဟာလည်း … ငါ့လုပ်ရပ်ကို နင် ဘယ်လိုဝင်ဖျက်ဆီး… လို့ … အဖန်ဖန်အလဲလဲ … မနေမနား မအိပ်မနေ စဉ်း… ခန်းတွေ ထုတ်ပြီးမှ ထွက်ပေါ်လာတဲ့ အကြံတောင်မှ… နေနိုင်သေးတယ် … ရက်ခြားသွားခဲ့ပြီဆိုတော့ ဒီ… ယူဆရမလို ဖြစ်နေတယ် …"

ရဲရဲမှာ စီဇဝါ့ရဲ့ မှန့်ဟင်းခါး ပန်းကန်ဆီ လ… ရောက်မိပြန်တော့မလို ရှိပြီးမှ … ကိုယ့်ရဲ့လီနင်သား အဖြူ… အင်္ကျီကလေးကို ငုံ့ကြည့်လိုက်မိကာ … လက်ကို ပြန်ရုပ်လိုက်…





…သည်။ နည်းနည်းအရှက်ပြေအဖြစ် … ရေနွေးကြမ်းပန်းကန်လုံး …စ်ခုဆီ လက်ကိုပို့ကာ ရေနွေးကြမ်း ငုံ့သောက်နေလိုက်သည်။

သူများကိစ္စတွေ ကြားဝင်ပါရတာ များလွန်းလို့ … …ွက်ရေး ချက်ရေးတွေမှာ အင်မတန် အစွမ်းထက်လာတဲ့မိန်းမ။ …ခနဲဆိုရင် အနီးစပ်ဆုံး အမှန်အကန်တွေကို တန်းတွက်နိုင် …သား ဖြစ်နေသည်။ ငါ့ကိုက ညံ့တာ …။ အဲဒီလောက် တော် …စ်နေတဲ့ မိန်းမနဲ့မှ လာညံ့နေမိရတယ်လို့ …။ တကယ်ဆို …ိုယ့်ဘာသာ ကိုယ့်အစ်ကိုနဲ့ မိရည်နဲ့ကိစ္စကို ကြံဖန်ပြီးရင် … …ကို ကာယကံရှင် ဖြစ်နေတဲ့ မိရည်ကိုပဲ အသိပေးပြီး … မရ …အောင် ဆွယ်ယူပစ်ရမှာပေါ့ …။ ဒီပါလေရာမလိုပဲ မိရည်ရဲ့ …မေ ဒေါ်ဒေါ်ကိုပါ ဆွဲထည့်ကာ … တွန်းတွန်းထိုးထိုးတွေလည်း …ုပ်ပစ်သင့် လုပ်ပစ်ရမည်။

ခုကျတော့ … လုပ်သင့်တာတော့ တန်းမလုပ်မိဘဲ … …ကြောင့်များ … ဒီ ပါလေရာ တလှစ်လှစ်စိန်ကိုမှ အရင်လာ …ဟပြမိရတာပါလိမ့် …။ ညံ့လိုက်တာ … ခံ … ခံ … ညံ့သူ … …။ ဘယ်လောက်အထိများ ညံ့မိသလဲဆိုရင် ကိုယ်က ဒီလို …င်ပြလိုက်တာနဲ့ … ဒီပါလေရာမဟာ … "ဟာ … ဟုတ်သားပဲ… …စိုးမိုးကြီးနဲ့ဆို ငါလည်း သဘောတူတယ် … အရမ်းအဆင်ပြေ …ာပဲ … ဟုတ်တယ် … ဟုတ်တယ် … လာ … စကြစို့ …"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာအားရတွေဖြစ်ကာ တန်းသဘောတူမယ်ဟုပင် စိတ်က ထင်ခဲ့မိသေးသည်။

သူများတကာ ကိစ္စတွေကို ဝင်,ဝင်ပါချင်တတ်သူ သည် ... သူစီစဉ်သည့် သူ့ကိစ္စတွေမှာ သူများက ဝင်ပါလာချင် ရင်တော့ ကြိုက်တတ်လိမ့်မှာ မဟုတ်မှန်း ... ရဲရဲက ဘာလို့ကြို မတွက်မိနိုင်ခဲ့ပါလိမ့်။ ဓိသည်ကား ... သူက "သုံးနဲ့သုံးပေါင်းရင် ခြောက်"ဟု တွက်ချက်ပြထားပြီးသားဟာကို သူများက ... "လေးနဲ့ နှစ်ပေါင်းရင်လည်း ခြောက်ပါပဲ"ဟု ...၊ "ဘာနဲ့ ဘာနဲ့ပဲပေါင်း ပေါင်း ... နောက်ဆုံး ခြောက်ရရင်ပြီးရော မဟုတ်လား"ဟု လာ ပြောလျှင် ... အေးဆေးစွာ လက်သင့်ခံ ခေါင်းညိတ်လိုက်မည့် သူမျိုး မဟုတ်ချေတကား ...။ သူသာ ဝင်ပါမည် ... သူများကတော့ လာဝင်မပါနဲ့ ... ဆိုသည့် အထဲကပင် တကား ...။

ရဲရဲသည် ... တွေးရင်း တွေးရင်း စိတ်ထဲ အတော် ကြီး ငြိုငြင်လာရပြီမို့ ... စိတ်ကို မထိန်းလိုက်နိုင်ပြန်ဘဲ ... ကိုယ့် ရှေ့က ရေနွေးဓာတ်ဘူးကြီးကို အဖုံးကောက်ဖွင့်ကာ ... ဓိဇဝါရဲ့ မုန့်ဟင်းခါးပန်းကန်ထဲ ဖျတ်ခနဲ လောင်းထည့်ပစ်လိုက်မိလေ သည်။ နှုတ်မှလည်း ...

"နင့်မုန့်ပန်းကန် ငါ မသွန်ဘူး"

"အိုကေလေ ... ရတာပဲ ..."





ဓိဇဝါကလည်း ... ရဲရဲရဲ့ လက်ဖက်ရည်ပန်းကန် ထဲ ရေနွေးတွေ လာရောထည့်လိုက်ပါသည်။

"ကိစ္စမရှိပါဘူး ... လက်ဖက်ရည်သမား ဆိုတာကတော့ လက်ဖက်ရည် နည်းနည်းပဲ ကျန်တော့ရင်လည်း ရေနွေး ကြမ်းနဲ့ရောပြီး ကျင်းပြီး မော့တတ်ကြတာပါပဲ ..."

"ငါလည်း ဘာကိစ္စမှ မရှိဘူး ... ခုနက ငပြာရည်ထည့်တာ လက်လွန်သွားလို့ နောက်တစ်ပွဲ ထပ်မှာရရင်တောင် ကောင်း မလား စဉ်းစားနေတာ ... ခုမှ အတော်ပဲ ... Thank You ပဲ ..."

ရဲရဲမှာ ... "ဒီ ဓိဇဝါ ဆိုတဲ့ မိန်းမကို ငါ ဘယ် နည်းနဲ့ အနိုင်ယူလို့များ ရနိုင်မှာလဲ ..."ဟု စဉ်းစားနေရချိန်မှာ... ဓိဇဝါသည်လည်း ရဲရဲကို အနိုင်ရနိုင်မည့် နည်းလမ်းတို့ကို အပြင်းအထန်ပဲ စဉ်းစားခေါင်းရှုပ်လို့ နေရပါပြီ ...။ ကိုယ်က "ထူးနဲ့"ပါဆိုမှ "ကိုစိုးမိုးနဲ့ ..."ဟု ထလုပ်ချင်သော ရဲရဲကို ... "အေး ... အေး ..."ဟု ငြိမ်ခံသဘောတူလိုက်ရမည်ဆိုလျှင် ... လေဒီပါလေရာစိန်တို့ရဲ့ ရာဇဝင်မှာ ရိုင်းရတော့မပေါ့နော် ...။

ကိုစိုးမိုးနှင့် ဆိုလျှင်လည်း တကယ်တော့ ဆိုးဆိုး ဝါးဝါးကြီး မသင့်တော်နိုင်စရာ ဘာမှမရှိပါ။ ထူးနဲ့လောက်တော့ ပွင့်ပွင့်လင်းလင်း တိုင်တိုင်ပင်ပင်နှင့် ပျော်ရွှင်ရတာမျိုး ရှိချင်မှ



www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်မှာပေါ့လေ …။ ကိုစိုးမိုးကို သူ့ညီမရင်းဖြစ်တဲ့ ရဲရဲ ကိုယ်တိုင်က လက်မခံနိုင်ပါ … ဟူသော အချက်များသည် ငြိမ်းချမ်းအေးဆေးသော ချမ်းမြရည်နှင့် ဆိုလျှင်တော့ ပြဿနာဟုတောင် ခေါ်ဆိုချင်မှ ခေါ်ဆိုနိုင်တော့မှာတွေ … ဆိုတာလည်း ဇီက သဘောပေါက်ပါသည်။

ဒါပေမဲ့ ကိုယ်က "ကိုစိုးမိုးနဲ့ဆိုလည်း ဖြစ်နိုင်တာပါပဲ …"ဟု အတွေးထဲမှာတော့ ထောက်ခံချက် ပေးထားမိသလိုမျိုး … ဟိုမိန်းမ ဒေါ်စိတ်ပုပ်ကလည်း … "ထူးနဲ့ရည်"ဆိုတဲ့ ကိစ္စဟာ သင့်လျော်တဲ့ ကိစ္စတစ်ခုအဖြစ်လောက်တော့ တန်ပြန်အသိအမှတ်ပြုပေးရဦးမှာပေါ့ …။ ခုဟာကတော့ ကိုယ့်ဟာကိုကျတော့ လုံးလုံးလျားလျားကို ပယ်ချတာ …။ အဲဒါကြောင့်ပင် ဇီကလည်း … "ကောင်းနိုင်ပါသည်"ဟု ထင်ပေမဲ့ "ကိုစိုးမိုးနဲ့" ဟူသည့် အချက်ကို တစ်စက်ကလေးမှကို လက်သင့်ခံမပေးနိုင်ဘူးလေ …။ ဘာဖြစ်သေးလဲ …။

ခက်တာက … ပါဝင်ပတ်သက်ကြရမဲ့ ကာယကံရှင်တွေ …။ ချမ်းမြရည်ကတော့ ခဏထားလိုက်ပါဦး။ ကိုစိုးမိုးနှင့် ထူး နှစ်ယောက်ကိုယှဉ်လျှင် … ဇီသည် အတော်ကြီးကို အားနိမ့်ကာ ရှုံးရမည့်ဘက် … သို့ ယိုင်နေပြီးမှန်း ကိုယ့်အနေအထားကို ကိုယ်ပြန်သိနေရတော့ … ရဲရဲကို အမြင်က ပိုကတ်ရသည်။





ထူးဆိုတာက ရဲရဲ ပြောသလိုပင် ကိုယ်ပြောသမျှ စိစဉ်သမျှကို … "ဟုတ်ကဲ့"လိုက်ကာ ခေါင်းချက်ချင်းညိတ်မဲ့ ကိုယ့်သားလည်း မဟုတ် …။ ဇီ့ခမျာ အတော်ကြီး ဘေးတီး၊ တွန်းထိုး၊ လှေလှော်၊ ကလိမ်ကကျစ်တွေကလည်း တော်တော်များများသုံးပြီး အကွက်ရှာနေရဦးမှာ …။ နောက်ဆုံးတစ်ချက်အနေနဲ့ ရည့်အပေါ် ထားရှိနေတဲ့ ထူးရဲ့ … "ခင်မင်မှု၊ ကြင်နာမှုနဲ့ ကရုဏာ"ဆိုတာလေးကိုပဲ လက်ဆုပ်လက်ကိုင်ပြု အားကိုးရမှာ …။

ရဲရဲကတော့ ဤသို့မဟုတ်ချေ …။ ကိုစိုးမိုးဆိုတဲ့လူဟာ … ရဲရဲက "ရည်နဲ့ယှူ"ဆိုရင် အဟုတ်ကို ချက်ချင်းလက်ခံကာ … နက်ဖြန်ဆို နက်ဖြန် …။ သန်ဘက်ခါဆို သန်ဘက်ခါ …။ ဘယ်လိုမှကို ငြင်းပယ်မှာ မဟုတ်တဲ့ လူစားမျိုး …။ ကဲ … မကျွာဘူးလား …။ မခက်ဘူးလား … ကိုယ့်မှာ။

"ထူးနဲ့က ပိုသင့်တော်ပါတယ် ရဲရဲရယ် … သူငယ်ချင်း
အချင်းချင်းဆိုတော့ ရင်းရင်းနှီးနှီးလည်း ပိုရှိတယ် …
တစ်ယောက်နဲ့ တစ်ယောက်လည်း နားလည်နိုင်တယ် …
သူဆိုးတာကိုယ်သိ … ကိုယ်ဆိုးတာ သူသိ …"

ဇီဇဝါက ရဲရဲကို လေပြည်လေးနှင့် ဖြန်နားချဖို့ကြိုးစည်လိုက်ပါသည်။ သို့သော် … ထိုစကားကြောင့်ပင်လျှင် … ရဲရဲမှာ မဲ့ပြုံးနှင့် …



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်မို့ကို လက်မလွှတ်နိုင် ဖြစ်နေရတာက ... ငါဟဲ့"

ဟု ထပြောပစ်လိုက်ရရင် မကောင်းဘဲ ရှိတော့မယ်နော် ... ဒေါ်ပါပါရေ။

"ကိုစိုးမိုးကလည်း ငါ့အစ်ကို အရင်းခေါက်ခေါက်ကြီးဟယ် ... ကဲ ... ဘာမရင်းစရာရှိလဲ ... ငယ်တည်းက ဒီလိုပဲ မြင်တွေ့ဆက်ဆံလာကြတဲ့ဟာ နင်ပြောတဲ့ ဆိုးကြောင်းကောင်းကြောင်းတွေလည်း တစ်ယောက်နဲ့တစ်ယောက်အကုန်သိ ...။ ပြောရမယ်ဆိုရင် ... ရည့်အပေါ် နင်စိုးရိမ်နေတဲ့ တခြားသူစိမ်းယောကျ်ားတွေဆို ခွင့်လွှတ်နိုင်မယ် မထင်တော့ဘူး ဆိုတဲ့ အချက်မှာ ကြည့်ရင်တောင် ... ထူးထက် ငါ့အစ်ကိုကမှ ပိုသာနေလိမ့်ဦးမယ် ထင်တယ် ...

ထူးက ခုသာခွင့်လွှတ်ရင် လွှတ်မှာ ... နောင်ကျတစိမ့်စိမ့် ပြန်ပြောရင် ပြောနေဦးမဲ့ လူစားမျိုး ...၊ ငါ့အစ်ကိုကသာ ရေခဲတုံး ... နှုတ်ပိတ် ...။ သူနဲ့မှ အပြီးသတ်ကြီး စိတ်ချရမှာ ..."

"နောင်ကျ ဖြစ်ချင်လည်း ဖြစ်မယ် ... ဖြစ်ချင်မှလည်း ဖြစ်လာလိမ့်မယ် ဆိုတာမျိုးတွေကို ကြိုတင်ပြီး တစ်ထစ်ချကြီး လုပ်မပြောကြေးလေ ... နေပါဦး ... နင်က ထူးနဲ့





ရည့်ကို ဘာ့ကြောင့် သဘောမတူဘူးလဲ ... ကိုစိုးမိုးနဲ့ သဘောတူလို့ပေါ့လို့တော့ မပြောနဲ့ ... ဒါက နောက်မှဖြစ်လာတာ ငါ သိပြီးသားကြီး ... သေချာတဲ့ တကယ့်အကြောင်းရင်းကို ပြော ... ယုတ္တိယုတ္တာနဲ့ လက်ခံနိုင်လောက်တဲ့ အကြောင်းပြချက် ဖြစ်နေရင် ... ငါက နင့်ကို ကပ်ဖဲ့တိုက်ပြီး ဇွတ်ဆက်ပြောမနေတော့ပါဘူး ရဲရဲရယ် ... ကဲ ..."

ဓီဇဝါက ... "ငါ့ဘက်က စလျှော့တယ်နော် ..." ဟုလည်း နောက်ဆက်တွဲကလေး ဆက်လိုက်ပါသေးသည်။ ယုတ္တိရှိ ခိုင်လုံတဲ့ ဘာအကြောင်းပြချက်မှ မရှိနိုင်တာကိုလည်း နှစ်ဦးနှစ်ဖက်လုံး သိရှိပြီးသားပင် ဖြစ်လေရာ ... "ငါကစလျှော့တယ်" ဆိုသော စကားဟာလည်း ... ပညာရှိဆန်ဆန် အနိုင်ပိုင်းပြန်ခြင်းဆိုတာ နှစ်ယောက်လုံး သေချာပြီးသားပင် ...။

ရဲရဲက ဓီဇဝါ့ရဲ့ မုန့်ဟင်းခါးပန်းကန်ဘက် လက်ကမ်းလိုက်ပြန်လျှင် ဓီကလည်း တစ်ခုခုဆိုရင် ချက်ချင်းတုံ့ပြန်နိုင်စေရန် ရဲရဲရဲ့ လက်ဖက်ရည်ပန်းကန်ကို အကဲခတ်ထားလိုက်ပါသည်။ သို့သော် ... ရေနွေးနဲ့ ကျင်းလိုက်ရပြီးကတည်းက တစ်ကျိုက်တည်း မော့သောက်ပစ်လိုက်ပြီဖြစ်သော လက်ဖက်ရည်ပန်းကန်က အရှင်းသားလေး ... ပြောင်စင်လျက်သား ...။ ဓီဇဝါမှာ အတော်တော့ အကြံအိုက်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိပေး ကြိုပြောထားသလို အကျီကို ရေနွေးနှင့် ထပက်လိုက်လျှင်တော့ ရနိုင်တာပေါ့ ...။ သို့သော် အဲဒီလောက်ကြီးတော့ ရတ်ရတ်သဲသဲကြီး ထမဖြစ်လိုပါ။ ရဲရဲရဲ့ အကျီတွေ တစ်ခုခု ပေကျံသွားပြီးပြီဆိုလျှင် ကိုယ်အသည်လည်း ဤဆိုင်ထဲက နေ တစ်ခုခု အရှက်မကွဲဘဲ ပြန်မထွက်နိုင်တော့မှာလည်း ဇီဇဝါ က သိသည်။ ဒါပေမဲ့ ရဲရဲက ဇီဇဝါ ထင်သလို ဘာတစ်ခုမှ မလုပ်ရှာပါ ...။ စားမကောင်းတော့၍ မကုန်သေးဘဲ ရပ်ထားသော မုန့်ဟင်းခါးကို မွှေနှောက်ကာသာ တစ်ဇွန်း လာခပ်စားလိုက်ရင်း ...

"အေး ... ဟုတ်တယ် ... သဘောမတူနိုင်ဘူး ... ဘာဖြစ်လို့လဲဆိုတော့ ..."

ရဲရဲရဲ့ မျက်နှာမှာ မဲ့ရွဲ့ရွဲ့ပင် ဖြစ်သွားပါသည်။ "ခုနက ငံပြာရည်များသွားလို့ ခုမှအတော်ပဲ"ဟု ဆိုထားသော ဇီဇဝါရဲ့ စကားမှာ တမင်သက်သက် အနိုင်ယူထားခြင်းသာလျှင် ဖြစ်လျက် ... မုန့်ဟင်းခါး၏ အရသာက ...အရသာမရှိတော့ရုံမျှမက ... လက်ဆေးရည်ခွက်ကို ကောက်သောက်လိုက်ရသကဲ့သို့ပင် ဖြစ်နေပါသည်။

ပျို့အန်ချင်သလိုလိုကြီး ဖြစ်သွားရသော ရဲရဲမှာ ... "ကိုယ့်လုပ်ရပ်ကြောင့် မိဇီ တစ်ယောက် အတော်ဒုက္ခရောက်သွား





ပါလား"... ဟု တွေးမြင်ဖို့ထက် ... ဤမျှလောက် ဆိုးဝါးနေသော လက်ဆေးရည်အရသာကြီးကို ... နောက်ထပ် လေးငါးဇွန်းလောက် မှန်မပျက် ဆက်စားပြနေနိုင်ခဲ့တာကိုပဲ ... အံ့ဩရ၊ စိတ်ကုန်ရ။ ပြီးတော့ ... ထိတ်လည်း ထိတ်လန့်ရပါသည်။ မိဇီဟာ နိုင်ချင်လွန်းတယ် ...။ နိုင်ချင်လွန်းတဲ့အတွက် ... "နိုင်ကိုနိုင်ရမှ ... ကျန်တာဘာဖြစ်ဖြစ် ..."ဆိုတဲ့ စိတ်မျိုးကလည်း အင်မတန်မှကို ပြင်းထန်နေတယ် ...။

ခုကိစ္စမှာ မိဇီဟာ ... ချမ်းမြရည်ကို ကရုဏာသက်လွန်းလို့ ... သူတစ်ပါးကိစ္စကို သူ့ဝသီအတိုင်း ဝင်မပါရင် မနေနိုင်လို့ ... ဝင်ပါနေခဲ့တာမျိုး ဆိုတာတောင်မှ ဒီလောက်ပြင်းပြင်းထန်ထန် အနိုင်ရချင်နေတာ ...။ အကယ်၍ ... အဲဒီ"ထူး"တစ်ယောက်ကို ချမ်းမြရည်အတွက် မဟုတ်ဘဲ ... သူ့အတွက်သူလို့ ရည်မှန်းလာမိရင်ကော ...။ ထူးအပေါ်မှာ မိဇီရဲ့ စိတ်ဓာတ်တွေ သိမ်းယိုင်အသွင်ပြောင်းလာခဲ့ရင်ကော ...။

"ဘာဖြစ်လို့လဲဆိုတော့ ... ထူးကို ဘယ်သူ့လက်ထဲမှ ငါမထည့်လိုက်နိုင်လို့ပဲ မိဇီ ... ထူးဟာ ငါ့ရဲ့ထူးပဲ ဖြစ်စေချင်တယ် ... ငါပဲ အပိုင်လိုချင်တယ် ... ငါ့အချစ်ဆုံး နှစ်ယောက်ဖြစ်တဲ့ နင်တို့ ရည်တို့နဲ့တောင်မှ သဘောမတူနိုင် ဖြစ်နေရတာ ... အပြေက အဲဒါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မိဇီ တစ်ယောက် ပါးစပ်အဟောင်းသားပင် ဖြစ်သွားပြီးမှ သူ့ပါးစပ်သူ ပြန်မပိတ်နိုင်ဘဲ ရဲရဲကို သက်ာမကင်းမှာ အကဲခတ် ကြည့်ရှုနေလေသည်။ ကဲ ... ပြောမိပြီးမှတော့ မဲထူးတော့ပါဘူး ...။

"ထူးကို ငါ ချစ်တယ် မိဇီ ... ရည့်ကိုတောင် နင် သနားပြီး တအားစီစဥ်ပေးချင်နေသေးတာ ... ငါလည်း နင့်သူငယ်ချင်းပဲ ... နင် မသနားဘူးလား ... ငါနဲ့ကော သဘောမတူဘူးလား ... နင် စီစဥ်မပေးချင်ဘူးလား ..."

ရဲရဲရဲ့ မျက်နှာက ဘယ်လိုကြီး ဖြစ်ပျက် ... ရုတ်ပြတ်သတ်နေပြီလဲတော့ မသိ ...။ ရှက်တာရော ... ဝမ်းနည်းတာရော ...။ ဒီလိုကြီး အတိအလင်း ဖွင့်ချပြလိုက်ရတဲ့ ကိုယ့်ပါးစပ် ကိုယ့်လုပ်ရပ်ကို ကိုယ့်ဘာသာ ပြန်အံ့သြတာ ... သဘောကျမိတာရော ...။ ပြီးကျတော့ ဇီဇဝါတော့ ရဲရဲကို ဘယ်လိုထင်မြင်သွားတော့မလဲ ... ပြီးရင် ဘယ်လိုဆုံးဖြတ် အဖြေထုတ်မှာလဲ ဆိုတာကိုလည်း သိချင်စိတ်စောနေမိတာရော ...။ ကိုယ့်ရုပ်က အတော်ကြီး အီလည်လည်နှင့် ပုံမှန်မဟုတ်မှာ ... တစ်မျိုးကြီးဖြစ်ပြီး ကြည့်ရဆိုးနေတော့မှာတွေကို ... ရဲရဲက သိရှိနေရပါသည်။

ဖွင့်ဟသွားသည့် သူ့ပါးစပ်ကို ပြန်မပိတ်သေးသည့် ဇီဇဝါ တစ်ယောက်လည်း ... တဖြည်းဖြည်းနှင့် မျက်နှာက အသွင်ပြောင်းလာသည်။ ဟထားသည့် ပါးစပ်ကြီးက နံဘေးသို့ ပို့ပို ချဲ့ယ်ပြီး ပြဲပြဲကြီး ဖြစ်လာသည်။ သူလည်း အီလည်လည်နှင့် တစ်မျိုးကြီး ဖြစ်ဖြစ်လာသည် ...။ ပြီးလျှင်တော့ ...

"ဟား ဟား ဟား ဟား ... ဟီးဟီးဟီး ... ဟိုးဟိုးဟိုး ..."

ပထမ "ဟားဟား" သည်သာ တကယ့်ကို အူလှိုက်သည်းလှိုက် ရယ်ချင်စိတ်နှင့် ရယ်ချလိုက်တာဖြစ်ပြီး ... နောက်ဆက်ကနေ "ဟီးဟီး" တွေ ... "ဟိုးဟိုး" တွေပါ ဆက်တိုက်ပါလာလျှင်တော့ ရဲရဲက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်မိပါတော့သည်။

"ဘွိုး ... ငိုးငိုးငိုး ... ရှိုး ... ဟီးဟီး ... ဖြဲ ..."

အသံမျိုးစုံ ဆက်လက်ထုတ်လွှင့်လျက်ရှိသော ဇီဇဝါ၏ စားပွဲထိုးကောင်ကလေးကို လက်ယပ်လှမ်းခေါ်ကာ ပိုက်ဆံရှင်းသည် ...။ ပထမတစ်ပွဲကိုလည်း သွန်ပစ် ...။ ဒုတိယတစ်ပွဲကိုလည်း သိပ်မစားဘဲ ပိုက်ဆံရှင်းလျက်ရှိသော ဇီဇဝါ့ကို စားပွဲထိုးလေးက ပန်းကန်တစ်လှည့် ... လူတစ်လှည့်ကြည့်ပြီး ... မှာသည်တည်ရယ် ...။ ဇီဇဝါက သူ့ရဲ့ သံသေးသံကြောင်မျိုးစုံဆို ခေတ္တရပ်တန့်ကာ ... မုန့်ဟင်းခါး ပန်းကန်ဆီကို မေးငေါ့ပြလိုက်ပြီး ...

"ရေတွေရောထားတဲ့ဟာ ... ဘယ်လိုလုပ်စားလို့ ရတော့မှာလဲဟဲ့ ..."





www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... အစ်မက မတရားမပြောပါနဲ့ ... လုံးဝရေ
ရောရသေးပါဘူး"

"အိုးအိုး ... ဟား ဟား ဟား ... တော်ပြီ ... မရှင်းပြတော့
ဘူး ... လောကကြီးထဲမှာ တချို့အရာတွေက ရှင်းလေ
လေ ... ရှုပ်လေလေပဲဆိုတာ ... အခုပဲ လက်တွေ့ ... နင့်
ကို ပြောနေတာ မဟုတ်ဘူးနော် ... ငါ့သူငယ်ချင်းကို
ငါပြောနေတာ ..."

ဇီဇဝါက ဆောင့်ကြီးအောင့်ကြီး ထွက်ခွာသွားနှင့်
ပြီဖြစ်သော ရဲရဲရဲ့ နောက်သို့ အပြေးကလေးပင် လိုက်ပါလာပါ
သည်။

"နင့်ပါးစပ် ပိတ်ထားနော် မီဇီ ... ထပ်ရယ်ပြရင် ... တစ်
ခွန်းထပ်ပြောရင် ငါ့အဆိုးမဆိုနဲ့ ... လူလယ်ကောင်လမ်းမ
ကြီးပေါ်လည်း အရေးမဟုတ်ဘူးနော် ..."

"ကောင်းပါပြီ ... ကောင်းပါပြီ ... ဒါပေမဲ့ နောက်ဆုံး
တစ်ခွန်းလေး ... တစ်ခွန်းလေး ... ပလိစ် ... ဒါပြီးရင်
တကယ်တော်ပြီ ..."

ရဲရဲက ဇီဇဝါ့ကို မျက်လုံးလေး မသိမသာ စွေကြည့်
လိုက်မိလျှင် ... ဇီဇဝါသည် သူ့လျှာကြီးကို အလျားလိုက် အရှည်
ကြီးအပြင် ထုတ်ချပြလိုက်ပြီးမှ ...





"ယုံလိုက်တာဟယ် ... ယုံလိုက်တာ ... သောနပ်ထိုင်ရဲ့
မုဆိုးက ဆင်လိုက်တာ ... ငါက ယုန်လိုက်တာ ... မိတယ်
ဟယ် ... နှစ်ကောင်တောင်မှ"

ပြောပြောပြေးပြေးနှင့် အနားကနေ ထွက်ပြေးသွား
တော့သော ဇီဇဝါက ခပ်လှမ်းလှမ်းသို့ရောက်မှ (ရဲရဲ တစ်ယောက်
တော့ ဘာမှ လှမ်းမလုပ်နိုင်လောက်တော့ဘူးဟု သေချာသော
အကွာအဝေးလောက်သို့ ရောက်တော့မှ) ဖျတ်ခနဲ နောက်ပြန်
လှည့်ကာ ...

"နောက်တစ်နည်းလောက် ထပ်စဉ်းစားလိုက်ဦး ... ဒီနည်း
မျိုးလောက်နဲ့တော့ ငါ့ကို နိုင်ချင်လို့ မရသေး ... ငါက
ငတုံးမကြီး မဟုတ်သေး"

မယုံဘူးတဲ့ ...။ မဖြစ်နိုင်ဘူးတဲ့ ...။ လူလယ်ကောင်
လမ်းမကြီးထက်မှာ ... "ဝုန်း"ခနဲ ပစ်ထိုင်ချပြီး ချုံးပွဲချ ငိုပစ်
လိုက်မိရင်ကော ... (ထိန်းထားတဲ့ကြားက မမျှော်လင့်ဘဲ ဖွင့်အံ
ပေါက်ထွက်သွားမိတဲ့ စကားလုံးတွေအတွက် အရယ်ပဲ ခံလိုက်ရ
သလိုမျိုး ...) နှင့် ... "ဟိုးဟိုး ... ဟီးဟီး"ပဲ ဆက်လုပ်နေဦး
မှာပဲလား ... ဇီဇဝါ ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"မိန် ... ဟိုမှာ ... ထူးရဲ့မေမေ ..."

ချမ်းမြရည်က ... စီစဝါ့ကို တီးတိုးသတင်းပေးပြီးလျှင် ကိုယ်တိုင်ကတော့ ... မသိမသာ ကျောပေး ... မျက်နှာလွှဲကာ မမြင်ချင်ယောင်ဘဲ ပြန်ဆောင်နေလိုက်ပါသည်။ လူကြီးသူမတစ်ယောက်ကို မလေးမစား သဘောထားချင်လို့ မဟုတ်ရပါ။ မိခင်အုပ်ထိန်းမှုနှင့် ဖိဖိစီးစီး ကြီးပြင်းလာခဲ့ရတာရော ...၊ ဘယ်တုန်းကမှ မောက်မာထောင်လွှားဖို့ အခွင့်မပါခဲ့ဖူးတာရောနှင့် ... ချမ်းမြရည်ဆိုတာဟာ ... လူကြီးသူမတွေအပေါ် မပြောနဲ့ ... လူငယ်ချယ်တူချင်း အပေါ်မှာပင် အောက်သက်ကျေ ... အလျှော့ပေးတတ်လေ့ရှိသည့် မိန်းကလေးတစ်ယောက်ပင် ဖြစ်ပါသည်။





တည်တည်ခန့်ခန့်ကြီးနှင့် ... အထက်တန်းစားဂုဏ်ရှိသရေရှိ အမျိုးသမီးကြီး တစ်ယောက်မှန်း သိသာနေသော ထူးရဲ့မေမေ ဒီအန်တီကြီးဟာ ... သူ့သားရဲ့ သူငယ်ချင်း မိန်းကလေးသုံးယောက်တို့ အပေါ်မှာ ထားရှိနေတဲ့ သဘောထားတွေက တညီတညာတည်း မဟုတ်ဘူးဟု ချမ်းမြရည်က ထင်သည်။ ထူးရဲ့မေမေဟာ ... စီစဝါနှင့်ကျတော့ (နဂိုကတည်းက မိဘချင်းတွေကိုက သူငယ်ချင်းမိတ်ဆွေ၊ အိမ်နီးနားချင်းတွေမို့လို့လည်း ပါမည်) တကယ့် အဒေါ်သားချင်း ဆွေမျိုးရင်းပုံစံနှင့် နေလေ့ရှိပြီး ... ရဲရဲနှင့် ရည်တို့ကိုကျတော့ ... "သားရဲ့သူငယ်ချင်း"ဟု အသိအမှတ်ပြုသားရုံ အဆင့်ထက် ... ဘယ်တော့မှ မတက်လာခဲ့ဖူး ...။

ရဲရဲကိုဆိုလျှင် ... စကားပြော အဆင်မပြေလှတာကို ချုပ်စုပ်နေပုံရှိပြီး ... ရည့်ကိုတော့ (အရင်ကမှ နည်းနည်းတော်သေး ... ခုနောက်ပိုင်းမှာ) ရည့်ရဲ့အကြောင်းတွေ နည်းနည်းပါးပါးလောက် သိသွားချိန်မှစကာ ... အတော်ကလေး မနှစ်မြို့၊ အထင်သေးဟန် ရှိလေသည်။ အဲဒါကြောင့် ရည်ကတော့ လူငယ်ချင်း မရှိင်းရုံလောက် နှုတ်ဆက်ဖို့သာ စဉ်းစားပြီး ... ဖြစ်နိုင်လျှင် ... ဟိုယ်က လက်ဦးလျှင် ... ရှောင်ဖို့လစ်ဖို့ပဲ လုံးပမ်းလေ့ရှိတော့တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းကြီးလှပုံလည်းရတဲ့ ထူးရဲ့မေမေဟာ ဇီဇဝါ
ကိုဆိုလျှင်လည်း မျက်စိထဲ မတွေ့ရင် မတွေ့လှသလို ပြောဆို
ဆုံးမ ဆူပူသွားဖို့ ဝန်လေးလှတာတော့ မဟုတ်ပါ ...။ ဇီဇဝါရဲ့
လုပ်ပုံကိုင်ပုံ ... ပါလေရာကဏ္ဍတွေကို ကြားသိကြုံကြိုက်လျှင် ...
ခေါ်ခေါ်ဆူရတာ အမော ...။ ရည်ကတော့ အဆူခံချင်လည်း ခံရ
ပါစေ ...။ အဲဒီလို ... အဒေါ်သားချင်းလို တရင်းတနှီး ပတ်ပတ်
သက်သက် ရှိတာမျိုးကို ပိုပြီးခံယူချင်ပါသည်။ သို့သော် ... ရည်
တို့ကိုကျတော့ အန်တီကြီးက ခေါ်ဆူဖို့ စာရင်းထဲတောင်မှ
ထည့်မထားဘူးလား မသိပေ ...။ ထားလိုက်ပါတော့ ...။

"ဇီဇဝါ ... သမီးနဲ့ ခဏလောက် စကားပြောချင်တယ် ...
ရမလား"

ထူးရဲ့မေမေက သူ့ကားကို ဇီဇဝါတို့ခြံထဲသို့ မောင်း
မဝင်ပါ ...။ ကားပေါ်ကတော့ ဆင်းလာပြီး ဇီဇဝါတို့ ခြံဝမှာရပ်
ကာ ခြံထဲသို့ လှမ်းပြီးပြောလိုက်လေသည်။ မတတ်သာတော့
သဖြင့် ကျောခိုင်းထားရာက ပြန်လှည့်လာရပြီး ... ကိုယ်ကလေးကို
ရှို့၊ မျက်နှာလေးကို ချို၊ ခေါင်းကလေးကို ငုံ့ကိုင်းပြီး နှုတ်ဆက်
လိုက်ရသော ရည့်ကိုလည်း ... မေးတစ်ချက်ဆတ်ကာ ပြန်နှုတ်
ဆက်လေသည်။ မျက်နှာမှာလည်း ပြုံးတော့ ပြုံးထားပါရဲ့ ...
သို့သော် ... ထူးမေမေရဲ့ အပြုံးက ရည့်ကို ... ကြိမ်လုံးကိုင်ထား





သည့် ဆရာမတစ်ယောက်ရှေ့က စာမရတဲ့ ကျောင်းသူလေးတစ်
ယောက်သဖွယ် သိမ်ငယ်စေလေသည်။

လူနှစ်ယောက် ရပ်နေကြတာကို တစ်ယောက်တည်း
ဆွဲခေါ်ပြီး ... "စကားပြောချင်ပါသည် ..."ဆိုသော ထူးမေမေ
ကြောင့် ဇီဇဝါက နည်းနည်းစိတ်ညစ်သွားလေသည်။ ဇီဇဝါကား
ရဲရဲက "တစ်မျိုးကြီး" ရည်က "ကြောက်စရာကြီး"ဟု ပြောကြလေ့
ရှိသည့် ထူးရဲ့မေမေကို တစ်မျိုးကြီးဟုလည်း မထင် ...။ ကြောက်
စရာကြီးဟုလည်းမမြင် ...။ ဘယ်လောက်ကြီးပဲ အဆူခံရ၊ ခံရ...
ဆန့်ကျင်ဖို့လည်း ဝန်လေးလှသူ မဟုတ်ပါ ...။

ခုလည်းပဲ ... မျက်နှာငယ်လေးနှင့် ပြုံးနေသော
ရည့်ကို တစ်ချက်လှည့်ကြည့်ကာ ...

"ဘာလဲ ... အန်တီမီးရဲ့ ... သမီးတို့ ဒီမှာ အရေးကြီးနေ
ကြတယ်"

အန်တီမီး မျက်နှာတစ်ချက် တင်းသွားသည်။

"ထူးနဲ့ ပတ်သက်ပြီး သမီးလုပ်ကိုင်နေတာတွေ အန်တီမီး
မကြိုက်လို့ ... သမီးကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဆူစရာ
တွေရှိတယ် ... အဲဒါ ဒီမှာပဲ ပြောရမလား ..."

ဇီဇဝါ တစ်ယောက် "အဲ"ခနဲ ဖြစ်သွားပါသည်။
ရည့်ကို အားနာပါတယ် ဆိုနေမှ ... အန်တီမီးရဲ့ "ဆူစရာ"ဆို

www.burmeseclassic.com



တာတွေဟာ ဘာတွေလဲဆိုတာ ဓိဇဝါက ရိပ်မိလိုက်ပါပြီ ... ။ အဟုတ်
သာ ပြောချလိုက်ပါက ... ရှည် တစ်ယောက် မျက်ရည် ကာတ
ကျိုးပြီး စိတ်ခြိ တစ်ခြလုံး ရေအေားခုက္ခ သင့်သွားနိုင်မည် ထင်သည်

"ဟီး ... သမီး လိုက်ခဲ့မယ် ... ဟေ့ ... မီရှည် ... ခဏနော် ...
မာမိုကို ငါဟိုဘက်ခြံ ခဏပါသွားတယ်လို့ ပြောလိုက် ...
အကယ်၍ ရဲရဲ ဖုန်းဆက်ရင် ပေါက်ကရတွေ ဘာမှပြ
မပြောနဲ့နော် ... သူဆွယ်တိုင်းလည်း ရောယောင်ပြ
ခေါင်းညိတ်မနေမိစေနဲ့ဦး ... ငါကောလို့မေးရင် ... အဲ ...
အိမ်သာ တက်နေတယ်လို့သာ ပြောလိုက်ဟာ ..."

ဓိဇဝါက ... ထူးမေမေရဲ့ ကားပေါ်သို့ ခုန်တက်
မတတ် တက်ထိုင်လိုက်ပါသည်။ အန်တီမီးမှာ ... ကားကိုစတ
ပြန်နှိုးလိုက်ရင်း ... ကားဘီးကို သေချာပင် စမလိမ့်ရသေး ...

"သမီး လျှောက်လုပ်နေတာတွေ ... အန်တီမီး တစ်ခု
သဘောမတူနိုင်ဘူးနော် ... မကြိုက်ဘူး သမီး ... ရပ်တန်း
ကရပ် ..."

"အဲဒီ ထူးဟာ ... သူ့အမေကို ပြန်တိုင်တယ်ပေါ့လေ ..."

"သူပြောတာ မဟုတ်ပါဘူး ... ဒါပေမဲ့ လူကြီးတွေဆိုတာ
ကလေးတွေ ဘာလုပ်လုပ် အကုန်သိတာပဲ ... အနေနဲ့
အမြန်ပဲ ကွာမယ် ... မသိနိုင်ဘူးလို့တော့ မထင်နဲ့ ..."





"ဒါဖြင့် အန်တီမီးက အမြန်ဆိုတော့ မာမိတို့က အနေး
ပေါ့နော် ... မာမိတို့လည်း မကြာခင်မှာတော့ သိသွားကြ
တော့မှာပေါ့နော် ..."

"နောက်ရွှတ်မနေနဲ့ သမီး ... ဒါ နောက်နေစရာ မဟုတ်
ဘူး ... အလုပ်ကို မဟုတ်တာ ... သမီးနဲ့ ထူးကို အန်တီ
တို့ လူကြီးတွေ သဘောတူ စဉ်းစားထားကြပါတယ်လို့
အတိအလင်းလည်း ဖွင့်ပြောထားပြီးသား ... သမီးတို့ချင်း
သာ ညှိကြပြကြရတော့မှာ ... အဲဒါကို ခုသမီးက ဘာလုပ်
တာလဲ ... ဒီကိစ္စတွေကို ကလေးကစားစရာကိစ္စလို့ ထင်
နေလို့လား ... သမီး မာမိတို့ သိသွားကြရင် အတော်ဒေါသ
ထွက်ကြလိမ့်မယ် ... အန်တီဖြင့် သိသိချင်း ရိုက်တောင်
ရိုက်ချင်တာ ...

စတန့်ဆိုတာ တော်ရုံထွင်ရင် ကောင်းတာပေါ့ ...
ကိစ္စတိုင်းကို သမီးသဘောနဲ့သမီး ထွင်ပြီး ထင်ရာလျှောက်
လုပ်ချင်နေလို့ မရဘူး ..."

"အန်တီရယ် ... သမီးပြောချင်တဲ့ သဘောက ... ရှည်က ..."

"ထူးအတွက် မိန်းကလေးဟာ အဲဒီလို မဟုတ်ဘူး ..."

"ရှည် ဆိုတာကလည်း ... ထူးရဲ့ ..."

"မပြောနဲ့ ... အဓိပ္ပာယ်မရှိဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"စီကတော့လေ ... သူငယ်ချင်း ... ချင်းချင်း ..."

"ကဲ ... နေစမ်းပါဦး ... ဘာလဲ ... ကလေးမလေးက
ကိုမှ ကြိုက်နေပါပြီတဲ့လား ... ဟုတ်လား ..."

"အဲ ... အဲဒီလိုတော့လည်း မဟုတ်ပါဘူး ..."

"အဲဒါဆိုရင်လည်း ... ဓိက ကြားထဲကနေ ဘာဖြစ်နေ
လဲ ... ထူးကြောင့်လို့တော့ မပြောနဲ့ ... ဒီကိစ္စမှာ
ဆန္ဒ ဘာမှမပါဘူး ... အန်တီ သိတယ် ... ဒါ
ယောကျ်ားလေး ဆိုတာကတော့ ယောကျ်ားလေးပဲ
သမီး ... အန်တီမီး ပြောချင်တာက အဲဒီအချက်ပဲ ...
ကယောကျ်ားလေး ... ဒီတော့ ... ကြာလာရင် ... အ
စိတ်ညစ်စရာတွေ ဖြစ်ကုန်ကြရလိမ့်မယ် ... ခုတောင်
တို့နှစ်ယောက်ကို ဟိုနေရာတွဲတွေ ... ဒီနေရာတွဲတွေ
မိန်းကလေးဘက်က ဆန္ဒမပါဘူးဆို ... ဒါဆို အဲဒီ
တတွဲတွဲတွေက ဘာကြောင့် ဖြစ်နေရတာလဲ ..."

ခီဇဝါက ... ကျိတ်ပြုံးချင်နေပေမဲ့ နှုတ်ခမ်း
ကိုက်ကာသာ ငြိမ်သက်နေရပါသည်။ "ယောကျ်ားလေးဆို
ကတော့ ... ယောကျ်ားလေးပဲ"တဲ့ ...။ ဘာကို ဆိုလိုချင်ပါလိမ့်
ကြည့်ရတာ ... ကြာလာရင်တော့ ထူးဟာ ရည့်ကို ကြိုက်
တော့မည်လို့များ ဆိုလိုတာလား ...။ ကောင်းလေစွ ...။ အဲ





အဲ ... မကောင်းလေစွ ...။ ထူးက ကြိုက်လာပါပြီတဲ့ ... ထား ...။
ထူးမေမေ အန်တီမီးကမှ "သဲဘောမတူပါဘူး"လို့ အတိအလင်း
ကြီး လာဖွင့်ပြောထားလိုက်ပြီပဲဟာ ...။

အဲဒီလိုကြီးဆိုတော့ မခက်ဘူးလား ...။ အမြိုင်ကြွေး
စိတ်ဆင်းရဲနေရှာတဲ့ မိရည်ကလေး စိတ်ချမ်းသာမှု အမြဲရသွား
အောင် လုပ်ကြပေးပါသည်ဆိုမှ ... သားရှင်အမေက ခါးခါးသီး
သီးဆိုတဲ့ ကိစ္စကြီးက နောက်ကနေ ကပ်ပါလာလို့ ... ဘယ်လို
ဆုံး ဖြစ်မှာလဲ ...။ ဒီပုံအတိုင်းဆို ... ထူးကသာ ရည့်ကို တကယ်
ကြိုက်သွားပြီဆိုရင် ... ဒုက္ခတောင် ပိုရောက်ရမဲ့အပေါက် ဖြစ်နေ
ပြီ ...။ ရည်တစ်ယောက် စိတ်ချမ်းသာရအောင် ကြံဆောင်ကာမှ
ထူးရော ရည်ပါ နှစ်ယောက်ပြိုင် ထပ်မံစိတ်ဆင်းရဲကြရမဲ့ အဖြစ်
မျိုးပဲ ...။ အန်တီမီးတို့ကတော့ လျှော့လိမ့်မည် မဟုတ်ပေ ...။

ဇီ့ရဲ့ မျက်နှာပေါ်မှာ စိတ်ညစ်၊ စိတ်ရှုပ်မှုတွေ
အထင်းသား ထင်ဟပ်လာလေတော့ ထူးရဲ့မေမေ အန်တီမီးက
ပခုံးလေးကို အသာလာဖက်လိုက်ကာ ...

"ကလေးမဆန်ချင်ပါနဲ့တော့ သမီးရယ် ... သမီးကို သမီး
မာမီကော ... အန်တီမီးတို့ကပါ တကယ့် အရွယ်ရောက်တဲ့
အိမ်ရှင်မကြီးတောင်မှ ဖြစ်စေချင်နေပြီ ... သမီးက ခုထိ
ဟိုပါ ဒီပါနဲ့ ... ကစားသလိုလို ဆော့သလိုလို စိတ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



မလျှော့ချင်သေးလို့ ဘယ်ဖြစ်မလဲ ... ကဲ ... ထူး
အန့်တီ ပြောလိုက်တော့မယ်နော် ... မင်း စီဇဝါနဲ့ ...
လက်ထပ်ဖို့ကိစ္စ တစ်ခုကိုသာ ခေါင်းထဲထည့်ပြီး လုပ်
နေတော့လို့ ... ဒီပြင် ထွေလီကာလီတွေနဲ့ အချိန်မကု
စေနဲ့တော့လို့ ... ဟုတ်ပြီလား ..."

"ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး ..."

အန့်တီမီးထံမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာပါသည်
လိမ့်ရုံ လိမ့်လာခဲ့သည့် ကားကလေးသည် အန့်တီမီးတို့ ခြံ
ရောက်လာလျှင် စီဇဝါနှင့် ထူးမေမေတို့မှာ ပြောစရာစကား
ကြလေပြီ ...။ စီဇဝါက "ပြန်တော့မယ် ..."ဟု စူးစူးသံနှင့်
လိုက်ပြီးမှ ... အန့်တီမီးတို့ခြံထဲ လှမ်းကြည့်လိုက်သော် ... အ
က ပြန်ရောက်လာကာစ ဖြစ်ဟန်တူသည့် ထူးက ကားထဲသို့
ကိုင်းကြည့်ကာ ... ပြုံးပြုံးကလေး လက်လှမ်းပြလေသည်။

"ဟဲ့ ... ထူး ... ဟိုဟာ ..."

စီဇဝါက စကားမဆက်သာသေးဘဲ အန့်တီမီး
တစ်ချက် လှမ်းကြည့်သည်။ ဇီတို့အိမ်မှာ ရည် ကျန်ရစ်ခဲ့တာ
သိပြီးဖြစ်သည့် အန့်တီမီးက ဇီကို ခပ်အေးအေးပဲ ပြန်စိုက်ကြည့်
နေလေသည်။

"ဘာတုန်း ... မိဇီ"





"ဘာမှမဟုတ်ဘူး ..."

ဇီက ထူးကိုပဲ မျက်စောင်းကြီး ပိတ်ထိုးပစ်လိုက်
... ကားပေါ်မှဆင်းပြီး ... ကိုယ့်ခြံဘက်ကိုယ် လမ်းပဲပြန်
ရောက်လာခဲ့လိုက်ပါတော့သည်။ ခဏလေးကြာလျှင်ကော့ ...
ဘက်ဘက်က ပြေးလိုက်လာသည့် ခြေသံ"တဘုတ်ဘုတ်"နှင့်
...

"ဇီ ... ဇီ ... မိဇီ ..."

ဟီး ...။ ပါလာမယ်ဆိုတာ သိသားပဲ ...။ ခုလောက်ဆို
အန့်တီမီးကြီးတော့ မျက်မှောင်ကြီးကုတ်ပြီး ကျ လောက်ပြီ ...။

"ဘာဖြစ်ရတာလဲ ..."

"နင့်မှားသားက ငါ့ကို နင်နဲ့ ရည့်ကိစ္စ အတင်းဝင်မပါလို့
တဲ့ ခေါ်ဆူတာလေ မစွတာထူးရဲ့ ..."

"ဩော် ... ဒါလား ... အေး ... ဟုတ်သားပဲ ... ကောင်း
တယ် ... ဆူခံထိပစေ ..."

"ဟမ် ... နင်ကတစ်မျိုး ... အရုတ်ပလုတ် ... အယုတ်
တမာ ..."

"လဒကျောက်ပြားဝီ ..."

ထူးက ပြောင်စပ်စပ်နှင့် ဇီစကားကို အဆုံးဝင်သတ်
လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ခေါ်ပြောတာ ... ဒါပဲလား ..."

"သူ သဘောမတူဘူး ... ရပ်တန်းက ရပ်တဲ့ ..."

"အေးပါ ... ဟုတ်ပါပြီ ... အဲဒီ ရည့်တစ်ကိစ္စပဲလား ..."

ဇီက ထူးကို ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင်

ထူးက ... ရယ်ကျဲကျဲနှင့် ဆလု(တ်) Salute တစ်ချက် အ

ရိုက်လိုက်လေသည်။ ဒီခေါင်းထဲမှာ မဆီမဆိုင်ကြီးပင် ... "ငါ့အ

ဆုံးနှစ်ယောက်ဖြစ်တဲ့ ... နင်တို့ ရည်တို့နဲ့တောင်မှ သဘောမတူ

ဖြစ်နေရတာ ..."ဟူသော ရဲရဲရဲ့ စကားသံကြီးက ကျယ်လော

စွာပင် မြည်ဟီးရောက်ရှိလာလေသည်။

ထူးကို အဲဒီအကြောင်း ပြောပြလိုက်ရင်များ ကော

မလား ...။ ဟာ ... မကောင်းဘူး ... မကောင်းဘူး ...။ ပြော

ထည့်လိုက်လို့ကတော့ ထူးရော ... ရဲရဲရော ... ရည်ရော ...

အပေါ်မှာ တစ်ယောက်တစ်မျိုး စိတ်တွေဆိုးပြီး နားလည်မှု

လွဲကုန်ကြတော့မှာ အသေအချာပေါ့။

ဇီကား အတွေ့အကြုံများပြီဖြစ်သော ဟိုပါပါ ဒီပါ

တို့ရဲ့ ထုံးစံအတိုင်း ... ဝင်မပါခင် ... ကိုယ် ချောက်ထဲကျမကျ

ရစ်ရစေအောင်တော့ ကြိုတင်တွေးတော အသိဉာဏ်ရှိတတ်သူ

လေ ...။





"အိမ်မှာ ရည် ရောက်နေတယ် ... အန်တီမီး ဘာခေါ်ပြောတာလဲလို့ ငါ့ကို မေးလာရင် ... ငါဘာပြန်ဖြေလိုက်ရင် ကောင်းမလဲဟင် ... ထူး ..."

"သူ့ကြောင့် ခေါ်ဆူခံရတာလို့ ပြောလို့ကတော့ ဘယ်ကောင်းမလဲ"

"အေးလေ ... အဲဒါကြောင့် နင့်ကို အကြံဉာဏ်တောင်းနေတာပေါ့ ..."

"တခြားဟာတွေ ကြံဖန်လိမ်ညာ လုပ်ကြံပြောနေဖို့လည်း အကြောင်းမရှိပါဘူး ... နင့်ကို မေမေ ခေါ်ပြောတာ နှစ်ကြောင်းရှိရင် ... တစ်ကြောင်းကို ပြောလို့မရရင်... နောက်ကျန်တဲ့တစ်ကြောင်းကိုပဲ ပြောပြလိုက်ပေါ့ ... ဒါပဲပေါ့ ..."

"ထူး ..."

"မိဇီရယ် ... အမှန်တရားအတိုင်းနဲ့ ကြံဖန်လီဆယ်ရတာနဲ့ ဘာပိုကောင်းမလဲ ..."

"တော်ပြီ ... နင်နဲ့ စကားမပြောဘူး ... အဲဒီ ဒုတိယအကြောင်းကို ငါ မိရည်ကို ပြောပြမထားဘူးနော် ထူး ... ရဲရဲက ပြောမပြောတော့ ငါလည်း မသိဘူး ... နင်ကတော့ မပြောနဲ့ ... အထူးသဖြင့် မှာတာနော် ... နင်ကတော့ လုံးဝမပြောနဲ့ဆို မပြောနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင်က တစ်ခါတလေကျရင် တကယ့်ကို တစ်လမ်းမောင်းပဲ ... တစ်ယောက်တည်းဆိုရင် တစ်ယောက်တည်းအတွက်ပဲ မြင်တတ်တော့တယ် ... ကျန်တာ ဘာဖြစ်ဖြစ် နင်မမြင်တော့ဘူး ... မြင်အောင်လည်း မကြည့်ဘူး"

"ရဲရဲက ဘာဖြစ်နေလို့လဲ ... သူ့ဟာနဲ့သူ မားမားမတ်မတ်ဖြစ်နေတာ ... ငါ ဝင်ပါဖို့နေနေ ... ငါတောင်မှ သူ့လောက်ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရဲ့လား မသိဘူး ..."

"အေးပါ ... ထားလိုက်ပါ ... ဒါပေမဲ့ နင့်မှာ အဲဒီနှစ်ယောက်တည်းပဲကော ... က,ရဲ့လား ... ငါ့ကိုကော ... မမြင်ကြည့်တော့ဘူးလား"

"ဘယ်သူရှိရဦးမယ် ... ဘုရားရေ ... နင်လား ... အမယ်လေး ... ငါက နင့်ကိုလည်း ကြည့်ရဦးမယ် ... ဟားဟားဟား ... ဘုရား ... ဘုရား ..."

ဇီဇဝါတို့ရဲ့ ခြံထိပ်သို့ ပြန်ရောက်လာပြီမို့ ... ထူးက စကားမဆက်တော့ဘဲ ... ခေါင်းကိုပဲ ကုတ်နေမိကာ ... လည်ပင်းလေးဆန့်ပြီး လှမ်းကြည့်လာသော ချမ်းမြရည်ကိုလည်း လက်ပြန်ပြပြီး နှုတ်ဆက်လိုက်သည်။ ချမ်းမြရည်က အပါးသို့ ညင်သာစွာ ရောက်ရှိလာလေသည်။

"မိဇီ ... နင်တို့ အဆုခံလာခဲ့ရတယ် မဟုတ်လား ..."





ထုံအ ... အေးအေးကလေးဟု သတ်မှတ်ခံထားရသော ချမ်းမြရည်က တစ်ခါတလေကျတော့ ထင်သလောက်တော့လှပေ ...။

"ရဲရဲဆီက ခုလေးတင်ပဲ ဖုန်းလာတယ် ... နင် အဆုခံပြီးပြီလားတဲ့ ... သူ တိုင်လိုက်တာတဲ့ ..."

"ဟာ ... ဒီမိန်းမ ..."

ဇီဇဝါက အကျယ်ကြီးပဲ ကျုံးအော်ပစ်လိုက်သည်။ ချမ်းမြရည်ကတော့ အေးအေးကလေးပင် ပြုံးကာ ... ထူးကို တစ်ချက်စေ့ကြည့်ရင်း ...

"တိုင်ပြီးတာကို ပြန်အကြောင်းကြားကတည်းက စိတ်ပုပ်တာ လုံးဝမဟုတ်ဘူးတဲ့ ... သူ ပြောတာလည်း မှန်နေသားပဲ ဇီရယ် ..."

"အေး ... အေး ... မှန်ကြ ... မှန်ကြ ... နင်တို့ပဲ မှန်ကြ၊ ငါပဲမှား ..."

ထူးက ဇီဇဝါ့ကို ခိုးကြည့်ကာ ကျိတ်ရယ်နေလျှင် ... ချမ်းမြရည်က ... သူ့ကို ဘေးတစောင်း အနေအထားနှင့် ခေါင်းစောင်းပြီး ငုံ့ထားသည့် ထူးရဲ့မျက်နှာကို ခပ်ကြာကြာ စိုက်ကြည့်အကဲခတ်နေမိလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ညီမက ဘယ်တော့လောက် လက်ထပ်ဖြစ်မယ် ... စိတ်
ကူးသလဲ ..."

ချမ်းမြရည်ရဲ့ မျက်နှာလေး ရဲခနဲ ဖြစ်သွားလျှင်
အိပ်ခန်းထဲကနေ ... တံခါးကြားက ချောင်းကြည့် အကဲခတ်
သော ရဲရဲထံမှ "တခွိုးခွိုး"သံကြီး ထွက်လာလေသည်။ ပြီးမှ
ခုတင်ထက်ဆီ အမြန်ပြေးကာ ... ခေါင်းအုံးတစ်လုံး ကောက်
ပြီး ပါးစပ်မှာ ပိတ်ဆို့ထားလိုက်သည်။

အတော်ခွကျလှတဲ့ အစ်ကိုပဲ ...။ ဒီတစ်ချက်နဲ့တော
သူ့မှာ ရည်းစားတစ်ခါမှ မရှိဘူးပါ ... ရဲရဲ ရှာဖွေပေးတဲ့သူကို
အပတ်ကို သူ ယူမှာပါ ... ဆိုတဲ့ အချက်ဟာ အငြင်းပွားဖွယ်
မရှိ ...။ တစ်ထစ်ချ ယုံကြည်နိုင်လောက်တဲ့စကား ဖြစ်သွားခဲ့ပြီ
ရဲရဲက ဒီနေ့ ချမ်းမြရည်ကို လှည့်ပတ်လိမ်ညာပြီး
အိမ်သို့ခေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ အစ်ကို့ကိုကျတော့ ... ရှေ့
မဆွကပင် ... "ရဲရဲက ရဲသူငယ်ချင်း ရည့်ကိုပဲ အစ်ကိုနဲ့ ရည်းစား
တယ်နော် ... အဲဒါ အစ်ကို ရုတ်ရုတ် ... ရုတ်ရှတ်တော့ မလုပ်
နဲ့ ... ရဲရဲ ခေါ်လို့ ရည်သာ အိမ်ပါလာပြီဆိုရင် ... ရဲရဲတာဝန်





ထားနိုင်ပြီ ... အစ်ကိုရအောင် ကြည့်ပြောပေတော့ ..."ဟု ရာဇသံ
ပေးထားပြီးသားလေ ...။

အိမ်ရောက်တော့ ... သဘောရိုးလေးအတိုင်း ရှိနေ
သည့် ရည့်ကို အစ်ကိုဖြစ်သူနှင့် ဧည့်ခန်းထဲမှာ နှစ်ယောက်တည်း
ချန်ထား ... ရဲရဲက "ရေချိုးဦးမည်"ဟု အိပ်ခန်းထဲ ပြေးဝင်ရှောင် ...။
ကြိုသိထားသေးဟန်မတူသည့် ရည့်ခမျာ ... (ဒေါ်ပါပါကလည်း
ရှင်ပြောမထားဘူး ထင်ပါသည်။) ခါတိုင်းလည်း ရဲရဲ အစ်ကို ...
ကိုစိုးမိုး ဆိုတာ ဒီလိုပဲ မြင်တွေ့၊ ကြိုတုန်း စကားပြော ... နှုတ်
ဆက်ဆိုတာမျိုး ရှိနေကျမို့ ... ရဲရဲက အိမ်ထဲဝင်သွားပြီး ကိုစိုးမိုး
ရဲ့ အနားမှာကျန်ခဲ့သည့် အဖြစ်အတွက် ... ဘာမှထူးဖြစ်နေဟန်
မရှိပါ ...။

ဒီတို့အိမ်လို ... ခိုင်းစရာ အဖော်အလျော်တွေနှင့်
အမြဲ ရှင်းကြော့သပ်ရပ်နေတာမျိုးမရှိ။ ရောက်လိုက်တိုင်း ...
မျက်စိထဲ မြင်တွေ့သမျှဟာ ... လုပ်စရာ အလုပ်တွေချည်း ဖြစ်
နေတတ်သည့် ဤအိမ်ဟာ ကိုယ်နှင့်ရင်းနှီးပြီးသားလည်း ဖြစ်
နေ ... လုပ်စရာရှိရင်လည်း ရည် ကိုယ်တိုင်က မျက်စိမှိတ်
ရှောင်လွှဲမနေတတ်အောင် မိန်းမဆန်တတ်သည်ဖြစ်ရာ ... ခုလည်း
ရဲရဲ ထထွက်သွားသည်နှင့် ရည့်မှာ ... ဧည့်ခန်းကြီးတစ်ခုလုံးကို
ထရှင်းနေရတော့ကာ ... မအားလပ်နိုင်ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲရဲ့အစ်ကို ကိုစိုးမိုးနှင့် ရည်ရော ဓိပါ ခပ်ငယ်ငယ် တွေလောက်ကတည်းက ခင်မင်သိရှိပြီးသည် မှန်သော်လည်း ... တွေ့လို့နှုတ်ဆက် ... စကားလေး နည်းနည်းပါးပါးပြော ... ရင် ... ဘာမှဖြစ်နေဖို့ မရှိတဲ့ ရည့်ခမျာ ... ကိုယ်လုပ်ကိုင်နေသ ကို နောက်ကနေ တရစပ် လိုက်ကြည့်နေသည်ဆိုတာကို စတင်သ ထားမိလာလျှင်တော့ ... အနေရ အထိုင်ရ ခက်စပြုပြီ ...။

အဲဒီလို အချိန်မျိုးမှာမှ ... ကိုစိုးမိုး မေးချပစ်လိုက် မေးခွန်းကလည်း ကြည့်ဦးလေ ...။ ရည်သည် ကိုစိုးမိုး ထိုင်နေ ဘက်သို့ အလန့်တကြား အံ့ဩတကြီး လှည့်ကြည့်လိုက်မိသော် အမြဲတစေ ကျောက်ရုပ်မျက်နှာမျိုးနှင့် ရှိတတ်မြဲ ကိုစိုးမိုးက လည်းပဲ ... ကျောက်ရုပ်သွင်ပကတိအတိုင်း ...။ ရည့်ကိုသ တည့်တည့်ကြီး စိုက်ကြည့်မနေဘူးဆိုလျှင် ... ခုနက ရည် ကြာ လိုက်ရသည့် စကားဟာ "ဘယ်သူ့ကို ပြောလိုက်တာပါလိမ့် ... ဟု ဇဝေဇဝါပင် ဖြစ်ရဦးမည်။ ခုလည်းပဲ ဇဝေဇဝါ မဖြစ်ရဘူး တော့ မဟုတ် ...။

သူ မေးလိုက်ပြီးဖြစ်သည့် မိန်းကလေးထံမှ အဖြေ တစ်ခုခု ပြန်မရမချင်း ... "ငါ့အလှည့်ပြီးပြီ ... ခု နင့်အလှည့် ... ဟုပေ၍ပဲ စောင့်နေချင်ဟန်ရှိသည့် ကိုစိုးမိုးမှာ ... မိန်းကလေးဆီက စကားတစ်ခွန်းခွန်းကို ထပ်မရမချင်း ဘာဆိုဘာမှ စကားမဆက်





ဘဲ စိုက်ကြီးနှင့် အဟုတ်ကိုပေ၍သာ စောင့်နေပါသည်။ ရည့်မှာ တော့ ... ခင်မင်သိကျွမ်းတယ် ဆိုပေမဲ့ ဤမျှလောက် အတွင်း အဘောဆန်သော စကားမျိုးကို မဆိုဖူးကြသည့်အတွက် ... "ဘာပြန်ဖြေလိုက်ရပါ့မလဲ" ပဲ ဇဝေဇဝါ။

ဘာသဘောနှင့် မေးမှန်းလည်း မသိ ...။ အာလာပ သလ္လာပ ဆိုတာကကော ... အရမ်းကြီး မရင်းနှီးကြဘူးဆိုရင် ... ဒါမျိုး နိုက်နိုက်ချွတ်ချွတ်ကြီး မေးစရာလား ...။ သို့သော် တစ် မိနစ်လောက်အတွင်းမှာ ရည်က ရိပ်မိလိုက်ပြီ ...။ ကိုယ်ပြန်မဖြေ ချင်း ... ကိုစိုးမိုးဟာ ရည့်ကို ဒီလိုကြီးပဲ ပိတ်ပိတ်ကြီးပဲ စိုက် ကြည့်နေလေတော့မှာ ...။ သူ့မေးခွန်းအတွက် ... ရည့်မှာခက် နေသလား ... ရှက်ရသလားလည်း သူ ဘာမှရိပ်စားမိနေမှာမဟုတ် ...။ ဒါပေမဲ့လည်းပဲ ပြန်မဖြေ၊ အဲဒီတိုင်းဖစ်ထားပြီး ကိုယ်လုပ်စရာ ရှိတာကို ဆက်လုပ်နေတာမျိုးလည်း ရည်ကလုပ်ဝံ့မှာမဟုတ် ...။

"ကိုစိုးမိုးက ဘာဖြစ်လို့ သိချင်တာလဲ ..."

ဒုက္ခပါပဲ ...။ အစ်ကိုဖြစ်သူနှင့် တစ်ပတ်မှ တစ်ခါ နှစ်ခါလောက် စကားပြောဖြစ်ကြပါသည် ဆိုသော ရဲရဲဟာ ... ရည့်အကြောင်း ထွေလီကာလီတွေကိုကျတော့ သူ့အစ်ကိုထံ ပြန် ပောက်သည်ချဖြစ်သလား ...။ ဒီမေးခွန်းဟာ ရည့်အကြောင်းတွေ ကိုသိလို့ မေးတာလား၊ မသိဘဲ မေးတာလား ...။ သိလို့ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း လူမှုရေးအရ ဘာကြောင့် ဒီလိုလာမေးနေရမှာလဲ ... မသိလို့ဆိုရင်ကော ... ဒါမျိုးကြီး ဘာလာမေးနေစရာ ရှိသလဲ

ရည့်ရဲ့ တန်ပြန်မေးခွန်းကြောင့် ကိုစိုးမိုးက ... "ဒီ တစ်ခါတော့ ငါ့အလှည့် ပြန်ရောက်လာပေပြီ ..."ဟု ...

"အစ်ကိုကတော့ ... ဘယ်တော့လောက်ရယ် ဘာရယ် မရှိဘူးလေ ... ဆိုလိုတာက ... အစ်ကို့ဘက်ကို ညီမတွေး မနေနဲ့တော့ ... ညီမ အဆင်ပြေမယ် ထင်သလိုသာ စီစဉ် ပေါ့ ... ရဲရဲနဲ့ တိုင်ပင်ပြီး ... ညီမစိတ်ကြိုက် ဖြစ်အောင် လုပ်လို့ ရတယ်လို့ ... အဲဒါ ပြောချင်တာ ..."

"ဟင် ... အဲဒါက ဘာလဲ ... ဘာ ... ဘာ ... ဘာပြော တာလဲ ..."

ရဲရဲ ဝင်သွားသော သူ့အိပ်ခန်းထဲမှ လှုပ်ရှားသံလိုလို ဘာလိုလို အသံတစ်ခုနှင့် ... ရယ်သံလိုလို ... နှာချေသံလိုလို အသံမျိုးပေါင်းပြီး ထွက်လာသဖြင့် ... ရည်က အဲဒီအခန်းဘက် တစ်ချက်တော့ လှည့်ကြည့်လိုက်မိသေးသည်။ သို့သော် ... အဲဒါ က လုံးဝအရေးမကြီး ...။ ခုလောလောဆယ် အရေးကြီးနေတာက ... ကိုစိုးမိုးပင် ...။ ဒီလူကြီး ဘာတွေလျှောက်ပြောနေတာလဲ ...။ သူ့စကားရဲ့ အဓိပ္ပာယ်က တစ်မျိုးကြီးလိုလို ... ဘာလိုလိုပါ လား ...။





အို ... လိုလိုမဟုတ်ပါဘူး ...။ အဲဒီအတိုင်းပါပဲ ... အတိအကျ ...။ အဓိပ္ပာယ်က အဲဒီတစ်ခုတည်းကိုပဲ ... တစ်သ ဘောတည်း ဆောင်နေတာ ...။ အဲဒါက ဘာဖြစ်တာလဲ ...။ ဘာ ဖြစ်လို့ အဲဒီလို ပြောရမှာလဲ ...။ ဟာ ... ဘာကြီးလဲ ...။

အမြဲတမ်း ရှက်ကြောက်တွန့်ဆုတ်နေတတ်မြဲ ချမ်း မြရည်က ဒီတစ်ချီမှာတော့ ... (ဘာလိုင်းကြီး ဆန်လှလွန်းသည့် အဖြစ်အပျက်ကြောင့်) ရှက်ရကြောက်ရမှာတွေပင် ပျောက်ကာ ...

"နေပါဦး ကိုစိုးမိုးရဲ့ ... ကိုစိုးမိုး အနေနဲ့က ... ဒါမျိုးတွေ ကို ဘာလို့ပြောရမှာလဲ ... ပြောစရာအကြောင်း မရှိဘူးလေ ... ကိုစိုးမိုးနဲ့ ရည်နဲ့က ..."

"ဟုတ်ပါတယ် ... အစ်ကို့အနေနဲ့ ဆိုရင်တော့ ... ပြော စရာအကြောင်းလည်း မရှိဘူး ... ပြောလည်း မပြောတတ် ဘူး ... အမှန်အတိုင်းဆိုရရင် ပြောလည်းမပြောချင်ဘူး ... ဒါပေမဲ့ ရဲရဲကဆိုရင် သိပ်ကို လိုလားနေတယ် ... ချမ်းမြ ရည်က ရဲရဲနဲ့လည်း အဆင်ပြေတယ်လေ ... ဒါကအဓိက ကျတဲ့ အချက်ပဲ ... ညီမအနေနဲ့ စဉ်းစားခဲ့တာကလည်း ... ဒါကိုပဲ စဉ်းစားပေးခဲ့မှာပါလို့ ... အစ်ကို ထင်ပါတယ် ..."

ချမ်းမြရည်မှာ မရှက်မကြောက်ရုံတင်မကတော့ ...။ ဒေါသပါ ထွက်ချင်လာရပြီ ...။ ပြောလေ ... ကဲလေ ... ဆိုး



www.burmeseclassic.com

www.burmeseclassic.com



လေ ...၊ လှပဲ ... တော်ရုံသဖြင့်လောက် ခွကျပေါ့ ...။ "ငါ့ဘ
ကတော့ လွှတ်ခွကျမယ် ...နှံ့အေးကလူတွေကတော့ အက
သည်းခံလိုက်နာကြ ..."ဆိုရင် ဒါ ဘာကောင်းသလဲ ...။

"ရည်ဘာမှ မစဉ်းစားဘူး ... ရည်က ရဲရဲဆီ လာလ
တာ ... ကိုစိုးမိုး အနေနဲ့ ဒါမျိုးတွေတော့ ဆီးမပြောသ
ဘူး ... အို ... မဟုတ်ဘူး ... လာတုန်းဆီးပြောတာ ပိ
ပေမဲ့ ... ရည်တို့အိမ်ကို လာပြောမယ်ဆိုရင်လည်း ဒါမျိုး
ပြောတာက ဆိုးတော့ဆိုးတာပဲ ... အမှန်တကယ်က ပြော
ကိုမပြောရမဲ့စကားတွေ ..."

"ဒါဆိုရင် ညီမနဲ့ အစ်ကိုနဲ့ ဘယ်လိုပြောကြရမလဲ ...

"ဘာလို့ ပြောကြရမှာလဲ ..."

"ရဲရဲက စကားပြောကြည့်လိုက်ကြတော့တဲ့လေ ... ဒါမဟုတ်
ဘူးလား"

ချမ်းမြရည်က "ရဲရဲ"ဟု အော်ဟစ်လိုက်လျှင် ...
ရဲရဲသည် ခေါင်းအုံးကြီးတစ်လုံးကို လက်တစ်ဖက်ဖြင့် ပွေ့ပိုက်
ကာ ဗိုက်မှာကပ် ... နောက်လက်တစ်ဘက်ကတော့ ... ပါးစပ်
မှာပိတ်အုပ်ထားရသော ဟန်ပန်နှင့် တံခါးကြားထဲမှ အပြင်သို့
လှမ်းထွက်လာကာ ...

"အစ်ကို ... ဘယ်လိုဖြစ်တာလဲ ... ဘယ်လိုဖြစ်တာလဲ ..."





မျက်နှာပြင်မှာ အလှပ်အရှား နည်းပါးကာ သရုပ်
ဖျက်ခဲ့သော ကိုစိုးမိုးက ဒီတစ်ခါမှာတော့ ... ရဲရဲကို အံ့အားတသင့်
ဝှဲစိနှင့် တစ်ချက်လှည့်ကြည့်သည်။ ရဲရဲက သူ့လက်ထဲက
ခေါင်းအုံးကြီးကို ဧည့်ခန်းထဲက နှစ်ယောက်ထိုင် ကုလားထိုင်မှာ
ထိုင်နေသော သူ့အစ်ကိုထံ အားနှင့်ပစ်ပေါက်ပစ်လိုက်ရင်း ...

"ဘာမှ ကြိုမပြောထားရသေးဘူး ... အစကစမှပေါ့ ...
ဟာ ... ကျွတ် ... အစက စရမယ်ဆိုတာမျိုး အထိပါ
လိုက်ပြောပေးနေရမှာလားကွာ ..."

ချမ်းမြရည်က ရဲရဲကို မျက်လုံးကြီးပြူးပြီး ကြည့်
လိုက်သည်။ ကြည့်စမ်း ... ငါ့ကို ငတ်တုတ်ကြီး ရှေ့တင်ထား
ပြီး ...။ ကိုစိုးမိုးကလည်း မျက်နှာကြီး ရဲတက်လာကာ ... ချမ်း
မြရည်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ သက်ပြင်းတစ်ခုကို ချ
လိုက်သည်။

"ပြောကို မပြောချင်တော့ပါဘူး ... ဘာမှကို မပြောချင်
တော့ဘူး"

ရဲရဲကလည်း စိတ်ပျက်တကြီးနှင့် အော်ဟစ်လိုက်
သေသည်။ ချမ်းမြရည်က လက်ထဲမှာ ခုထိယောင်ကိုင်ထားမိဆဲ ...
ကြက်မွေးတံမြက်စည်းလေးကို ... ထမင်းစားခန်းထဲက သူ့ချိတ်
နေကျ နေရာမှာ သွားပြန်ချိတ်ထားလိုက်ရင်း ...

www.burmeseclassic.com



"ငါ ပြန်တော့မယ်ရဲရဲ ..."

"ရည်ရာ ... နောက်မှ ငါရှင်းပြမယ် ..."

ရှင်းပြနေစရာလည်း မလိုတော့ပါ ...။ ကိုယ့်ကိုယ်ကိုယ် ခပ်အအ ခပ်တုံးတုံးဟု သတ်မှတ်ထားတာတောင်မှ တစ်ယောက်မကောင်း တစ်ယောက်ပြောင်းနှင့် ချစ်သူရည်းစားလည်း ခုနစ်ယောက်လောက် ပြောင်းခဲ့ပြီးဖြစ်တဲ့ ရည်က ... ဒီမောင်နှမရဲ့ အချိုးအချိတ်တို့ကို ... ရှင်းလိုက်သမှ ... မြင်လိုက်သမှ ... ဟိုး အဆုံးအထိပင် မြင်ပါသည်။

, အဓိက,ကတော့ ညီမကစ,တာ ...။ အစ်ကိုက အ,တာ ...။ ခုလို ပေါ်တင်ကြီး ဝင်အောင်သွယ် စီစဉ်လိုခြင်းကို လေဒီပါရာစိန်တို့က ဆောင်ရွက်လျှင်တောင် ကိုယ်ပြန်မကြိုက်ရင်သာနေမည် ...။ ရည်က စိတ်ထဲ ဘယ့်နှယ့်မှ ရှိရမှာ မဟုတ်ပါ ...။ ခုဟာကတော့ ဒါမျိုးတွေကို ရှုပ်တီးရှုပ်ယှက်ဟု သတ်မှတ်တတ်သော ရဲရဲရဲ့ ဝင်ပါမှုသာ ဖြစ်နေသည်။ အဲဒါ ဘာဖြစ်လို့လဲ ...။ "သူ့အစ်ကိုက ကြိုက်နေလို့"ဟုတော့ လာမပြောပါနှင့် ...။ ရည်က တခြားနေရာမှာသာ အ,မည် ...။ ဒီနေရာမှာတော့ အတွေ့အကြုံက များခဲ့ပြီ ...။

အစ်ကိုဖြစ်သူဟာ ... ညီမကခိုင်းလို့ လုပ်ရတာ ... ကြိုလည်း စာတ်တိုက်မထား ...။ ခုလိုက်စွကြီးကို သူ့ညီမကပြောပြီးရုံနှင့် ရည်ကလည်း "ကောင်းပြီ"ဟု သဘောတူ လက်ခံရှာ





အိမ်ပါလာခဲ့သည်တောင် ထင်နေလိုက်သေးသည်။ ဘာဖြစ်ကြတာလဲ ...။

ခုလောလောဆယ်မှာ ... ပါလေရောသည်လည်း ရည့်ကို ထူးနှင့် အတင်းစွတ်အောင်သွယ်နေသည်။ ထူးကား ရည့်ကို ပျော်ရွှင်စိတ်ချမ်းသာစေချင်တာ တစ်ခုကလွဲပြီး ... ပါလေရာမရဲ့ တက်ကြွနေသော အစီအစဉ်တွေမှာ ... အသာလေးမျောပြီးတောင်မှ လိုက်ပါမလာ ...။ ဒါ့အပြင် ထူးနဲ့ ပတ်သက်ပြီး ရည့်မှာ ထင်မြင်နေတာလေး တစ်ချက်တောင် ရှိနေသေးသည် ...။ (အဲဒါကတော့ ကိုယ့်ကိစ္စမဟုတ်လို့ ထားလိုက်ပါလေ ...။) ပါလေရာမကတော့ ... စေတနာမေတ္တာနှင့်ဟု ပြောလိမ့်မည် ...။ ရည့်မှာတော့ ကာယကံရှင်က ပါဝင်မလာတဲ့အပြင် ... အဲဒီကာယကံရှင်ရဲ့ အမေဖြစ်သူထံမှသာ အပြောအဆို ... အပိတ်အပင်တွေ ခံလိုက်ရလေသည် ...။

ဟော ... ခုလည်း လာပြန်ပါလေပြီ တစ်ယောက် ...။ ဒီတစ်ယောက်ကကျတော့ တစ်မျိုးထူးခြားစွာ ... ကာယကံရှင်ယောကျ်ားသားက ကိုယ်လည်း မနှစ်မသက် သဘောမကျပါပဲနှင့် ... "ညီမက ဘယ်တော့လောက် လက်ထပ်ဖြစ်ချင်တာလဲ ..." တဲ့ ...။ မြတ်စွာဘုရားရေ ...။ ရည့်ဘဝကြီးက ဘာတွေများ ဖြစ်ချင်တိုင်း လျှောက်ဖြစ်နေပါသနည်း ...။ ဒါမှ မဟုတ်ရင်လည်း ငယ်ကတည်းက လက်တွဲခဲ့ကြသည့် သူငယ်ချင်းမ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ရည့်ကို အဲဒီလောက်အထိပဲ အထင်သေးရက်ကြသလား ...။ (စိတ်ပူကြတာပါ ... ဟု မချေပပါနှင့် ...။ စိတ်ပူတာနှင့် အထင်သေးတာသည် သပ်သပ်စီ ... တစ်လိုင်းစီသာလျှင် ဖြစ်သည် ...။)

အထူးသဖြင့်ကတော့ ရဲရဲကို ရည်က ဉာဏ်မမီ ...။ သို့သော် သူ့မှ ကွက်မကျေနပ်ရလျှင် ... ထိုရဲရဲရဲ့ တုံ့ပြန်မှုက ဒီ့ထက်လည်း ဆိုးချင်ဆိုးလာနိုင်မှာမို့ ... ရည်က ဇီ့ကိုပါ ... တစ်တွဲတည်း စာရင်းသွင်းပစ်လိုက်မှုပြီ ...။ ထူးရဲ့မေမေထံမှ "ဓိဇဝါကို ခေါ်ဆူသည်"ဟူသော အဖြစ်အပျက်ကို ... စိတ်တိုရမလိုလို ... ဒီတိုင်းပဲ နေရမလိုလို ရှိခဲ့ရသော ရည်က ခုမှပင် ... တစ်ပေါင်းတစ်စည်းတည်း ထပြီးနာကျင်လာသည်။ အဲဒီနှစ်ယောက်စလုံးရဲ့ အတွေးထဲမှာ ရည် ယောကျ်ားရ အိမ်ထောင်ကျဖို့ တစ်ခုက အဲဒီလောက်ကြီး မဖြစ်မနေ အရေးပါ ... နံပါတ်တစ် ဖြစ်နေလေရော့သလား ...။

မျက်ရည်တွေ စီးကျလာမိပြီဖြစ်သော ရည်က ... ပါးပြင်နှစ်ဖက်ကို ... လက်နှစ်ဖက်နှင့် ခပ်ကြမ်းကြမ်း ပွတ်သပ်ဆွဲသုတ်ပစ်လိုက်ရင်း ... "အမေ ..."ဟု အသံသဲ့သဲ့နှင့် ရေရွတ်လိုက်မိလေသည်။

* * *





ရည်က ရဲရဲနှင့် ဇီ့ကို စိတ်ဆိုးနေလေသည်။ ရဲရဲရော ဇီပါ အစပထမမှာ ကိုယ့်ကို ရည် တစ်ယောက်တော့ စိတ်ဆိုးနေပါလားဆိုတာ သိတောင်မှပင် မသိ ...။ စနေ၊ တနင်္ဂနွေမဟုတ်တဲ့ ရက်တွေဆိုရင် အားလုံးတို့ဟာ သူ့အလုပ်၊ ကိုယ့်အလုပ် ကိုယ်စီနဲ့ ရှုပ်ထွေးနေတတ်ကြတာမို့ ... အချင်းချင်းတွေ အဆက်မပြတ်နိုင်ဖို့က ... စနေ၊တနင်္ဂနွေလို နေ့မျိုးမှာပဲ မနည်းလုံးပမ်းကြရတတ်တာလေ ...။

ရည့်အိမ်မှာက ဖုန်းမရှိလေတော့ ... ဖုန်းလှမ်းဆက်ကြည့်လို့လည်း မရ ...။ ခါတိုင်းဆို သူကိုယ်တိုင် ကြားရက်တွေမှာ ဖုန်းဆက်လေ့ရှိသော ရည့်ထံမှ ဖုန်းကလည်းမလာ ...။ စနေ, တနင်္ဂနွေတွေ အိမ်လိုက်သွားတော့လည်း ... "မရှိဘူး"ဆိုသော အဖြေကိုပင် ရနေပါသည်။

ပထမတော့ ဇီရော ရဲရဲပါ ဘယ်ရိပ်မိကြပါ့မလဲ ...။ ရည်က သူများကို စိတ်စဆိုးပြီး တိမ်းရှောင်နေသည် ဆိုသော အဖြစ်ဟာ ကြုံတောင့်ကြုံခဲ ...။ (ကြုံခဲဆို တစ်သက်မှာ တစ်ခါမှ ပင် မကြုံဖူးသေးဘူး ထင်သည်။) သတိထားမိဖို့တော့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့လေ ...။ သူ့ဘာသာသူ ဒီပြင်နေရာမျိုးတွေမှာတော့ လိမ်ညာဖူးကောင်း လိမ်ညာဖူးမည်။ ဇီနှင့် ရဲရဲတို့ အပေါ်မှာကျ တော့ တစ်ခါမှ မလိမ်ညာဖူး ... မလှည့်ပတ်ဖူးတဲ့ ရှည့်မေမေ "ဒေါ်ဒေါ်"တစ်ယောက် မျက်နှာပျက်ချင်သလိုလို ... ပါးစပ်ဖဲ မရဲသလိုလို ဖြစ်နေကတည်းက ဇီရော ရဲရဲပါ သတိထားမိဖို့တော့ ကောင်းတာပေါ့ ...။ သို့သော် ... မသိခဲ့ ...။

စနေ၊ တနင်္ဂနွေ နှစ်ပတ်ဆက်ပြီး "မရှိ"ဖြစ်နေ တော့မှပင် ရဲရဲက ...

"မိရှည်က ငါ့ကို ရှောင်နေတာ ထင်ပါရဲ့ဟယ် ..."

အဖြစ်အပျက်ကို ပြန်ပြောပြတော့ ဇီနှင့် ရဲရဲတောင် ရန်ထဖြစ်ကြရပါသေး ...။ အဲဒီအထိ ဇီဇဝါက ကိုယ်လည်း တရားခံတစ်ဦးအဖြစ် အပါအဝင်ပဲ ဆိုတာကို မသိသေး ...။ ထူး ရဲ့မေမေအကြောင်းကိုလည်း ရဲရဲကို အတိအကျ ပြန်မပြောသေး ... တမင်မျိုသိပ်ထားတာတော့ မဟုတ်ပါ ...။ "တိုင်လိုက်တယ်" ဆိုတော့ ... တိုင်ရတဲ့လူ အားရနေမှာစိုးလို့ ... မပြောဖြစ်တော့ ခြင်းမျှသာ ...။

ဒါပေမဲ့ အဲဒီကတည်းက "ရဲရဲရဲ့ လုပ်ရပ်ဟာ ရှည့်ကို အရမ်းထိခိုက်စေနေပြီ"ဟု ယူဆခဲ့တဲ့ ဇီဇဝါက ... ရဲ ပင် အကွက်ထရတော့ကာ ...





"နင် ရှည့်ကို လုပ်နေတာတွေများပြီနော် ရဲရဲ ... တကယ် ဆို ထူးရဲ့မေမေကို လှမ်းတိုင်လိုက်ကတည်းက ငါက မကျေနပ်တာ ..."

"ဘာဆိုင်လဲ ..."

"တိုင်တယ်ဆိုကတည်းက စဉ်းစားကြည့်လေ ... ထူးနဲ့ ရှည်ဟာ မတန်တရာမို့ ... အဲဒီလို မတန်တရာ ဖြစ်စေတဲ့ ကိစ္စကြီးကို ဖြစ်ပွားအောင် ငါက ထလုပ်နေပါတယ် ... အရေးယူပေးပါလို့ ... ဆိုလိုတဲ့သဘော ..."

"ဘာမှ မဆိုင်ဘူး ... အဲဒါက ပြီးသွားခဲ့တာဖြင့် ကြာလှ ပြီ ... မိရှည်ရဲ့ ခေါင်းထဲမှာ ဘာမှတောင် မရှိဘူး ... မရှိ လို့သာ အဲဒါရဲ့နောက်ပိုင်းမှာ ငါ့အိမ်တောင်မှ ပါလာခဲ့ ပြီးပြီပဲ ..."

"ဘာပဲဖြစ်ဖြစ် အဲဒီ တစ်ခါတုန်းကလည်း နင်လွန်တာ ပဲ..."

"သူကတောင် အပြစ်လို့မယူတဲ့ဟာ ... နင်က ထဖြစ်ပြ မနေနဲ့"

"သူက ဘာမှ သိပ်စဉ်းစားနေတတ်တာမှ မဟုတ်တာ ..."

"တော်တော့ဟာ ... စိတ်တိုလာပြီ ... နင့်အပြစ်ကျတော့ မပါဘူးလား ... အခု ထူးမေမေက သဘောတူသလား ...

www.burmeseclassic.com



မတူဘူး မဟုတ်လား ... နင်ဟာ ထူးရဲ့မေမေနဲ့ ငယ်ငယ် တည်းက လက်ပွန်းတတီး ကြီးပြင်းခဲ့ရတဲ့ဟာ ... အကြောင်း သိ ဖြစ်ကိုဖြစ်နေရမယ် ... အကြောင်းသိရက်နဲ့ ... "သဘော မတူဘူး"ဆိုတဲ့စကား ပြောထွက်လာအောင် လုပ်ဆောင်ခဲ့ တာကိုက နင် မှားတာ ..."

"ဒါကတော့ နင်က ဘယ်လိုတိုင်လိုက်သလဲဆိုတဲ့ အပေါ် မှာလည်း မူတည်နေတာပဲ ..."

"ဘယ်လိုမှ မတိုင်ဘူး ... ရည့်အကြောင်းလည်း ဘာတစ် ခွန်းမှ မပြောဘူး ... ထူးရော ရည်ပါ စိတ်မပါကြဘဲနဲ့ နင်က အတင်းဝင်ပါပြီး စီစဉ်နေတယ်လို့ပဲ ပြောတာ ..."

"အဲဒီလိုလည်း ပြောစရာလား ..."

"ပြောစရာပေါ့ ... ဟုတ်နေတာပဲဟာ ..."

"သူများကို တိုင်ကော့မယ်ဆိုရင် ... အဲဒီလို အပြစ်မျိုး အလားသဏ္ဌာန်တူကြီးကို ကိုယ့်ကိုယ်တိုင် မကျူးလွန်ဘူး ဆိုလည်း ဟုတ်တုတ်တုတ်ပေါ့ ... နင့်ကျတော့ စိတ်မပါ တာကြီး နှစ်ယောက်ကို အတင်းပူးမယ် ... ငါ့ကျတော့ တိုင်မယ် ... အတော်တရားတဲ့ မိန်းမ ..."

"ငါ့အစီအစဉ်မှာ ... ဘယ်သူမှ စိတ်မပါကြဘူးလို့ နင့် ကို ဘယ်သူကပြောသလဲ ... အနည်းဆုံးတော့ ငါ့အစ်ကို





တော့ စိတ်ပါတာပဲဟာ ... ရည်လည်း ပါချင်ပါမှာပဲ ... နင် မသိနိုင်သေးဘူး ... အတပ်မပြောနဲ့ ..."

"ဟား ဟား ဟား ဟား ... ဘုမသိဘမသိနဲ့ ကိုယ့်အိမ် ရောက်လာတဲ့ မိန်းကလေးတစ်ယောက်ကို 'ဘယ်တော့ လက်ထပ်ချင်သလဲ'လို့ သွားပြောတာ စိတ်ပါတာ ... ဟုတ်လား ... ဟား ဟား ... ရည်ကရော စိတ်ပါလွန်း လို့ ... အခု နင့်ကိုတောင် အတွေ့မခံတော့ဘူး မဟုတ် လား ..."

"အေးပေါ့ဟဲ့ ... အဲဒီလို စကားတွေမှားပြီး တစ်လွဲတွေ ... အမှားမှား အယွင်းယွင်းတွေ လျှောက်ဖြစ်ကုန်ကတည်း က စိတ်ပါလို့ ရှက်ရှက်နဲ့ မှားတာပေါ့ ... မိရည်ကလည်း မိန်းကလေးတို့ရဲ့ သဘောသဘာဝကို အပြည့်အဝ ဖော် ဆောင်နေတာပဲ ... မိန်းကလေးဆိုတာ ပြေးရင်လိုက်တယ် တဲ့ ... လိုက်ရင် ပြေးတယ်တဲ့ ... ခုဟာက လိုက်စေချင်လို့ စ,ပြေးပြတာပေါ့ ... သူ့အစ်ိပ္ပာယ်နဲ့သူ တုံ့ပြန်ပြတာ ... ဒါကို သဘောပေါက်ဖို့ လိုတယ် ..."

"တော်စမ်းပါ ... ဟုတ်လည်း မဟုတ်ဘဲနဲ့ ... နင့်စိတ် ထဲမလည်း တကယ်မယုံတဲ့ စကားမျိုးတွေကို အဟုတ်ကြီး လုပ်ပြီး လာပြောမနေနဲ့ ..."

www.burmeseclassic.com



နှစ်ယောက်စလုံးဟာ စကားကို အနိုင်မခံတွေ ကတ်သတ်ပြောနေကြပေမဲ့လည်း နှစ်ဦးလုံးရဲ့ စိတ်ထဲမှာတော့ ချမ်းမြရည်ရဲ့ ထူးခြားတဲ့ အပြုအမူတွေကြောင့် ... မငြိမ်းချမ်းနိုင်ကြတာ အမှန်ပင် ...။ ရဲရဲမှာ ... "အေးဆေးတဲ့ သူငယ်ချင်းမကလေး ... ကိုယ့်ကို တကယ်ပဲ စိတ်ဆိုးသွားပြီလား"ဆိုတာ ပူနေမိသလို ... ဓိဇဝါရဲ့ ပူပင်ရပုံတစ်မျိုးကတော့ ... စိတ်ညစ်နေနိုင်တဲ့ ချမ်းမြရည်ရဲ့ နံဘေးမှာ အားပေးဖော် အသစ်တစ်ယောက် ... ဖျတ်ခနဲ ဆိုက်ကပ်ရောက်ရှိနိုင်သွားမှာကိုပင် ...။

ဓိရဲ့အတွေးဟာ ... "သူ့ကို အထင်သေးရကောင်းလား"လို့ စိတ်ဆိုးနေတဲ့ ရည့်အတွက် ... ထပ်မံစိတ်ဆိုးချင်စရာအတွေးမျိုးတော့ ဆန်နေတာပေါ့လေ ...။ ဒါပေမဲ့ စိတ်ဆိုးလည်း ဆိုးတော့ ...။ ရည့်ကို ဓိက အဲဒီအချက်အတွက်ကိုပဲ အပူဆုံး ...။ လှကလည်း လှသေး ...။ စိတ်သဘောထားကလည်း နူးညံ့ပျော့ပျောင်းကာ ... မခိုင်မာ ... မတည်မြဲလိုက်သေး ...။

"ဘာလုပ်ကြရင် ကောင်းမလဲ ..."

"ဘာလုပ်ရမှာလဲ ... နက်ဖြန်ခါ တနင်္လာ ... သူ့ရုံးထိ လိုက်ပြီး ဖမ်းရမှာပေါ့ ... ဒီနှစ်ပတ်အတွင်း ဘာတွေဖြစ်ကုန်ပြီလဲတောင် မသိဘူး ..."





"နှစ်ပတ်အတွင်းတော့ မသေသေးဘူးဟယ် သေချာတယ်၊ သူ့ပြောပုံကြီးကိုက ... ဟိုကပဲ စိတ်ညစ်ညစ်နဲ့ အဆိပ်တွေ ဘာတွေ သောက်ချထားတော့မဲ့ပုံနဲ့ ..."

"သေပြီးရင်လည်း ခုနကပဲ သူ့အိမ်က ပြန်လာတာ ... အိမ်ရှေ့မှာ ကန့်လန့်ဖျင်းထိုးထားတာ တွေ့ခဲ့ရမှာပေါ့ ... အဲဒါကို ပြောနေတာ မဟုတ်ဘူး ... နှစ်ပတ်နော် ... နှစ်ပတ် ...။ နှစ်ပတ် မျက်ခြည်ပြတ်ရင် ပြတ်သလို အကျိုးယုတ်မှုတွေ ရှိနိုင်တယ် ..."

ဓိဇဝါက ကိုယ့်ရဲ့ စိုးရိမ်မှုကို ရဲရဲကို ပြောပြမနေ တော့ပါ ...။ အဲဒီစိတ်ပုပ်မဟာ ပါးစပ်ကလည်း လုံတာမဟုတ် ...။ လိုက်တာနဲ့ ဘွားခနဲ အဲဒီလိုကြီး တန်းမေးချပစ်ပြီး ... "နှင့်မိစိက အဲဒါပူနေတာ ..."ဟု ပြောကိုပြောမဲ့တစ်ယောက် ဖြစ်သည်။

တနင်္လာနေ့ ... ရည့်ရုံးသို့ လိုက်ကြသောအခါ ... တာဝန်မကင်း ဖြစ်နေသည့် ... သူ့အပြစ်ကြောင့်ချည်းပဲဟု ်နေသည့် ရဲရဲလည်း မတတ်သာ ...။ သူ့ရုံးကနေ ထမင်းစားမှာ ခဏလစ်ထွက်လာရကာ ... တငြူငြူ ...၊ ဆောင့်ဆောင့် င့်အောင့်နှင့် လိုက်ပါလာရလေသည်။ ရဲရဲနှင့် ဓိတို့ ရည့်ရုံး ရောက်သွားကြချိန်မှာ ... ရည်တို့ရုံးရဲ့ ထမင်းစားဆင်းချိန်

www.burmeseclassic.com



ပါ ...။ တမင်ပင် ... (စိတ်ကောက်နေနိုင်တဲ့ ရည်တစ်ယောက် ထပ်မံစိတ်မတိုနိုင်ဖို့ အလို့ငှာ) ထမင်းစားဆင်းချိန်ကို ရွေးလာ ခဲ့ကြခြင်းပင် ...။

ဟိုရောက်တော့ ... ရည်က မရှိ ...။

"ဟဲ့ ... ကြွိသိလို့ ကြိုရှောင်ပြန်တာလား ... ငါတို့ရောက် မယ်ဆိုတာ ... နင် ကြိုအာဖွ[illegible]ားသလား ... မိဇီ ... ဟင် ...

"ဘယ်လိုလုပ် ဖွာနိုင်မှာလဲ ... နင်နဲ့ ငါနဲ့ မနေ့က အ အိမ်ကနေ တူတူပြန်လာကြတာပဲ ... ညဘက် ဘယ်လိုလု ထပ်တွေ့ရမလဲ ..."

"အေး ... ဟုတ်တော့ ဟုတ်တယ် ... ငါ ညက သူ့ဆေ အိမ်ကတစ်ဆင့်တောင် ဖုန်းခေါ်ကြည့်လိုက်သေးတာ ဒေါ်ဒေါ်ပဲ လာကိုင်တယ် ... ရည်တော့ ခေါင်းကိုက်ဝ အိပ်ပြီတဲ့ ... ညခုနစ်နာရီခွဲလောက်ပဲ ရှိသေးတာကို အဲဒီမိန်းမက ..."

"ကြည့်စမ်း ... ငါ့အလစ်မှာ ဖုန်းခိုးခေါ်တာ ... ခုမှပဲ ထ တယ် ... ဟိုကသာ လာပြောရင် ... နင် ကြိုပြီးလျှော အာဖွာတော့မှာ မုချပဲ ..."

"ဘာ နင့်အလစ်လဲ ... ငါ့ဘာသာ ရည့်ဆီ ဖုန်းဆက်ချ လို့ ဆက်တာ နင့်အလစ်တွေ ... နင့်ရှေ့တင်တွေ ရှိနေ





ဦးမှာလား ... ဘာလဲ ... သူ့ဆီ ဖုန်းဆက်ချင်ရင် နင့်ကို ကြိုပြီး သံတော်ဦးတင် ခွင့်တောင်းနေရဦးမှာလား ... ဟုတ်လား ..."

"တော်ပြီဟာ ... ရန်ဖြစ်ဖို့ထက် ... ခု ဘာလို့မရှိတာလဲ ဆိုတာကို အတိအကျ သိရဖို့က အရေးကြီးတယ် ..."

ရည်တို့ရုံးရဲ့ [illegible]းစံမှာ ... အောက်ဆုံးထပ်မှ ဂိတ် ပေါက်စောင့်ကို တွေ့ချင်သူ[illegible]မည် ပြောပြီး ... စုံစမ်းပါက ... အပေါ်ထပ်တွေသို့ ဖုန်းလှမ်းဆက်ပေးတတ်ပါသည်။ ရှိလျှင်ဆင်း လာတွေ့ ...။ ရုံးဝန်ထမ်းက အာမခံနိုင်လျှင် ... ဧည့်သည်တို့ကို ဧည့်သည်ဝင်ခွင့်ကတ်ပြား ချိတ်ပေးကာ ... ရုံးအထဲအထိ၊ ရုံး ကန့်တဲင်းအထိ ခေါ်သွင်းသွားခွင့်လည်း ရှိပေသည်။ ခုလိုကျတော့ အပေါ်ကနေ "ချမ်းမြရည် မရှိ"ဟု အကြောင်းပြန်လိုက်လျှင် ... ရဲရဲနှင့် ဇီတို့မှာ ... "တကယ်လား"ဟု အပေါ်ထိ ပြေးတက်ပြီး မယုံသင်္ကာနှင့် စုံစမ်းရှာဖွေခွင့်လည်း မရှိတော့ပေ။

"ဒီတစ်ပတ်လုံး မဆုံဖြစ်သေးလို့ကတော့ ဒီတစ်ခါ စနေ နေ့ကျ ... ဒေါ်ဒေါ်က 'မရှိဘူး' ပြောလည်း အိမ်ထဲထိ အတင်းဝင်ရှာပစ်မှာပဲ ... ဒါမှမဟုတ် ညမိုးချုပ်ထိ ထိုင် စောင့်ရင်လည်း စောင့်မယ် ..."

ရဲရဲက မချိတင်ကဲ ကြိမ်းဝါးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညမိုးချုပ်အထိများ စောင့်မယ်ဆိုရင် ဒီညသွားစောင့်လည်း ရတယ် ... အဲဒါက အရေးမကြီးဘူး ... ခု အရေး တာက ... အပေါ်ကနေ ပြန်ဖြေလိုက်တာက 'မရှိဘူး' ဖြေတာနော် ... 'ဒီနေ့ ရုံးမလာဘူး'လို့ ဖြေတာမဟု ဘူး ... တွေ့လား ... ဒါဖြင့် ရုံးလာရဲ့သားနဲ့ ဘာလို့ ရတာလဲ ..."

"နင်ကလည်း ရှိရှိကြီးနဲ့ ... ဆင်းမတွေ့တာပေါ့ဟဲ့ အရှင်းကြီးပဲ ..."

"ခုန ဟိုဂိတ်ကလူကြီး ဖုန်းပြောတုန်းက ... 'ချမ်းမြ ရှိလား ... ဧည့်သည်ရောက်တယ်'လို့ပဲ ပြောတာနော် ဧည့်သည်ရဲ့နာမည် အတိအကျ လုံးဝပါမသွားဘူး ..."

"အပေါ်က ပြတင်းပေါက်ကနေကြည့်ပြီး လှမ်းမြင် မြင်နေရမှာပေါ့"

"မဖြစ်နိုင်ဘူး ... တကယ် အပြင်သွားနေတာပဲ ဖြစ် မယ် ... အဲဒါဆို ဘာလို့သွားသလဲ ... ဘယ်သူနဲ့သွာ သလဲ ..."

ရဲရဲက စုံထောက်တစ်ယောက်လို တွက်ချက်နေသ ဖို့ကို မျက်ခုံးနှစ်ဖက်ပင့်ပြီး ကြည့်လိုက်သည်။ အရာရာဝင်ပါတ





လွန်းလို့ ထင်ရဲ့ ... အဲဒီတစ်ယောက်ဟာ ... တစ်ခါတလေကျ အတွက်အချက် အတွေးအခေါ်တွေမှာ ကိုယ့်ထက်အများကြီး သာနေတတ်တာတော့ အမှန်ပင် ...။ ဒါပေမဲ့လည်း တစ်ခါတလေ ကျရင် သိပ်အရေးမကြီးဘူး ထင်ရတဲ့ ဟာတွေကို ဘာလို့များ လိုက်အရေးသယ် ... အရာလုပ်နေတတ်သလဲ ...။

"သူ့ဟာသူ ဘယ်သူနဲ့သွားသွား ... ဘာကိစ္စနဲ့သွားသွား နင့်အပူလား ... လာပြန်ပြီလား ... ဘာကိုမဆို နင့်ကို ကြိုတင်ခွင့်တောင်းပြီးမှ လုပ်ရမဲ့ကိစ္စတွေ ..."

"ငရွဲ့မ ... ရွဲ့ဖို့ချည်း စဉ်းစားမနေနဲ့ ... ခေါင်းသုံးစမ်း ... ရည့်မှာနင်နဲ့ငါကလွဲရင် ... သူငယ်ချင်းမိတ်ဆွေ အပေါင်း အသင်း ဘယ်မှာသိပ်ရှိလို့လဲ ... ရှိရင်လည်း ရှိမှာပေါ့ ... ဒါပေမဲ့ ငါတို့နဲ့ဆိုရင်တောင် ရုံးကနေ အပြင်သိပ်မထွက် ချင်တဲ့ မိန်းမက ... ခု ဘာလို့ထွက်သွားလဲ ... ဆွေရေး မျိုးရေးကိစ္စတို့ ... သူ့အမေကိစ္စတို့ ဖြစ်ချင်လည်း ဖြစ်နေ မှာပေါ့လေ ... ဒါပေမဲ့ ငါ ထင်တာက ..."

ဖို့မှာ ကိုယ်စိုးရိမ်နေတာတောင် ကိုယ်ပြောလိုက်ခွင့် မရှိပါ။ ရဲရဲက ဖို့စကား မဆုံးခင်ပင် ခုန်ပေါက်လှုပ်ရှားလာပြီး ... ပျာပျာသလဲကြီးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆက် ... ဆက် ... ဖုန်းကို အပေါ်ကို ပြန်ဆက်နိုင်းဦး ...
ငါသိတယ် ... ရုံးမှာ ရည်နဲ့တွဲတဲ့ တစ်ယောက်ဟာ ဦး...
တဲ့ ... အဲဒီဦးမွှာကို ခေါ်လိုက်ပါ ... မေးကြည့်ကြရအောင် ...
ဦးမွှာက ထူးကိုတော့ သိနေမှာပါ ... ထူးများ လာခေါ်သွား...
သလားလို့ သိရအောင် ... ဆက်လိုက် ... ဆက်လိုက် ..."

"ကျွတ် ... သူကတစ်မျိုး ... ထူးနဲ့ဆိုရင် တော်သေးတာ...
ပေါ့ ..."

"ဆက်လိုက်ပါဆို ..."

ဇီက ဂိတ်ပေါက်က လူကြီးကို ... "ဦးမွှာနှင့် ဖုန်း...
ပြောပါရစေ ... ချမ်းမြရည်ရဲ့ သူငယ်ချင်း ဇီဇဝါပါ ..."ဟု...
ပြောလိုက်ရုံရှိသေး ... အတော်ကြီးပြောချင်ဆိုချင်နေဟန်ရှိသည့်...
ဦးမွှာက "ဖုန်းထဲက မပြောချင်ပါဘူး ... အောက်ဆင်းခဲ့ပါ့မယ် ..."
ဟု အောက်သို့ ဆင်းလာလေသည်။

"သူ ထွက်သွားတာ ... သူ့သူငယ်ချင်း ထူးနဲ့လား ...
မဦးမွှာ ..."

"ဦးမွှာတောင် အနားသေချာရောက်ပါစေဦး ... ရှ...
ပျက်လိုက်တာ"ဟု ... လည့်ငေါက်ပစ်လိုက်မိတော့မည့် ဇီက ...
ရဲရဲရဲ(အဟုတ်ကို)စိုးရိမ်တကြီးလိုလို ဖြစ်နေသည့် မျက်နှာထား...
ကြောင့် ... ကိုယ့်နှုတ်ခမ်းကိုယ် ကိုက်ပြီး ... နှုတ်ပဲပိတ်ထားလိုက်...





တော့သည်။ လူဆိုတာ ... "ရှုံးတော့မှာ တစ်ခုတည်းကို ကြောက်
ရုံ"နဲ့ ဒီလောက် လှုပ်လှုပ်ခါခါ ဖြစ်တတ်ကြလေ့ ရှိသလား ...။
ရဲရဲရဲ ပုံစံကတော့ ... "ဇီဇဝါသော ... ဘာသောလည်း ဂရုမစိုက်
ပါဘူး"ဟု ဆိုနေဟန်မျိုး အပြည့်နှင့်ပင် ...။

"ကိုထူး မဟုတ်ဘူးရှင့် ..."

အတော်ကို တစ်ကိုယ်ကောင်း ဆန်ချင်သော ဒေါ်ရဲရဲ
မှာ ဤစကားတစ်ခွန်းနှင့်ထင် ... ရှေ့ဆက်မည့် စကားဝိုင်းမှာ
သူနှင့်မဆိုင်တော့သကဲ့သို့ပင် ...။ ဇီဇဝါက ဦးမွှာကို မျက်မှောင်ကြီး
ကုတ်ကာ ကြည့်နေမိလျှင် ... ဦးမွှာက ... ဇီကို ခင်မင်ဖော်ရွေလို
သော အပြုံးနှင့် ...

"ဦးမွှာကလေ ... သူများ အကြောင်းကိစ္စတွေ ဝင်ပါ ...
ဝင်ပြောရတာမျိုးကို ကြိုက်လည်းမကြိုက် ... ကိုယ်တိုင်လည်း
လုပ်လေ့မရှိပါဘူး ... ဒါပေမဲ့ ချမ်းမြရည်ကိုတော့လေ ...
ဟောဒီက မရဲရဲတို့ မဇီဇဝါတို့ ခင်ကြသလိုပဲ ... ဦးမွှာက
လည်း သိပ်ခင်တယ် ... ခင်တာထက်လေ ... ဟိုဘယ်လိုခေါ်
မလဲ ... အဲလိုပြောလို့ ကြိုက်ကြပါ့မလားတော့ မသိဘူး ...
ချမ်းမြရည် ကိုယ်တိုင်ကတော့ ပြောချင်သလိုသာ ပြောပါ ...
သူ့အတွက်ကတော့ အရေးမကြီးဘူးလို့ပဲ ပြောပါတယ် ...
ဦးမွှာက သူ့ကိုခင်တာ ... ပြီးတော့ ... သနားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူများက လာသနားနေလျှင် အောက်သည်
ဟု ထင်တတ်လေ့ရှိသော ရဲရဲက မျက်မှောင်ဖတ်ခနဲ ကုတ်သွ
ချိန်မှာ ဇီကတော့ စောစောက မျက်မှောင်ကုတ်ကိုဖြေကာ
ဥမ္မာ့ထံ တအားကြီးပဲ ပြုံးပြလိုက်သည်။ ပြီးလျှင်တော့ ပွင့်
လင်းလင်းပင် ...

"ဥမ္မာ မမြင်ဘူးသေးတဲ့လူ ... အေးလေ ... မိန်းမ မဟု
ဘူး ... ယောကျ်ားတစ်ယောက်ယောက်နဲ့များလား ... ဟင်

"အင်း ... အဲဒါ ... ဥမ္မာလည်း မကြိုက်တာ ..."

ရဲရဲက ဇီဇဝါကို အသာလက်ကုတ်သည်။ သဘော
ကတော့ ရည့်ရဲ့ရုံးအသိုင်းအဝိုင်းမှာ ရည့်မကောင်းကြောင်း အတင်
ကူတုပ်ပေးတာမျိုး မဖြစ်စေနဲ့ ... ဆိုတဲ့သဘောပင် ...။ သို့သော်
ဇီကတော့ ... ဒီလိုမမြင်။ ဒီဥမ္မာဆိုတဲ့ တစ်ယောက်ဟာ
တကယ်ပဲ ရည့် အပေါ် စိုးရိမ်စိတ်ကောင်းရှိတာမျိုး မဟုတ်ဘဲ
အတင်းတုပ်ချင်သူ သက်သက်သာဆိုရင် ... ဇီတို့နှင့် စကား
ပြောဖြစ်လိုက်ကြရင်လည်းပဲ ... သူကတော့ ဒီအကြောင်းတွေ
ဒီရုံးထဲမှာ လှည့်ဖြန့်ကို ဖြန့်မည့်သူပင် ...။ ကိုယ်နဲ့ ပြောပြောမပြော
ပြော ... ဖြန့်ကိုဖြန့်မဲ့သူ ဆိုရင်တော့ ... ကိုယ်နဲ့ ပြောဖြစ်လိုက်
ပြီး သတင်းထူး ရလိုက်ရင် ကိုယ် အမြတ်လေ ...။ သူ့ဆီက
သာ စကားနှိုက်ပြီး ကိုယ့်ဘက်က ပြန်မပေးလိုက်လည်း ရတာ
ပဲ ...။





"သူက ဘာတဲ့လဲ ... မဥမ္မာကို တစ်ခုခုများ ပြောပြသ
လား ..."

"သူနဲ့ ချစ်သူရည်းစား မဟုတ်ပါဘူးတဲ့ ... ဒါပေမဲ့ ...
အဲဒီလူက ... ရုံးကို လာတာတော့ နှစ်ခါရှိပြီ ... ပထမ
တစ်ခါက ရုံးကန်တင်းမှာပဲ ထိုင်ဖြစ်ကြတာပါ ... ခုတစ်ခါ
မှ ..."

"ဘယ်သူလဲ ... ဘယ်ကလဲ ... ဘာလုပ်သလဲ ဆိုတာတွေ
ရော ... ဒီလိုပါ မဥမ္မာရယ် ... ဇီတို့ အနေနဲ့ကလည်း
ရည်နဲ့ဆို ညီအစ်မတွေပဲ ဆိုတော့လေ ... တစ်ခုခုဆို ရင်
ပူတယ် ... နားလည်မလားတော့ မသိဘူး"

"နားလည်ပါတယ် ... အဲဒါကြောင့် ဥမ္မာလည်း တမင်ကို
ဆင်းလာပြီး ပြောတာပါ ... ဥမ္မာလည်း မဇီဇဝါတို့လိုပါ
ပဲလေ ... အရင်ဆိုရင်တော့ ချမ်းမြရည်က ဥမ္မာ့ကို ဖွင့်
လည်း ပြောတယ် ... တိုင်ပင်တယ် မဟုတ်တောင် ပြော
ဖြစ်ကြတာပဲ ... မိတ်ဆက်ပေးတယ်ပေါ့ ... ခုတော့ ...
နာမည်တောင် ပေးမသိတာ"

"သူ ရုံးပြန်လာတဲ့အထိ ငါတို့ စောင့်ကြရင် ကောင်းမယ်
ထင်တယ် ... နော် ... ဟဲ့ ... ရဲရဲ ..."

"နင်ပဲ စောင့်လိုက်တော့ ... ငါကတော့ အချိန်မီသေးရင်
ငါ့ရုံးပြန်ဝင်လို့ရအောင် လစ်တော့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဇီဇဝါက ရဲရဲကို အသံမထွက်ဘဲ တစ်ချက် ကျိတ်ကျိန်ဆဲလိုက်မိဆဲ ... ဉမ္မာက ..."နေ့ဝက် ခွင့်တင်သွားတာ မစောင့်ကြနဲ့တော့ ..."ဟု ပြောလေသည်။ ကြည့်စမ်း ...။ ကိုယ်တွေနဲ့တောင် ရုံးခဏမလစ်ချင်တဲ့မိန်းမက ခုလိုကျတော့ နေ့ဝက်ခွင့်တဲ့ ...။ တုတ်နဲ့ လိုက်ရိုက်ချင်လိုက်တာ။

"ဟို ... နေ့ဝက်ခွင့်တင်ထားတာကတော့ ... မနက်ကတည်းကပါ ... သူ့အမေနဲ့ ဆေးခန်းသွားစရာရှိလို့ ဆိုလားပဲ ... ဆေးခန်းကအပြန် အချိန်မီသေးရင်တော့ ဉမ္မာနဲ့ စာရင်းချုပ်စရာရှိတာ လာပိုင်းချုပ်ပေးဦးမယ် ပြောနေသေးတယ် ... ဉမ္မာကလည်း ... အဆင်မပြေရင် ပြန်မလာနဲ့တော့လို့ အပြီးပြောလိုက်တော့ ... ပြန်ရောက်ချင်မှ ရောက်လာမှာလေ ... အဲဒါကြောင့် ..."

"ညနေကျမှ သူ့အိမ်တစ်ခေါက်သွားလိုက်ပေါ့ ... ကဲ ... ကဲ ... လာ ... လာ ... မိဒီရာ ... နှင်ပါ စောင့်စရာမလိုရင် ... ငါ့ကို ငါ့ရုံးပြန်လိုက်ပို့တော့"

ဉမ္မာကို နှုတ်ဆက်ပြီး ဇီရောာ ရဲရဲပါ ပြန်လာကြသည်။ လမ်းမှာလား ... ဘယ်နေလိမ့်မလဲ ... ရန်ဆက်ဖြစ်ကြတာပေါ့ ...။ သူတစ်ပါးကိစ္စကို လူသူစိမ်းနဲ့ စပ်စပ်ယှက်ယှက် ဖွေနှေးရကောင်းလားဟု ရဲရဲက ဇီဇဝါကို မကျေနပ် ...။ ထူး မဟုတ်





တော့ရုံနဲ့ ဘာမှ ဆက်စိတ်မဝင်စားတော့သော ရဲရဲကို ဇီဇဝါက မကျေနပ် ...။

"မဟုတ်ဘူး ... လူဆိုတာ ကိုယ့်ဘဝကိုယ့်အကြောင်းနဲ့ကိုယ် ... သူ့ဘဝသူ့အကြောင်းနဲ့သူ ရှိတယ် ... ငါက တစ်ကိုယ်ကောင်းဆန်ချင်လို့ စိတ်မဝင်စားဘဲ ရှောင်ထွက်ချင်တာ မဟုတ်ဘူး ... ငါ့ကိုလာပြီး စိတ်ဝင်တစားနဲ့ ဝင်ပါစွက်ဖက်၊ သူစိမ်းတွေနဲ့ စကားလုပ်ပြော ဆိုနေရင်လည်း ငါက ကျေနပ်မှာ မဟုတ်ဘူး ... အဲဒါကြောင့် ငါလည်းဝင်မပါဘူး ..."

"နင် အခုပဲ ကြားခဲ့တယ် မဟုတ်လားဟဲ့ ... နောက်တစ်ယောက်နဲ့ စတင်ချင်နေပြီလေ ..."

"အဲဒါ သူ့ဘဝ သူ့အကြောင်းနဲ့ သူပဲ ... ဒီအရာတစ်ခုဟာ ကောင်းသလား၊ ဆိုးသလား ... သူ မသိရမဲ့အရွယ်လည်း မဟုတ်ဘူး ... အတွေ့အကြုံဆိုးတွေ မရှိတာလည်းဘဲ မဟုတ်ဘူး ... အားလုံးသိရဲ့နဲ့ သူရှေ့တိုးတယ် ... လုပ်တယ်ဆိုရင် ... ဒါ သူ့အကြောင်းပဲ ..."

"မီးကို မလောင်ခင်က တားဖို့ ..."

"ကဲ ... ဒါဖြင့် ... ညနေကျရင် သွားမယ်ဆိုတာလေ ... သွား ... ပြီးရင် ရအောင်တားခဲ့ ... နင့်စကားကို နား

www.burmeseclassic.com



ထောင်ပြီး ... သူ ရှေ့ဆက်တိုးလား ... ရပ်တန်းကရပ် လိုက်သလားဆိုတာ ... နင် ငါ့ဆီပြန် ဖုန်းဆက် ...”

“ဟင် ... နင်က မလိုက်ဘူးလား ...”

“သူက ငါ့ကို စိတ်ဆိုးပြီး ရှောင်နေတာပဲ ... အဲဒါကိုမှ မရှင်းပြ ... မဖြေရှင်းနိုင်သေးခင် ... နင် ဝင်စွက်တော့မဲ့ ကိစ္စနောက် ငါမလိုက်ခဲ့နိုင်ဘူး ... တစ်မှုမပြီးခင်တစ်မှု ... ဆိုရင် မကောင်းတော့ဘူး ...”

ရဲရဲမှာ ... ညနေဘက် ရုံးမှပြန်ရောက်ချိန်ကစလို့ ... သန်းခေါင်ယံတိုင်သည်အထိ ဇီဇဝါ့ထံမှဖုန်းကို စောင့်နေခဲ့ပါသော်လည်း ... ဖုန်းကတော့ မလာချေ ...။

* * *





## အခန်း(၄)

ချမ်းမြရည်က ... လူသစ်တစ်ယောက်နှင့် ထပ်တွဲဆို့ နေပါသည်။ ဟုတ်ပါသည် ...။ ရဲရဲရော ဇီဇဝါပါ မျှော်လင့်ဆို့ ထားကြမည် မဟုတ်သော ... ရည် ကိုယ်တိုင်လည်း ဘယ်ဆိုမှ မမျှော်လင့် ... ကြိုတင်သိရှိတွက်ဆ မထားခဲ့မိသော ... “ကိုစိုးမိုး”နှင့်ပင် ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကိုယ် ... “ငါ ဘာတွေလုပ်နေမိပါလိမ့် ...” ဟု ဆင်ခြင်မေးမြန်းကြည့်တတ်လေ့ မရှိတဲ့ ချမ်းမြရည်က ဒီတစ်ခါ ဒီလုပ်ရပ်အတွက်တော့ ကိုယ့်မှာ “အကောင်းဆုံးဆင်ခြ”တစ်ခု ရှိသည်ဟု ယုံကြည်သည်။ လုပ်ရပ်ကတော့ မှန်ချင်မှ မှန်လိမ့်မှာပေါ့နော် ...။ မှန်မှန် မမှန်မှန် ... ကိုယ့်ရဲ့လုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ခုဟာ ... တခြားလူတစ်ယောက်အတွက် အကျိုးကျေးဇူး ကလေး ... ပီစိမျှ ဖြစ်စေလျှင် ... "အိုကေပြီ ..."ဟု ရည်က တွက်သည်။

လူရယ်လို့ ဖြစ်လာကတည်းက ကိုယ့်အတွက် ... ဘယ်သူတစ်ဦးတစ်ယောက်မှ အကျိုးတစ်စုံတစ်ရာ ကြီးကြီးမား မားရအောင် မလုပ်ပေးနိုင်သေးသော်လည်း ... ကိုယ်လုပ်နိုင်သ လောက်ကလေး ... သေးသေးလေး ပီစိလေးတွေလောက် လုပ် ကြည့်ချင်မိတာ ... အမှားလို့ ဆိုနိုင်မလား ...။

ခုလုပ်ရပ်အတွက်ကတော့ ... အနည်းဆုံး ... ကိုစိုးမိုး ရဲ့ ... "မှန်းစရာကြီး"ဟု အဆိုရှိသော ... ဝသီ ...၊ အလေ့ ...၊ တစ်ခုခု ပြောင်းလဲသွားနိုင်လျှင် ... (စိတ်ဓာတ်ကြီး တစ်ခုလုံးကို တော့ မမျှော်လင့်ရဲပါဘူး ... အကျင့်လေး တစ်ခုတလေလောက် ဖြစ်ဖြစ်ပါ ...) တော်ပြီဟု ရည်က တွက်သည် ...။ ရည့်အဖို့က တော့ ... တချို့လူတွေရဲ့ ပါးစပ်ထဲမှာ "ခုနစ်ယောက်"ကနေ "ရှစ်ယောက်"အဖြစ် ဂဏန်းအရေအတွက်ကလေး ပြောင်းသွား တာလောက်ကတော့ သိပ်အကြောင်းမဟုတ်လှတော့ ...ဟု ယူဆ လိုက်သည်လေ။ မိန်းကလေးတစ်ယောက်အနေနဲ့ ..."သိပ်တိမ် လွန်းတဲ့ တွက်ကိန်း"အဖြစ်ကော ... ရှုတ်ချချင်ကြမလား ...။





"ကိုယ်နဲ့ ဆက်ဆံပတ်သက်နေရတဲ့ လူတစ်ဦးမှာ... ကြီးမားမားကစလို့ ... အသေးစိတ် သေးသေးမွှားမွှားလေးတွေ ထိ ... ဘာတွေလိုအပ်နေတတ်သလဲ ..."ဆိုတာမျိုးကို ... ကိုစိုးမိုး တစ်ယောက် မြင်တတ်သွားစေဖို့ပဲ ရည်ရွယ်ချင်ပါသည်။ "မြင် တတ်"ရင် တော်ပါပြီနော် ...။ ပြုပြင်ပြီး ... လိုအပ်မှုတွေကို လိုက် ... အလိုက်သိနေတတ်ဖို့အထိကြီးကိုတော့ ရည်က တတ်နိုင် ရင်မှ တတ်နိုင်မည် ...။ ရခဲ့ရင်တော့ ပိုကောင်းတာပေါ့ ... အာမ တော့ မခံနိုင် ... ဟုသာ ဆိုလိုတာ ...။

ရည့်ရဲ့လုပ်ရပ်ဟာ ... ဘယ်သူ့မှ အကျိုးမရှိရင်နေ ...။ ရည် ကိုယ်တိုင်အတွက်တော့ အကျိုးယုတ်ချင်လည်းယုတ် ...။ အနည်းဆုံးတော့ ရဲရဲ အတွက် ... အကျိုးတစ်ခုခု ထွက်ပေါ်လာ ပါစေ ... ဟုပဲ မျှော်လင့်မိတာပဲလေ...။ ကိုစိုးမိုးနဲ့ ရည့်ကို အတင်း ... စိမ့်ချင်နေသော ရဲရဲကို ရည်က ပထမမှာ တော်တော်စိတ် ... မိသည် ...။ ဒါပေမဲ့ ပြန်တွေးကြည့်တော့ ... သနားလာသည်။

ရဲရဲဟာ ဇီဇဝါကျ "စိတ်ပုပ်မ"ဟု တတွင်တွင် ... ည်တပ်ထားသော်လည်း ... ဒီလုပ်ရပ်မျိုးကတော့ စိတ်ပုပ်တာ ... တ်သက်တော့ မဟုတ်နိုင်ဘူး မဟုတ်လား ...။ အချစ်ရဆုံး ... ယ်ချင်းနှစ်ယောက်အတွက် ရည်က ဘာမှလဲ သိပ်လုပ်ပေး ... သေးတာ မဟုတ်ဘူးလေ ...။ ဒီတော့ ခုကြုံတုန်း ... ရဲကို



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးစားပေးအနေနှင့် ... ကိုစိုးမိုးကို ပြုပြင်ကြည့်မည် ... (အို ... မဟုတ်ဘူး ...။ အဲဒီလိုပြောတော့ ကိုယ့်ကိုယ်ကိုယ် သိ ကြီး အထင်ကြီးရာ ကျနေဦးမည် ...။ ပြုပြင်ကြည့်မှာ မဟုတ် ပါ ... အတွေးလေးတချို့ ခေါင်းထဲ ထည့်ပေးကြည့်ရုံ ...။)

ရဲရဲ ပြီးရင်တော့ မိဖိ ...။ လေဒီပါလေရာစိန်သည် လည်း ဝင်မပါသင့်တာတွေကို ဝင်ဝင်ပါပြီး ... လူတွေ ကမောက်ကမ၊ ကသိကအောက်တွေ ခဏခဏ ဖြစ်စေတတ်သေ လည်း ... ဝင်ပါတယ် ဆိုကတည်းက သူ့ရင်ထဲမှာ စေတနာတ တော့ လက်ဆုပ်လက်ကိုင် ရှိနေပြီးမို့လို့ပဲလေ ...။ ဒီလိုနားလ ပေးလိုက်နိုင်တော့ ... "ထူး"နဲ့ ကိစ္စမှာ ရည့်ဘက်က အောက် နေရင်းထိုင်ရင်း အပြောခံနေရတာ ... "ပါလေရာမကြောင့်" တဲ့ အတွေးကို ရည်က ကြိုးစားမေ့ဖျောက်နိုင်ပြီ ...။ သူ့နည်း ပဲ ... ရည်လည်း သူ့အကျိုးအတွက် ဘယ်လိုဝင်ဆောင်ရွက်ပေ မလဲ ဆိုတာကိုသာ ပြန်စဉ်းစားနေမိပြီ ...။

ကိုစိုးမိုးတစ်ယောက် ... ရည့်ရုံးအထိ လိုက်ပါလာမ လို့တော့ ရည်က ထင်လို့ကို မထားတာပါ ...။ အံ့သြရလွန်း စိတ်ဆိုးရတာတွေပင် ပျောက်ကုန်သည် ... ဆိုတာမျိုးပေါ့

"အစ်ကိုက ညီမနဲ့ ... ဆက်ပြီးညှိကြည့်ချင်ပါသေ တယ်"... တဲ့။





ဤကမ္ဘာပေါ်မှာ အံ့သြစရာ အကောင်းဆုံး လူသား ဆိုကို တစ်ဦးတည်း ပြိုင်ဘက်မရှိ သိမ်းပိုက်ထားနိုင်သော ဤ လူမျိုးကို ဆက်လက်ပြီး စိတ်ဆိုးနေရဦးမည်ဆိုလည်း ... ရည်ပဲ အရူးဖြစ်တော့မည်လေ ...။

ရည်က ... "မပြီးခင် ... ဘယ်သူမှ မမြင်စေနဲ့ ..." ဆိုသလို ... ကိုစိုးမိုးနဲ့ ကိစ္စကို ဟိုနှစ်ယောက် (ထူးနဲ့ပါဆို သုံး ယောက်)တို့ကို ပြောပြထားဖို့ လုံးဝကို စိတ်မကူး ...။ သူတို့ ဘာသာ သိလာကြရင်တော့လည်း မတတ်နိုင်ဘူးပေါ့ ...။ ပါလေ ရာတို့ကတော့ အတင်းကန့်ကွက်လို့ကို ဖျက်ထုတ်မှာ ...။ ရဲရဲ ကိုကျတော့ အဲဒီပါလေရာကိုပဲ သွားပြောဂုဏ်ယူနေဦးမှာစိုးလို့ ...။ ထူးကိုကျတော့ မခန့်မှန်းနိုင်လို့ပါ ...။ ထူးကား ... သူကိုယ် တိုင်လည်း ဆူချင်ဆူ ... တားချင်တားမည် ...။ ဟိုနှစ်ယောက် ကိုလည်း သွားပြောချင် ပြောနေလိမ့်မည်လေ ...။

သိဘူး ...။ ကိုယ့်အသိဉာဏ်လေး တစ်ထွာတစ်မိုက် နဲ့တော့ ကောင်းမယ်ထင်တာကို လုပ်ကြည့်မလို့ပဲ ...။ ပြီးမှ ဘာ မှ ကောင်းမလာရင်တော့လည်း မတတ်နိုင် ...။ ဆုံးဖြတ်ချက်က တော့ မြန်သလား မမေးနဲ့တော့ ...။ ကိုစိုးမိုးကို ရည်တို့ရုံးရဲ့ ဂိတ်ဝမှာ ... အံ့သြတကြီး တွေ့မြင်လိုက်ရပြီးတာနဲ့ ဒီအကြံက ခေါင်းထဲ တစ်ခါတည်းရောက်၊ တစ်ခါတည်း ဆုံးဖြတ်ချက်က ချသွားတာပါပဲ ...။

www.burmeseclassic.com



ညိုလေ ... ညို ... ညို ... ရတယ် ... ညို ...။ ပြီးရင် သူ ညိုတိုင်းပါပြီး သူတို့မောင်နှမနှစ်ယောက် ပူးပေါင်းကြံစွယ်နေကြသလို ... ရလဒ်မျိုး ထွက်လာပါမည်ဟုတော့ ... အာမမခံနိုင် ...။ မဟုတ်ဘူး ... ထွက်လာမယ်လို့ အာမ,မခံနိုင်တာတောင် မဟုတ်ဘူး ...။ ထွက်ကို ထွက်လာမှာ မဟုတ်ဘူးဆိုတဲ့ကို အတိအကျ အာမ,ကြိုခံထားနိုင်တာမျိုးတောင် ဖြစ်နေသေး ...။ ဒါပေမဲ့ ... ညိုပါ ...။ သူ့မှာ ညိုချိန်ကြာကြာယူလေ ...၊ ကိုယ့်မှာလည်း ကိုယ်ထည့်ချင်ရာတွေ ... သူ့ခေါင်းထဲ အရောက်ထည့်နိုင်ဖို့ အချိန်ပိုရလေပေါ့ ... ဒါပဲ ...။

မဆိုးပါဘူး သိလား ...။ ပထမဦးဆုံး လုပ်ရပ်အနေနဲ့ ... "ညိုလိုပါတယ် ..." ဆိုသူကြီးကို ... "လာပါ ... ကန်တင်းမှာ ထိုင်ရအောင် ... ပြောစရာရှိတာတွေကို ကော်ဖီသောက်ရင်းဖြစ်ဖြစ် ပြောကြတာပေါ့နော် ..." ဘာညာနဲ့ လုံးဝစမဖိတ်ခေါ်ဘဲ ... ဂိတ်ပေါက်ဝကြီးတင် ပေပေကြီးရပ်ပြီး "ဟုတ်ကဲ့ ... ကိုစိုးမိုး" ဆိုတော့ ... ခမျာမှာ ... ဂိတ်ဝကြီးတင် ခပ်ကြာကြာရပ်နေပြီးမှ ...

"ဒီရုံးမှာ ... ကင်တဲန်းမရှိဘူးလား ..."

ဒါပဲပေါ့ ...။ ကန်တင်းရောက်တော့လည်း ရည့်ရဲ့ "ပေပေငုတ်တုတ်" ပုံစံကြောင့် ... သူ့ပဲ စကားစရှာရ ... ကော်ဖီ





မှာပေးရ ... "မုန့်စားဦးမလား ..." ဟု မေးရ ...။ ဘာမှစကားလုံးရှာမရဘဲ ငုတ်တုတ်ကြီး နှစ်ယောက် ဖြစ်နေမှာစိုးလို့ ... အလုပ်မရှိ၊ အလုပ်ရှာ ... ရေနွေးထတောင်းရ ...၊ နှစ်ယောက်စာငှဲ့ပေးရ ...။ ရဲရဲ့ဆီက ပြန်ကြားထားရသော အချိုးအချိတ်ပုံစံများအရဆိုလျှင် ... ရည်ရဲ့ ပထမဦးဆုံးအကြိမ် သင်ခန်းစာ(၁) Lesson(1) ဟာ အတော်ကြီးကို အောင်မြင်သည်ဟု ပြောလို့ရနိုင်သည်။

"ညီမလည်း သိပြီးဖြစ်မှာပါ ..."

ဘယ် ... ဒီလိုကျော်ချလို့ ရမလဲ ...။

"ရည် ဘာမှ သိမထားဘူး ကိုစိုးမိုး ..."

ကဲ ...။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် နှစ်ဦးတစ်ဘဝ ပူးပေါင်းပြီး အိမ်ရာထူထောင် ... အတူနေဖို့ ...။ ဒီလောက် အရေးပါလှတဲ့ ကိစ္စကြီးကို သူများနဲ့တင် အားလုံးပြီးချင်တဲ့သူကြီး ...။ အစက ... တစ်ကနေသာ ပြန်စပေတော့ပေါ့ ...။ သူက ညိုချင်တာကိုး ...။ ဒါပဲရှိတော့တဲ့ဟာ ...။ လုပ် ... လုပ် ...။ နှုတ်နည်း ရှောင်ရှားမနေချင်နဲ့တော့ ...။

ပြောမဲ့ပြော ... ထွက်မဲ့ထွက်တော့လည်း ... အမယ်လေး ... ဘုရား ... ဘုရား ...။ လောကကြီးမှာ ဘယ်အရွယ်ရောက် မိန်းကလေးမှ ဒီလောက် တဲ့တိုးကျ ပေါ်တင်ဆန်သော စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးများနှင့် ထိုကိစ္စမျိုးကို အသိပေးခံကြရဖူးမည် မထင်ပေ ...။ သူ့ဟာက "လက်ထပ်ခွင့်တောင်းတာ" ထက် "မီးဘေးကာကွယ်ရေး" အတွက် ရပ်ကွက်တွေထဲမှာ မဖြစ်မနေ လုပ်ကိုလုပ်ရမည့် အချက်တချို့ကို ... Alarm လုပ် ... တပ်လှန့်အကြောင်းကြားထားသလို ပုံစံမျိုးကြီးပဲ ပေါက်ကိုပေါက်နေတော့သည်။

ဒီတစ်ခါတော့ ရည်က စိတ်မဆိုးမိပါ ...။ (ကိုယ့်လိုဘတစ်ခုကလည်း ရှိနေသေးတာကိုး။) ဒါပေမဲ့ ... "မုန်းစရာကြီး ...၊ အစ်ကိုမတော်ချင်ဘူး ..." တို့ ...။ "တစ်ခါတလေကျရင်များ သူ အိပ်ပျော်နေတုန်း ... သူ့ဆံပင်တွေ အားလုံးကို မီးနဲ့သွားပြေးရှို့ပစ်လိုက်ချင်မိတယ် ..." တို့ ...။ "သူ့ခေါင်းထဲမှာ သူ့အဖေ သူ့အမေ အရင်းတွေကပဲ မွေးထုတ်ထားတဲ့ ... သူ့ညီမဆိုတဲ့ သတ္တဝါတစ်ကောင် ရှိနေသေးတယ်ဆိုတာ ... သိမှသိတော့ရဲ့လား မသိဘူး ..." တို့ ...။

ရဲရဲရဲ ပေါက်ကွဲခဲ့သမျှ အားလုံးတို့ကို ရည်က အံ့ဩမိနေပြီ။ ဘာကြီးပဲ ဖြစ်နေနေ ...။ ဘယ်လိုဝသီပဲ ရှိရှိ ... ကိုစိုးမိုးဟာ သူ့ရဲ့တစ်ဦးတည်းသော ညီမကလေး ရဲရဲကို အတော်ကြီးကို ခေါင်းထဲထည့် စဉ်းစားချစ်ခင်နိုင်လို့သာပဲ ... ဆိုတာ ... သူ့လုပ်ရပ်၊ သူ့စကားတွေကိုကြည့်ပြီး ... ရည်က ခံစားလို့ရလာသည်။





ရည်တောင် တစ်နေ့တည်းနဲ့ သဘောပေါက်သေးတာ ... သူ့ညီမရဲရဲကကျတော့ အနှစ်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးကြီး အတူတကွနေနေကြရက် ... ဘာလို့ မမြင်ဘူးလဲ ...။ ပြတဲ့သူကပဲ မပြတာလား။ မြင်ရမဲ့သူကပဲ မကြည့်တာလား ...။

"ကိုစိုးမိုး ... အားတဲ့အချိန်ကျရင် ... လာ ... လာဆွေးနွေးပေါ့နော် ... ရည်လည်း ခေါင်းထဲထည့်ပေးထားပါ့မယ် ... ရုံးကိုပဲ လာပါ ... ရည်က အမေ့ကိုတော့ ပြောမပြသေးဘူးလို့ စိတ်ကူးတယ် ..."

"ဘာလို့လဲ ညီမ ... အရင်ဆုံးတောင် အသိပေးရမှာမဟုတ်ဘူးလား ..."

ဟင့်အင်း ...။ ကိုစိုးမိုး မသိပါဘူး ...။ ရည်က ဒီကိစ္စကို ... ဟိုပါလေရာမရဲ့ ဝသီအတိုင်း ... "အမှားဝင်ပြင်ကြည့်ရုံသက်သက်" လို့သာ ရည်ရွယ်သေးတာပါ။ ဘယ်မိန်းကလေးကမှတော့ ... "ကိုယ့်ညီမရဲ့ဆန္ဒတစ်ခုကို အတည်ပြုလိုက်နာရုံသက်သက်နဲ့ အိမ်ရာတစ်ခုကို ထူထောင်ဖို့ ... ချက်ချင်းဆုံးဖြတ်ချက်ကျရဲတဲ့ ယောကျာ်းမျိုး" ကို ... အားကိုးယုံစား ခေါင်းညိတ်ရဲကြမှာ မဟုတ်ပါဘူး ...။

အတွေ့အကြုံတွေ များလာတဲ့အခါ ... "အချစ်" ဆိုတာတစ်ခုကို ရည်က ဒီလောက်ကြီး ရှေ့တန်းတင် အရာထားနေချင်



www.burmeseclassic.com

www.burmeseclassic.com



တော့တာလည်း မဟုတ်ဘူး ...။ "အချစ်မပါတဲ့ အိမ်ထောင်ရေး တစ်ခုမှာ ... တခြားတန်ဖိုးထားနိုင်မှု၊ နားလည်နိုင်မှုတွေ ... လူမှုရေး၊ စီးပွားရေး အဆင်ပြေမှုတွေ ...။ အပြန်အလှန်သိ တွေ ...၊ တာဝန်ယူမှုတွေနဲ့ ... အဲဒီ ကာယကံရှင် ယောကျ် မိန်းမ နှစ်ယောက်ရဲ့ စိတ်ထဲမှာ ... "အိမ်ရာထူထောင် အ ကျလိုမှု"တစ်ခုပါ အတူရှိရင် ...။ အောင်မြင်သင့်သလော အောင်မြင်နိုင်တာ ... ရည်က သဘောပေါက်နိုင်နေပါပြီ ...။

ခုဟာကြီးကတော့ ... "အချစ်"တင်မက ... ဘာမှ မပါဘူးလေ။ "ညီမဆန္ဒ"ဆိုတာကလွဲရင် ... "ကာယကံရှင် ဆန္ဒ"တောင်မှ ပါဝင်မနေခဲ့ဘူးလေ ...။ အမေသိဖို့ မလိုပါဘူး တခြားဘယ်သူမှလဲ ထပ်သိစရာ မလိုပါဘူး ... ကိုစိုးမိုးရယ် ဖြစ်လာမှာမှ မဟုတ်ဘဲ ...။

သို့သော် ... လောလောလတ်လတ် အခြေအနေမှာ ညီမဆန္ဒကို အကောင်အထည်ဖော်ပေးနိုင်ဖို့ "ဟာ,လာညို"နေသေ အစ်ကိုတစ်ယောက်ကို ချမ်းမြရည်က ခေါင်းညိတ်လက်ခံတွဲကာ ကိုယ်ကလည်း ကိုယ်လုပ်ချင်ရာလေးတွေကို မသိမသာလေး လမ်းကြောင်းချ ... ကျေနပ်လို့ နေပါသည် ...။

ပါလေရာမတစ်ယောက် အိမ်အထိ ပေါက်ချလ ပြီး ... ငေါက်ငမ်းဆူပူ၊ မေးမြန်းအစ်ထုတ်၊ ဒေါသတွေထွ





ဘုနက် ဆိုတာတွေကိုလည်း ဖြိုးဖြိုးလေးပင် ငုံ့ခံနေလိုက်ပါသည်။ စီဇဝါက ..."တော်ပြီ ... နင့်ကို စိတ်ကုန်တယ် သိလား ... ငါဘာမှ ဝင်မပါတော့ဘူး ..."တဲ့ ...။ ရည်ကတော့ ရယ်ချင်သည် ...။ သူက ဝင်မပါချင်တော့ပေမဲ့ ... ရည်ကတော့ ဒီတစ်ကိစ္စပြီးရင် သူ့အတွက်လည်း ဝင်ပါကို ပါပေးရဦးမည် ...။

❀❀❀

"ဘာလို့ ဒီလောက် စိတ်တွေဆိုးနေမလဲ ... မိုဇီရာ ... ဟင် ... ကိုယ် ဘယ်လိုမှ မလုပ်နိုင်မှန်း သေချာတဲ့ကိစ္စ တစ်ခုဆိုရင် စိတ်တွေလျှော့ကြည့်လိုက်လေ ... ကိုယ်လည်း ငြိမ်းချမ်းတယ် ... ဘေးလူတွေလည်း သိပ်စိတ်မညစ်ရဘူး ပေါ့ ..."

"အောင်မာ ... ဒီစကားက ... ခုတော့ နင်က ငါ့ကြောင့် သိပ်စိတ်ညစ်နေရပါတယ်ဆိုတဲ့ သဘောလား ... အစုတ်ပလုပ် ... ခွေးချေးတုံးရဲ့ ..."

"တခြား ဘာ့ကြောင့်မှ မဟုတ်ပါဘူး ... နင်က စွတ်စိုး ဆိုးနေတော့ ... ဘေးကနေ ငါက ဘယ်လိုနေရမလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"နေချင်သလိုနေပေါ့ ... ဒီကိစ္စမှာ စိတ်မဆိုးဖို့တော့ လာမပြောနဲ့ ... စေတနာမေတ္တာ စစ်မှန်တဲ့လူ မှန်သမျှကတော့ စိတ်ဆိုးမှာချည်းပဲ၊ နင် စိတ်မဆိုးရင် ..."

"မေတ္တာမစစ်လို့,လို့ပဲ ထားလိုက်ပါတော့ ..."

"ဘာ ... နင်က ငါ့ကို ရွဲ့တယ်ပေါ့ ..."

"မဟုတ်ဘူးလေဟာ ... နင့်ဘာသာနင် တစ်ယောက်တည်း ဆန္ဒနဲ့ ငါနဲ့ ရည့်ကို စွတ်ဖြစ်မြောက်စေချင်နေတုန်းကလည်း ငါရော ရည်ပါ မျက်နှာတွေ ပူခဲ့ကြရပြီးပြီ ... အဲဒါကို ... ခုလို အခြေအနေမျိုး ပြောင်းသွားတော့ ... ငါကပါဝင်ပြီး စိတ်ဆိုးပေးနေရဦးမှာလား ... ငါ့အနေအထားကိုလည်း ကြည့်ပါဦး ... ကိုယ်မရလိုက်လို့ နမြောပြီး စိတ်ဆိုးနေရပါတယ် ဆိုတာမျိုးကြီးကတော့ ... ဟာ ..."

ဇီဇဝါက ထူးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ရင်း ...

"ဒါဖြင့် ... နင်က ကျိတ်ဝမ်းသာနေတယ်ပေါ့ ..."

"အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ... နင်က တစ်ခါတလေကျ သိပ်ခက်တာပဲ မိဇီ ... ကိုယ်ထင်ရာတစ်ခုကိုပဲ အမှန်လို့ စွတ်ထင်နေတယ် ... သူများတကာတွေရဲ့ ရင်ထဲ ဦးနှောက်ထဲကို သိပ်ဝင်မကြည့်ချင်ဘူး ..."





ဇီဇဝါက သက်ပြင်းတစ်ခုကို ချလိုက်သည်။ ဟုတ်ပါတယ်လေ ... "ထူးနဲ့ရည်"ဆိုတာကတော့ ရှေ့ဆက်တိုးဖို့ အခွင့်အလမ်းမပေါ်တော့တာကိုပဲ သက်ပြင်းချ ကျေနပ်လိုက်ရမှာပါ ...။ အန်တီမီးရဲ့ ပြတ်သားလှတဲ့ စကားတွေကြောင့် ကိုယ်ကိုယ်တိုင်တောင်မှ နောက်ဆုတ်ရခက် ... ရှေ့ဆက်တိုးမရ ... လမ်းခုလတ်မှာ ကားယားကြီး ဖြစ်နေရပြီပဲဟာ ...။ ဒါပေမဲ့လည်း "ထူးနဲ့ရည်" ဆိုတာကို ရှေ့မဆက်ချင်တိုင်း ... အဲဒီ "ပျော့စိစိနဲ့ ကြောင်ချေးမ" ရဲ့ နောက်တစ်ကိစ္စဆိုတာကြီးကို ပြုံးပြုံးလေးနဲ့ လက်သင့်ခံ နားထောင်ပေးနေရဦးမှာလား ...။

"ဒီတစ်ခါလည်းမဲ့ ကွဲပြန်၊ ပြတ်ပြန် မျက်ရည်ယိုနေရပြန်ပြီဆိုရင် ... အဲဒီအိမ်ပေါ်ကို ... ဒီတိုင်းတော့ တက်မသွားတော့ဘူး ... ဓားနဲ့ပဲ တက်သွားတော့မယ် ..."

"ပြီးရင် ဘာလုပ်မှာလဲ ... ချမ်းမြရည်ရဲ့ ဗိုက်ထဲကို အဲဒီဓားကို ထိုးသွင်းမှာလား ... ဒါမှမဟုတ် ... လည်ပင်းကို လှီးမှာလား ..."

ဇီဇဝါက ထူးကို အံကြိတ်ပြီးတော့ပဲ ကြည့်နေလိုက်သည်။ ဒီတစ်ယောက်ကလည်း အဲဒီလို အပြောတွေကြောင့် ရဲရဲဆိုက လက်ပါမှုကို အမြဲကြုံတွေ့နေရတာ ...။ ဇီတောင် (ထူးကိုဆိုရင်တော့) လက်ပါတတ်လေ့ မရှိလို့သာ ...။ ခုလိုအပြောမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ... ဘယ်လောက်"အုန်း"ခနဲ့ ထုပစ်ချင်စရာ ကောင်းထား သလဲ ...။ ခနဲ့တဲ့တဲ့ ... ရိသဲ့သဲ့နဲ့ ... အနိုင်ပြန်မပြောနိုင်တော့ တဲ့လူကို အင်မတန် အသည်းယားတက်လာအောင် ပြောတတ်တဲ့ စကားမျိုး ...။ ဘာထူးလဲ ... ရဲရဲနဲ့ တစ်ဆင်တည်း ...၊ တစ်ဖြတ် တည်း။

သူတို့နှစ်ယောက်ကိုသာ ပေးစားထားလိုက်လို့က တော့ ... တစ်ဦးကိုတစ်ဦး ... ခနဲ့လိုက်၊ ရိလိုက်၊ လက်ပါလိုက် နဲ့ ...။ ထူး တစ်ကိုယ်လုံးလည်း အညိုအမည်းတွေ စွဲနေမည်။ ရဲရဲ လည်း ကြည့်လိုက်တိုင်း တရှုံ့ရှုံ့နဲ့ ငန်းမြွေကြီး နှာမှုတ်သလို ...။ ဘေးက ကြည့်နေရတဲ့ ဘေးလူတွေအဖို့မှာတော့ ... စိတ်ပဲ ဝိုင်း ညစ်ရမလား ... တဟားဟားနဲ့ပဲ ရယ်နေရတော့မလား ...။

ရဲရဲ ဆိုတဲ့ မိန်းမကတော့ ... "ဒေါ်ဇီဇဝါကလေး အကြံတွေပျက်ပြီ"ဆိုပြီး တခွီခွီ ဖြစ်နေလောက်ပြီလား မသိနိုင် ချေ ...။ ဩမှမဟုတ်၊ သို့အစ်ကိုတော်ကြီးကို ... "ငါ့လတ်တ လွတ် ... ဖြွတ်"ဆိုပြီး အတင်းတိုးထည့် စီမံချင်နေသေးသော သူ့အကြံအစည် တွက်ကိန်းကြီးပါ ပူးတွဲပျက်ပြယ်သွားရသည့် အတွက်ပဲ ... သူလည်းပဲ စိတ်တိုနေလောက်ပြီလား ...။

"နင်သွားမေးစမ်းကြည့်ချေဦး ..."

"ဘာကိုလဲ ..."





"အခု ရည့်ရဲ့တစ်ယောက်အကြောင်းပေါ့ ... ကြောင်ချေးမ က ငါ့ကို ဘာဆိုဘာမှ ... တစ်လုံးမှ မပြောဘူးဟ ... လုံးဝကို ရေငုံနှုတ်ပိတ်ထားတာ ..."

"ဟာ ... ငါကကော ဘာလို့မေးရမှာလဲ ... သူ့ဘာသာသူ ... သူ့ဦးနှောက်နဲ့သူ ကောင်းမယ်ထင်တာကို သူ လုပ်နေတာ ပဲ ... သူငယ်ချင်းကောင်းဆိုတာ ... အကူအညီ လာတောင်း ခဲ့ရင် ... ပေးနိုင်ရင်ပေး ... ပေး နိုင်သလောက် ပေးလိုက် ပေါ့ ... ကာယကံရှင်က မလိုလားဘဲ အတင်းဝင်ပါ ကူညီ ရမယ်လို့တော့ ... ဘယ်သူကမှ မသတ် မှတ်ထားဘူး ..."

"အတူတူပဲ ... အတူတူပဲ ... နင်တို့နှစ်ယောက်လေ ... နင်နဲ့ ရဲရဲနဲ့ကို အိုးတစ်လုံးထဲမှာ ပေါင်းကျိုပြီးမှ နှစ်တုံး ပြန်တုံးထားသလား မှတ်ရတယ် ... ဘယ်တော့မဆို ဘာ မဆိုကို တွေးလိုက် ခေါ်လိုက်မှဖြင့် တစ်ဖြတ်တည်းပဲ ..."

"ဒါပေါ့ ... အမှန်တရားဆိုတော့လည်း ဘက်တော်သား များတာပေါ့"

"မဟုတ်ဘူး ... အမှန်တကယ်က ... ဒီလောက်တစ်သဘော တည်း ဖြစ်နေကြတဲ့ နှစ်ယောက်ကသာ ရသင့်တာထင် တယ် ... ဦးနှောက်မရှိတဲ့ ကြောင်ချေးနဲ့ စိစဉ်မိတာကိုက ငါ့အမှား ... လူနှစ်ယောက်ဆိုတာ ဦးနှောက်တူနေမှ ... ပေါင်းစည်းလို့ ရနိုင်တာ ... ဟုတ်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ငါဆိုလိုတာက အဲဒါမဟုတ်ပါဘူး …"

ထူးက "ကျွတ်"ခနဲ မြည်တမ်းကာ သူ့နဖူးဘူ ရိုက်လိုက်ချိန်မှာ … ဓီဇဝါကတော့ … ထူးကို (အသိအမှတ်စိတ် သိပ်မရှိဘဲ) မမိုတ်မသုန်ကြီး စိုက်ကြည့်နေရင်း … အတွေးတို့က ရဲရဲထံသို့ ပြေးလွှားရောက်ရှိလျက်ရှိသည်။ "သူ့ကို ရည်နဲ့တော့ ဘယ်လိုမှ သဘောမတူနိုင်ပါဘူး"ဆိုတဲ့ ဒေါ်ရဲရဲဟာ … ကိုယ် ကိုယ်တိုင်နဲ့ ဆိုရင်ကော သဘောတူနိုင်မလား …။ ဟား ဟား ဟား …။

"ထူးကို ငါ ချစ်တယ် မိဇီ … ငါနဲ့ကော သဘော မတူဘူးလား … နင် စီစဉ်မပေးချင်ဘူးလား …"တဲ့ …။ ဟား ဟား ဟား ဟား …။

အိုကေ … အိုကေ … ကောင်းပြီ …။ နေနဲ့လ … ရွှေနဲ့မြ …။ ရေကန်အသင့် ကြာအသင့် …။ တိုင်း၍ရက်သည့် ကမ္ဘလာ … ပြီးတော့ ဘာစကားပုံတွေများ ရှိနိုင်ဦးမလဲ …။ ကဲ လေ … ဒီတစ်ချီတော့ ကိုယ့်အစီအစဉ်ကို ဘယ်သူက ဘာဆင် ခြေနှင့် ငြင်းဦးမလဲ …။ ရဲရဲကိုတော့ "နင်ကိုယ်တိုင် နင့်နှုတ်ဖျား က ဝန်ခံထားတာ … နင်ကိုယ်တိုင် ဝင်စီစဉ်ခိုင်းထားတာ …" ဆိုတဲ့ စကားတစ်ခွန်းနဲ့တင် ပိတ်မိနေစေတော့မှာ … လှုပ်လျှင် … ရှုန်းထွက်လျှင် … သူ့အမှား …။





မစ္စတာထူးကကော …။ ရည်နဲ့ စီစဉ်မိလို့ … သူ ကိုယ်တိုင်ပဲ ရဲရဲထံ အိမ်တိုင်ရာရောက် ကြွချီကာ … ကိုယ့်အတင်း ကို နှစ်ဦးသား တက်ညီလက်ညီ အုပ်ခဲ့ကြသေးသည် မဟုတ် လား …။ "နင်နဲ့ ငါနဲ့ တစ်ဖက် …"ဟု ဘက်ဖွဲ့ … ဂိုဏ်းဖွဲ့ ခဲ့ကြသေးသည် မဟုတ်လား …။ ခုကျတော့ သူ့ဘက်တော်သား စိတ်တူ၊ သဘောတူ၊ အားလုံးတူနဲ့ စီစဉ်မဲ့အလှည့်လေ … ဘာ ငြင်းချင်သေးလဲ …။

အန်တီမီးကကော …။ ရည်းစားတွေ ထားဖူးတဲ့ ကလေးမလေးမျိုးနဲ့ သူ့သားကို လုံးလုံးမျှ မတန်ဟု အယူရှိတဲ့ ဒီအမေတစ်ယောက်အတွက် ရဲရဲဟာ … သူ့သားကလွဲရင် … ဘာယင်ဖိုမျှ မသမ်းဖူးသေးသော … ခြောက်ပစ်ကင်း သဲလဲစင် … မိန်းကလေး … လေးလေ …။ "ထူးရဲ့ မိန်းကလေးဟာ ဒီလို မိန်း ကလေးမျိုးတော့ မဟုတ်ဘူး …"လို့ ဘယ်အချက်ကိုထောက်ပြီး အပြစ်ရှာ ပြောနိုင်တော့မလဲ … ဟဲ ဟဲ ဟဲ ဟဲ …။ "သမီးနဲ့ သာ သဘောတူတာ … သမီးတို့ချင်းပဲ အမြန်စီစဉ် …"ဆိုတဲ့ စကားမျိုးကိုလည်း ပြောနေဖို့ လိုဦးမှာလား …။

ဟုတ်ပါတယ် … ခုမှ တစ်ရေးရေး တွေးမြင်လာ မိတာ …။ ထူးဟာ ရဲရဲ တစ်ယောက်ကိုသာ တစ်သက်လုံး အထင်ကြီး အကောင်းမြင်ခဲ့တာ …။ ဇီ သိပ်ညံ့ခဲ့လွန်းလို့သာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်မတွေးမိခဲ့တာပဲ ...။ ရည်ရဲ့ ဖြစ်ပျက်သမျှ ကိစ္စတွေမှာ ... ဇီက ... "ဖတဆိုးကလေးမို့လို့ပါဟယ် ... ဒေါ်ဒေါ်ကလည်း အေးပြီး သိပ်လူရာမဝင်ချင်သလိုတောင် ဖြစ်နေလို့မို့ပါ ..."လို့ စောဒကတက်လျှင် ... အဲဒီ ကိုရွှေထူးက ဘာပြောသလဲ ...။

"ဖခင်အုပ်ထိန်းမှု မရှိလို့ ဒီလိုဖြစ်တာပါလို့ ခွင့်လွှတ်ရမယ်ဆိုရင် ... ရဲရဲကို ဘယ်သွား[illegible]ရမလဲ ... အဖေကော ... အမေပါ မရှိဘူး ... ရည့်လိုတော[illegible]ိုင်းကောင်းကျောက်ဖီ ပုံစံနဲ့ မိန်းမဆန်ဆန်လေးလည်း မဟုတ်ဘူး ... ဒါပေမဲ့ ... ကိုယ့်ခြေထောက်ပေါ် ကိုယ်စုံရဲရဲဝံ့ဝံ့ ရပ်နေတယ် ... ဘယ်သူ့အပြောမှ ခံရအောင် မနေဘူး ... သူကမှ မိဘမဲ့ ... ဒါပေမဲ့ ဘာတစ်ခုမှ မမှားဘူး ..."

ဖိုးဘာသာ ... ဒက်ဒီနဲ့ မာမီကလည်း အလိုလိုက်ထားသလိုရှိလို့ ...။ ကိုယ်ကိုယ်တိုင်ကလည်း ... "အချောင်ခိုလို့ ရတုန်း ခိုရတာ၊ ကြီးလာရင် ခိုချင်လို့မှ ခိုလို့မရနိုင်တော့တဲ့ အရွယ်ရောက်လာရင် ... အလုပ်ဆိုတာ အလိုလိုနေရင်း လုပ်ကို လုပ်ရတော့မှာပဲ ... သူများဘာသာ ကုသိုလ်ထူးနေလို့ ... ငြိမ်းငြိမ်းနေခွင့်ရထားတာ ... လာမနှာလို့ မဖြစ်ကြနဲ့" ... လို့ ... မညာစုံပြီဖြစ်ရက် ဝင်ငွေရှာတဲ့ အလုပ်တစ်ခုခုလည်း ဟုတ်တိပတ်တိ မလုပ်ဖြစ် ...။ အိမ်အလုပ်ကျတော့လည်း အိမ်မှာက





ကောင်မလေးတွေ တစ်ပုံကြီးနဲ့မို့ လှည့်လို့ကိုမကြည့်" ...။ ရှိရှိသမျှ အချိန်ပိုတိုင်းကို သူများကိစ္စ ဝင်,ဝင်ပါနေတာမျိုးနဲ့ချည်း အသုံးချနေတော့ကော ... အဲဒီဦးမောင်ထူးဟာ ဘာပြောသလဲ ...။

"ဒီအရွယ်ကြီးလည်း ရောက်နေပြီ ... ဘွဲ့လည်းရပြီးပြီ ... အဲဒါကိုပဲ မိဘချမ်းသာလို့ ... ကျွေးထားနိုင်လို့ ... အလိုလိုက်ထားလို့ဆိုပြီး ... အလုပ်တစ်ခုခု အတည်တကျ ဝင်မလုပ်ချင်ဘဲ ရောရှုယာင်နေတာလောက် အပျင်းကြီးတာ မရှိတော့ဘူး ... အပြင်ထွက် အလုပ်မလုပ်လို့ ... အိမ်ထောင်ရှင်မကောင်းဖြစ်အောင် အိမ်မှာပဲ ကျင့်တော့မလို့လားဆိုတော့လည်း အိမ်ကအလုပ်တွေကို လက်ဖျားနဲ့မှမထိ ...။

ရှိသမျှ အချိန်တိုင်းကို ပါလေရာကိစ္စနဲ့ချည်းအသုံးချပစ်နေတာ ငါ အံ့ဩလွန်းလို့ပါ မိဇိရာ ... နင့်အစားအချိန်တွေကို ငါနမြောလိုက်တာ ... သူများကိစ္စ ဝင်ပါလို့ တစ်ခါပါ'တစ်ရာ'ရမယ်ဆိုရင်တောင် ... အလုပ်သဘော။ ဝင်ငွေရှာတဲ့သဘော ဖြစ်သွားလို့ ငါ ဘာမှမပြောတော့ဘူး ... ခုဟာကတော့ ...

မိရည်တောင် အိမ်အလုပ်တွေကို ဒေါ်ဒေါ်က "နေ ... နေ ... သမီးလေး ပင်ပန်းမယ်" ဆိုတိုင်း ကျိတ်အချောင်ခိုနေတာ ... ငါက သိပ်ကြည့်ရတာ မဟုတ်ဘူး ... ဒါ



www.burmeseclassic.com

www.burmeseclassic.com



တောင် သူက လုပီပီ ... ဥစ္စာရှာတဲ့အရွယ်မှာ ဥ[illegible]
အပြည့်အဝ ရှာနေသေးတာ ... နင်ကြည့်စမ်း ... ရဲရဲကို[illegible]
အလုပ်ထဲမှာဆိုလည်း အလုပ်ရှင်က ... မြှောက်စားထ[illegible]
အောင် ထိပ် ...၊ အိမ်ကျပြန်တော့လည်း ... သူပဲ [illegible]
အိမ်လုံးကြီးကို တာဝန်ယူ ...။ ကြည့်စမ်း နင်နဲ့ ရဲ[illegible]
အသုံးဝင်ပုံချင်း အကွာကြီး ကွာမနေပေဘူးလား ...[illegible]
ရယ် ... ရဲရဲကသာ အနိုင်ယူချင်ရင် နင်ရှက်တတ်ရင်[illegible]
သေဖို့တောင် ကောင်းနေပြီ ... သွား ... ရဲရဲမှာ ယ[illegible]
တောင်ကုတ်ဖို့ အချိန်ကမလောက်ချင်ဘူး ... အချိန်[illegible]
အလကားနေရင်း ပိုလျှံနေတဲ့နင်ကပဲ သွားကုတ်ပေး[illegible]
ချေ ... သွား ...”

အဲဒီလိုကို ရက်ရက်စက်စက် ... တစ်ဖက်ပြော[illegible]
တစ်ဖက်ဖိကြီး ပြောချခဲ့တာနော် ...။ အဲဒီတုန်းကတော့ [illegible]
သိပါ့မလဲ ...။ ဘာ့ကြောင့် ပြောပါလိမ့် ... များ မရှဉ်းစာ[illegible]
ဘူး ...။ သုံးရက်လောက် လုံးဝမခေါ်ဘဲ စိတ်ဆိုးပစ်လိုက်[illegible]
ဦးတည်ခဲ့မိတာပေါ့ ...။ ခုမှကြည့်ပါဦး ...။ ပြန်စဉ်းစားကြ[illegible]
တော့မှ ...။ ထူးဟာ ဘယ်သူနဲ့ယှဉ်ယှဉ် ... ရည်နဲ့ဆို ရည်[illegible]
လို့ ...။ ဓိနဲ့ဆို ဓိနဲ့မို့လို့ ...။ ဒီရဲရဲ တစ်ယောက်ကိုပဲ တစ်[illegible]
လုံး အထင်ကြီး ... အကောင်းမြင်နေတော့တာကို ...။





ဟုတ်ပါပြီ ...။ ဟုတ်ပါပြီ ...။ ဟောဒီက ဓိဇဝါ တော်းတို့ကတော့ ကိုယ့်ကိုယ်ကိုယ် လည်လှ၊ လည်လှနဲ့ ... အရိပ်ပြလို့လည်း အကောင်မမြင် ...။ အကောင်လိုက် ချပြလိုက်တာတောင်မှ ဝေဝေဝါးဝါး ...။ ဟား ဟား ဟား ဟား ...။ ကြည့်စမ်း ...။ အဲဒီကိုရွှေမောင်ထူးဟာ ဓိနဲ့ ဆုံကြတိုင်း ... ရဲရဲ ကောင်းကြောင်းချည်းပဲ လွှတ်ပြောတာ ... လက်စသတ်တော့ ...။ အမယ်လေး ...။ ဒါကိုး ...။

အင်မတန် ဝင်ပါတတ်တဲ့ မိန်းမကို ... “ဝင်ပါပါတော့လား” ... လို့ ... Hints (အရိပ်အမြွက် ... စကားရိပ်)ကလေးတွေ ပေး,ပေးနေခဲ့တာကိုး ...။ မသိလေစွ ...။ အသိနှောက်ကျလေစွ ...။ အေးလေ ... သူ့မှာတော့ ... ဓိဟာ သူနဲ့ပဲ လူကြီးမိဘတွေက သဘောတူထားကြသယောင်ယောင်မို့ ... ဓိကိုကျော်ပြီး ရဲရဲကို ကိုယ်တိုင်သွားဖွင့်ပြောချလိုက်တာမျိုးတော့ ဘယ့်လုပ်ချင်ပါ့မလဲ ...။ ဟုတ်တာပေါ့ ...။ အဲဒါကြောင့် ဓိကိုချည်း လေသံလာပစ်နေရှာတာ ...။

ဒါကိုပဲ ဒေါ်ဓိဇဝါတို့က လမ်းလွှဲပြီး ချမ်းမြရည်ကို သနားလုံး ပိုနေတုန်း ... “ရည်နဲ့”ဆိုပြီး ဖြစ်လိုက်သေးသည်။ သူ Hints ပေးနေတာက တစ်ယောက် ...။ ဓိ ထလှုပ်ရှားလိုက်တာက တစ်ယောက်ဆိုတော့ ခများမှာ ဘယ်လောက် “အီး”ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလိုက်မလဲ ...။ အဲဒါကြောင့်ပဲ ... အဲဒီ ရဲရဲနဲ့ ပွး
ပြီး အတင်းတုပ်ကြရတဲ့ဘဝကို ရောက်ရော ...။

အဲဒါကြောင့်ပဲ ... "နင်ဟာ တစ်လမ်းမော
တစ်ယောက်တည်း အတွက်ပဲ မြင်တယ် ... ကျန်တာဘာဖြ
နင်မမြင်ဘူး ... မြင်အောင်လည်း မကြည့်ဘူး..."တို့ ...။ "
ထင်ရာ တစ်ခုကိုပဲ အမှန်လို့ စွတ်ထင်နေတယ် ... သူများ
တွေရဲ့ ရင်ထဲ ဦးနှောက်ထဲကို သိပ်ဝင်မကြည့်ချင်ဘူး..."
ဘာတို့ ဖြစ်ကုန်ရတာပေါ့ ...။

ဟယ် ... သနားလိုက်တာ ...။ သူ့စကားနဲ့
ပြောရရင် ... "အချိန်တွေ ကုန်လိုက်တာ ... နှမြောလိုက်တာ
ကိစ္စမရှိပါဘူးလေ ...။ "ပျက်အစဉ် ... ပြင်လျှင်ခဏ"ပဲဟ
မှားမှန်းသိလို့ ထပြီးစပြင်လိုက်ရင် ... ဒါ သိပ်နောက်ကျသေး
မခေါ်ပါဘူး ...။ အဘိုးကြီး အဘွားကြီးတွေအရွယ် ဖြစ်ကု
သေးတာမှ မဟုတ်တာ ... နော်။

"ငါ သိပါပြီ ထူးရယ် ... ဆောရီး ... ဆောရီး
"အလို ... ဘာကို ထသိသွားရပြန်တာလဲ ... နင်
အဲဒီလို တည်တည်ကြည်ကြည်နဲ့ 'သိပါပြီ'ဆိုရင် မှ
တာချည်းပဲ များတတ်တာပဲ ... ပြောစမ်း ... ဘာသိတာ
မှားနေပြန်ပြီလား မသိဘူး ..."





"ဒီတစ်ခါတော့ ... မမှားစေရတော့ဘူး ... စိတ်ချ ... ငါ
က ရဲရဲကိုလည်း နည်းနည်း အမြင်ခပ်ကတ်ကတ် ရှိတာနဲ့...
ဖုန်းတောင် လှမ်းမဆက်တော့ဘဲ ပစ်ထား,ထားတာ ... ဒီ
ညနေပဲ ပြန်ခေါ်လိုက်ရတော့မှာပေါ့ ..."

"ပြီးရင် ... ဘာလုပ်ဦးမလို့လဲ ..."

"လုပ်သင့် လုပ်ထိုက်တာကိုပဲ လုပ်တော့မှာပါ ..."

"အေးလေ ... အဲဒါကိုပဲ ကြောက်လွန်းလို့ ကြိုမေးကြည့်နေ
တာ ... ဘာလုပ်ဦးမလို့လဲလို့ ..."

သူ့တော့ ဘယ်ပြောလို့ ဖြစ်ပါဦးမလဲ ...။ တော်
ဘ ... "ခုမှထ,သိရအလား ... ခုမှတော့ ဝင်ပါမနေပါနဲ့တော့..."
ပျော်ရွှင်အောင်မြင်စွာ ကြားဝင်ရမဲ့ကိစ္စကို ပိတ်ပင်ပြီး ...
ကိုယ်တိုင်ပဲ ထလှုပ်ရှားတော့မယ်"ဆိုရင် ဘယ်လိုလုပ်မလဲ ...။
ာ်ကြာ ကိုယ်တော့ မပါလိုက်ရဘဲ သူတို့ဘာသာ ပြီးသွားဦး
ယ် ...။

"ရုပ်က ပြုံးစိစိ ညစ်ကျယ်ကျယ်နဲ့ ..."

ထူးက ဖိုးကို မျက်စိစွေစွောင်းစောင်းနှင့် မေးကြည့်
အသည်းယားသလို ပြောလိုက်ပါသည်။ ဖိုးကတော့... "သူက
စိစိ ညစ်ကျယ်ကျယ်"ဟုပြောမှ ပိုပြီး ... ပြုံးစိစိနှင့် ညစ်ကျယ်
ယ်ရုပ် ထပ်လုပ်ပြလိုက်လျှင် ... ထူးရဲ့လက်တစ်ဖက်က ဖိုး
ါင်းနားအထိ ပျံဝဲရောက်ရှိလို့ လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နင် ... အဲဒီလိုဟာတွေကိုတော့ ခုချိန်ကစလျှော့ဖို့ ဖြစ်တော့မယ် ... မစ္စတာမောင်ထူးရဲ့ ...။ "ပုလုကွေးကတည်းက သူငယ်ချင်းတွေပဲ"ဆိုပြီး ... ငါ့ကို ခေါင်းပုတ်ချင်တာ ... လက်သီးနဲ့ ထုချင်တာမျိုးတွေကို ... နင့်ရဲရဲက ကြိုက်နိုင်လိမ့်မယ် မထင်ဘူး ...။ မိန်းကလေးတစ်ယောက်ကို ခင်မင်တာနဲ့ ... တန်ဖိုးထားပြီး လက်ထပ်ယူလိုတာတို့ကတော့ တခြားစီနော် ...။ သူငယ်ချင်း ဆိုတာမျိုးဟာ အရှည်သဖြင့်မှာ ဘာမှ အရေးမပါလှတော့ဘူး ...။ ကိုယ်လက်ထပ်ယူလိုတဲ့ မိန်းကလေးရဲ့ စိတ်ကြိုက်ပဲ ဖြစ်နေစေဖို့ ... ခုတည်းကစပြီး လေ့ကျင့်တော့ ...။

ဓိဇဝါက ... ထူးရဲ့လက်ကြီးကို ... အတင်းကြီးဖဲ ကိုယ်တိမ်း နောက်ဆုတ်ကာ ရှောင်ဖယ်ထွက်လိုက်လေသည် ...။

❀ ❀ ❀

ဒီနှစ်တော့ ... မိုးကြီးမလား ... လေကြီးမလား ... ဒါမှမဟုတ် ... ဤကမ္ဘာကြီးပဲ ၂၃ ½ ဒီဂရီ စောင်းနေရာကနေ ပြန်ပြီး တည့်တည့်ကြီး ဖြစ်သွားတော့ မှာလား မပြောတတ်ချေ။ ထူးဆန်းအံ့ဩဖွယ်ရာတွေကတော့ဖြင့် ဆက်တိုက်ဆင့်ကဲကြီးကို ဖြစ်ပွားနေခဲ့ချေပြီ ...။





ပထမဦးဆုံး စတင်ပြီး သတိထားမိတာက ကိုယ့်...ကို လူ့ကျောက်ရုပ်ကြီးကိုပါပဲ ...။ ဖဲချပ်ထဲက ဘုရင်ရုပ်ကြီး... အမြဲတစေ တည်တည်မြဲမြဲ ဒီရုပ်ကြီးအတိုင်းပဲ ဖြစ်နေပြီး ... ...ခြင်း၊ ရယ်ခြင်း၊ မဲ့ခြင်း၊ ဒေါသဖြစ်ခြင်းတွေ ကင်းလွန်လွန်း... ... လူစင်စစ်ကနေ ငုတ်တုတ်ရုပ်ကြွ ဖြစ်သွားလေတော့မလား ...င်နေရတဲ့ အဲဒီကျောက်ရုပ်ကြီးဟာ ခုတလော ... လူနှင့်တူတူ...လေသည်။

"လူပဲ ... လူနဲ့တူတာ ဘာဆန်းသလဲ"... လို့ မေး...ကြပါသလား ...။ သူ့ဟာက အစောတုန်းက လူမှမဟုတ်တာ...။ ဘာကြီးမှန်းမှ မသိတာ ...။ ခုလား ...။ အမယ် ...မိုးလင်း...ပြောရရင် ... မနက်စောစောတွေ ဘာတွေထလို့ ...။ ပဲပြုတ်...ည်အမိ၊ ကောက်ညှင်းပေါင်းသည်အမိ ...။ ပြီးရင် ပဲပြုတ်နဲ့...ကောက်ညှင်းပေါင်း ထွက်ဝယ်။ (နှစ်ယောက်စာနော်) ချက်ပြုတ်...ကော်ဖီဖျော်နေတတ်တဲ့ ရဲရဲကို အကဲလာခတ် ...။

ရဲရဲကလည်း ခါတိုင်းလို ညစ်စုတ်ပြီး ကော်ဖီကို...ခွက်စာတည်းလေး မဖျော်ရဲတော့ဘူးပေါ့ ...။ "အိုးကိုမီးဖိုပေါ်...ပစ်ထားခဲ့လို့ ရရင်အတူလာစားလိုက်"ဆိုတာက ပါသေးတာ...။ (ခါတိုင်းလား ...။ ရုံးချိန်နီးမှ ဝုန်းဒိုင်းကြဲ ထ,လာပြီး...ခင်းဘူး ဆွဲထွက်သွားတာ ...။ Breakfast တောင် ဘယ်မှာ...မှန်းမသိ ...။)



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ ချက်နေတဲ့ဟင်းကို အကဲလေး ဘာလေးခတ်
"ရေတင်တဲ့ခလုတ် ဘယ်နားမှာလဲဟေ့ ..."လို့ မေးဖော်ရ
သူ့အကျီပုဆိုးကို သူ့အသိစိတ်မာတ်နဲ့သူ ဆပ်ပြာစိမ်ခဲ့ဖော်ရ
အိပ်ခန်းထဲ သွားချောင်းကြည့်ရင်တော့ ... ခြင်ထောင်တင်
စောင်ခေါက်၊ အိပ်ရာသိမ်းထားတတ်တာကို (အချိုးမကျလှသေး
ပေမဲ့) မြင်ရဖော် ရလာသည်။

ညနေဘက်ကျတော့လည်း ... နေမဝင်ခင် မြင်ရ
ရက်က များလာသည် ...။ ရဲရဲက အဝတ်လျှော် မီးပူတိုက်နေလျှင်
အနားတပိုက်မှာလာထိုင်ပြီး တီဗီကြည့်၊ သတင်းစာဖတ်ဖော်
လာသည်။ ဘယ်တော့မှ ပြန်စားလေ့မရှိတဲ့ ညနေစာကို
"စားကြတော့မလား ..." ဘာညာ မေးဖော်ရလာသည်။ "အလုပ်
ပြီးပြီလား"ဘာညာ အာလာပသလ္လာပ လုပ်ဖို့ ကြိုးစားလာသည်

စနေ၊ တနင်္ဂနွေတွေမှာ ပျောက်ကွယ်မနေတော့ဘဲ
မျက်နှာကို မြင်နေခွင့် ရလာသည်။ အဲဒီလိုနေ့မျိုးတွေမှာ
(ကိုယ်တိုင်တော့ လိုက်ကြည့်သိမြင်နိုင်ခြင်းမျိုး မရှိရှာသေးပေမဲ့)
"အိမ်မှာ ဘာလိုအပ်နေသလဲဟေ့ ... ငါလုပ်ပေးစရာ ဘာရှိသေး
လဲ ..."စသဖြင့် မေးမြန်းတတ်လာသည်။ တစ်လက်စတည်းကြီး
တော့ တခြားလူသာမန် အရွယ်ရောက် ယောကျ်ားကြီးများလို
"တော်ကောင်းမှန်တဲ့" သွားတာမျိုးတော့ ဘယ်ရှိပါဦးမလဲ





ပြောဆိုနေပုံတွေက ခွကျကျ ... လုပ်ကိုင်နေပုံတွေက အချိုးအချိတ်
မပြေလှ ဆိုတာမျိုး၊ လက်ကျန်ကတော့ ရှိနေသေးတာပေါ့ ...။
သို့သော် ... အတော်ကြီးတော့ ပြောင်းလဲလာသည်။

ဟော ... လကုန်ရက် ရောက်သွားတော့ရော ...။
သူ့လခရဲ့ တစ်ဝက်တိတိကြီးများကို လာပေးကာ ..."တစ်ဝက်
တော့ ယူထားလိုက်မယ် ... ငါသုံးဖို့နဲ့ နည်းနည်းပါးပါး အပိုအလျှံ
စုထားဖို့ ..."တဲ့ ...။ "နောက်လတွေလည်း ဒီလိုပဲ ပေး,ပေးသွား
မယ် ..."တဲ့ ...။ လုပ်နေမကျတာကြီးတွေ ထလုပ်နေရတော့ ...
ရှက်ကိုးရှက်ကန်းကြီးလိုလိုနဲ့ နှာခေါင်းကပွ ...၊ မျက်နှာက
မျက်နှာပိုးမသေ ဖြစ်နေရှာတာကို ... ရဲရဲက ခပ်တည်တည်နှင့်
မသိချင်ယောင် ဆောင်ပေးနေလိုက်ရလေသည်။

ဒီမတိုင်ခင်ရက်တွေတုန်းက ရဲရဲမှာ ... စိတ်ညစ်စိတ်
မာတ်ကျစရာတွေ တစ်ပုံကြီးနှင့် Depression ရချင်ချင် ဖြစ်နေ
တာကိုမှဲ သူ ရိပ်မိသွားနိုင်လို့လား ...။ ဒီပရက်ရှင် ဝင်ချင်တာက
တော့ ... အလုပ်ထဲမှာ အဆင်မပြေ ပင်ပန်းတာရယ် ...။ တတွဲတွဲ
မခွဲဖူးခဲ့ကြတဲ့ သူငယ်ချင်းလေးယောက်သားဟာ အမှောင့်ပယောဂ
တစ်ခုခုနဲ့ လေးစိတ် စိတ်ပိုင်းချလိုက်သကဲ့သို့ ဖြစ်ကာ ... တစ်
ယောက်တစ်ပိုင်းစီ ဝေးကွာနေကြသလို ဖြစ်နေတယ် ... ဟုခံစား
နေမိရတာရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲ တစ်ယောက် ရှုးများသွားရင်တော့ ငါချည်း ပြုစုအလုပ်ရှုပ်နေရတော့မှာပဲ ..."ရယ်လို့ အလန့်တကြားနဲ့ ... ပြင်မိပြင်ရာ ... အပေါ်ယံလောက်ကလေးတွေ ...၊ ကောင်းမယ် ထင်တာလေးတွေ လျှောက်လုပ်ကြည့်နေတာမျိုးများလား ...။ အဲ့သို့ကြောင့်သာ ဆိုရင်တော့ ... ရှုးချင်ယောင်ပဲ ဆက်ဆောင်နေသင့်လည်း ဆောင်နေရဦးမည်။ အဲဒီလောက်ကလေး သေးသေး ပိစိလေးတွေကို အချိုးမကျ၊ ဘာမကျ ... ရှက်တက်တက်လိုလို နှာခေါင်းပွပွလိုလို လုပ်ပြနေတာကိုပဲ ... ရဲရဲမှာ အတော်ကြီး ကြည်နူးပီတိ ဖြစ်နေရပါပြီ ...။

ပိုတိုးတက်မလာရင်လည်း ရှိပါစေ ... အဲဒါလေး တွေလောက်ပဲ ဆက်လက်တည်မြဲနေအောင် ... ကိုယ့်ဘက်က လည်း ဘယ်လိုပြန် နေ့,နေပေးရမလဲ မသိချေ ...။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုရင်တော့ ... ရဲရဲကလည်း ဟိုးအရင် ... မိဘတွေရှိ စဉ်က အမေဝယ်ခြမ်းချက်ပြုတ်ပေးတတ်ခဲ့တာတွေကို ပြန်စဉ်းစား ပြီး ... ဒီအစ်ကိုကြီး ကြိုက်တတ်မယ်ထင်တဲ့ အရာတွေကို ဖွယ် ဖွယ်ရာရာ စီစဉ်ပေးရ ...။

သူက လျှော်ချင်တဲ့အဝတ်၊ မျက်နှာသုတ်ပဝါတို့ကို ဆပ်ပြာစိမ်ပေးဖော်ရလာလျှင် ကိုယ်က အားရဝမ်းသာ ကြိုးကြိုး စားစား၊ ဖွပ်လျှော်ပေးရ ...။ သူက စနေ၊ တနင်္ဂနွေတွေ ... "ခြံထဲမှာ တစ်ခုခုခိုင်းလေ ... လုပ်ပေးမယ်"ဟု ပြောလာလျှင် ကိုယ်ကလည်း ... တစ်အိမ်လုံးကို မမောနိုင် မပမ်းနိုင်အောင် တံမြက်လှည်း ကြမ်းတိုက်ကာ သန့်စင်စေရ ...။

သူက ပိုက်ဆံပြန်ပေးဖော် ရလာတော့ ... ကိုယ့်မှာ ဝမ်းပန်းတနည်းနဲ့ ... သူ့အတွက်ကိုပဲ ... ရှပ်အင်္ကျီ၊ ပုဆိုး၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ ဖိနပ်၊ သူ့တစ်ကိုယ်ရည်အတွက် အကောင်းစား၊ အပျံစားတွေကိုပဲ ပြန်ဝယ်ခြမ်း လက်ဆောင်ပေး ရ ...။

အမယ် ...။ တစ်ဆင့်ထပ်မြင့်လာပြန်တဲ့ အစ်ကိုကြီး က ရဲရဲ မီးပူတိုက်ပြီးလျှင် ... သူ့အဝတ်တွေ သူပဲ ယူသိမ်းခြင်း။ ထမင်းစားသောက်ပြီးရင် သူ့ပန်းကန်တစ်ချပ်ကို စဆေးရာက နေ... အနားမှာတွေ့နေရတဲ့ အိုးခွက်များကိုပါ ဆေးကြောပေး သွားတတ်ခြင်း ...။ ခြင်ထောင်တွေ စောင်တွေ လျှော်ဖို့ကြံစည် နေတာ မြင်ရင် ... "ပေး ... ပေး"ဟု ယောကျ်ားခွန်အားကြီး နှင့် သူပဲ တဖုန်း ဖုန်း ... တဒိုင်းဒိုင်း ဝင်ဝက် လျှော်ပေးသွား ခြင်း ...။

အိမ်က ခုမှ အိမ်နှင့်ပြန်တူစ ပြုလာသည်ဟု ရဲရဲက ထင်သည်။ အရင်ကတော့ ဒီအိမ်မှာ နေနေကြတဲ့ လူနှစ်ယောက် ကမှ လူနဲ့မတူကြတာမို့ အိမ်ခမျာလည်း အိမ်နဲ့ဘယ်တူနိုင်ရှာပါ







www.burmeseclassic.com

www.burmeseclassic.com



တော့မလဲ ...။ ခုတော့ တစ်နေ့နဲ့တစ်နေ့တောင်မှ မတူ ... တရိပ်ရိပ် ပြောင်းလဲတိုးတက်လာတဲ့ အစ်ကိုဟာ ... စနေ၊ တနင်္ဂနွေတွေများ... ခြံထဲက မြက်တွေကို ခုတ်ရင်း... အမှိုက်ရှင်း မီးရှို့ရင်း ... သီချင်းကလေးများတောင် တအေးအေး ...။

သူသာ အချိန်မီ ပြောင်းလဲမလာရင် ဖုန်းဆိုးတောင်ဖြစ်ချင်နေပြီဖြစ်တဲ့ ခြံမြေကြောင့် အစ်ကိုရော ရဲရဲပါ ... မြွေကိုက်မသေရင်တောင် ကျားကိုက်သေတော့မဲ့ အခြေအနေမျိုးလိုလိုဖြစ်နေတော့တာလေ ...။ ခုကျတော့ ... အိမ်နဲ့ခြံက ရှင်းကြော့သပ်ရပ် ...။ လူတွေရဲ့ မျက်နှာထားက ကြည်လင် ...။

ဟိုတစ်ခါ ချမ်းမြရည်နှင့် ပြဿနာတက်လိုက်ကြရပြီးတဲ့နောက်ပိုင်းမှာ ခုလိုနေ့ချင်းညချင်း ပြောင်းလဲလာတာမျိုးဆိုတော့ ... ရည့်ကို ခေါ်စော်ကားမိသလို ဖြစ်ခဲ့ရတာအတွက် အားနာမျက်နှာပူသော်လည်း ရဲရဲက နောင်တရမနေချင်တော့ ...။ အဲဒီပြဿနာသာ မတက်လိုက်ရရင် အစ်ကိုတစ်ယောက် ခုလိုပြောင်းချင်မှ ပြောင်းလာမှာပါ ... ဆိုတာကိုပါ ရဲရဲက ရိပ်မိနေရပြီလေ ...။

ရဲရဲနဲ့ ရည်တို့ ပြဿနာတက်ထားကြပြီး မခေါ်မပြော ဆက်ရှိနေတာကိုလည်း... အစ်ကိုက သတိထားမိပုံပေါ်သည်။





"ချမ်းမြရည်တို့ ... ဇီဇဝါတို့လည်း ပေါ်မလာကြပါလား ..."တဲ့ ...။ မလုပ်စဖူး ... စပ်စုစူးစမ်းမှုတွေ ... ဝင်ပါဝင်ပြောမှုတွေပင် လုပ်လို့ ...။

ဒါပေမဲ့ နည်းနည်း ကြာလာတော့ ရဲရဲက မသက်သာဖြစ်စပြုလာသည်။

သီချင်းကလည်း ... အတော့်ကို ဆိုချင်လာသလား ... လို့ ...။ လေကလည်း သိပ်ချွန်ချင်လာသလားလို့ ...။ အရင်ကဆို ရဲရဲက ညစ်စုတ်ကာ မလျှော်ပေးလည်း ... ညစ်တီးညစ်ပတ်ပဲဖြစ်ထူနေတတ်မြဲ တစ်ယောက်က သိပ်သန့်ချင်လာသလားလို့ ...။ အသစ်ကလေးတွေ စိတ်လိုလက်ရ ဝယ်ပေးထားမိတာကိုပဲ ... ရွေးရွေးဝတ်ကာ ... သိပ်လှချင်လာသလားလို့ ...။ ထမင်းဘူးထဲကဟင်း"ဘာဟင်းဖြစ်မလဲ" ... ဆိုတာကိုပဲ သိပ်အာရုံစိုက် သိချင်လာသလားလို့ ...။ ညနေဘက်တချို့နဲ့ ... စနေ၊ တနင်္ဂနွေတချို့မှာ ... ဖုန်းလေးဘာလေးများ ပြောလာသလားလို့ ...။

ဒီပြင်လူတွေ အတွက်တော့ ဘာမှမဟုတ်တဲ့ ... ဒီသေးသေးမွှားမွှားလေးတွေဟာ ... အစ်ကို့လိုလူအတွက်ကျတော့ အင်မတန်မှ ကြီးမားလှတဲ့ မသင်္ကာစရာကြီးတွေပေါ့ ...။ မသင်္ကာစိတ်တွေ ကြီးမားလာတော့ ရဲရဲက နေမထိထိုင်မသာ ပြန်ဖြစ်စပြုလာသည်။ အရေးထဲဆိုရင် ... (ငြင်းပင်ငြင်းကြရသော်ငြား) အရာ

www.burmeseclassic.com



ထား တိုင်ပင်ကြည့်လို့ ရနိုင်တဲ့ လေဒီပါလေရာနဲ့ ရဲရဲကလည်း မခေါ်သလိုလို ဘာလိုလို ဖြစ်နေကြရသေးသည်။ အဲဒီသုံးယောက်နဲ့ ရဲရဲနဲ့ ဘယ်လိုကဘယ်လို မခေါ်ဖြစ်ကြတော့ဘူးလည်း ... ကိုယ် ဘာသာပင် မသိလိုက် ...။

ချမ်းမြရည်နဲ့ကတော့ ထားပါတော့ ...။ အစ်ကိုကိုစွ မှဲ့ နောက်ဆုံး ...။ ကိုယ်ကသူ့ရုံးထိလိုက်ကာ သွားပြန်ခေါ်ဖို့ ကြိုးစားခဲ့ပေမဲ့ အောင်မှမအောင်မြင်တာ ...။

ကိုယ်ကလည်း ဒီ လောက်တောင်မှ ရှောင်ရသ လား ... လို့ အမြင်ကတ်ပြီး ထပ်မှ မသွားဖြစ်တော့တာ ...။ ကျန်နှစ်ယောက်နဲ့ကတော့ ဘာဖြစ် ...။

ပါလေရာနဲ့ကတော့ နောက်ဆုံးအချိန်ထိ စကား ကောင်းပဲ ပြောခဲ့ကြတာပဲ ...။ မှတ်မိပြီ ... ချမ်းမြရည်အိမ် သူ လိုက်သွားမည်ဆိုတော့ ..."ပြီးရင် ဖုန်းပြန်ဆက်"လို့ ... ရဲရဲက မှာလိုက်တာလေ ...။ မဆက်တဲ့အပြင် ... အဲဒီကတည်းကစလို့ အဆက်အသွယ်ကို ထပ်မလုပ်တော့တာ ခုထိ ...။ ဘာသဘော လဲ ... ဒါ ...။ ဩော ...။ ပါလေရာမက ... သူနဲ့ ရဲရဲနဲ့ မခေါ် ကြဘူး ဆိုတာနဲ့ပဲ ... သူ့နောက်က သူ့တပည့် မောင်ထူးကိုပါ ... "နင်လည်း အဲဒီဟာမနဲ့ သွားမခေါ်နဲ့"...လို့ တားမြစ်ထားတဲ့ သဘောများလား ...။





အဲသလိုဆိုလို့ကတော့ ရဲရဲက ကိုယ်တိုင်လည်း ဘယ်တော့မှ စမခေါ်မဲ့အပြင် ... တစ်သက်လုံးလည်းမပြေ ...လို့ သာ အပြီးမှတ်လိုက်ကြပေတော့ ...။ ဒါပဲ ရှိတော့တာပဲဟာ ...။ ခါတိုင်းလိုဆိုရင် ... နှစ်ယောက်လောက် မခေါ်ရင် ကျန်နှစ်ယောက် က လူကြီးဝင်လုပ် ဖျန်ဖြေပေးလေ့ ရှိတတ်သေးသည်။ အမြဲဖြစ် နေတာက ဇီနှင့် ရဲရဲ ...။ အမြဲဖျန်ဖြေတတ်တာက ရည်နှင့်ထူး...။

ခုကျတော့ လေးပိုင်းပြတ်နေသလိုမို့ ... ဝင်ဖျန်ဖြေ မည့်သူကလည်း မရှိ ...။ အေးလေ ... လေးပိုင်းလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့ ...။ ခပ်သေးသေးက နှစ်ပိုင်း ...၊ နှစ် ယောက်ပူးကြီးကြီးက တစ်ပိုင်းလည်း ဖြစ်နေနိုင်သေးသည်။ ဒီ့ထက်ဆိုးသေးရင်တော့ ... ခပ်သေးသေးက ကိုယ်တစ်ယောက် တည်း တစ်ပိုင်း ... ကျန်သုံးယောက်က တစ်စုတစ်ဝေးတည်း တစ်လုံးတည်းကြီးလည်း ဖြစ်နေနိုင်တာပဲ ...။

အဲသလိုဆိုရင်ကော ...။ အဲသလိုဆိုလို့ကတော့ ...။

ရဲရဲရဲ့ ပျော်ရွှင်ကြည်နူးရချိန်က ခေတ္တခဏလေးမျှ သာလျှင် ဖြစ်လိုက်လျှက် ... အစ်ကိုဖြစ်သူကို ပြန်မသက်သာမိတာ ရော ... ပေါ်လာတော်မမူကြတဲ့ ဟိုသုံးယောက်ကို ဒေါသတွေ ကဲလာရတာရော (ကိုယ်က စသွားလိုက်ပါလား ဆိုတော့လည်း မသွားချင်ပေါင်)နှင့် ပြန်လည်စုပုပ် ညစ်ညူးစ ပြုလာချိန်မှာ ... အံ့သြစရာကြီး နောက်တစ်ခုနှင့် ထပ်ကြုံလာရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ရဲရဲ အလုပ်ကပြန်လာတော့ အိမ်ပေါက်ဝမှာ ဒေါ်ပါလေရာက ငုတ်တုတ်ထိုင်စောင့်ရောက်ရှိလို့ နေသည်။

"ဟဲ့ ... နောက်ကျလိုက်တာ ... ငါကဖြင့် နောက်ထပ်နာရီဝက်နေလို့မှ ပေါ်မလာသေးရင် ... ဒါတွေချိတ်ပစ်ခဲ့ပြီး ပြန်တော့မလို့ ..."

လက်ထဲကြည့်လိုက်တော့ တရုတ်ဆိုင်ကဟင်းတွေနှင့် ...။ "ညစာချက်စရာ မလိုတော့ဘူးပေါ့ ... ဖိမ်ပဲ ..."ဟုသဘောခွေ့သွားသော ရဲရဲမှာ ... ပါလေရာမက အရင်စလာခေါ်ရတာကိုလည်း ပီတိတွေ အဖြာကြီးဖြာလျက် ...။ အေးလေ ... သူ့ဝဲလာရမှာပေါ့ ... သူများက နောက်ဆုံးအချိန်ထိ ကောင်းကောင်းပဲ ပြောလိုက်တာပဲ ... သူ့ဘာသာ ပေါ်မလာတော့တာ ... သူ့အပြစ်ပေါ့ ...။

ချက်ချင်း စိတ်ကောက်ပြေသွားသော ရဲရဲမှာ ... နှုတ်ခမ်းကို လျှာနှင့်တသပ်သပ်လုပ်ရင်း ...

"ဟိုမိန်းမပါ ရောက်လာရင် သိပ်ကောင်းမှာပဲ ... ဟိုသတ္တဝါကော ဘယ်ပျောက်နေသလဲ ... အမယ်လေး ... အားလုံးသေကုန်ကြပြီပဲမှတ်လို့ ... ငါ့မှာ သတင်းစာသမားကိုစောစောပို့ပေးဖို့တောင် မှာထားရတယ် ... နောက်ကျမှဆိုရင် ... နာရေးသတင်းကို မဖတ်လိုက်မိရင် ပို့ဖို့မမီလိုက်မှာစိုးလို့ ..."





"မမေးနဲ့ အဲဒီကြောင်ချေးမကို ငါ သေခန်းဖြတ်ထားတယ် ... ထူးကတော့ ... မန္တလေးသွားနေတာ တစ်ပတ်ကြာတယ်လေ ... နင်မသိလိုက်ဘူးလား ... မနေ့ကမှ ပြန်ရောက်တယ် ... တော်ကြာ သူအရင် ပြေးလာမစိုးလို့ ငါ့မှာ ငါအရင်ရောက်အောင် ငုတ်တုတ်လာထိုင်စောင့်နေရတာ ..."

မန္တလေး သွားနေတာကို သိခွင့်မရလိုက်သဖြင့် ... ကောက်ချိတ်တက်သွားတော့မည့် စိတ်ကလေးမှာ ... "တော်ကြာ သူအရင် ပြေးလာမစိုးလို့"ဟူသော စကားနှင့်ပင် ... "ဆတ်"ခနဲ တန်းတန်းမတ်မတ် ပြန်လည်ဖြောင့်တန်းသွားတော့သည်။

"မိရည်က ငါနဲ့သာ မခေါ်တာ မဟုတ်ဘူးလား ... နင်နဲ့ ဘယ်လိုလုပ် [illegible]ခန်းပြတ် ဖြစ်ပြန်ပြီလဲ ... နင်ပဲ အစကမိရည်မှ မိရည်[illegible] ..."

"ထုံးစံအတိုင်းပဲပေါ့ ... ကြောင်ချေးတို့ကတော့ ပျော့ပျော့ကလေးနဲ့ကို နံရမှ ... အဲဒါကြောင့် ငါလည်းစိတ်တိုပြီး မခေါ်ဘူး ..."

ရဲရဲမှာ "မိရည် ... မိရည်"ဟု ညည်းတွားလိုက်ချင်သော်လည်း နဂိုတည်းကိုက ... ဒီလိုကိစ္စမျိုးမှာ ဓိဇဝါ့လောက်င်ပါတတ်လေ့ မရှိသူပီပီ ... သူများကိစ္စကို ခေါင်းထဲက ပြန်မြန်ပဲ ထုတ်ပစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ... 'စိစိစဉ်စဉ် ဝင်ပါချင်သူကြီး ခမျာမှာ ဟာ
တက်ကြီး ပက်လက်လန် ချော်လဲလျက်သား ကျန်ခဲ့ရ
ကြောင်း ...'ပေါ့ ..."

"အောင်မာ ... ရာဇဝင်များ အရှိုင်းခံလို့ ... မှားမှန်းသိ
ချက်ချင်း အမှားပြင်တယ် သိလား ... နာမည်တော
အပျက်မခံဘူးဟေ့ ... ဒီတစ်နည်း မရရင် နောက်တစ်နည်း
ဒီတစ်ယောက်မရရင် နောက်တစ်ယောက် ..."

ရဲရဲက ဇီဇဝါ့ကို မျက်မှောင်ကုတ်ကြည့်ကာ ...

"သူ့မှာ သူ့ဟာနဲ့သူ ထပ်ရှိနေပြန်ပြီဆို ... ဘယ့်နှယ်
တစ်ယောက်နဲ့ မဟုတ်ရင် နောက်တစ်ယောက်လဲ ..."

"အမယ်လေး ... ကြောင်ချေးများ ... ခေါင်းထဲကို မထ
တာ ..."

ဇီဇဝါက အတော်ကြီး ခေါင်းရှုပ်နေဟန်ရှိ
ရဲရဲကို ဖျတ်ခနဲ စကားလမ်းကြောင်း လွှဲပစ်ဖို့ ကြိုးစားသည်

"နင်တို့ခြံကြီးက ဘယ်လို ဖြစ်နေရတာလဲ ... ငါ့မှာ
များမှားဝင်မိပြီလားလို့ ..."

"အေး ... နင့်အစ်ကိုကြီး ကိစ္စလည်း ငါက နင့်ကို
ကို ပြောရဦးမယ် ... ထူးဆန်းလွန်းလို့ ... ဒါပေမဲ့
က အသာထားပါ ... ခုနက ဘာဖြစ်တယ် ... ဒီ





ယောက်မဟုတ်ရင် နောက်တစ်ယောက် စိစဉ်မယ်ဆိုတဲ့
သူက မိရည်လည်း မဟုတ်ပြန်ဘူးဆိုတော့ ... ဘယ်သူလဲ ...
ဘယ်သူ ရှိသေးလို့လဲ ..."

ရဲရဲက စကားလမ်းကြောင်းကို အလွှဲမခံပါ ...။
"ထူးနဲ့ရည်" ... "ထူးနဲ့ရည်"နဲ့တစ်ချိန်လုံး အော်နေခဲ့သူက "ရည်"
ကိုလည်း ခေါင်းထဲမထည့်ဘူးဆိုလျှင် ... နောက်တစ်ယောက်
လည်း ... ထပ်ကြိုးစားဦးမည်ဆိုလျှင် ...။

"ဩော် ... ဘယ်သူရှိရမှာလဲ ... ရည်က ဒီလိုလုပ်ချလိုက်
တော့ ထူးပဲကျန်တာ ... ငါ့မလည်း တခြားဘယ်သူရှိလို့
လဲ ... မျက်စိအောက်တင်တော့ နင်ပဲကျန်တာ ... ဒါကြောင့်
ဒီတစ်ခါ ... နင်နဲ့ထူး ... ဒါပဲရှိတော့တယ်"

ရဲရဲက "ဟဲ့"ဟု အော်လိုက်လျှင် ... ဇီဇဝါက မသိ
ချင်ယောင်ဆောင်ကာ မျက်နှာကို တစ်ဖက်သို့ လှည့်နေလိုက်လေ
သည်။ ပါလေရာမကတော့ ပြီးပြီးရော ...၊ ပြောရပြီးရော ...၊
သူနိုင်ရပြီးရော ...၊ ပြောချင်ရာ လျှောက်ပြောထည့်လိုက်တာမျိုး
ဖြစ်နိုင်သည်။ ရဲရဲမှာတော့ ... ရင်တွေတဒိုင်းဒိုင်းခုန်၊ လက်ဖျား
တွေအေး ...၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ...။ တုံ့ယမ်းဟင်း
ချိုအရည်တွေကို ... ထမင်းစားပန်းကန်ပြားထဲ လှယ်ထည့်မိလို့
ဟင်းချိုတွေက ဖိတ်ကျလိုဖိတ်ကျ ...။



www.burmeseclassic.com

www.burmeseclassic.com



ဓီဇဝါကတော့ ရိပ်မိလျှင်လည်း ကျိတ်ရယ်ချင် ရယ်နေလိမ့်တော့မည်။ ကိစ္စကမရှိ ...။ "ထူးကို ငါချစ်တယ် မိဓိ"( ပေါ်တင်ကြီး ဖွင့်ပြောခဲ့စဉ်ကတောင် ... "ဟီးဟီးဟိုးဟိုး" လုပ်ပစ်ခဲ့သေးသည့် ဓီဇဝါသည် ဒီတစ်ခါလည်း ... သူ ရယ်ချင် သလို၊ ရယ်ချင်သလောက်၊ ရယ်ချင်တဲ့ပုံစံနှင့်သာလျှင် ရယ်ပေ တော့ ...။

သို့သော် ... ဓီဇဝါက မရယ်ဘဲ ... ဒီဘက်သို့ "ဆတ်"ခနဲ ပြန်လှည့်လာပြန်ကာ ...

"သူငယ်ချင်းကောင်း ... တကယ်ပီသမယ်ဆိုရင် ... နင် ငါ့အတွက်ပဲဖြစ်ဖြစ် ... ထူးအတွက်ပဲဖြစ်ဖြစ် ... နင့်အတွက် နင်ပဲဖြစ်ဖြစ် ... ထူးကို နင် လက်ခံစဉ်းစားကို စဉ်းစားရ မယ် ... နင့်အနေနဲ့ ခဲယဉ်းနေစရာလည်း မရှိဘူး ... နင် ကိုယ်တိုင် ငါ့ကို ပြောပြထားပြီးသား ... ဟင်းဟင်းဟင်း" "မိဓိ ..."

အစ်ကို့ ပြောင်းလဲမှုကြီးပြီးလျှင် ... မိဓိရဲ့ ဤစကား ဟာ ကမ္ဘာပေါ်မှာ ဒုတိယမြို့ အံ့သြထိတ်လန့်စရာ အကောင်းဆုံး ကိစ္စပင် ...။ ရဲရဲမှာ ငုတ်တုတ်ကြီးပင် အသက်ပျောက်တော့ မတတ် ... အံ့သြမှုကြီးမှာ မှင်သက်မိနေစဉ် ... ဓီဇဝါက ထမင်း စား, စားပွဲကို သူ့အိမ်သူ့ရာနှယ် ဝင်ပြင်စီစဉ်ပြီးနှင့်နေပြီ ...။





ထိုအခိုက်မှာပဲ ... အစ်ကို ကိုစိုးမိုးလည်း ပြန်ရောက် လာသဖြင့် ... ဓီဇဝါက ... "ငါလည်း ဒီမှာပဲ ဝင်စားပြီးမှပြန် မယ် ... နင်ပြောတဲ့ အစ်ကိုကြီးရဲ့ ထူးဆန်းတဲ့ကိစ္စကို ငါလည်း အကဲခတ်ကြည့်လိုက်ဦးမယ်"ဟု ပြောပြောဆိုဆို ... သုံးယောက်လုံး ထမင်းစားပွဲ ထိုင်ဖြစ်ကြလေသည်။ ညီမရဲ့ သူငယ်ချင်းများနှင့် ... ပြောဆိုခင်မင်လေ့ရှိသော်လည်း ထမင်းတစ်ဝိုင်းတည်းတော့ တစ်ခါ မှ မစားစဖူးဖြစ်သည့် ကိုစိုးမိုးကလည်း ... ဓီဇဝါ့ရဲ့ ဖိတ်ခေါ်မှုကို လက်ခံကာ ... ထမင်းလည်းအတူစား ...။ ဓီဇဝါ့ရဲ့ ဟာသတို့ ကိုလည်း သဘောကျလှသလို စကားတပြောပြောနှင့် တပြုံးပြုံး ...။

ဓီဇဝါက ပြန်ခါနီး ရဲရဲနားကပ်ကာ ခပ်တိုးတိုး ...

"ငါတို့အစ်ကိုကြီးမှာ ရည်းစားရှိနေပြီ ထင်တယ်နော်ဟဲ့"

ဘယ်လိုယောက်မျိုး အိမ်ပေါ်ရောက်လာတော့မှာ လည်း ဆိုတာကို ... ရင်ဘတ်မှ မဖိနိုင်အောင်ပင် ... ဓီဇဝါက ...

"နင်က အရင်ကျော်တက်ပစ်ကွာ ရဲရဲ ... နောက်ကောက် တော့ အကျမခံနဲ့ ... ဟဲ့ ... ထူးနော် ... ထူး ... ခေါင်း ထဲထည့်ထားဦး ... ဟဲ ဟဲ ..."

အင်မတန်မှ ရဲရင့်၊ ကြွပ်ဆတ်၊ ခွတိုက်လှပါသည် ဆိုသော ရဲရဲတစ်ယောက် ... မီးထိသော ဖယောင်းလေးလို ပျော့ ချွဲပြီး ကျန်ရစ်ရလေသည် ...။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

ထူးတစ်ယောက် ..."ဟာ"ခနဲ ... "ဆတ်"ခနဲ
ဖြစ်သွားလျှင် ရဲရဲသည်လည်း ... ထူးရဲ့ စကားရေလျဉ်ကျော
မျောပါ ... ယိုင်အိနေမိရာက ဆတ်ခနဲပင် ... အိပ်ရာမှ လန့်နိုး
လိုက်ရသလို ဖြစ်သွားရပါသည်။

"ဟာ ... ဟိုမှာ ... ဟိုမှာ ... ဟိုမှာ ..."

လက်ညှိုးတည့်တည့်နှင့် ဝုန်းဝုန်းဒိုင်းဒိုင်း ထလု
နေသော ထူးက ... သူ့ရှေ့က အအေးဖန်ခွက်ကို အပြီးသ
ကောက်မော့ချလိုက်ကာ ..."ဟော့ ... ရဲရဲ ... ထ ... ထ ... မြ
မြန်"...တဲ့။ ပြီးလျှင်တော့ ဆိုင်ကကောင်လေးကိုလည်း လက်ခု
တီးခေါ်ကာ ပိုက်ဆံရှင်းလိုက်သည်။





ထူးက ရှိသမျှ ကျန်သမျှ အအေးတွေကို တစ်ကျိုက်တည်းနှင့် ကောက်မော့ပစ်လိုက်နိုင်သော်လည်း ရဲရဲက မမော့နိုင်အားသေးပါ။ နဂိုတည်းကိုက စကားတွေများလိုက်၊ အအေးသောက်လိုက် လုပ်နေတဲ့ ထူးကို ငေးလို့ပဲ ကြည့်နေမိကာ ... ကိုယ့်ရှေ့က ကိုယ့်အအေးကို ... တစ်ငုံစီလောက်(ပဲပေးနိုင်ရုံ) စုပ်သောက်နေမိတာကလွဲလို့ အဲဒီအအေးပုလင်းကို သေချာတောင် သောက်ရသေးတာမှ မဟုတ်တာ ...။

"ဟာ ... ဘယ်လိုဖြစ်လို့ ဝုန်းဒိုင်းထကြဲတာလဲ ... ဒီမှာ မပြီးသေးဘူး ... ဒါကြီးအကုန်လုံး ... နင့်လိုတစ်ကျိုက်တည်း ဘယ်လိုလုပ် မော့ချပစ်နိုင်မလဲ ... ငါ့လည်ချောင်းပေါက်ကို ဂျိုးဖြူပိုက်လောက်ကြီးများ မှတ်နေလား ..."

"စကားမများနဲ့ သောက်သောက် ... မသောက်နိုင်လည်း ထားခဲ့ပေတော့ ... လစ်မယ် ... လာ ..."

ရဲရဲက ထူးကို အံ့ဩတကြီး ... ပြီးတော့ ဝမ်းပန်းတနည်း ကြည့်လိုက်မိသည်။ ခုနက နင် စကားတွေ အများကြီး လျှောက်ပြောနေတာ "အပျိုး"တွေမှန်း ငါသိနေတယ်လေ ...။ အရေးမပါတဲ့ "အပျိုး"တွေ အများကြီးပြီးရင် အရေးပါတဲ့အဓိက အကြောင်းအရာ တစ်ခုခုကတော့ လာကိုလာတော့မယ် ...မဟုတ်

www.burmeseclassic.com



လား ...။ ဟုတ်ပါတယ် ... နင်ကိုယ်တိုင်ရဲ့ နှုတ်ဖျားကပဲ ... "အရေးကြီးတာတစ်ခု ပြောစရာရှိသေးတယ် ... ငါ့မှာ နင့်ပဲ ပြောစရာရှိတာ မဟုတ်လား ..."လို့ ... ဖျတ်ခနဲလိုလို ... မသိမသာလိုလိုနဲ့ ထည့်ပြောထားတယ်လေ ...။

ခုကျတော့ ... "စကားမများနဲ့သောက် ... ထ ... လစ်မယ် ..."ဆိုတော့ ဘယ်ရောက်သွားပြီလဲ ... နင့်ရဲ့အရေးကြီးတဲ့စကား ...။

"အရေးကြီးတဲ့စကား ရှိတယ်ဆို ..."

"ဟာ ... အဲဒါက ခဏပစ်ထားလို့ ရသေးတယ် ... ခုဟာက ပစ်ထားလို့ မရအောင် အရေးကြီးတယ် ... ကဲ ... ထပါ ... နို့မို့ ထားပစ်ခဲ့ရမှာလား ... ချီပြေးရမှာလား ..."

ထူး တကယ်စိတ်မရှည်တော့မှန်း သိလိုက်ရတော့ ... ရဲရဲက "တဟီးဟီး"ရယ်ကာ ... ခြေလှမ်းကျဲများနောက်သို့ ပြေးလွှား၍ ပါလာရပါသည်။ ထူးကား စိတ်ဆောင်နေသည်မို့ ... ရဲရဲကပ်ပါလာ ... မပါလာကိုလည်း သိပ်ဂရုမစိုက်နိုင် ...။

"ဟဲ့ ... နင့်ကားက ဟိုနားမှာ ရပ်ထားတာလေ ... ကျော်လာပြီ ..."

"သိတယ် ... ဟာ ... လွတ်သွားပြီကွာ ... တောက် ... ကျွတ် ..."





"ဘယ်သူလဲ ... ဘယ်သူ့နောက် လိုက်နေတာလဲ ... ဘာဖြစ်တာလဲ"

ထူးက နောက်မှာကျန်ခဲ့သော သူ့ကားဆီ ပြန်လှည့်ပြေးသဖြင့် ရဲရဲမှာ ပြေးလွှားပြီး လိုက်ရပြန်သည်။ ဒီတစ်ခါတော့ ရဲရဲက ကြောင်တွန့်ဆုတ်မနေပါ ...။ ထူးတစ်ယောက် ကားမောင်းသူဘက် ပြတင်းတံခါးမှာ ရပ်လိုက်လျှင် ရဲရဲကလည်း ခပ်မြန်မြန် ကားလမ်းပေါ်ဆင်းကာ ... မောင်းသူထိုင်ခုံရဲ့ဘေးက ရှေ့တံခါး နောက်တစ်ချပ်ဆီမှာ သွားပြေးကပ်ရပ်လိုက်ပြီးပြီ ...။ ထူးက ကားကို တံခါးသော့ ဖွင့်ဖွင့်ပေးလိုက်တာနဲ့ ... ရဲရဲက အလိုက်တသိ မြန်မြန်ဖွင့်ဝင်ထိုင် ...။

"ဘယ်သူလဲဟင် ... ဘယ်သူမို့လဲ ..."

"မိရည်လေ ..."

ရဲရဲရဲ့ နှုတ်က အာမေဋိတ်ကလေး "ဟင်"ခနဲဖြစ်သွားရတာကို တိုးတိမ်လွန်းသဖြင့် ထူးက မကြားလိုက်ပါ ...။ မိရည် အတွက်များ ထူးက မျက်ကလဲဆန်ပြာ ... ခလုတ်တိုက်လဲမတတ် ... စိတ်မရှည်လက်မရှည်တွေ ဖြစ်နေရတာလား ...။

"ခုန နင်တွေ့လိုက်တယ် မဟုတ်လား ..."

"ဟင့်အင်း ..."

"ဟာ ... သိပ်မျက်စိသေတာပဲ ... အတွဲနဲ့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမလဲဟဲ့ ... နင်က မိရည်လို့ ကြိုပြောထားရင်တော့ ငါလည်း ခေါင်းကိုချာလပတ်လည်ပြီး ရှာမှာပေါ့ ... ခုတော့ မပြောမဆို ထပြေးပြီးတော့ ... ငါ့များ မျက်စိသေတယ် လာပြောနေရသေးတယ် ... မိရည် ဘာသာ သူ့ဘာသာသူ အတွဲနဲ့ပဲဖြစ်ဖြစ် ... အဖက်နဲ့ပဲဖြစ်ဖြစ် ... ဘာနဲ့ပဲဖြစ်နေဖြစ်နေပေါ့ ... နင်က ဘာလိုက်ဖြစ်နေရတာလဲ"

ရဲရဲလေကွယ် ...။ ရဲရဲ ...။ ကြွပ်ဆတ်ခွတိုက် နှုတ်လှန်ထိုးတတ်တဲ့ နေရာမှာ နှစ်ယောက်မရှိဆိုတဲ့ "ဂုဏ်ထူး"ကို ရထားပါရက် ... ထူးနဲ့မို့လို့ နဂိုကျင့်တွေကို မျိုချပြီး သဘောမနောကောင်းချင်ယောင် အလိုက်သိချင်ယောင်လေး လိုက်ဆောင်နေရတာ ...။ ခုလိုမျိုးကြီး တစ်ပါးသူအတွက် ပျာယာခတ်ပြီး ... ကိုယ့်ကျ လာဟောက်နေလို့ကတော့ မနည်းကြီး ဟန်ဆောင်မှုချထားရတာတွေလည်း ဘယ်ဆက်လက်ထိန်းသိမ်းနိုင်ပါ့မလဲ ...။ ဒီလိုဆိုလို့ကတော့ ... သူအော် ... ကိုယ်အော် ...။

"သူနောက်တစ်ယောက်အသစ်နဲ့ တွဲနေပြန်တယ်လေ ... နင့်ကို မိဇီ ပြောမပြဘူးလား ..."

"ပြောတယ်လေ ... သိတယ်လေ ... အဲဒီတော့ ဘာဖြစ်ရမှာတုန်း"





"သူက ဒီတစ်ခါ သတင်းမှောင်ချထားပြီး လှို့လှို့ဝှက်ဝှက်တွေ လုပ်နေတယ် ... ခါတိုင်းလို ... တွေ့ရင်တော့ မိတ်ဆက်ပေးလိုက်မယ်ဆိုတဲ့ သဘောတောင်မှ မရှိဘူး ... ဖွင့်မေးရင်တောင် ရေငုံထားတယ်"

"အဲဒီတော့ ... နင်က ဘာတွေပူသလဲ ... ဘာတွေဖျပ်ဖျပ်လူး ဖြစ်နေသလဲ ..."

အဟုတ်ကို စိတ်တိုလာရပြီမို့ ရဲရဲ့နှုတ်က ခွစကားတွေချည်း ထွက်နေတော့ပါပြီ ...။ အရင်က ထူးဟာ အဲဒီလိုမို့လား ...။ မိရည်က သူ့လူတွေနှင့် မိတ်ဆက်ပေးမှာကို စိုးလွန်းလို့ပင် အတတ်နိုင်ဆုံး ပုန်းရှောင်နေတတ်တဲ့ တစ်ယောက်ကများ ...။ ခုကျတော့။

ဘာလဲ ...။ ပါလေရာမက "ထူးနဲ့ရည်"ဟု ရည်ရွယ်ဝင်ပါလိုက်ဖူးတာနဲ့ပဲ ... ထူးရဲ့ စိတ်ထားတွေက ရည့်အပေါ်မှာ ပြောင်းလဲသွားခဲ့တာလား ...။ "ရည့်ကိုတော့ ငါ ကယ်တင်မှ ဖြစ်တော့မယ်"လို့ သွေးကြီးနေရာကနေ ... ရည်က နောက်တစ်ယောက်နောက် ပါသွားပြန်လို့ ... မျောက်မီးခဲကိုင်၊ ငါးရံ့ပြာလူး ကျန်ရစ်ရတဲ့ပုံစံလား ...။ ဒါဖြင့် ... အခုကားကို မဟားဒယားနဲ့ တိုက်မတတ် ခိုက်မတတ် မောင်းနှင်နေပြီး ... ရှေ့ကိုချည်း သဲကြီးမဲကြီး ဖြစ်နေပြန်တာကလည်း ... အဲဒီလွှတ်လေတဲ့ငါးနောက် ... ပြေးလွှားလိုက်ပါနေပြန်တာလား ...။



www.burmeseclassic.com

www.burmeseclassic.com



"ကားတိုက်မယ်နော် ... ငါကြိုပြောတယ် ... နင့်ဟာနင် ဖြာလူးပြီး မှန်နေတာက အရေးမကြီးဘူး ... တော်ကြာ ငါပါသေနေမယ် ... နင့်ကားပေါ်မှာ ငါပါလာနေသေးတယ် ... တကတဲတော် ... ဖြစ်ပျက်နေလိုက်တာ ... ဟိုကဖြင့် ... နင့်ကို ရှိတယ်တောင် ထင်တော့မှာ မဟုတ်ဘူး"

"ပေါက်ကရတွေ လျှောက်ပြောနေပြန်ပြီ ... နင်တို့မိန်းကလေးတွေရဲ့ 'ထင်'တစ်လုံးဟာ တော်တော်ကြောက်ဖို့ကောင်းတယ် ... ထင်လိုက်ရင် ပြီးပြီ ... ဒါမှဒါပဲ ... ကိုယ်ပဲအမှန် ... ပြီးရင် အဲဒီ'ထင်'တစ်လုံးနောက်လိုက်ပြီး ထင်ရာပြော ... ထင်ရာလုပ်ကြတော့တာပဲ ..."

"ဒါဖြင့် ခုဟာက ဘာလဲ"

"မိရည်ရဲ့တစ်ယောက်ကို မြင့်မှုးထားရင် ... ဘယ်သူလဲ ... ဘယ်ကလဲ ... စုံစမ်းလို့ရမယ် ... ဟိုမှာပူတဲ့လူက သိပ်ပူနေတယ် ... အဲဒီတစ်ယောက်ကလည်း အဲဒီအပူတစ်ခုနဲ့ပဲ သူသေမယ် ... မိရည်ရဲ့ တစ်ယောက်ကို ငါ အချိန်မီ စုံစမ်းမပေးနိုင်ရင် ... ဟိုမှာက ပူလွန်းလို့ ဖောင်းကြွပြီး ပေါက်ထွက်တော့မယ် ... မိရည်က ဒီလောက် အရေးမကြီးသေးဘူး ... ပေါက်ထွက်တော့မဲ့လူက ပိုဆိုးနေတယ် ... စိုးရိမ်ရေမှတ် ရောက်နေပြီ ... စိုးရိမ်ရတယ် ..."





ဒီတစ်ခါမှာလည်း ရဲရဲရဲ့"ဟင်"က လည်ချောင်းထဲတင်ပင် ပြန်လည်တိမ်ဝင်သွားရပြန်ပါပြီ ...။ အရေးတကြီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေရခြင်းမှာ ... မိရည်တို့နောက်သို့ လိုက်ပါနေခြင်း ဖြစ်သော်ငြား ... အဓိက,ကတော့ "ဓိဇဝ္ါ" အတွက်ပါ ဆိုပဲ ...။ "စိုးရိမ်တယ်"... ဆိုပဲ။

ရဲရဲက ကားထိုင်ခုံကို ခပ်လျောလျော ဖြစ်စေသည့် ခလုတ်ကို ဆွဲချပြီး ထိုင်ခုံနောက်မှီကို နည်းနည်းလှန်လိုက်သည်။ ပြီးလျှင်တော့ အသာကလေးသာ မှီလှဲနေတော့ရင်း ... မျက်မှောင်ကြီးကြုတ်ကာ ပြူးပြူးပြဲပြဲ ကားမောင်းနေသည့် ထူးကို နှုတ်ပိတ်ပိတ်ကလေးပဲ ငေးနေလိုက်ပါတော့သည်။ ကြည့်စမ်း ...။ အဟုတ်ကို သဲကြီးမဲကြီးနဲ့ ဒီတာဝန်ကြီးတစ်ခုကို မဖြစ်မနေ ထမ်းဆောင်နေချင်ပုံပဲ ...။

နှုတ်က မိန့်မြွက်ဩဝါဒပေးထားသည့်သူက ဘယ်လိုများ စွမ်းဆောင်ကိုင်တွယ်ထားပါလိမ့် ...။ အမြဲတမ်း သူ့ရှောင်တိမ်းထွက်ပြေးနေကျ မိရည်ရဲ့လူကို အပြင်းအထန်ကြီး မျက်နှာချင်းလိုက်ဆိုင်နေရတာဟာ ... ဇိုအတွက် သက်သက်ကြောင့် ... တဲ့ ...။ ရဲရဲမ[illegible]ချူတောင် ကျပ်ချင်လာသည်။

[illegible]န်းလို့ ရောက်လာရတဲ့ ရဲရဲကို ဖွင့်ပြော

တော့မည် [illegible] စကား" ဆိုတာကြီးကိုပင် [illegible]လျှာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားရအောင် ထပ်မံ၍ အရေးကြီးနေရပြန်တာဟာ … ပါလေရာမအတွက်တဲ့ …။ ရဲရဲမှာတော့ဖြင့် သဘောထားရည်ရွယ်ချက်ကော … စကားလုံးတွေရော … အချိုးအချိုက်တွေပါ ရုတ်တရက် ဖြောင့်ဖြောင့်ကြီး ပြောင်းလဲလာတဲ့ … ပါလေရာမကြောင့် … ရင်တွေခုန်လိုက်ရတာ …။ ဝမ်းသာဝမ်းနည်းတွေ ဖြစ်လိုက်ရတာ …။

ဒါပေမဲ့ မိဇီ တစ်ယောက်တည်းဆိုရင် ဘယ်လောက်ပဲစစ … သူ့အကျင့်ကို သိပြီးသား ရဲရဲက ဒီလောက်ကြီး လိုက်ရှူးမိဦးမှာ မဟုတ်ပါဘူး ထူးရယ် …။ ပေါ်တင်ကြီးကို လက်ချင်းတွဲပေးတော့မတတ် ဖြောင်စနေပြီဖြစ်တဲ့ မိဇီရဲ့နောက်ကို … နင်ကပါ … ပါသလိုလိုပုံစံ မရှိခဲ့ရင် ငါဒီလောက် အရှူးမဆန်ချင်ခဲ့ပါဘူး …။

ဟိုးအရင်တွေတုန်းကလိုပဲ … မိရည်မှာ အတွဲတစ်ယောက်ယောက် ရှိနေပြန်တဲ့အခါ … ကျန်တဲ့သုံးယောက်ပဲ စည်းလုံးတွေ့ဆုံနေကြရသလိုမျိုး … သုံးယောက်တစ်တွဲတွဲ ပြန်ဖြစ်လာကြတော့ … "စီစဉ်သူကြီး" ဖြစ်ချင်တဲ့ ပါလေရာစိန်က … ရဲရဲတို့နှစ်ယောက်တည်းသာ ကွက်ကျန်အောင် ပေါ်တင်ရှောင်သလိုလို လုပ်ချင်တဲ့အခါ … "အေး အေး … သွား သွား … ငါတို့နှစ်ယောက်တည်း ဒီမှာ ပြောစရာရှိတယ် … နင် အနားရောက်မလာနဲ့ …"လို့ အဟုတ်ကို နင်ပစ်တာ … ဘယ်သူလဲ …။





လေဒီစိန်ကလား …။ သူက "စီစဉ်သူ"သာ ဖြစ်ချင်တာ … "သတင်းထူး" တစ်ခုခုဆို သူ့အရင် မသိလိုက်ရမှာကျတော့ သေမတတ် ကြောက်သေးတဲ့လူဆိုတော့ … ထူးကနင်လိုက် … ဝေးဝေးသွားသလိုလိုနဲ့ ခဏကြာ ပြန်ကပ်လာလိုက် …။ ထူးမှာပြောချင်ဆိုချင်တာ တစ်ခုကို အားပါးတရ အချိန်ယူပြောလို့ကမရ …။ အားမလို အားမရတွေဖြစ် … သုံးယောက်ဆုံကြတိုင်း … နင်နဲ့ လေဒီစိန်နဲ့ ဒီလိုချည်း ဖြစ်နေကြတာ … ငါက ထိုင်ကြည့်ရင်ခုန်ပြီး … ရယ်ချည်းနေရတဲ့သူလေ …။

ပါလေရာရဲ့ အလစ်ဆိုတာကို … ငါလည်း လိုချင်တာပဲ … နင်လည်း လိုချင်ခဲ့တာပဲ …။ ကိုယ်ဖြစ်ချင်ရာကို ဆွဲဆက်ပြီး အတိတ်ကောက်။ အတည်ယူတယ်လို့ နင်က ရှောင်ထွက်ချင်သေးသလား …။ ဒါဖြင့်ရင် … နောက်ဆုံးတစ်ခါမှာ … ပါလေရာမ … နောက်ဘက်ထဲ ဝင်သွားတုန်း ခပ်တိုးတိုးကလေးနဲ့ … "ငါဖုန်းပြန်ဆက်လိုက်မယ် …"လို့ လှစ်ခနဲ … ဖျတ်ခနဲ … ဘာ့ကြောင့်ပြောသလဲ …။ ခပ်မြန်မြန် ပြန်ပြေးထွက်လာပြန်တဲ့ ပါလေရာမက … "ဘာလဲဟေ … ဘာလဲ … ငါမရှိခင် ပြောလိုက်ကြတာက ဘာလဲ … ပြော … ပြော … ပြန်ပြောပြကြ …" ဆိုတော့ … ရဲရဲမှာ … ရယ်လိုက်ရတာ …။ နင်လေ …။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အတင်းကို နင်လစ်တုန်းလေး ... မြန်မြန်တုပ်ကြရတာ ... နင့်များ ပြန်ပြောနေရဦးမှာလား ..." ...ဆို ...။ ပါလေရာက ... ရဲရဲကိုပဲ ..."နင့်ကို တစ်ခုခု သူ ဖွင့်ပြောလိုက်သလား..." လို့ အကြာကြီးပဲ ဆက်အစ် ... ဆက်ရစ်နေခဲ့သေးတာကော ...။

"ငါ့အလစ်မှာ ... ငါမသိလိုက်ရဘဲ နင်တို့ချင်း ဖုန်းခိုးဆက်ရင် ... ထူးထူးဆန်းဆန်း အပြောင်းအလဲ တစ်ခုခုကို ငါမသိလိုက်ရပဲ ဖြစ်ပွားသွားခဲ့ရင် ... နင်တို့နှစ်ယောက်လုံး... လက်ချောင်းတွေ ခြေချောင်းတွေ တစ်ဆစ်ချင်းပြုတ်၊ ပြုတ်ကျပြီး နူကုန်ကြပါစေသား ..."လို့ ... ဓိဇ္ဇဝါက ကျိန်ကို ကျိန်ပစ်ခဲ့သေးတာ ...။

ပြီးကျမှ ... ထူးရဲ့အလစ်မှာ ရဲရဲကို ခပ်တိုးတိုးနဲ့...

"အဲဒီကောင် နင့်ကို တစ်ခုခု ပြောချင်လို့ ငါ့အလစ်ကို ချောင်းချောင်းနေတာ ငါ ရိပ်မိတယ် ... နင်ကော ..."

"မရိပ်မိပါဘူးဟာ ... ဟင်း ဟင်း ..."

"မလိမ်နဲ့နော် ... နင်တို့ချင်း ဖုန်းပြောပြီးကြပြီလား ..."

"မဆက်ပါဘူး ... ထူးက ငါတို့ဆီ ဘယ်တုန်းက ဖုန်းစဆက်လေ့ ရှိလို့လဲ ... ငါတို့ကသာ သူ့ကို တစ်ခုခုခိုင်းချင်ရင် ... ညစ်ချင်ရင် ဖုန်းဆက်ချိန်းတတ်ကြတာပဲဟာ..."





"အေး ... ပြီးရော ... ငါ အရင်ဆုံး သိပါရစေနော် ... ကတိပေး ..."

"အေးပါဟယ် ... နင်ကလည်းပဲ ..."

"အေးပါဟယ်"သာ ဆိုတယ် ... ထူး ဖုန်းဆက်လာမှာကို ရဲရဲက ပြန်မပြောခဲ့ ...။ ဆက်မဲ့ဆက်တော့လည်း (ပါလေရာမလည်း မကြားနိုင်တော့ဘဲနဲ့) အိုး ... အဲနဲ့ နှုတ်ဆိုင်းဆိုင်းကြီး ဖြစ်နေခဲ့ပြန်ရော ...။ ပြီးကျ ဒီနေ့ (ဒီစနေ) အပြင်မှာ ဆုံကြဖို့ နင်ပဲ ချိန်းတာလေ ... ကဲ ...။ ရည့်တုန်းကလို... ပါလေရာမက ကြားကဝင်ပြီး ကလိမ်စေ့ငြမ်းဆင် ... ဟိုချိန်းဒီချိန်း လုပ်ခဲ့တာ မဟုတ်ဘူးလေ ...။ နင့်ပါးစပ် နင့်နှုတ်ဖျားကနေ ချိန်းတာလေ ...။ ရဲရဲမှာတော့ ... "ဖုန်းနဲ့ဆို မျက်နှာမမြင်ရလို့ သိပ်မပြောချင်သေးဘူး ထင်ပါရဲ့ ..."လို့ ဖြေသိမ့်တွေးပေးခဲ့ရပြန်ရော ...။

ခုကျတော့ ... ထိုမောင်ရွှေထူးဟာ ... သူတစ်ခုခု (အသည်းအသန်) ပြောချင်နေတဲ့ ရဲရဲကို "အဲဒါက ခဏပစ်ထားလို့ ရသေးတယ်"လို့ကို ရက်ရက်စက်စက် ပြောထွက်ကာ ... "ခုဟာက ပစ်ထားလို့မရအောင် အရေးကြီးတယ် ..."ဆိုတဲ့ ... ပါလေရာမအတွက် မိရည်နောက်သို့ တကောက်ကောက် လိုက်ခြင်းအမှုကို အားတက်သရောကြီး ပြုမူဆောင်ရွက်လို့ နေပါပကော...။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟော ... ဟိုမှာ ... မိပြီ ... တွေ့လား ... ငါတို့နဲ့ တစ်ကားကျော်က ... မာဇဒါဘီ(၆၀၀) ပစ်ကပ်ကားကလေးဟာလေ ... အဲဒါ သူတို့တက်သွားကြတဲ့ တက္ကစီပေါ့ ... ဟာ ... မိရည် အတွဲက ဘယ်လိုထူးလဲ ... ဟား ဟား ... ငါသာဆို Taxi ငှားရရင် ဆလွန်းတက္ကစီပဲ ငှားမှာပေါ့ ... နောက်ခုံမှာပဲ နှစ်ယောက်ထိုင်မှာပေါ့ ... ဒါမှမဟုတ်ရင်လည်း မိန်းကလေးက တွဲမထိုင်ချင်ဘူးဆိုရင် ... ရှေ့တစ်ခုံ နောက်တစ်ခုံ ... ရှေ့တစ်ယောက် နောက်တစ်ယောက်ပေါ့ ... ခုတော့ ကြည့်စမ်း ပစ်ကပ်နောက်ဖွင့်ကိုလည်း ငှားသေးတယ် ... ပြီးကျတော့ မိရည်တစ်ယောက်တည်း နောက်ခန်းထားပြီး ... သူကျ ရှေ့ခန်းမှာ ဒရိုင်ဘာနဲ့ သွားထိုင်နေတယ် ... ဟား ဟား ... သမီးရည်းစားနှစ်ယောက် ထွက်လာတာများ ... ကုန်ပစ္စည်းတစ်ခုဝယ်တင်လာတာ ကျနေတာပဲ ... လဒူပဲ ... ဒီကောင် ..."

ရဲရဲက ... မီကာနီးပြီဖြစ်သည့်အတွက် သဘောတွေအကျကြီးကျကာ တက်ကြွလာသည့် ထူးကို မျက်စောင်းကြီးနှင့် ထိုးလိုက်သည်။ ပြီးမှ လန်ကျနေသည့် ကိုယ့်ခုံကနေ ကိုယ်ကလေး မတ်ထပြီး ကြည့်လိုက်တော့ ... ဟုတ်ပါရဲ့ ...။ မိရည်သည် ကားအရှိန်နှင့် လေတိုးမှုကြောင့် သူ့ဆံပင်ရှည်ကြီး ဝေ့ဝဲလွင့်ပျံမသွား





ရအောင် ... လက်ကလေးနှင့် ဆွဲစုကိုင်ထားရင်း နောက်ခန်းထဲမှာ တစ်ယောက်တည်း ...။

ဟုတ်ပါ့ဟယ် ...။ ဒူပါ့ ...။ ကြုံရာရရာကား ငှားလိုက်ရလို့ ပစ်ကပ်နောက်ပွင့် ဖြစ်သွားရင်လည်းပဲ ...၊ မိန်းကလေးဖြစ်သူက နောက်ပွင့်ကြီးဖြစ်နေလို့ ဣန္ဒြေမရမှာစိုးလို့ ... ရှက်လို့အတူတွဲထိုင်မစီးချင်ရင်လည်းပဲ ...။ ထိုနောက်ပွင့်မှာပဲ ဣန္ဒြေရရနဲ့ နောက်ခန်းမှာ နှစ်ယောက် မျက်နှာချင်းဆိုင်၊ ခပ်ခွာခွာထိုင်စီးသွားလည်းပဲ ဖြစ်ပါတယ်နော် ...။ ခုကျတော့ ... ထို"ကိုဒူ"က ရှေ့ခန်းဝယ် မိန့်မိန့်ကြီး ...။ မိရည်က နောက်ခန်းမှာ ထစ်ယောက်တည်း ...။

ကိုယ့်အတွက်ကိုယ် စိတ်ထဲတနုံ့နုံ့ ဖြစ်နေမိသော်ငြား ... မိရည် အတွက်ကတော့ ရယ်ချင်သွားရသဖြင့် ... ရဲရဲထံမှ"အဟင်း"ဟု ရယ်သံတစ်ချက် ထွက်သွားမိပါသည်။ ထူးကလည်း ရဲရဲရဲ့ ရယ်သံကြောင့် သူပါပိုရယ်ချင်လာပုံရကာ ... ထူးရော ရဲရဲပါ ... ပြိုင်တူကြီး ရယ်နေမိရက်သား ဖြစ်နေကြတော့သည်။

ဩော် ... မိရည်တို့လို ရှေ့တစ်ယောက်၊ နောက်တစ်ယောက်ကြီး မဟုတ်ဘဲ ... ကားလေးတစ်စီးနှင့် နှစ်ယောက်တွဲ ... အတူကလေး ယှဉ်ထိုင်ပြီး ... နှစ်ယောက်ပြိုင်တူစိတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လက်ပါ … ရယ်ရွှင်ကြည်နူးနေခွင့် ဆိုတာမျိုး …။ အချိန်နာရီရဲ့ ကမ္ဘာကြီးကိုသာ ရပ်ထားလို့ရရင် … ခုလောလောဆယ် အချိန်ကာလလေးအတွက် ခေတ္တရပ်တန့်သော "Pause" ခလုတ်ကို ရဲရဲက် အချိန်မီ မြန်မြန်ကလေး နှိပ်ချထားလိုက်ချင်ပါသည်။

ထူးက မိရှည်တို့ကားနှင့် တစ်စီးခြား ဖြစ်နေတာကို မချင့်မရဲ ဖြစ်လှသလို … အကွက်ချောင်းလျက် … ရှေ့ကကားကို အချက်သာတာနှင့် ကျော်တက်ပစ်လိုက်ဖို့ချည်း ကြိုးစားနေလေသည်။ ဘယ်ဘက်က ပန်းတက်လိုက် … မျက်နှာချင်းဆိုင်က ယာဉ်ကြောနှင့်မလွတ်လိုက် …။ ညာဘက်က အလစ်ချောင်းလိုက် … ရှေ့ကကားက ညာတိမ်းလာလိုက် …။

"ငါတို့ လိုက်နေပြီဆိုတာ သိလို့များ မိရှည်က ရှေ့ကကားကို တမင်ပိတ်မောင်းခိုင်းထားသလား ထင်ရတယ် …"

သို့သော် ခဏကြာတော့ ရှေ့ကကားက ညာဘက်က လမ်းချိုးတစ်ခုထဲသို့ ကွေ့ချသွားသဖြင့် … မိရှည်တို့ လေးဘီးတက္ကစီနှင့် ထူးတို့ကားရဲ့ကြားမှာ ဘာအတားအဆီးမှ မကျန်တော့ဘဲ ဖြစ်သွားလေသည်။ ရဲရဲမှာ ကိုယ်တိုင်က အတော်ကြီး အားရသွားရသော်လည်း ထူးထံမှ "အိုကေ"ဟူသော နှစ်ထောင်းအားရသံကြီး ထွက်လာတာကိုဖြင့် အသည်းကယားသွားရသေးသည်။ ထိုအခိုက်မှာ ကားအတွင်းဘက်သို့ချည်း ကိုယ်လှည့်ခေါင်းလှည့်





ထားရသဖြင့် ဇက်ညောင်းလာဟန်တူသော ချမ်းမြရှည်က … နောက်ကားဘက် … လမ်းမဘက်သို့ ကိုယ်ရောခေါင်းပါ လှည့်ထိုင်လိုက်ရာ …

"ဟေး …"

ရဲရဲက ကိုယ်ကျတော့ လူတစ်ကိုယ်လုံးနီးပါး ကားပြတင်းထဲကထွက်ကာ "ဟေး"ခနဲ လှမ်းအော်လိုက်မိပေမဲ့ ထူးထံမှ "ပွမ် … ပွမ်"ဟု ကားဟွန်းသံနှစ်ချက် ထွက်လာတော့ … "ဖြန်း"ခနဲ လှည့်ရိုက်လိုက်မိသေးသည်။

"ဘယ်လိုဖြစ်နေတာလဲ … ဟွန်းက ဘာကိစ္စ ထတီးရတာလဲ … အဖမ်းတော့ ခံရတော့မှာပဲ …"

"ယောင်သွားတာပါဟ … နင်ကလည်း … ဟား ဟား ဟား … ကြည့်စမ်း … ကြည့်စမ်း … မိရှည် ဖြစ်သွားပုံကို ကြည့်စမ်း …"

ချမ်းမြရှည်မှာ ရုတ်တရက် ထိတ်လန့်သွားသလို ဖြစ်ကာ မျက်လုံးလေးပြူး … နှုတ်ခမ်းလေးဝိုင်းဟပွင့်လျက် …။ ထူးကတော့ အင်မတန်မှကို ဝမ်းသာလုံးဆို့လျက် ရှိလေသည်။ ချမ်းမြရှည်မှာ အတော်ကြီး အံ့အားသင့်သွားပုံ ရသော်လည်း ပြန်လည်ပုန်းကွယ်ခြင်းတို့၊ မသိချင်ယောင် ဆောင်ပစ်လိုက်ခြင်းတို့ … စတဲ့ အခိပ္ပာယ်မရှိနိုင်တော့သော အလုပ်မျိုးတွေကိုကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ ယောင်ယောင်ကမ်းကမ်းနှင့် ထမလုပ်ပေ ...။ တက္ကစီကား ရဲ့ မှန်တံခါးကိုပင် "တဒေါက်ဒေါက်" ခေါက်လိုက်ကာ ... လမ်းဘေးကပ်ပြီး ကားရပ်တော့ဖို့ပင် ပြောလိုက်သေးသည်။

ပဟေဠိဖွက်ထားသော ချမ်းမြရည်ရဲ့ကိစ္စက ခုပင် ပေါ်တော့မည်မို့ ရဲရဲက ဒီလောက်ကြီး ဆက်စိတ်ဝင်စားမနေတော့ပါ ...။ ကိုယ့်ဘေးက ဘသားချော့ရဲ့ လှုပ်ရှားတက်ကြွနေပုံကိုပဲ အမြင်ကတ်ကတ်နှင့် ကြည့်ပေးနေလိုက်သည်။ ကြည့်စမ်း ... ဖြစ်ပျက်နေလိုက်တာ ...။ ဟိုကားက ဘေးကပ်ရပ်သွားပြီမို့ ... သူလည်း ချက်ချင်း အချက်ပြ Indicator ကို ဆွဲကာ ညာဘက်သို့ "ဖတ်"ခနဲ ကပ်ချလိုက်ပုံ ...။ လေကလေးများပင် "တရှီရှီ" ချွန်လိုက်သေးပုံ ...။ သူ့ဆရာမကြီးကို ပြေးသံတော်ဦးတင်ခွင့် ရတော့မယ်လေ ...။ ပုံကိုက ... ဆရာမရှေ့ကို ကျက်ရမည့်စာတွေ ရျောင်းရျောင်းပြေး ကျေညက်နေပြီးမှ အရောက်သွားရတော့မဲ့ ကျောင်းသားကလေးနှယ် မြောက်ကြွ ...၊ မြောက်ကြွ ...။

"ဟိုက် ... လက်စသတ်တော့ မိရည်ရဲ့ ငဒူကောင်က ... ဟား ဟား ဟား "

ထူးကိုချည်း စိုက်ကြည့်နေသည့် ရဲရဲ တစ်ယောက် ... လမ်းဘေးပလက်ဖောင်းပေါ် ဆင်းရပ်နေကြပြီဖြစ်သည့် မိရည်တို့ စုံတွဲဆီ အကြည့်ပြန်ရောက်သွားရပါသည်။





"ဟင် ..."

"အေး ... ဘယ်လိုဖြစ်တာလဲဟ ... ဟား ဟား ဟား ဟား ... ကြည့်စမ်း ... နင်မသိလိုက်ဘူး ... ဟုတ်လားရဲရဲ... ခံရတယ်ကွာ ... ဟား ဟား ဟား"

ရဲရဲက ကားပေါ်က ပြေးဆင်းကာ ဟိုနှစ်ယောက်အား ပြေးကပ်သွားလိုက်ပါသည်။ ပြီးလျှင်တော့ သူတို့ဘာမှလုပ်မထားသည့် မျက်နှာပေးကလေးတွေနှင့် ရှိနေကြသော နှစ်ယောက်တို့ကို ... တစ်ခါမှ မမြင်ဖူးသည့် ဂြိုဟ်တစ်လုံးက သတ္တဝါတွေနှယ် ... ခေါင်းမှခြေ ... ခြေမှခေါင်း ... အစုန်အဆန် ကြည့်နေမိရင်း ... ခုနက မိရည် ဖြစ်ပျက်သွားသော မျက်နှာမျိုးနှင့် ဒီတစ်ခါ ဖြစ်နေရသူမှာ ရဲရဲပင် ဖြစ်တော့သည် ...။

"ဘယ်လိုဖြစ်တာလဲ ... ငါလည်း ဘာမှမသိလိုက်ဘူး ..."

မသိလိုက်တဲ့အတွက် စိတ်ဆိုးရမှာလား ...။ ဘာမှဆိုးစရာတော့ မရှိ ... ကိုယ်ကိုယ်တိုင်တောင် စိစဉ်ချင်ခဲ့သေးသည့်အရာ ...။ ဒါဖြင့် ကျိတ်လုပ်နေကြတာကို စိတ်ကောက်ရမှာလား ...။ ကြောင်ချေးမ ... အဲဒါကြောင့် ငါ့ကို ဆက်တိုက်ဆက်ရှောင်နေတာ ...။

"ဘာမှမဟုတ်ဘူးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



မိရည်ထံမှ စကားသံ စထွက်လာသည်။

"ဘာ ... ဘာမှမဟုတ်တာလဲ ..."

"ကိုစိုးမိုးနဲ့ ငါနဲ့ ဘာမှမပတ်သက်ဘူး ... နင့်မှာနေမ
ထိုင်မပျော်နဲ့ ... ဘယ်လိုဘဝကြီးထဲ ရောက်နေမှန်းမ
တော့ဘူးဆိုလို့ ဝင်ကူညီပေးရုံသက်သက်ပဲ ... ဒါပဲ ...
သစ်တစ်ယောက် ဖြစ်လာစေရမယ်လို့တော့ အာမ,မခံနိုင်
လောက်ပါဘူး ... နည်းနည်းလောက် ... နင် ကျေနပ်ပြ
နေပျော်လာရုံလောက်အချိုး ပြောင်းနိုင်ရင်ပြီးပြီ ... ဒါပဲ
တော်ပြီ ..."

ထူးရော ရဲရဲပါ ... "ဟာ"ဟု သံရှည်ဆွဲပြီး ငြင်
ကြီး အော်လိုက်မိကြပါသည်။ ဖဲချပ်ပေါ်က ဘုရင်ကြီးလို လူ
မျက်နှာပါသေသေကြီး ဖြစ်ခဲ့ဖူးသည့် ကိုစိုးမိုးထံမှလည်း
မျက်နှာရော လှုပ်ရှားဟန်တွေပါ စိုးရိမ်ပြုံးပျာကာ ... အလှုပ်အရှား
ခပ်များများနှင့် ... "မကျေနပ်နိုင်ပါကြောင်း"ကို ထင်ရှားစွာပြသ
နေလေတော့သည်။ မိရည်က ကိုစိုးမိုးကို တည်ငြိမ်စွာပင် မော့
ကြည့်လိုက်လျှင် ... ကိုစိုးမိုးသည် ညီမဖြစ်သူကိုရော ... ထူးကိုပါ
ရှိတယ်လို့တောင် မမှတ်ဘဲ ... မိရည်နားကပ်ကာ ... တိုးတိုး
တိုးတိုးနှင့် ဘာတွေမှန်းမသိ ပြောနေလေတော့သည်။





"နောက်မှ တွေ့တာပေါ့နော် ... ကိုစိုးမိုး ... နို့မို့ဆို ... ရည်တို့အမျိုးတွေက စောင့်နေကြတာ ... အချိန်မမီတော့ဘဲ လွတ်သွားမှာ စိုးလို့ပါ ... အချိန်က သိပ်မရှိတော့ဘူး ... ရတယ် ... မိရည် တစ်ယောက်တည်းပဲ သွားလိုက်တော့မယ် ... ကိစ္စမရှိဘူး ... ကိုစိုးမိုးက ရဲရဲတို့နဲ့ပဲ ပြန်လိုက်သွားလိုက်လေ ... မိရည် ပြောတာတွေ မမေ့နဲ့နော် ... ကိုယ့်ညီမလေး တစ်ယောက် စိတ်ချမ်းသာဖို့က ကမ္ဘာမှာ အရေးအကြီးဆုံး ..."

အင်မတန်မှ အေးဆေးညင်သာလှသော ချမ်းမြရည်က ခုလည်းပဲ တက္ကစီကားပေါ်သို့ အေးအေးသက်သာလေးပင် ပြန်တက်ထိုင်လိုက်ကာ ငေါင်စင်းစင်း သုံးယောက်ကို လက်ကလေးများပင်ပြလျက် ... သူ့ကားက ထွက်ခွာသွားခဲ့လေပြီ ...။ ရဲရဲက ကျန်ရစ်သော ကိုယ့်အစ်ကို,ကို အလန့်တကြား မော့ကြည့်လိုက်သည်။

"သူက အစောတည်းက ဒီနေ့ သူနဲ့မလိုက်ဖို့ တစ်ချိန်လုံး ပြောနေတာ ... ဘာကိစ္စရှိလို့လဲတော့ မသိဘူး ... လာကြလေ ... ညီလေးက ရဲရဲကို အိမ်ပြန်လိုက်ပို့ပေးမလို့ မဟုတ်ဘူး ... အစ်ကိုပါ လိုက်ခဲ့လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့လူနဲ့သူ ... သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ ဟုတ်လို့ ...။ ရဲရဲမှာသာ စိတ်ထဲကနေ ဘာတွေမှန်းမသိ ဂျလိ၊ ဂျလိ၊ ကျိုကျိုနှင့် ပြန်ဖြစ်လာရကာ ... အသည်းယားရလွန်းလို့ ဒီတစ်ခါ မျက်ရည်ကျချင်လာရတာက ရဲရဲပဲ ဖြစ်ပါတော့သည်။ ငါ့ကိုလုပ်တာ ...။ အဲဒါ သက်သက်မဲ့လုပ်တာ ...။ ဒီလိုကိစ္စမျိုးမှာ လူရိုးလူအကြီးတစ်ယောက်ဖြစ်သော အစ်ကို့ကို ခုတုံးလုပ်ပြီး ... "မှတ်ပလားဟဲ့ ... ရဲရဲရဲ့ ..."လို့ သူ့အကြောင်းကို ပြချင်ရုံသက်သက်ကလေးပါ ...။

အစ်ကိုတော့ ခံလိုက်ရပြီဆိုတာ ရဲရဲ သိလိုက်ပြီ ...။

"တောက် ..."

ရဲရဲရဲ့ ဆို့ဆို့နင့်နင့် "တောက်"ခေါက်သံကြောင့် ထူးက ကိုစိုးမိုးကို အားနာသလို လှည့်ကြည့်ကာ ... ခပ်တိုးတိုး ...

"နင်က ဘာထဖြစ်တာလဲ ... ဒါ နင်ပဲ ဖြစ်ချင်တဲ့ကိစ္စဆို ..."

"နင် ဘာသိလို့လဲ ... ဒီမိန်းမကို ငါက ကျောမိခဲ့တယ်ဆိုရင် မသိလို့ ... လုပ်ပုံမှားလို့ ... ကောက်ကျစ်မှုမပါတဲ့ အမှားလေးသက်သက်ပဲ။ သူကတော့ ငါ့ကို အဲဒီအတွက် တမင်ပြန်ထုတာ ..."





"ဟာ ... အဲလိုတော့ မဟုတ်ဘူး ထင်တယ် ... မိရည်က ဒီလိုစိတ်ဓာတ်မျိုးတော့ မရှိ ..."

ရဲရဲက ထူးရဲ့စကားကို ဖြတ်ကာ ... "ဟာ ..."ဟု အာခေါင်ခြစ်ပြီး အော်ပစ်လိုက်သည်။ ဒီလောက်ပြောပြနေတာကိုပင် သဘောမပေါက်၊ လက်ခံ၊ နားနိုင်ဟန်မရှိတဲ့ ကိုစိုးမိုးက ရဲရဲကိုပဲ စိတ်ကုန်သလိုလို လှည့်ကြည့်လို့ လာလေသည်။

* * *

ဓီဇဝါက သက်ပြင်းတစ်ချက်ကိုချရင်း ... ဘာတွေမှန်းမသိ ... တဘောက်ဘောက်နှင့် တရစပ် ဖြစ်နေသော ရဲရဲရဲ့ စကားတွေကိုဖြတ်ကာ ... အတင်းကြီး ဝင်ပြောပစ်လိုက်သည် ...။

"ထူးကပြောတော့ ... နင် အဲဒီအချိန် မတိုင်ခင်ကလေးမှာ ဘာကိုမှန်းမသိ ... တစ်ခုခုကို ရုတ်တရက်ထပြီး မကြည်မလင် ဖြစ်သွားသေးတယ်လိုလို ... ဆို ..."

"အဲဒါ ဘာဖြစ်လဲ ... ဘာဆိုင်လဲ ..."

"မဟုတ်ဘူးလေ ... ဆိုင်တာပေါ့ ... လူဆိုတာ ... တခြားတစ်နေရာရာမှာ စိတ်မကြည်လင်တဲ့ဓာတ်ခံရှိခဲ့ရင် ... ဒီတစ်နေရာမှာမှ လာပြီး ... ဘာမဟုတ်တာလေးနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တယ် … အဲဒီလောက်ကြီးကို နင်က ဘာမဟု
တာလေးလို့ ပြောတယ် … ဟုတ်လား …"

"ဘာလို့ လာစွတ်အော်နေရတာလဲ … ငါ့မှာရော ဘာအ
ရှိလို့လဲ … ငါ့မှာ ဘာအပြစ်မှမရှိဘဲ … လာစွတ်
နေတာကို ငုံ့ခံနေရအောင် တရားရှင်လည်း မဟုတ်
အရူးလည်းမဟုတ် … နှစ်ဖက်စွန်းစလုံး မဟုတ်ဘူးနော်
ပြေပြေလည်လည် ပြောကြကြေးလို့ သဘောမထားရင်
ငါ့မှာလည်း ပါးစပ်ကြီးနဲ့ပဲ … ရှေ့ကြောင်း နောက်ကြော
တွေ ပြိုင်အော်ကြကြေးဆိုရင် … အားလုံး နာကျင်ကု
လိမ့်မယ် …"

ဓိဇဝါ့ရဲ့ ခပ်တည်တည် အပြောကြောင့် … မျက်
မှိတ် … ဗိုက်နှိပ်ပြီး ကျုံးချည်းအော်နေသည့် ရဲရဲ တစ်ယော
သူ့အအော်ကိုတော့ ရပ်တန့်လိုက်ပါသည်။ ကျေလည်သဘော
ပေါက်သွားလို့တော့ ဟုတ်ဟန်မတူပါ …။ မျက်နှာက မှုန်တ
တင်း ဆက်ဖြစ်နေကာ … မျက်လုံးတို့ကလည်း အကြဲထုတ်
ရတာမို့ … "ဓိဇဝါတော့ ဘယ်လောက်ကျယ်ကျယ် အာပြ
လဲ …"ဆိုတာကို စဉ်းစားပြီး စမ်းသပ်ချင်နေသလားပင် မှ
သည် …။





"သေချာပြန်စဉ်းစားကြည့်ပါဦး … ကိုစိုးမိုးနဲ့ မိရည် ဆိုတာ နင်ကပဲ စခဲ့တဲ့ဇာတ်လမ်းလေ …"

"အေးလေ … ဒါပေမဲ့ခုဟာက ငါစခဲ့သလို ဖြစ်လာတာမျိုးမှ မဟုတ်တာ … နင့်ဟာမက … ခဏကလေးခေါ်တွဲပြီး ဖြတ်ခနဲ ချန်ခဲ့မဲ့အချိုး … သူပြောတာ အဲဒီအတိုင်းပဲ ကွက်တိ …"

"သူက ဦးနှောက်ကိုက ကြောင်ချေးပဲ … မိန်းကလေးတစ်ယောက်အနေနဲ့ အဲလိုမလုပ်ရဘူးဆိုတာ သူ သိပ်မစဉ်းစားဘူးလေ … နင့်အတွက် ကောင်းမယ်ထင်တာနဲ့ပဲ သူက ထကောက်လုပ်လိုက်မိတာလေ …"

"မဟုတ်ဘူး … ငါ့ကို ချိုးတာ …"

"မဟုတ်ပါဘူး … အကောင်းလုပ်တာပါ … ကိုစိုးမိုးကြီးပြောင်းလဲကောင်းမွန်လာတာ … ငါကိုယ်တိုင် မျက်မြင်လက်တွေ့ပဲ …"

"အောင်မာ … အဲဒီလို ငါလုပ်လိုက်လို့ ဆိုတဲ့အချိုးနဲ့ လက်မထောင်တာကို … ငါက မုန်းတာ …"

"နင်က အမျိုးမျိုး မပြောနဲ့လေ … နင်ပဲ အရင်ကတော့ အဲဒီလို ပြောင်းပစ်နိုင်မဲ့ ယောက်မမျိုး လိုချင်တယ်ဆို … နင့်တာဝန်တွေကို အဲဒီတစ်ယောက်ပေါ် ပုံမယ်ဆို … နင့်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ပြောင်းလဲလာအောင် လုပ်ပေးနိုင်တဲ့သူရှိရင် ထိုင်များတောင် ကန်တော့လိုက်ချင်သေးတယ်ဆို"

ရဲရဲမှာ သူ့စကားနှင့်သူမို့ အပြောရကျပ်သွားဟန် ရှိပြီးမှ ... ခေါင်းမာလေ့ရှိသူများရဲ့ လွယ်လွယ်နဲ့ မလျှော့တတ်တဲ့ ထုံးစံအတိုင်း ...

"ငါက ပညာပြရုံ လာပြပြီး တာ့တာလုပ်မဲ့လူကို လိုချင်နေတာ မဟုတ်ဘူး ... အဲဒါမျိုး တစ်ခါမှ မပြောခဲ့ဖူးဘူး ..."

"ကောင်းပြီ ..."

ဇီဇဝါက သူ့ပေါင်သူ ဖြန်းခနဲရိုက်ကာ ခုမှ သူ့အကွက်ကောင်းကို ဝင်လာပြီမို့ ... ခန္ဓာကိုယ်ကလည်း ခပ်မတ်မတ်တွေ ဘာတွေ ဖြစ်လာသည်။

"ကိုယ်က ဒါဖြင့် ဘာကိုလိုချင်နေတာလဲ ... ကိုယ်လိုချင်တာ ကိုယ်ရအောင် လုပ်ရမှာပေါ့ ရဲရဲရဲ ... တာ့တာမလုပ်စေချင်ရင် ... အပိုင်ဆက်ဆွဲထားမယ်ဟယ် ... ခုဆို ငါတို့ အစ်ကိုကြီးကလည်း ပါနေပြီ ... အသိသာကြီး ... လုံးဝပါနေပြီ ... ငါတို့အားလုံး ပူးပေါင်းပြီး ... ဒီကြောင်ချေးမနဲ့ ဒီအစ်ကိုကြီးကိစ္စကို ..."

ရဲရဲက လက်သီးလက်မောင်းတောင် ထတန်းနေသည့် ဇီဇဝါကို ခါးသီးစွာ ကြည့်လိုက်မိသည်။ ပါချင်ပြန်ပြီ ...။ ဝင်





ပါချင်ပြန်ပြီ ...။ ဒီကိစ္စက ... ချမ်းမြရည်နဲ့ ရဲရဲ နှစ်ဦးတည်းလုံးဝသက်ဆိုင်သောကိစ္စကြီး ဖြစ်သွားပြီဖြစ်ပါရက် ... သူသာအရေးပါ အရာရောက် ... သူဝင်စီစဉ်မှ ဖြစ်တော့မဲ့ အပေါက်မျိုးကို အတင်းဝင်ချိုးနေပြန်ပြီ ...။

"ဟိုအရင်က နင်လုပ်ချင်တာက တစ်မျိုး ... ငါဖြစ်စေချင်တာက တစ်မျိုး ... နှစ်မျိုးတောင် ကွဲနေသေးတာ ... ခုတော့ ငါက ငါဖြစ်စေချင်တာကို လက်လျှော့လိုက်ပြီ ... ခုဟာက နင်စခဲ့တဲ့အတိုင်း ဆက်ဖြစ်ဖို့ကိုပဲ ငါလည်းတစ်တပ်တစ်အားပါဖို့ အသင့်ဖြစ်နေပြီ ... ငါကတောင် ဖျက်လိုဖျက်ဆီးဘက်က မစဉ်းစားတော့ဘဲ ... ဖြစ်စေဖို့ဘက်ကိုပဲ ဘက်ပြောင်းလာရင် ... နင်ကလည်း ..."

"ဘာမှ လာပြောမနေနဲ့ ..."

"ဟင် ..."

"နင်သဘောတူတိုင်း ... ငါကကော လိုက်တူရမှာလား ... ငါက နင့်တပည့်မကြီးလား ..."

ဇီဇဝါက ရဲရဲကို မျက်လုံးပြူးကြီးနှင့် ကြည့်သည်။ ရဲရဲကလည်း သူ့လို တမင်ပဲ ပြန်ပြူးပြီး စိုက်ကြည့်ပေးနေလိုက်လေသည်။ အရာရာကို သူ ဝင်စီစဉ်တဲ့ အချိုးအချိတ်လေးအတိုင်း နှစ်တကျ လက်ကလေးတွေပိုက်ပြီး ဆက်ဖြစ်ချင်ကြ ... လို့



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးချင်လို့ ရရိုးလား ...။ ဘယ်နှခါများကော ... စိတ်ရှိလက်ရှိကြီး အောင်မြင်ခဲ့ဖူးလို့လဲ ...။

ကဲ ... ပြောစမ်း ...။ နှင် အခုဝင်စီစဉ်နေတယ်လေ ...။ ထူးနဲ့ ရဲရဲနဲ့ဆို ...။ ဖြစ်ကို ဖြစ်စေရမယ်ဆို ...။ ရဲရဲသာ ကျန်တော့တာ တစ်ဖက်ကိုတော့ သေချာနေပြီဆို ...။ ဘယ်မှာဖြစ်သလဲ ...။ ကဲ ...။ သူဝင်,ဝင်လုပ်လိုက်မှဖြင့် နဂိုနေအတိုင်းဆို ဖြစ်ချင်ဖြစ်လာနိုင်တဲ့ အရာတွေတောင်မှ လွဲချော်ထွက်သွားခဲ့သေးတာကြီးကို ...။ ထူးမှာ ဘာကိုပြောချင်နေမှန်း မသိ ... တစ်ခုခုပြောကိုပြောချင်နေတဲ့ဟာတောင်မှ ... ဆရာမကြီးကို ငဲ့နေရတာနဲ့ပဲ ... ဆရာမကြီး လုပ်ခိုင်းထားတဲ့ဟာတွေကို ငဲ့နေရတာနဲ့ပဲ ... ပြောစရာရှိတာတောင် ပါးစပ်ဟာခွင့် မရသေးဘူးလေ ... ခုထိ ...။

ကဲ ... အဲဒါ ... နှင်ဝင်စီစဉ်လို့ အောင်မြင်တာလား ...။ ပြောပါဦး။ ခုလည်းပဲ သူ့ဟာနဲ့သူ ဆက်လွှတ်ထားလိုက်ရင် ... အတည့်ဝင်ချင် ဝင်သွားဦးမဲ့ကိစ္စကို ... အတင်းကြီး ပါလာပြန်တာနဲ့ပဲ ... သူလုပ်တာနဲ့ ရဲရဲမှာ စိတ်ပုပ်မကြီးလိုလိုပဲ ဖြစ်ရပြန်ဦးမယ်ဆိုရင် ... (သူ့ဟာနဲ့သူ တည့်မဲ့ကိစ္စကို "ငါတည့်တာပါ" လို့ အတင်းဝင်တည့်နေတဲ့ မိဓိကို မုန်းတာနဲ့ပဲ) ရဲရဲက ... အဲဒီကိစ္စကို ဓောက်ထိုးကြီး မဖြစ်ဖြစ်အောင် လုပ်ပစ်မယ်ဟယ် ... ကဲ ...။ ဘာဖြစ်သလဲ ...။





"ဒါဖြင့် နှင်က ကိုစိုးမိုးနဲ့ မိရည်ကို သဘောမတူဘူးလား ..."

"မတူဘူး ..."

"မဖြစ်စေချင်ဘူးလား ..."

"မဖြစ်စေချင်ဘူး ..."

"ဟယ် ... ဘာလို့လဲ ..."

ရဲရဲက "နှင်ဝင်ပါနေလို့" ဟူသော စကားကို စိတ်ထဲမှာပဲ ပြောလိုက်ပါသည်။ မိရည်ကိုလည်းပဲ စိတ်မဆိုးဘူးတော့ မဟုတ် ...။ ဆိုးတာပေါ့ ...။ ဒါပေမဲ့ ကိုယ့်ရဲ့တာဝန်က မိရည်တစ်ယောက် အဲဒီလို တကယ်ပဲ ကျောရရုံကလေး ဖြတ်ချသွားခဲ့ပါပြီ ဆိုလျှင်တောင် ... ကိုယ့်အစ်ကိုကြီးအတွက် ...၊ မိရည်အတွက် ...၊ ပြီးကျတော့ အရာရာကောင်းဖို့အတွက် ... လိုက်တောင်းပန် ... နားချယူရဖို့ပဲရှိတာ ... ဆိုတာလည်း နားလည်ပါသည်။ စိတ်ဆိုးတာက နောက်ထား ... ဖြစ်သင့်တာကအရင် ... ဦးစားပေးရမှာပေါ့။

"ကိုစိုးမိုးကြီး သနားပါတယ် ... သူက ဒါမျိုးကြုံဖူးတာလည်း မဟုတ်ဘူး ... ကြောင်ချေးမရဲ့ ဦးနှောက်ပေါက်စနလေးနဲ့ ဝင်လုပ်ကြည့်တာ ဆိုတာမျိုးကိုလည်း နားကိုလည်နိုင်မှာ မဟုတ်ဘူး ... တကယ်ပဲ သူတို့နှစ်ယောက် မရှိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဆိုရင် ... ကိုစိုးမိုးကြီးပဲ အသည်းကွဲမှာ ... မိရည်က ဦးနှောက်မရှိပေမဲ့ အသည်းနှလုံးတော့ ရှိပါတယ် ...

သင့်လည်း သင့်တော်တယ် ... ကိုယ့်သူငယ်ချင်းရဲ့ အစ်ကိုလည်း ဖြစ်နေလိုက်သေးတယ်ဆိုရင် ... နင် ဘယ်လို စိတ်ကောက်ကောက် စိတ်ဆိုးဆိုး ... သူက ကိုစိုးမိုးကို ... ရက်စက်ပစ်လိုက်မဲ့သူမျိုးတော့ ဘယ်နည်းနဲ့မှ မဟုတ်ပါဘူး ...

အဲဒီနေ့ကလည်း တမင်လုပ်တာမှ မဟုတ်တာ ... ငါမေးပြီးပြီ ... သူ့အဒေါ်တွေကို ဘူတာရုံမှာ လိုက်ပို့နှုတ်ဆက်မလို့ဟာ ... ကိုစိုးမိုးကို သူ့လူအဖြစ် ဆွေထဲမျိုးထဲမှာလည်း ပြမထားရသေးလို့ မလိုက်ခဲ့ပါနဲ့ဆိုတာ ... ကိုစိုးမိုးကလည်း အရှိန်တက်နေတော့ မိရည် ဘယ်သွားသွား ကပ်လိုက်နေချင်တာကိုး ... အဲဒီတော့ နင်တို့နဲ့တွေ့တုန်း "အတော်ပဲ"ဆိုပြီး ထားပစ်ခဲ့ရတာပေါ့ ...

'ဘာမှမဟုတ်ဘူး'လို့ အဲဒီအခိုက်အတန့်မှာမှ မြန်မြန် ထရှင်းနေရတာကလည်း ... တကယ်ပဲ ဘာမှမှမဟုတ်ကြသေးတာကိုး ... နင် စိတ်ဆိုးမှာလည်း သူကကြောက်မှာပေါ့ ... ပြီးကျတော့ တကယ်ဘာမှမဟုတ်ဘဲ လျှောက်အထင်ခံရပြီး 'ပြီးသွားပြန်ပြီတစ်ယောက်' ... လို့ အပြောခံရဦးမှာကိုလည်း ကြောက်ရဦးမှာပေါ့ ..."





ဇီဇဝါက ကိုယ့်စကားကို ထမဖြတ်ပစ်ဘဲ အဆုံးထိ နားထောင်နေပေးသည့် ရဲရဲကို မသိမသာလေး ခိုးကြည့်လိုက်ပြီးမှ ...

"နင်က လုံးဝကန့်ကွက်ပါတယ် ဆိုရင်လည်း ... ငါနဲ့ ထူးနဲ့ကတော့ လုံးဝထောက်ခံရမှာပဲ ... ငါနဲ့ ထူးနဲ့က ကိုစိုးမိုးနဲ့ ပူးပေါင်းပြီးတစ်ဖက် ... မိရည်ကလည်း ခုတော့ ကြားနေ ... ဒါပေမဲ့ ပြောရင်တော့ ရမှာပဲ ... မကြာခင် ငါတို့ဘက်ထဲပဲ ရောက်လာမှာပဲ ..."

ရဲရဲက မျက်စိထဲ အလွယ်တကူ မြင်လိုက်သော ဖန်ပန်းအိုးလေးကို ကောက်ကိုင်ကာ ... နံရံဘက်ဆီသို့ အရှိန်နှင့် လွှဲပစ်ပေါက်ထည့်လိုက်ရင်း ...

"အဲဒါ ဝင်ပါစီစဉ်ချင်ဦးဟယ် ... အဲဒါ ... 'ဘက်'ဖွဲ့ချင်ဦးဟယ် ..."

"ချွမ်း"ခနဲ အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားသော ဖန်ပန်းအိုးလေးကို ကြည့်ပြီး ... ကျေနပ်အားရစိတ်တို့နှင့် ... ရဲရဲက ဒေါသတွေလည်း အနည်းငယ် အနည်ထိုင်သွားရစဉ်မှာ ... ဇီဇဝါကတော့ ကြမ်းပြင်တစ်ခုလုံး ကြဲပြန့်နေသည့် ဖန်ကွဲစတွေကို ငူငူကြီး စိုက်ကြည့်နေရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ... နင့်ပစ္စည်းပဲ ပျက်စီးတယ် ... နင်ဝ အကုန်တစ်စစီ ပြန်ကောက်သိမ်းရမှာပဲ ... ငါ ဘာဖြစ်လဲ... ဘာမှမဖြစ်ဘူး ...။ ဘက်ဖွဲ့တယ် ဆိုတာလည်း ငါတို့ပြော နေကျ စကားပဲ ... ငါနဲ့ နင်နဲ့ ရန်ဖြစ်တိုင်း ထုံးနဲ့ရည် ကို ပြေးပြီး ကိုယ့်ဘက်ပါအောင် ဆွယ်နေကျ ...။ အဲဒါ ငယ်ငယ်ကလေးတည်းကပဲဟာ ... ခုမှ နင်က ဘာလို့မကျေ နပ်ရတာလဲ ... ဝင်ပါတာကလည်း ငါ့အကျင့်ပဲ ... ကောင်း မလားလို့ချည်းပဲ လုပ်ကြည့်နေမိတာ ... နင် အဲဒီလောက် ခါးသီးနေတယ်ဆိုရင် ... ကောင်းပြီ ... ရှေ့လျှောက် ... ငါဘာကိစ္စကိုမှ ဝင်မပါတော့ပါဘူး ..."

ဇီဇဝါက ဖန်ကွဲစလေးတွေကို ခြေဖျားလေးထောက် ထောက်ကျော်လွှားကာ ... ရဲရဲတို့ ဧည့်ခန်းထဲမှ လှမ်းထွက်သွားပါ သည်။

"နင့်ကို ငါ ပြောခဲ့တယ်နော် ... နင်နဲ့ငါ ဆက်ခေါ်တယ်... သဘောထား ကွဲလွဲတာပဲရှိတယ် ... ရန်မဖြစ်ဘူး ...ရှောင် နေကြစရာ မလိုဘူး ... နင့်ဖန်ကွဲတွေကို ဝိုင်းမသိမ်းပေး ခဲ့တာက ... ငါက ဖန်ကွဲကိုင်လိုက်တိုင်း အမြဲတမ်း လက် ရှတတ်လို့ ... ဘယ်တော့မှ မကိုင်တာ နင်လည်းသိတယ်... နင် အားလုံးပြန်သိမ်းပြီးချိန်ထိ ထိုင်မစောင့်ပေးတော့တာ





ကတော့ နင့်ကိုကြောက်လို့ ... ဒီတစ်ခါဆိုရင် ဖန်ခွက်နဲ့ ပေါက်မှာက နံရံမဟုတ်တော့ဘဲ ... ငါ ဖြစ်နေတော့မှာ ကြောက်လို့ ... ကျောပြီးထထွက်သွားတာ မဟုတ်ဘူး နော် ... ဘာ ပဲဖြစ်ဖြစ် ... နင်နဲ့ ငါနဲ့ ဆက်ခေါ်နေကြ တယ် ..."

ဇီဇဝါ ပြန်သွားလျှင် ဖန်ကွဲစတွေနှင့် ရဲရဲသာ ... ကျန်ရစ်လေသည် ...။ ဖန်ကွဲစတွေကိုတော့ ... ညနေဘက် ကိုစိုးမိုး အိမ်သို့ပြန်ရောက်လာမှ ... လိုက်ကောက်သိမ်းပေးပါ သည်။ "နင်ပဲအကုန်ပြန်ကောက်သိမ်းရမှာပဲ ..."ဟု ဇီဇဝါကပြော ခဲ့သည့် ဖန်ကွဲစတွေကို အစ်ကိုဖြစ်သူက အေးအေးဆေးဆေး သိမ်းဆည်းသုတ်သင်ပေးနေတာကို မြင်လျှင် ... ရဲရဲက ချမ်းမြရည် ဆိုသည့် သူငယ်မတစ်ယောက်ကို ... ပြင်းပြင်းထန်ထန် နင့်နင့် သီးသီး သတိရလျက်ရှိလေသည် ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

မနက်စောစောစီးစီးကြီး ... ရဲရဲဆီက ငိုသံပါကြီး နှင့် ဖုန်းဝင်လာသဖြင့် ... ထူးမှာ စိတ်တွေပူပြီး ခေါင်းပင်ကိုက် သွားရပါသည်။

"ဟာ ... ရဲရဲ ... ဘာဖြစ်တာလဲ ... ဘာလို့ ငိုသံကြီးနဲ့ ဖြစ်နေတာလဲ ..."

"ထူး ... အီး ... ငါ့ကို တစ်ခုခု လုပ်ပေးဦး ..."

"လုပ်ပေးမှာပေါ့ ... ဘာတွေ ဖြစ်နေတာလဲ ... နင်က အခု ဘယ်မှာလဲ ... ဘယ်ကဆက်နေတာလဲ ..."

"အိမ်ကပဲဆက်တာ ... ငါ့အိမ်က ငါဆက်နေတာ အီး..."





ထူးက သက်ပြင်းတစ်ခုကို ကျိတ်ချလိုက်သည်။ ဘာပဲဖြစ်ဖြစ် ... ဘယ်လောက်ပဲ ငိုသံကြီးနဲ့ ဖြစ်ပစေ ...မနက် ငါးနာရီ၊ ခြောက်နာရီလောက်ကြီးမှာ ... အပြင်တစ်နေရာရာက ဆက်နေတာ မဟုတ်ဘဲ သူ့အိမ်ကသူဆိုတော့ စိတ်ပူလိုက်ရတာ တွေတော့ ... နည်းနည်းတော့ လျော့သွားသည်။

"အေး ... ပြောလေ ... နင်က ဘာလို့ငိုနေတာလဲ ... နေမကောင်းဘူးလား ... ကိုစိုးမိုးရော ...။ ဒါမှမဟုတ် ကိုစိုးမိုး များ နေမကောင်း ဖြစ်နေလို့လား ... ဟုတ်လား ...."

ပြောလိုက်မှပင် ရဲရဲဆီက "တအီးအီး"အော်ငိုသံ ကြီးတွေက ဆက်တိုက် ဆက်ထွက်လာတော့တာမို့ ... ဘာပြဿနာ မှန်း မသိရသေးပေမဲ့ ထူးက ဒီဘက်ကနေ ကျိတ်ပြုံးချင်နေမိပြီ ...။ မျက်ရည်လွယ်သော ချမ်းမြရည်ရဲ့ မျက်ရည်ကို ခဏခဏကြုံရဖူး ပေါင်းများလို့ ... အရွယ်ရောက်မိန်းကလေးတစ်ယောက်ရဲ့ ငိုကြွေး ခြင်းဆိုတာကို ထူးက မြင်ရဖန်များပြီး သိပ်တော့မဆန်းလှတော့ ပါ ...။ ဒါပေမဲ့ မိရည်က ငိုပြီဆိုရင် ကရားထဲက ရေငှဲ့ချ သလို ... မျက်ရည်ပေါက်ကြီးငယ်တွေ တသွင်သွင်စီးကျလာတတ် တာမျိုးသာရှိပြီး ... အသံတော့ မထွက် ...။ ကျိတ်ရှိုက်နေတတ်ပြီး ခပ်ရှက်ရှက်နဲ့ သုတ်ချည်းပစ်နေတတ်တာမျိုးပါ ...။



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲနှင့် ဇီဇဝါမှာတော့ ... မိဇီကိုသာ ... ဟိုးအရင်တစ်ခါ ... "ပါလေရာစိန်"လုပ်လွန်း၍ သူ့အမေက ပိုးစိုးပက်စက်ပြောပြီး ဆုံးမနေတုန်းကတစ်ခါ ... ငိုတာကြုံဖူးပြီး ရဲရဲနှင့်တော့တစ်ခါမှကို မကြုံဖူးခဲ့ဘူးပါ ...။ ဇီဇဝါ တစ်ယောက် ငိုတုန်းကလည်းကလေးကြီးတစ်ယောက်လို ... ဒီလိုပဲ "တအီးအီး"အသံကြီးထွက်ပြီး ခပ်ကျယ်ကျယ်လောင်လောင်ကြီးပဲပေါ့။ ရယ်ဖို့တောင်ကောင်းသည် ...။ ခုလည်းပဲ တစ်ခါမှ မကြုံစဖူးတဲ့ ... ဒေါ်ရဲရဲက ... "တအီးအီး"ပဲ ဖြစ်ပြန်ပြီဆိုတော့ ထူးမှာ ပူရတာတွေပင်လျှော့ကာ ... စိတ်က ကျိတ်ပြုံးမိချင်ချင် ...။

"အဲဒီ ကိုစိုးမိုးပဲပေါ့ ... ကိုစိုးမိုး ... အစ်ကိုလေ ... အီး..."

"ဟာ ... ဘာဖြစ်လဲ ... အတော်ဖြစ်နေတာလား ... ဆရာဝန်ခေါ်ပြီးပြီလား ... မခေါ်ရသေးရင်လည်း ... ငါလာလိုက်မယ်လေ ... ငါလာရင်းနဲ့ လှည့်ခေါ်ခဲ့ရမလား ..."

"နင်တော့လာ ... ဒါပေမဲ့ ဆရာဝန် ခေါ်စရာမလိုဘူး ... ဖျားတာမဟုတ်ဘူး ... မရှိတော့တာ ..."

"ဟိုက် ..."

ပြုံးထားမိသည့် နှုတ်ခမ်းကိုပင် ဘယ်လိုလုပ် ပြန်ရှေ့တည်ရမလဲ မသိ ...။





"အဲ ... ဟို ... ဘယ်လိုက ဘယ်လိုစဖြစ်တာလဲ ... သူဘာတွေစိတ်ညစ်သွားသလဲ ..."

ရုတ်တရက်ကြီးဆိုတော့ စိတ်ညစ်ညစ်နဲ့ ကိုယ့်ကိုယ်ကိုယ်များ မကြုံကောင်း မကြုံစည်ရာတွေ ကြံစည်လိုက်ပြီလားပေါ့ ...။ ဒီအသက်ဒီအရွယ်နဲ့ ယောကျ်ားကြီးတစ်ယောက် ဆိုပေမဲ့ ကိုယ်နဲ့နှိုင်းနေလို့ မရဘူးလေ ...။ ကိုယ်ကသာ နာမည်က "ထူး" ...။ တကယ် "ဦးလူထူး"ကြီး ဖြစ်နေတာက အဲဒီအစ်ကိုကြီး ... ကိုစိုးမိုးလေ ...။

"မသိဘူး ... ဘယ်လိုကဘယ်လို စဖြစ်သလဲလည်း မသိဘူး ... ဘာတွေ စိတ်ညစ်သွားသလဲလည်း မသိဘူး ... ဘယ်ရောက်နေပြီလဲလည်း မသိဘူး ... သူ အိမ်ပြန်မလာတာ နှစ်ရက်ရှိပြီ ... အီး ..."

ဪ ... တော်ပါသေးရဲ့ ...။ ငါ့နှယ် ...။

"နှစ်ရက်တောင်အောင့်ပြီး စောင့်နေရသလား ... ခါတိုင်းကော အဲဒီလို ပြန်မလာတဲ့ရက်တွေ ရှိဖူးလား ... ရုံးကိုတော့ ပုံမှန်ထွက်သွားပြီး ... ပြန်မလာတာမျိုးလား ... တကယ်ဆို ပြန်မရောက်တဲ့ညကတည်းက ပြောပါလား ... နင့်တစ်ယောက်တည်း အိမ်ကြီးတစ်လုံးလုံးထဲမှာ ဘာလုပ်နေတာလဲ ... တစ်နေ့ညက မပြောချင်သေးလို့ ... အခြေအနေ စောင့်ကြည့်ချင်သေးလို့ဆိုလည်း မနေ့ညကတော့

www.burmeseclassic.com



လှမ်းပြောလိုက်ပါတော့လား ... ခုကျမှ ... ဘယ့်နှယ် ... မိုးကြီးလင်းမှ ...”

“ခုကျမှ ... ငါက အိပ်ချင်လာတာကိုး ... အိး ...”

“ဟောဗျာ ... ဒါဖြင့် နင် ညတွေ ... ငုတ်တုတ်ထိုင်နေတယ် ပေါ့ ...”

“နင်တို့အားလုံး ငါ့ကို ပစ်ထားကြတယ် ... အိး ...”

“အေး ... အေး ... လာပြီ ... လာပြီ ... အော်တော့ငိုမနေနဲ့ ... မိဖိကိုပါ ဝင်ခေါ်ခဲ့မယ်နော် ... ဟုတ်ပြီလား ...”

ရဲရဲက ဘာမှထပ်မပြောတော့ဘဲ ဖုန်းကို ချသွားပါသည်။ ထူးခမျာ မျက်နှာအမြန်သစ် ... အဝတ်အစားလဲကာ ... ဇိဇဝါတို့အိမ်သို့ ပြေးခဲ့ရင်း ... မနက်စောစောစီးစီးမှာ ဇိဇဝါ့ကို ခေါ်ထုတ်သွားရမှာမို့ ဇိဇဝါ့မာမီကိုလည်း အကြောင်းရင်းဖွင့်ပြောကာ ခွင့်တောင်းရသေးသည်။

“အေး ... အေး ... သွားကြ ... ဇိဇဝါ ... မာမီ သေချာမှာလိုက်မယ်နော် ... ဘာကိစ္စမှန်း မသိရသေးဘဲနဲ့ ... ထင်တစ်လုံးနဲ့ လျှောက်တော့ဝင်မပါနဲ့နော် ... သူ့ဘာသာ ပြန်မရောက်တာဆိုလည်း ကိစ္စတော့မရှိဘူး ... ရဲမှုရဲခင်းနဲ့ ပတ်သက်လာပြီဆိုရင်တော့ ... ကလေးတွေချည်းပဲ ထင်ရာမစီစဉ်နဲ့ ... ဇိဇဝါကတော့ လုံးဝကို ဝင်မပါနဲ့ ... အန်တီတို့ကို ဖုန်းပြန်ဆက်ချေဦး ... ကြားလား ထူး ...”





ဇိဇဝါကတော့ ရှုပ်ပွပွနှင့် ...

“သူ့ဒဏ် မခံနိုင်လို့ အိမ်ပြောင်းပြေးသွားတာ နေမှာပေါ့၊ မောင်နှမအရင်းချင်းတောင် စိတ်ပုပ်ကို ဦးစားပေးနေတဲ့ မိန်းမ ... ခံရတာ ကောင်းတယ် ...”

“နင်ကလည်း ... ဟိုရောက်ရင် ရန်ဖြစ်မနေနဲ့ဦး ... ဟိုမှာက တကယ့်ကို စိတ်မကောင်းဖြစ်နေတာ ...”

“သိပါတယ် ... မရှုပ်ပါနဲ့ ... ရဲရဲအတွက်များဆို ငါ့ကို သိပ်ဖိပြောချင်တာပဲ ... ဒါပေမဲ့ ငါကတော့ လုံး ... ဝ ဝင်မပါပေးတော့ဘူးနော် ... ဆောရီးပဲ ... ဝင်ကိုမပါတော့ဘူး လို့ အဲဒီမိန်းမကို အပြတ်ကိုပြောခဲ့ပြီးသား ... ဒါနဲ့နေပါဦး ... သင်းက ငါ့ကိုပါ ဝင်ခေါ်ခဲ့လို့ရော ပြောလို့လား ... နင့် တစ်ယောက်တည်းကိုများ လာစေချင်တာလား”

“ဟိုမှာ ... သူက အိပ်တော့မလို့တဲ့ ... ငါတစ်ယောက်တည်း ဆို ဘယ်ကောင်းပါ့မလဲ ... နင်ပါ ပါလာတော့ ... သူ အိပ်နေတုန်း ငါတို့ဘာသာ စီစဉ်စရာရှိတာ စီစဉ်လို့ရ ...”

“တော်ပြီနော် ... ဘာမှ မစီစဉ်ဘူး ... စိတ်ချ ... အဖော် ရအောင် လိုက်ခဲ့ပါဆိုရင်တော့ ရမယ် ... အဖော်ပဲ ... ငုတ်တုတ် ...။ နှစ်ယောက်တွဲ စီစဉ်ချင်ရင် မိရှည်ပါ လှည့်ဝင်ခေါ်လိုက် ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ကောင်းမလား … နင်ကလည်း … ပြဿနာက အဲဒီမိရည်နဲ့ကြောင့် စရတဲ့ပြဿနာမျိုး ဖြစ်ရင်လည်း ဖြစ်နေမှာ … ငါတို့က မိရည်ပါ ခေါ်သွားတော့ … အစွဲ တိုက်ရာ ကျနေဦးမယ် …"

"ကြောက်တယ်ပေါ့ … အေး … နင်တော့ ခံရဦးမယ် … ရှေ့လျှောက် … သြော် … ဒီပါးစပ်ကလည်းပဲ … ဝင်မပါ ပါဘူးဆိုမှ … ပြောမိပြန်ပြီ … ကဲဟယ် … ဖတ် …"

တကယ်လည်း အသံမြည်အောင် ရိုက်တာလည်း မဟုတ်ဘဲ … ပါးစပ်နှင့် လက်ဝါးကို ထိရုံလေးထိကာ … "ဖတ်"ဟူသောအသံကို နှုတ်ကသာ ထုတ်အော်လိုက်ခြင်းမို့ … ထူးမှာ … "တဟားဟား"သာ အော်ရယ်နေမိပါတော့သည် …။ ရဲရဲတို့အိမ်ရောက်တော့ … ဇီဇဝါပါ, ပါလာတာကို ရဲရဲကလည်း မသိချင်ယောင်ဆောင် …၊ ဇီဇဝါကလည်းပဲ … ပြဿနာတက်ပြီးကတည်းက မတွေ့ဖြစ်ကြတော့ဘဲ ခုမှ ပြန်စတွေ့ကြတာဆိုတာမျိုးကို မသိချင်ယောင်ဆောင် …။

"ခေါ်လာမယ်နော်"ဆိုကာမှ ဖုန်းချသွားခဲ့ခြင်းကို မိခီထံ ဖွင့်မပြောဘဲ ဝင်ခေါ်ဖြစ်အောင် ခေါ်ခဲ့သည့် ထူးတစ်ယောက် ခုမှပဲ သက်ပြင်းလေး ကျိတ်ချလိုက်နိုင်ပါတော့သည်။





ဇီဇဝါကား မျက်နှာကြီး ဖောင်းအစ်နေအောင် ငိုထားသော ရဲရဲကို သွားတိုက်၊ မျက်နှာသစ် လုပ်နိုင်ရန် ကူညီချော့မော့ပြောခြင်း …။ သုံးယောက်လုံးစာအတွက် ကော်ဖီထဖျော်ကာ … မိုက်ဖြည့်ကြခြင်း … တွေကို လုပ်ကိုင်ပေးနေရင်း … ရဲရဲနှင့်လည်း စကားတွေ တိုက်ရိုက်ပြောဖြစ်နေပေမဲ့ … (ဝင်မစီစဉ်တော့ပါဘူးဟု ပြောထားသည့်အတွက်) တချို့သော စကားတွေကိုတော့ ထူးကိုသာ ဦးတည်ကာ …

"ဟဲ့ … ထူး … ရုံးလိုက်စုံစမ်းပြီးပလား … သူ့သူငယ်ချင်းတွေဆီကော ရောက်ပြီးပြီလား … အိမ်မှာရော … စာတွေ ဘာတွေ ကျန်ခဲ့လား … ဘာပစ္စည်းတွေ မရှိတော့ဘူးလဲ စစ်ပြီးပြီလား … မေးလေဟယ် နင်ကလည်း … ရဲစခန်းတို့ ဆေးရုံတို့ … ရောက်ပြီးပြီလား … စုံစမ်းပြီးပြီလား … မေး … မေး …"

"အဲ … အဲ … ထပ်ပြောမနေတော့ပါဘူး … သူပြောတာ တွေထဲက ဘာတွေလုပ်ပြီးပြီလဲ …"

"ဘာမှ မလုပ်ရသေးဘူး …"

"ဒါဖြင့် အရူးလိုက်လုပ်ကြမလား … ဒါမှမဟုတ် … ငါတို့နှစ်ယောက်ဘာသာပဲ သွားလိုက်ကြပြီး သူကတော့ … နားပြီးနေခဲ့ချင်သလား … မေး … မေး …"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒီအတိုင်းပဲ ... ဘာလုပ်မလဲ ..."

"မနားတော့ပါဘူး ... မနေခဲ့ဘူး ..."

"အိပ်ချင်နေတယ်ဆို ..."

ဒီတစ်ခွန်းကသာ ထူးရဲ့ကိုယ်ပိုင် ဖြစ်တော့သည်။

"ဟဲ့ ... ခဏာလှဲရင် လှဲပေါ့လို့ ... သူလှဲနေတုန်း ငါတို့လည်း ဘယ်မှမသွားသေးဘဲ ... ဒီကနေပဲ ဖုန်းတစ်လုံးနဲ့ ခဏ အလုပ်လုပ်ကြည့်ကြမယ်လို့ ... နင်က အဲဒီလိုပြောလိုက်လေ ..."

"အေး ... အေး ... ကဲ ... ရဲရဲ ..."

ရဲရဲက ဓိဇဝါနှင့် ထူးကို ... ခပ်ဖွေဖွေကြီးကြည့်ကာ ... ဧည့်ခန်းထဲက နှစ်ယောက်ထိုင် ကုလားထိုင်ကြီးမှာ ခဏသွားမှီပြီး လှဲနေသည်။ ထူးကတော့ ရဲရဲကို စိတ်လုပ်ပြီး "ဘာမှဝင်မပါတော့ဘူး"ဟူသည့် ဓိဇဝါ့ကို ရယ်ချင်နေသည်။ ဝင်မပါချင်တော့လို့ပေပဲ ...။ ရဲရဲတို့အိမ်က တယ်လီဖုန်းလေးနားမှာ သွားထိုင်ချ ...၊ တယ်လီဖုန်းစာအုပ်တွေကို တဖြတ်ဖြတ်လှန် ...။ ဖုန်းနံပါတ်တွေရွေး ...။ "နင်က ဒါတွေဆက် ... ငါက ဒါတွေဆက်မယ် ..."တဲ့ သူပဲ ဝေပုံကျတွေခွဲ ...။

"ဟိတ် ... ငါတို့ ဟိုလျှောက်ဆက် ... ဒီလျှောက်ဆက်နဲ့ ဆိုရင် ကိုစိုးမိုး ပျောက်နေတယ်ဆိုတာကို ... ဟိုက ... ဒီက အကုန်လျှောက်သိကုန်ကြတော့မှာနော် ... ဖြစ်ရဲ့လား ..."





ထူးက ရဲရဲကို မေးငေါ့ပြီး မေးကြည့်တော့ ရဲရဲက "လုပ်ပါ"ဟူသည့် သဘောနှင့် လက်ကလေးသာ ဝှေ့ယမ်းပြလေသည်။ ဓိဇဝါကတော့ "ရှည်ပြန်ပြီ ..."ဟူသည့် အကြည့်နှင့်ကြည့်ကာ ...

"တိုးတိုးတိတ်တိတ်ကလေး စုံစမ်းလို့ ရတယ်လို့ ဘယ်နှခါများ ကြားဖူးသလဲ ... ရှော ... ရှော ..."

ဒီတစ်ခါမှ ကိုယ့်အဖေဆီက Hand Phone တောင်းမလာရင် ဓိဇဝါရဲ့အပြောက လွတ်မှာမဟုတ်တော့တာမို့ ကြိုကြိုတင်တင် ပြင်ဆင်လာမိသော ထူးမှာ Hand Phone တစ်လုံးပါလာပါသည်။ ဓိဇဝါကတော့ ... ရဲရဲတို့အိမ်ကဖုန်းနှင့် ... ကိုစိုးမိုး၏ သူငယ်ချင်း(ဟု ထင်ရသူ)များထံ တစ်ယောက်ပြီးတစ်ယောက် ကောက်လှည့်ကာ စုံစမ်းလို့ နေပါပြီ။ ခုထက်ထိ တွန့်ဆုတ်နေဆဲ ထူးကိုလည်း မေးနှစ်ချက်လောက် ဆတ်ပြကာ ..."လုပ်လေ"ဟု အချက်ပြလိုက်သေးသည်။ ရဲရဲကတော့ လှဲနေရာမှ မျက်စိလေးပါ မှိတ်ထားလေသည်။

အလကားဟာမလေးတွေ ...။ ကာယကံရှင်ကလည်း အဖြစ်အပျက်ကို စုံစိအောင်မပြော ...။ ဝင်မပါချင်သူကလည်း ... သူနဲ့လည်း တစ်ခါမှမသိ ...၊ မမြင်၊ မကျွမ်းသူတွေနှင့် အချီအချတွေ စကားကောင်းနေလိုက်ကြတာ ...။ ခုလောက်ရှိ ကိုစိုးမိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်း အသိုင်းအဝိုင်းထဲမှာ "ကိုစိုးမိုး ပျောက်မှုကြီး" ဟာ ပွက်လောတွေ ထကုန်လောက်ပါပြီ ...။ သူငယ်ချင်းနှစ်ယောက်ထံ ဖြတ်ခနဲ တာဝန်တွေပစ်ပေးကာ ... အိပ်မောကျသွားခဲ့သူရယ် ...။ ကိစ္စကြီးကို မတရားကြီး ကြီးကျယ်လာအောင် သိပ်ကို အရေးကြီးနေသယောင်ယောင် အကျယ်လျှောက်ချဲ့နေခဲ့သူရယ် ...။ အင်း ... အစွန်းတွေချည်းပဲ။

ထိုအခိုက်မှာပင် ... ခုထက်ထိ ... ဘယ်တစ်နေရာကိုမှ ဖုန်းစမဆက်ရသေးသည့် ထူးရဲ့ Hand Phone ထံ ဖုန်းဝင်လာခဲ့လေသည်။

"ဟဲလို ... ကျွန်တော် ... ဦးမြင့်အောင်ရဲ့သား ... ကိုထူးပါ ခင်ဗျာ ... အခု ဒီဖုန်းကို ကျွန်တော် ခဏကိုင်ထားပါတယ် မှာချင်တာ မှာခဲ့နိုင်ပါတယ် ခင်ဗျာ ..."

"ဟဲ့ ... ထူး ... ငါပါ ... မိရည် ..."

"ဟ ... နင်က ဘာလို့ ဒီဖုန်းကို ဆက်ရတာလဲ ... ဘာကိစ္စလဲ ..."

ထူးမှာ ချက်ချင်းပင် အတွေးကြီးတစ်ခုနှင့် ပါးစပ်အဟောင်းသား ဟသွားရကာ ... သူ့ဟာနှင့်သူ အလုပ်ရှုပ်နေတော့သည့် ဇီဇဝါကို ... အသံတိတ် မျက်ရိပ်မျက်ခြည် လှမ်းပြသည်။ ဇီဇဝါကား တစ်ဖက်နှင့် စကားပြောရင်း ... အသံသာမက





လက်ဟန်ခြေဟန်တွေနှင့်ပါ သရုပ်ဆောင်ရင်း ... ထူးရဲ့အချက်ပြမှုကို မမြင် ...။ ထူးကလည်း ကိုယ့်အတွေးနှင့်ကိုယ်မို့ ကိုယ့်ရဲ့အချက်ပြမှုကို ရဲရဲကို မမြင်မကြားစေချင်ပါ ...။ မျက်လုံးလေးစုံမှိတ်ကာ ... တရှူးရှူးနှင့် အသက်မှန်မှန် ရှူနေသော်လည်းပဲ ရဲရဲ တစ်ယောက် အိပ်မပျော်သေးရင် ဘယ့်နှယ်လုပ်မလဲ ...။

"ဟဲ့ ... ထူး ... ငါပြောတာ ကြားလား ... နင်ကဘာလို့ ဒီအချိန်ကြီးမှာ Hand Phone တစ်လုံးနဲ့ အပြင်ရောက်နေရတာလဲ ... ငါ့မှာ နင့်အိမ်ကို ဆက်ရတာ ... နင့်အမေနဲ့တိုးပြီး စိတ်ညစ်လိုက်ရတာကြီး ... ဒီနံပါတ်ရအောင်တောင် မနည်းတောင်းယူရတယ် ... ရစ်လိုက်တာဟယ် .. ငါ့မှာ ... ငါကလည်း နင့်ကို မဖမ်းလို့ကမရ ... ဒီမှာ ... ငါပြောမယ် ... ငါ့ကို တစ်ခုလောက် လုပ်ပေးဦး ..."

မျက်ရိပ်၊ မျက်ခြည်၊ မျက်စ၊ မျက်နန့် တစ်ကိုယ်လုံးက လက်ရော ခြေရော ... ခေါင်းရော ... တွန့်လိမ်ကောက်ကွေးပြီး အရိပ်အကဲ ပြနေလည်းပဲ ပါလေရာမကား မမြင် ...။ ကိုယ်က Hand Phone နှင့်မို့ ဆက်နေရင်း ... သူ့လိုင်းဖုန်းရှိ ရာ နေရာဆီ လမ်းလျှောက်သွားလို့ ရနိုင်ပါသော်လည်း ... ခုံရှည်ကြီးပေါ်မှာ အိပ်နေသည့် ရဲရဲကိုဖြတ်ကျော် ... အနားကပ်ပြီးမှ ရောက်နိုင်မည်ဖြစ်ရာ ထူးမှာ ... ဇီဇဝါနားသို့ ကပ်သွားလို့ကလည်းမရ ...။



www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ပြော ... ဘာလုပ်ပေးရမှာလဲ ..."

ရဲရဲ ကြားသွားမည်စိုးသဖြင့် တိုးဖွဖွအသံလေးနှင့် မေးတော့မှပင် စုံထောက်လိုလို ... လျှို့ဝှက်လိုလို ... တိုးတိုးတိတ်တိတ် အလုပ်တွေနှင့် ယဉ်ပါးအထာကျနေကျဖြစ်သော ... ဓိဇဝါက ဖျတ်ခနဲ ကြားတော်မူကာ ဒီဘက်သို့ ခေါင်းလှည့်လာသည်။ ထူးက မျက်လုံးကြီးပြူးကာ ဖုန်းထဲသို့ လက်ညှိုးထိုးပြလိုက်လေသည်။

"ကိုစိုးမိုးလား ..."

ဓိဇဝါက အသံမထွက်ဘဲ ... ပါးစပ်လှုပ် မျက်လုံးပြူးကာသာ မေးသည်။ ထူးက ခေါင်းခါပြကာ ... သူ့ပုံစံအတိုင်းပဲ ... ပါးစပ်ကိုသာ အစွမ်းကုန်လှုပ်ကာ ...

"မိရည် ... မိရည် ..."

အရေးထဲ အသံက သဲ့သဲ့လေး ထွက်သွားသေးသဖြင့် တစ်ဖက်မှ မိရည်က ကြားသွားကာ ...

"နင်က ဘာလို့ အရေးတကြီး တိုးတိုးဖွဖွတွေ ဖြစ်နေရတာလဲ ... နင် ဘယ်ရောက်နေလို့လဲ ... ဟမ် ... ဘာလဲ နင် ရဲရဲတို့အိမ်မှာလား"

"အေး ..."





"သြော် ... အေးလေ ... ဒါဆိုလည်း တစ်လက်စတည်း ပြီးသွားတာပေါ့ ... ဒီမှာ ... နင် လေဒီစိန့်ကို တစ်ချက်လောက် တားဆီးပေးဦး ... သူရော ... အဲဒီမှာပဲလား ..."

"အေး ..."

"ဒါဖြင့်ပြောလိုက် ... ဖုန်းတွေ ဟိုလျှောက်ဆက်၊ ဒီလျှောက်ဆက်နဲ့ အရေးတွေ ကြီးမနေနဲ့လို့ ... ဘာမှ အရေးမကြီးဘူး ... ထူးလည်း မထူးဆန်းဘူး ... ဒါကဒါပဲလို့ ..."

"ဟ ... ဟ ... နေပါဦး ... အဲဒါက ဘာပြောတာလဲ ... နင်က အဲဒါကို ဘယ်လိုလုပ် နင့်အိမ်ကနေ တန်းသိနိုင်သွားတာလဲ ... နင့်ကို အဲဒီ သူလိုက်ဆက်နေတာတွေထဲက တစ်ယောက်ယောက်ကများ လှမ်းပြောလိုက်တာလား ... အား ... နေဦး ... နင်ကကော ... နင့်အိမ်မှာမှ ဟုတ်ရဲ့လား ..."

"ဘယ်ဟုတ်မလဲ ..."

"ဟာ ..."

"အေးဟယ် ... ထူးရယ် ... ငါလည်း သူတို့တွေကြားမှာ ဝင်ညပ်ပြီး စိတ်ကြီးများတောင် ညစ်ပါရဲ့ ... အမေ့ကိုတော့ အလုပ်ကိစ္စနဲ့ တစ်ပတ် နယ်ဆင်းရမယ်လို့ပဲ ပြောထားခဲ့တာ ... နင်တို့ ဘာမှသွားကြိုပြောမထားကြနဲ့ဦးနော် ...



www.burmeseclassic.com

www.burmeseclassic.com



သိလား ... ရဲရဲနဲ့ လေဒီစိန်ကိုလည်း အမေ့ဆီပြန်မပေါက် အောင် နင်ပဲ- တားပေးထား ...”

“သူတို့ကို နင်ဆက်တာ ပြန်ပြောလို့တော့ ရတယ်ပေါ့ ...”

ရဲရဲကို ကျော်လွှားကာ အနားသို့ ရောက်လာပြီဖြစ် သော ဇီဇဝါက ထူးကို ထိုစကားကြောင့် ... တောက်တစ်ချက် ခေါက်ကာ လက်သီးဆုပ်ပြသည်။

“ပြောရမှာပေါ့ ... မပြောလို့မှ မရတာ ...”

“နင်တို့က ... နင်တို့က ...”

“အေးဟယ် ... နင့် ရဲရဲက အတင်းလိုက်ဖျက်တာကိုး ထူး ရဲ့ ... သူက ဖိနဲ့ ငါ့ကို စိတ်တိုတိုင်း အစ်ကိုကိုဖိမပြီး ... ယူ့ရဲယူ့ကြည့် ... ကြိုက်ရဲကြိုက်ကြည့် အိပ်ဆေးသောက် လေး ... သတ်သေမလေးနဲ့ ကြိမ်းတာကိုးဟဲ့ ... အစ်ကိုထ လည်း ကြာတော့စိတ်ပူလာမှာပေါ့ ...”

“သြ ... စိတ်ပူပုံက ...”

“မဟုတ်ဘူးလေ ... သူ့အတွက် သူပူတာကို ပြောတာပါဟဲ့”

“အဲဒါနဲ့ပဲ ... နင်ကပါ ဘာလို့ပါသွားရတာလဲ ... နှင် ဦး ဘယ်တုန်းက ကြိုက်နေကြတာမို့လို့လဲ ... နင်ပြောတုန်း ကအေ...ပြုပြင်ရုံဆို ... လူမှန်ပြန်ဖြစ်လာနိုင်ရင် တော် ဆို ... ရဲရဲအတွက် လုပ်ပေးတာပါဆို ...”





ထူးမှာ ချမ်းမြရည်ဆိုသည့် ငနဲမကလေးကို ကြိမ် နင့်သာ ရိုက်ချင်လာရတော့သဖြင့် ... တိုးတိုးတိတ်တိတ်တွေ ဘာတွေလုပ်မနေနိုင်တော့ဘဲ ခပ်ဆတ်ဆတ် ခပ်ကျယ်ကျယ်ပဲ ပြန်အော်နေမိပါပြီ ...။ ဇီဇဝါက ရဲရဲကို တစ်ချက်လှည့်ကြည့်ကာ ... ထူးကို ညှော့ခန်းရဲ့ အပြင်ဘက် ခြံထဲသို့ ဆင်းသည့်တံခါးမကြီး ဘက်သို့ ဆွဲခေါ်လာသည်။

“မသိတော့ဘူး ထူးရယ် ... ငါတစ်သက်မှာ ငါ့ကိုမှ လက်မထပ်ရဘူးဆိုရင် ရူးရတော့မယ်ဆိုတဲ့လူမျိုး တစ်ခါမှ ကို မကြုံဖူးဘူး ...”

“အမယ် ... သင်းက ဒါမျိုးတွေကျတော့ ပြောတတ်သလား”

“မပြောပါဘူး ... ဒါပေမဲ့ ဖွင့်ပြောတာထက်တောင် ပိုပါ သေးတယ် ... ခုလိုမျိုးကြီးတော့ ငါလည်း မဖြစ်ချင်ပါဘူး၊ ငါက ပထမ ငါပြုပြင်ပေးချင်နေတယ်ဆိုတုန်းကပဲ မိဇီ သိမှာစိုးတာပါ ... နောက်ပိုင်းကိစ္စကိုကျတော့ နင်နဲ့မိဇီကို ငါက မဖုံးချင်ပါဘူး ... ဒါပေမဲ့ အဓိက,က ရဲရဲပဲ ... သူ ကြိုသိလို့ကို မဖြစ်လို့ ... ဒါမျိုးတိုးတိုးတိတ်တိတ် ... စိတ် ပူစရာတွေ ဖြစ်ကုန်ရတာ ... သူက ငါနဲ့ သူ့အစ်ကို,ကိုမှ သဘောမတူတာ ...”

“ဟာ ... မဟုတ်ပါဘူး ... တူတယ် ထင်ပါတယ် ...”



www.burmeseclassic.com

www.burmeseclassic.com



"မတူဘူးထူးရဲ့ ... အရင်ကသာ မိဇီကိုရွဲ့ပြီး တူကယ်
ဘာတွေလုပ်ခဲ့တာ ... တကယ့်တကယ်ကျတော့ မတူဘူး
အေးလေ ... ငါကလည်း သူ့ရှေ့တင် တစ်ယောက်ပြီးတစ်
ယောက် ပြောင်းခဲ့တာပဲ နည်းလား ... အဲဒါတွေအားလုံး
သူ သိသိကြီးဥစ္စာ ... ဘယ်တူပါ့မလဲ ... မတူဘူးဆိုလည်း
သူ့အလွန်တော့ သိပ်မရှိပါဘူး ..."

"ဟာ ... မတူဘူးဆိုရင်လည်း အဲဒီအချက်ကြောင့်တော့
မဟုတ်ပါဘူး"

ချမ်းမြရည်က ညင်းညင်းပျောင်းပျောင်းကလေး
နေကာ ...

"ခုတော့ မတူလို့လည်း မရတော့ပါဘူး ... ဒါပေမဲ့
ကြောက်သေးတယ် သူ့ကို ... နင် ကြားဝင်ပေးပါဦး
ရယ် ... ပါလေရာကိုတော့ ဝင်မပြောစေနဲ့ သိလား ...
ဝင်ပြောရင် ဟိုကပိုရွဲ့လိမ့်မယ် ... နင် တဖြည်းဖြည်း
ချပြီး ... ရဲရဲ စိတ်ပြေပြီလား ဆိုတာ စုံစမ်းပေး ...
ရုံးကို ငါ ဖုန်းလှမ်းလှမ်းဆက်နေမယ်လေ ... သိလား ..."

"ဟာ ... အမိပွာယ်မရှိတာ ... ရန်ကုန်ထဲမှာပဲ မဟုတ်
လား ... ပြန်လာလိုက်တော့လေ ... ခုပဲ လာခဲ့လိုက်
တော့ ..."





"ပြေမှလာမယ် ... ပြဿနာတစ်ခုခု ဖြစ်ပြီးတော့တော့ ပြန်မကွဲချင်တော့ဘူး ..."

"အောင်မယ်လေး ... နင်တို့ကို ဘယ်သူကကော ခွဲပစ်လို့ ရမှာမို့လို့လဲ ... အဖြစ်မသည်းနဲ့ ... ခုလာခဲ့ ..."

"မလာသေးပါဘူးဆိုဟယ် ..."

"ဟား ဟား ဟား ... အချစ်ကြီးချစ်လို့ မဝနိုင်သေးတယ် ပေါ့လေ"

"နင်က ကိုယ်ချင်းအစာနိုင်ဆုံး ဖြစ်ရမှာပေါ့ ထူးရယ် ... ဟိုသူငယ်မနှစ်ယောက်ကိုတော့ ငါက စကားထဲ ထည့်မပြောပါဘူး ... နင်သာ ..."

"ဘာ ... ငါက ဘာဖြစ်လို့လဲ ... ငါက ..."

ချမ်းမြရည်က ရယ်သံများနှင့် ဖုန်းချသွားခဲ့ချေပြီ ...။ ထူးမှာ ဖုန်းဆက်နေစဉ်က ကိုယ့် Hand Phone ထဲ ပေါ်လျက်ရှိနေသော ဖုန်းနံပါတ်လေးကိုလည်း ခေါင်းထဲက တမင် မေ့ဖျောက်ထုတ်ပစ်လိုက်ကာ ... ကိုယ့်ဖုန်းထဲက ... "နောက်ဆုံး ဆက်သွားသူ"နေရာမှာ Memory ကျန်ခဲ့တာကိုပါ တမင်ပဲဖျက် ဖျောက်ထုတ်ပစ်လိုက်သည်။ တော်တော်ကြာ ... အဲဒီဖုန်းနံပါတ် ကလေးနဲ့ ထိုဖုန်းရှိရာလိပ်စာကို ရဲရဲ တစ်ယောက် မတော်တဆ သိရှိနေရင် ... မကောင်းဘူးလေ ...။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ကိုယ်ချင်းအစာနိုင်ဆုံး ဖြစ်ရမှာပေါ့ ..."တဲ့ ပေါက်ကရ မိန်းကလေး ...။ "သူ့ခေါင်းထဲမှာ ဦးနှောက်မရှိဘူး ကြောင်ချေးပဲရှိတယ်"ဟု ဇီဇဝါက အမြဲပြစ်ပြစ်နှစ်နှစ် ဝေဖန်နေကျ ချမ်းမြရည်ဟာ ... ဒီလိုအချက်တွေမှာကျတော့ သူ့ဦးနှောက်က လျင်မြန်ဖျတ်လတ်စွာ ... ပြေးနေတတ်ပြန်ရောတဲ့လား ...။ အဓိကကတော့ "ထူး"ကို ချမ်းမြရည်က အတိအကျ ရိပ်မိနေခဲ့သေသလား ...။

ထူးက တယ်လီဖုန်းခလုတ်ကလေးကို နှိပ်လိုက်ပြီး ဇီဇဝါ့ကို လှည့်ကြည့်လိုက်သည်။ သို့သော် ထူးရဲ့အကြည့်တို့က ဇီဇဝါ့ထံမှာသာ ရပ်တန့်နေလို့ မရတော့ပါ ...။ ထူးကို မျက်နှာချင်းဆိုင်ထားပြီး အပေါက်ဝဘက်ကို ကျောပေးထားသည့် မိဇီရဲ့နောက်မှာတော့ မှုန်တေတေ ... ရှုံ့တင်းတင်းနှင့် ... လက်ပိုက်ကာ ရပ်လျက်ရှိနေသော ရဲရဲ။

"ဘာလုပ်နေကြတာလဲ ... သိပြီလား ... ငါ့အစ်ကိုအကြောင်း"

"အဲ ... ဟိုဒင်း ... သိတော့သိပြီလေဟာ ... ဟိုဟာပေါ့ ..."

"ဟိုဟာတွေ ဒီဟာတွေ လုပ်မနေပါနဲ့ ... ခု သူတို့ဘယ်မှာတဲ့လဲ ..."

ထူးက ရဲရဲကို မျက်ခုံးကြီးနှစ်ဖက်ပင့်ကာ ကြည့်လိုက်ရင်း ...





"မနက်တုန်းကတော့ 'တအီးအီး'နဲ့ ဘာမှမသိပါဘူးဆို ..."

"သိတယ် ... သိတယ် ... ငါ့ကို ထားပစ်ခဲ့လို့ ဝမ်းနည်းတာပဲ ရှိတာ"

"တတ်လည်း တတ်နိုင်ပါပေ့ဟာ ... အေး ... နင်ကသိပေမဲ့ ငါက မသိဘူး ... ဘယ်ကဆက်တယ်ဆိုတဲ့ နေရာလည်း ပြောမသွားဘူး ... ခုဆက်တာ နင့်အစ်ကိုလည်း မဟုတ်ဘူး ... မိရည် ..."

ရဲရဲက နှုတ်ခမ်းလေးတစ်ဖက်တည်း ထော်တက်သွားရအောင် မဲ့ပြုံးလေး ပြုံးပစ်လိုက်ရင်း ...

"မြန်မြန်ယူဖြစ်သွားကြတော့လည်း ပြီးတာပဲ ..."

ဇီဇဝါက "ဗလောင်းဗလဲမ"ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။ ရဲရဲကတော့ မကြားလိုက်ဘိသကဲ့သို့ ...။ ထူးမှာသာ ... ကြုံနေရသော ဤသုံးယောက်နှင့်တင် ... "မိန်းမတို့၏သဘော"ကို အတော်ကြီး စောကြောမိကာ ... ရင်ထဲ လေးတေးတေးကြီးရှိရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြရည် ခမျာ ... ရဲရဲက ဆူးခြေ၊ အရွက်ခြေ... အကိုင်းတွေကိုပါ မတိုမရှည် ညှပ်ပေးထားပြီးသား နှင်းဆီပွင့်... ကို ပန်းအိုးလေးတွေထဲမှာ ... လှပစွာ စိုက်ထိုးပေးနေရင်း ... စိတ်ကတော့ ပန်းအိုးတို့ဆီမှာ မရောက်လှပေ...။ အင်း ..။ ဘုရား... ပန်းအိုးတွေ ထိုးနေရတာတောင် ... ကုသိုလ်စိတ်ကလေး "တည်... နေခွင့် မရပါလား ...။ စိတ်ကလှုနဲ့မကပ် ...။ ဟိုရောက် သည်... ရောက် ... ဟိုခုန်ဒီကူးနှင့် ကယောက်ကယက်က ရှိရလွန်းသည်...

"နှင့်ရဲ့ ဆန်းသစ်တီထွင် ... အီကေဘားနား အမြင်... ဘယ်လိုမျိုးလဲဟဲ့ ... ဘုရားပန်းအိုးက လေးအိုးရှိတာ ... ဟိုမှာ နင်ထိုးပြီးသွားလို့ ဘေးဖယ်ထားလိုက်တဲ့ နှစ်အိုး... ကြည့်ဦး ... တစ်အိုးက ဆယ်ပွင့် ... တစ်အိုးကျတော့... လေးပွင့်တည်း ... ခုအိုးကျတော့ ငါ ကြည့်နေတာ ခု... ပွင့် ဖြစ်နေပြီ ... ဘာသဘောလဲ ... ဘယ်လိုထိုးနည်း... များလဲ ..."

ချမ်းမြရည်က ပျံ့လွင့်နေသော စိတ်တို့ကို ပန်း... တွေဆီ မြန်မြန်ပြန်ခေါ်ယူလိုက်ကာ ... ဆယ်ပွင့်တောင် ဖြစ်...





သောအိုးထဲမှ သုံးပွင့်ကို ပြန်ဆွဲယူလျက် ... လေးပွင့်တည်းဖြစ်နေသော အိုးထဲသို့ ... ခပ်မြန်မြန်ပဲ ... ပြီးစလွယ် ထိုးထည့်လိုက်သည်။ ချမ်းမြရည်ရဲ့ လုပ်ပုံကိုင်ပုံတွေကို လိုက်အကဲခတ်နေဟန်တူသော ရဲရဲက ... ပြတင်းပေါက်ကနေ လှမ်းမြင်နေရသော ခြံထဲမှာ ... အမှိုက်တွေ စုပုံပြီး မီးရှို့နေသော သူ့အစ်ကိုသူ တစ်ချက်လှမ်းမျှော်ကြည့်လိုက်ရင်း ...

"နင်တို့ ရန်ဖြစ်ထားကြလို့လား ... အဆင်မပြေကြဘူးလား ..."

"မဟုတ်တာ ရဲရဲရယ် ... ဘာဖြစ်စရာရှိလဲ ... ကိုစိုးမိုးက ဒီလောက် ငြိမ်းချမ်းတဲ့ဟာ ... ငါကလည်း ရန်ဖြစ်တတ်ရစ်တတ်တဲ့ မိန်းမမျိုးမှ မဟုတ်တာ ..."

"နှစ်ယောက်စလုံး အဲဒီလို တစ်ပုံစံတည်းကြီးတွေပဲ ဖြစ်နေကြလို့များ အဆင်မပြေနိုင်ဘူးလား ..."

ချမ်းမြရည်က အသံလေးထွက်ကာ ရယ်လိုက်မိလျှင် ... ရဲရဲက ခုနစ်ပွင့်စီ ညီညာသွားပြီဖြစ်သော ပန်းအိုးနှစ်အိုးကို ကောက်မ,ကိုင်လိုက်ကာ ... ဘုရားခန်းဘက်သို့သွားဖို့ ခြေလှမ်းပြင်လိုက်ရင်း ...

"ငါနဲ့ ဒေါ်ဒေါ်တောင် မနေ့က နင်တို့နှစ်ယောက်အကြောင်းပြောဖြစ်ကြသေးတယ် ... နင်တို့နှစ်ယောက် ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ အိမ်ထောင်သက် ဆယ့်ငါးနှစ်လောက် အနည်းဆုံးရှိပြီး တဲ့ လူကြီးလင်မယားနဲ့ တူနေတယ်လို့ ...။ ငါ ကြားဖူး သလောက်ကတော့ ဒီအချိန်မျိုးဆိုတာ ... တစ်ယောက်နဲ့ တစ်ယောက် မျက်စိအောက်က အပျောက်မခံဘဲ အပြန် အလှန် စိတ်ဝင်တစားနဲ့ လှုပ်ရှားသွက်လက်နေကြရမှာ မဟုတ်လား ... နင်တို့နှစ်ယောက်ကကျတော့ သွေးအေး လိုက်ကြတာ"

"အဆင်ပြေကြဖို့ပဲ အရေးကြီးပါတယ် ရဲရဲရယ် ... သည်း သည်းလှုပ်ပြနေစရာ မလိုပါဘူး ..."

ရဲရဲက ဘုရားပန်းအိုး သုံးအိုးကို ဘုရားခန်းဘက်သို့ ခပ်မြန်မြန် ပြေးပို့လိုက်သည်။ ပြီးတာနဲ့ ... ထိုးလက်စ နောက်ဆုံး အိုးကို လက်စမသတ်နိုင်သေးသည့် ချမ်းမြရည်နားသို့ ပြေးပြီး ပြန်လာထိုင်လိုက်ကာ ...

"နင်ကလည်း နင် အားကိုးစရာ အဆင်ပြေပြေ ကောင်း ကောင်းမွန်မွန် ယောကျ်ားတစ်ယောက်၊ ငါ့အစ်ကိုကလည်း ငါ့ရော သူပါ အဆင်ပြေပြေ စိတ်ချမ်းသာနိုင်တဲ့ ... ငါ့ အစီအစဉ်ထဲက မိန်းမတစ်ယောက်ကို ... တစ်ယောက်နဲ့ တစ်ယောက် ရွေးချယ်လိုက်ကြတာကြီးတွေ ဖြစ်နေမှာမို့ လို့ ... ဘာပဲဖြစ်ဖြစ်လေ ... ခုလည်း အဆင်ပြေကြတယ်





ဆိုပေမဲ့ ... အချစ်ကလေးပါ,ပါနေကြရင်တော့ ပိုမကောင်း ဘူးလား ... ဟင် ..."

"နင်က အတော်ခွကျတဲ့ မိန်းမပဲ ... ငါ့မျာ ဒီစကားမျိုး ကို လာပြောနေရသေးတယ် ... ဒီပြင် တခြားယောက်မမျိုးနဲ့ သာဆို ရန်ထဖြစ်ရင်ဖြစ် ... မဖြစ်ရင် ကျိတ်တေး,မှတ် ဆိုတာမျိုးတွေ ဖြစ်တော့မယ်"

"အေး ... အဲဒါ ပြောတာလေ ... နင့်ကျတော့ အဲဒီလိုမ ဖြစ်ဘူးမှန်းသိလို့ အစ်ကိုက အသုံးချလိုက်တာများလား ... ဟိုက အစ်ကိုဆိုပေမဲ့ နင်ကလည်း ငါ့သူငယ်ချင်း အရင်း ကြီးလေ ... နင် စိတ်ချမ်းသာနိုင်ဖို့ကလည်း အရေးကြီး သေးတာပေါ့ဟဲ့ ..."

"ငါ စိတ်မချမ်းသာနိုင်ဘူးလို့ ကြိုသိနေလို့များ ... ငါတို့ကို နင်က အတင်းလိုက်ဖျက်သလို လုပ်ခဲ့မိတာလား ..."

"အောင်မာ ... နင်ကလည်း အငြိုးအမှတ်တွေ ထားတတ်တဲ့ မိန်းမပေါ့လေ ..."

"မဟုတ်ပါဘူးဟယ် ... မေးကြည့်တာပါ ..."

"မဟုတ်ပါဘူး ... အဲဒီလောက်အထိတော့လည်း မမွန်မြတ် သေးပါဘူး ... ငါ့နာမည်ကိုက 'စိတ်ပုပ်မ'ပဲဟာ ... အဲဒီ တုန်းက စိတ်ပေါက်ပြီး ... အတင်းဝင်ဖျက်ချင်မိတာက



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့အကြောင်းနဲ့ငါပါ ... ဒါပေမဲ့နော် ... ဖျက်သာဖျက်နေတာ ... ခုလိုမျိုး အခြေအနေဖြစ်လာရင် ... ငါ့အတွက်ဖိုကောင်းနိုင်မှာပဲဆိုတာလည်း ... စိတ်ထဲမှာ ကြိုသိနေပြီးသား ... သိရက်နဲ့ကို သက်သက်မဲ့ ဝင်လုပ်နေတာပဲ ... ကဲ ...”

ရဲရဲက ပြောပြီးလျှင် ချမ်းမြရည်နှင့် မျက်နှာချင်းမဆိုင်တော့ဘဲ အဝေးတစ်နေရာဆီသို့ အကြည့်ကို လွှဲထားလေသည်။

“ဒါပေမဲ့ နင် ဝင်ဖျက်လို့ ကိုစိုးမိုးနဲ့ ငါနဲ့ ရတာဟဲ့ ... နင်ကပါ အတင်းဝင်သဘောတူနေရင် နင့်အစ်ကိုကို ငါက ပြန်လက်ခံမိချင်မှတောင် လက်ခံမိမယ် ...”

“ဩော် ... ဒါဖြင့် ခုကျတော့ ... ငါ့ကို ဆန့်ကျင်ချင်တဲ့ မခံချင်စိတ်နဲ့ပဲ ယောကျ်ားတစ်ယောက် အဖော်တင်နေတဲ့ သဘောပေါ့ ... အဲဒါကြောင့် နင်တို့တွေ သွေးအေးနေကြတာပေါ့ ဟုတ်လား ... ကြိုတော့ ပြောမယ်နော် ... ငါ့ အစ်ကိုရဲ့ပုံစံက မိန်းမတစ်ယောက်ကို ယူပြီးရင် သူကစပြီး လိုက်သည်းသည်းလှုပ်ပြနေဖို့ ... စိတ်ကူးထဲလည်းမရှိ ... သိလည်းသိမှာ မဟုတ်ဘူး ... နင့်ဘက်ကလည်း ‘အဖော်တင်လေခြင်း’လို့ ... စိတ်မပါ လက်မပါကြီးပဲ ဖြစ်ပြနေ





ရင် ... ကြာကြာနေရင် မလွယ်ဘူး ... အစ်ကိုက လူကောင်းမို့ မဖောက်မပြန်ဘူးပဲ ထားဦး ... ဟိုးအရင်က ငါအော့ကျောလန်နေရတဲ့ ပုံစံမျိုးကြီးမျိုး ပြန်ဖြစ်သွားမှာပဲ ... နင်လည်း ... ဘဝတစ်ခုလုံး တဖြည်းဖြည်း ခြောက်ခန်းပြီး ... သက်ရှိလူသားစစ်စစ်ကနေ ... “လူခြောက်”ဘဝ အမြန်ဆုံး ရောက်သွားမယ် ...”

ချမ်းမြရည်က ရဲရဲကို ချစ်စနိုးနှင့် ပါးကလေးတစ်ချက် လိမ်ဆွဲလိုက်ကာ ... ရှက်ပြုံးလေးနှင့် ကျိတ်ရယ်နေမိပါသည်။ လူတစ်ယောက်နဲ့ တစ်ယောက်ဟာ သူတို့ရင်ထဲက “အချစ်”ဆိုတာတွေကို ပြတတ်ပုံချင်းတော့ ဘယ်ချွတ်စွတ်ကျနိုင်ကြပါ့မလဲ ရဲရဲရယ် ...။ “ချစ်တယ်ဟေ့ ... ချစ်တယ်”လို့ အော်မနေကြတိုင်း ...၊ လူမြင်ကွင်းကြီးရှေ့မှာတောင် သည်းသည်းလှုပ်ပိုကဲနေကြတာမျိုး လုပ်မပြတိုင်း ... ဒီလူနှစ်ယောက်တော့ ချစ်မနေကြပါဘူးလို့ ... ကောက်ချက်ချလို့ မရနိုင်ပါဘူး ...။

“သူငယ်ချင်းအတွက် ... ဒီလူတစ်ယောက်ကို အနည်းငယ်ကလေး ပြုပြင်ပြောင်းလဲပေးရုံ”လို့ ရည်ရွယ်ခဲ့တဲ့ ကိုယ့်စိတ်နှလုံးတွေဟာ “အချစ်”တစ်ခုဆီမှာ သွားအဆုံးသတ်နေလိမ့်မယ်လို့ ချမ်းမြရည်လည်း ဘယ်ထင်ခဲ့ပါ့မလဲ ...။ ရဲရဲက ထပြီး ... တူးဝါးတားနဲ့ ပေါက်ကွဲပြလိုက်ကာမှ ... ကိုစိုးမိုးနဲ့ ချမ်းမြရည်



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်မိနေခဲ့ကြပါပေါ့လား ဆိုတာ သဘောပေါက်လိုက်မိကြပါသည် ဆိုလျှင် ... ရဲရဲကတော့ ယုံကြည်ချင်မှ ယုံကြည်ပေမည်။

ရဲရဲက ဆက်တိုက်တွန်းအတင်းကြီး အောင်သွယ်နေဆဲဆိုလျှင် သူငယ်ချင်းချင်းပေမဲ့ ... "ငါ့ကို အထင်သေးတာ" ဟု ဝမ်းနည်းနေမိဦးမည့် ချမ်းမြရည်က ..."လုံးဝသဘောမတူပါဘူး"ဆိုမှ ... ထချစ်မိသွားသည် ဆိုတာကတော့ ..."လူ့စိတ်လူ့မနော"ဟုသာ ဆိုရပေတော့မည်။ ဒါပေမဲ့ ... အရွဲ့တိုက်ချင်ရုံ မဟုတ်ခဲ့တာမို့ "အဖတ်ကြီးတင်နေပြီ"ဆိုတဲ့ ခံစားချက်မျိုးကတော့ ဘယ်တော့မှ ခံစားလာရမှာ မဟုတ်ပါ ...။ ကိုယ့်ဘဝလေးကို ခုမှပင် ... ချမ်းမြရည်က တန်ဖိုးတထားနဲ့ ပျော်ပိုက်လာမိတာ ...။ ကိုယ် တကယ်လိုချင်ခဲ့မိတာကလည်း ... ခုလို ငြိမ်းချမ်းသာယာသော အိမ်ထောင်ရေးပုံစံလေးမျိုးကိုပဲလေ ...။

ကိုစိုးမိုး ကိုယ်တိုင်လည်း သူ့ဘဝသူ အင်မတန်မှ နှစ်ခြိုက်ကျေနပ်နေပြီ ဆိုတာကို ... ညီမဖြစ်သူက မရိပ်မိပေမဲ့ ... ဇနီးမယားဖြစ်တဲ့ ချမ်းမြရည်ကတော့ သိသည်ပဲ ...။ ပြောရမယ် ဆိုရင် ... ကိုယ့်ဆီကို ... ကိုစိုးမိုးတစ်ယောက် အလာတွေစိပ်ပြီး ... ကိုယ့်စကားတွေအောင် ...၊ ကိုယ့်စိတ်တိုင်းကျတွေ ဖြစ်နေတော့ ကတည်းက စတင်ချဉ်းကပ်လာခဲ့စဉ်က သူ့ဘာသာ ဘယ်သဘောနဲ့





ပဲလာလာ ... ဘယ်လိုဆန္ဒ၊ ဘယ်လိုအချိုးနဲ့ပဲဖြစ်ဖြစ် ... တဖြည်းဖြည်း ... တဖြည်းဖြည်းနဲ့ ... "ဒီအစ်ကိုကြီးတစ်ယောက်တော့ ... ချမ်းမြရည်အပေါ် ဘယ်လောက်ထိ နက်နက်ရှိုင်းရှိုင်း ... ငြိတွယ်စွဲမြဲနေပြီလဲ"ဆိုတာ ချမ်းမြရည်က ရိပ်မိနိုင်ခဲ့ပြီးပြီလေ ...။ အတွေ့အကြုံက နည်းတော့တာမှ မဟုတ်တာ ...။

"ကိုယ့်ကို ချစ်လှပါသည် ..."ဟု ဘယ်လောက်ပဲ ပါးစပ်ကနေ ထုတ်ဖော်အော်ဟစ်နေပါစေ ... ဘယ်လိုကမှ တကယ့် မေတ္တာစစ်ဆိုတာ ... ဘယ်လိုမျိုးကမှ တစ်သက်တာအတွက် မပြောင်းလဲနိုင်တော့မဲ့ ခိုင်မာတဲ့ သဘောထားလည်းဆိုတာ ... သိတာပေါ့ ...။ နှုတ်က တဖွဖွ ထုတ်အော်မနေကြလို့ ... ရည်နဲ့ ကိုစိုးမိုးကို ညီမဖြစ်သူရဲရဲက မကျေနပ်နိုင်လည်း ရည်တို့အနေနဲ့ ရယ်နေကြရုံကလွဲပြီး ချမ်းမြေ့သာယာလှတဲ့ ခုလိုပုံစံလေးကိုတော့ ပြောင်းလဲပစ်ကြဖို့ မရှိနိုင်တော့ပါဘူး ...။

ရည်တို့နှစ်ယောက် တအားလှုပ်ခတ်လိုက်မိကြတာ ရဲရဲက"အဆိပ်သောက်ပစ်လိုက်မယ်"...ဟု ခြိမ်းခြောက်တုန်းက တစ်ခါပဲ ရှိလိုက်သည်။ လုံလောက်ပါပြီလေ ...။ ခုနစ်ဆွေး ... ရှစ်ဆွေးလင်မယားကြီးတွေနဲ့ပဲ တူတူ ... တစ်ကြိမ်တစ်ခါတည်းသော "လှုပ်ခတ်မှု"ကလေးကို နှစ်ယောက်စလုံး အမှတ်တရရှိ ဦးနှောက်ထဲ အသည်းထဲ ကိုယ်စီမှာ ထာဝရ"တည်"ထားနိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီဆိုရင် ... ပြီးတာပါပဲ ...။ ဒါကြောင့်မို့လည်း အဲဒီတစ်ခါကလေး လှုပ်ခပ်မိမှုကို ထူးနဲ့ ဓိက ဘယ်လိုပင် ... အပြစ်တင်တင် ... ရည်က နောင်တ မရချင်မိတဲ့ အပြင် ... အဲဒီလိုအဖြစ်အပျက်ကလေးတစ်ခု ရှိလိုက်မိတာကိုပဲ ကံကြမ္မာကို ကျေးဇူးပြန်တင်ချင်နေသေးသည်။

တော်ပြီပေါ့ ... တစ်ခါ ...။ ကျွန်တဲ့ဘဝတစ်လျှောက်လုံးကတော့ ... ယုံကြည်မှု၊ နားလည်မှု၊ ကိုယ်ချင်းစာနိုင်မှုနဲ့ ငြိမ်းချမ်းခိုင်မာသော မေတ္တာတရားတို့ ရှိရင်ပဲ ပြည့်စုံပါတယ်လေ ...။

ခုဆို အမေလည်း တအားစိတ်ချမ်းသာနေတာ ရည် သိသည်။ ဒီတော့ ကိုယ့်ဘဝလေး အောင်မြင်နေသလိုမျိုး ... ကျန်တဲ့ ချစ်ရတဲ့ သူငယ်ချင်းသုံးယောက်တို့ကိုလည်း ထပ်တူတွေ့ကြုံကြစေချင်သည် ...။ "အချစ်နဲ့ အိမ်ထောင်ရေးမှာ အောင်မြင်တဲ့ လူတစ်ယောက်ဟာ ဘဝရဲ့ ကျန်လိုအပ်ချက် အစိတ်အပိုင်းတွေပေါ်မှာပါ ... လိုက်အောင်မြင်နိုင်အောင် ကြိုးစားဖို့ မခဲယဉ်းနိုင်တော့ပါဘူး ..."တဲ့ ...။ "တွန်းအားတစ်ခု ခိုင်ခိုင်မာမာ ရှိပြီးပြီမို့ပါ ..."တဲ့ ...။

ဒါပေမဲ့ ရည့် ဆုတောင်းတွေ ရည့်ဆန္ဒတွေ သိပ်ကြီး ဆက်မပြည့်နိုင်တော့ဘူး ... ရည် သိသည်။ ကိုယ့်ရဲ့ရှေ့





ဘဝကုသိုလ် ရေးဆုတောင်းဟာ ... ကိုယ့်အတွက်သက်သက်ပဲကောင်းဖို့ပါလာတာ ထင်ပါရဲ့ ...။ ကျန်တဲ့လူအများအတွက်ပါလိုက်ဆုတောင်းပေးနိုင်ဖို့လောက်ထိတော့ ကုသိုလ်က ကြီးခဲ့ဟန်မတူချေ ...။

ခုဆိုရင် ရည့်ရှေ့မှာ မြင်နေရတဲ့ ဇာတ်လမ်းတစ်ခုက ဘယ်လိုမှ နောက်ဆက်တွဲ ဇာတ်သိမ်းမလှနိုင်တော့မှာ ... ရည်က ခံစားသိရှိနေရပြီ ...။ အရင်ကဆို ရည်လည်း ကိုယ့်အတွက်ကိုယ်ချည်းခံစားနေခဲ့ရတာဆိုတော့ သူငယ်ချင်းတွေကို ဒီလောက်ကြီး ဂရုတစိုက် အကဲမခတ်နိုင်ခဲ့ ...။ ခုကျတော့ ကိုယ်ကတော့ငြိမ်းချမ်းပြီ ...။ ရဲရဲနဲ့ကျတော့လည်း တစ်အိမ်တည်းတောင်အတူနေနေဖြစ်ကြပြီ ဆိုသောအခါမှာ ... အဲဒီ အံ့သြထိတ်လန့်ချင်စရာ ဇာတ်လမ်းကို ရည်က "ဘွား"ခနဲ ရိပ်မိကြုံတွေ့လိုက်ရခြင်းဖြစ်ပါသည်။

"ကိုယ့်ဘဝမှာ စိတ်ဆင်းရဲစရာ သိပ်မကျန်နိုင်တော့ဘူး"လို့ သိပ်ကို ကျေနပ်နေမိတဲ့ ရည့်မှာ ... စိတ်တွေဆင်းရဲသွားလိုက်ရတာဆိုတာ ...။ စိတ်က ဆင်းရဲရတော့ ... မတည်မငြိမ်၊ ယောက်ယက်တွေခတ် ...၊ ဟိုတွေးဒီတွေး ...။ ညညပင် အိပ်မပျော်ချင် ...။ ကြာတော့ ကိုစိုးမိုးရော ... သူ့ညီမရဲရဲပါ ရိပ်မိ ...။ ရည်က ဘယ်တုန်းကမှလဲ ဟန်ဆောင်မကောင်းတတ်တာကိုး ...။

www.burmeseclassic.com



သဘောထားရှိးပြီး ရည့်အပေါ်လည်း အမြင်ရှင်းလှ သည့် ကိုစိုးမိုးကိုတော့ ... ရည်က (မလိမ်စဖူး) နှစ်ခွန်းလောက် လှည့်ပတ်လိမ်ထားရုံနှင့် ကိစ္စက ပြတ်ပါသည်။ ခက်နေတာက ရဲရဲပင် ...။ သူက သူ့အစ်ကိုလောက်လည်း မရိုး ...။ ရည်နှင့်က လည်း ပေါင်းလာတာ ကြာပြီမို့ ရည့်အကြောင်းဆို ... ပါးစပ်ဟ လိုက်တာနဲ့ နားကျေနေပြီ ...။ ပြီးကျတော့ ရည် ခံစားကြုံတွေ့ နေရတဲ့ ပြဿနာမှာ ... သူက ကာယကံရှင်လေ ...။ သူ့ကို ဘယ်လိုလုပ်၊ ဘယ်လောက်ကြာကြာ ... ရှောင်ထွက်လှည့်ပတ် ထားလို့ ရနိုင်မလဲ ...။ ခက်လှသည်။

ပြဿနာကတော့ ချမ်းမြရည်ရဲ့ ယောက်မတော် သူငယ်ချင်း ရဲရဲဟာ ... ရည်တို့အားလုံးရဲ့ ငယ်ပေါင်းဖြစ်တဲ့ "ထူး"ကို သူငယ်ချင်းလောက်မှု မကတော့တဲ့ ... (များပြားတုထည် ကြီးသလောက် ... ပူလောင်ပေါက်ကွဲတော့မဲ့) အချစ်တို့နဲ့ ... နင့် နင့်သီးသီးကြီးကို ချစ်နေပြီ ... ဖြစ်ခြင်းတည်း ...။

လဲသာသေလိုက်ချင်တော့တယ် ဆိုတာ ... ခုကြုံတွေ့ နေရတဲ့ ခံစားချက်ကို ခေါ်ဆိုတာပဲ ဖြစ်လိမ့်မည်။ သို့သော် ... ရည် လဲသေလိုက်ရင်လည်း ဒီပြဿနာက ပြီးသွားမှာမှ မဟုတ် တာ ...။ ရည် တစ်ယောက် မရှိတော့လို့ ချစ်ခင်ပွန်း ကိုစိုးမိုး တစ်ယောက် ဒုက္ခရောက်ကျန်ရစ်ရတာသာ ထူးလာပြီး ... ပြဿနာ





တတ်လမ်းကတော့ ဒီအတိုင်း လိပ်ခဲတင်းတင်းနှင့် ဆက်လက် တည်ရှိနေပေလိမ့်ဦးမည် ...။

ဒီကိစ္စကတော့ ဟိုပါ ... ဒီပါ ဝင်ပါတတ်သော ပါလေရာမလည်းပဲ မကယ်နိုင် ...။ ဝင်ပါဦးမည် ဆိုရင်တောင် မအောင်မြင်နိုင် ...။ မဝင်နိုင်ဆို ... အဲဒီရဲရဲ ချစ်မြတ်နိုးနေတဲ့ ထူးက တကယ့်တကယ်တမ်းကျတော့ ... မျက်စိကန်းပြီး ထင်ရာ ပဲ စိုင်းနေတတ်တဲ့ အဲဒီ "လေဒီပါလေရာ"ကိုမှ ... တကယ်ပဲ ချစ်မြတ်နိုးနေတော့တာကိုး ...။

အဲဒါကတော့ ရည် သိတာကြာပြီ ...။ ကိုယ့်ကိစ္စ တွေအေးရင် ... ပါလေရာမထုံး နှလုံးမူကာ "ဝင်ပါကြည့်လိုက် ဦးမယ်"ဟု တေးထားမိတာပင် ကြာပြီ ...။ ခုတော့ ဘယ့်နှယ့်များ လုပ်ရပါ ...။ ဓီဓဝါရဲ့ သဘောထားက ထူးဘက် ဘယ်နည်းနဲ့မှ မယိမ်းနိုင်ဘူး ဆိုရင်တောင် ထူးကို "ဘက်ပြောင်း ... စိတ်ပြောင်း ကြည့်လိုက်ပါလား"လို့ ဘယ်လိုလုပ် နားချဖို့ ဖြစ်နိုင်မလဲ ...။ မဖြစ်နိုင်တာကြီး။

ပြီးကျတော့ ထူးရဲ့ စိတ်ရင်းမှန်ကို ... ခုထက် ထိတော့ မျက်စိကန်းနေဆဲပဲဖြစ်တဲ့ ဝါလေရာမ ... သိရှိသွားရင် ကော ... ဘယ်လိုဆုံးဖြတ်ချင်မလဲ ... ဒါလည်း ... ရည်က မခန့် မှန်းနိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဆုံးကတော့ ... "ထူးရဲ့အချစ်"ကို ရဲရဲ သိ သွားမှာ ...။ အဲဒါကိုတော့ ရည်က အကြောက်ဆုံးပင် ...။ သာယာ အဆင်ပြေ အေးချမ်းသော အိမ်ထောင်ရေး ...၊ ပြေလည်သော စီးပွားရေး၊ လူမှုရေး ...။ ကိုယ့်အပေါ် အင်မတန် မြတ်နိုးလှတဲ့ လင်ယောကျ်ား၊ ညီအစ်မအရင်းလို ခံစားနိုင်တဲ့ ယောက်မ ... တစ်သားတည်းကျသွားနိုင်ကြသော နှစ်ဦးနှစ်ဖက် အသိုင်းအဝိုင်း များ ...။

အားလုံးရဲ့အလယ်မှာ ချမ်းမြရည် တစ်ယောက် ... သေချင်စော်တွေ နံနေရကာ ... ဘယ်လိုမှ စိတ်ဖြောင့်လက်ဖြောင့် ဆက်မပျော်ရွှင်နိုင်အောင်ပဲ ရှိရလေသည်။

❀ ❀ ❀

ထူး အိမ်သို့ ရောက်ရှိလာချိန်မှာ ... ချမ်းမြရည်က သိသိသာသာကြီးပင် ရှောင်ဖယ် ... အဝေးပြေးလို့ နေတာမို့ ... ပထမတော့ ရဲရဲက ဟိုပါလေရာမများ ... ရည့်ကို ဘာတွေသွား ကြားခိုင်းစေထားပြန်ပြီလဲလို့ ...။ သို့သော် ... အဲဒီလိုဆိုရင် ... ရည့် မျက်နှာထားက ဒီလိုရှိနေရမှာ မဟုတ်ပါ။ သူများတွေနဲ့တော့ မသိ ...။ ရဲရဲနဲ့ ဆိုရင်တော့ မဖုံးနိုင် မဖိနိုင် မျက်နှာထားမျိုး





အစဉ်ရှိတတ်စမြဲ ရည်ဟာ ... ဓိဖဝါက နိုင်းစေထားလို့ "ဝင်ပါ" နေရပြီဆိုရင် ... မြိုးစိစိနဲ့ ပါးစပ်က စေ့မရ ...၊ အလကားနေ ရင်း ရယ်ချင် ... ဒါမျိုးသာ ဖြစ်နေရမှာပေါ့ ...။

ခုကျတော့ ထူး တစ်ယောက် ... ရဲရဲတို့အိမ်သို့ ပေါက်ချလာတာကိုပဲ သူ့မှာ သရဲသဘက်ကို တွေ့ရတဲ့အတိုင်း ...။ တကယ်ဆိုရင် ထူးဟာ ... ရဲရဲဆီသို့ လာတာလည်း မဟုတ်ရ ပါ ...။ ရုံးတက်လက်မှတ်ထိုးပြီး သူ့ရုံး၊ ကိုယ့်ရုံး ကိုယ်စီမှာ မုန့် ကျွေး၊ လက်ဖက်ရည်တိုက်လောက်နဲ့ ပြီးသွားခဲ့တဲ့ သူတို့မင်္ဂလာပွဲ ကို ထူးက "ဒီလောက်နဲ့ ဘယ်ရလိမ့်မလဲ"ဆိုလို့ ... သူငယ်ချင်း တွေကိုတော့ သပ်သပ်တစ်ပွဲ ကျွေးခဲ့ရသည်လေ ...။ အဲဒီအတွက် ထူးက အနုမှ စပါယ်ရှယ်မင်္ဂလာလက်ဖွဲ့ကို ကိုယ်တိုင်ကိုယ်ကျ လာပေးခြင်း ...။

သူ့ကိစ္စနဲ့ ရောက်လာတာပဲ ...။ တကယ်ဆို သူ လည်း လာထိုင်နေပေါ့ ...။ အိုး ... သူ့ကိစ္စနဲ့ လာရတာမဟုတ် ရင်တောင် ... ရောက်လာတဲ့သူဟာ တခြားသူမှ မဟုတ်တာ ...။ ထူးပဲ ...။ မျက်နှာပြ၊ ပစ္စည်းလက်ခံပြီးတာနဲ့ ထထွက်သွားလို့ ရရိုးလား ...။ ဘာသဘောလဲ ...။ ဒါမှမဟုတ်ရင် ... အရင်က "ထူးနဲ့ရည်"ရယ်လို့ ရည်ရွယ်ခဲ့ဖူးသေးတာမျိုးရှိလို့ ... သူ့ယောကျ်ား မကြိုက်နိုင်မှာစိုးလို့များ ဆင်ခြင်လေသလား ...။



www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ဘာဆိုင်လဲ ...။ ဒီလူနဲ့ ဒီလူတွေ အမြဲတမ်း တရင်းတနှီး တလုံးတထွေး ... တအားကြီး ခင်မင်ခဲ့ကြခြင်းကို ... အစ်ကိုလည်း မသိမဟုတ် ...။ မမြင်မရှိ ...။ မြင်သိနေကျပဲဟာ ...။ ခုမှထလို့ ဝန်တိုတာမျိုးလည်း မရှိနိုင် ...။ ယောကျ်ားဖြစ်သူက မကြိုက်မရှိဆိုရင် မိန်းမဖြစ်သူကလည်း ကြိုရှောင်ဆင်ခြင်နေစရာကို မလို ...။

ဒါဖြင့် ဘာဖြစ်ရတာတဲ့လဲ ...။ ထွက်ပြေးနေတာကတော့ ငြင်းမရပါ ...။ ကပ်မိရင် အပူလောင်မှာစိုးလို့ကို အဝေးရှောင်နေရတော့တဲ့အတိုင်း ... ထွက်လို့ကို ပြေးနေတော့တာ ...။

"နင်နဲ့ မိရည်နဲ့ ဘာဖြစ်ထားကြသေးလဲ ... ထူး ..."

ရဲရဲက ထူးကို မေးကြည့်လိုက်မိသည်။

"ဘာဖြစ်ရမှာလဲ ... ဘာလို့လဲ ..."

"မသိဘူးလေ ... ဒါဖြင့် အခု နင်ရောက်လာတုန်း သူက ဒီအနားမှာ ဘာလို့ မနေရတာလဲ ..."

"အာ ... ဘာဖြစ်လဲ မနေတော့ ... သူက အိမ်ထောင်သည် ဖြစ်သွားပြီလေ ကလေးမရဲ့ ... နင်တို့ ငါတို့တွေနဲ့ တူတော့တာမှ မဟုတ်တာ ... သူ့မှာ သူ့ယောကျ်ားကိစ္စတွေ ရှိမယ် ... ဘာမှ လုပ်စရာမရှိဘူး ဆိုရင်တောင် ငါတို့နားထက် သူ့ယောကျ်ားနားပဲ သူကပ်နေရမှာပေါ့ ... ငါတို့က ဘာအ ရေးကြီးလို့လဲ ..."





"မဟုတ်သေးပါဘူး ..."

"အေးပါ ကောင်းပါပြီ ... နင့်အလှည့်ကျမှ စောင့်ကြည့်ကြလို့ ... ကျန်တဲ့နှစ်ယောက်ကို ငါ ပြောထားမယ် ..."

ရဲရဲရဲ့ ရင်ထဲမှာ ဒီစကားလောက်လေးနှင့်တင် "ဒိန်း" ခနဲ။ ကျန်တဲ့နှစ်ယောက်ကို မှာထားရမယ်ဆိုတော့ စောင့်ကြည့်မဲ့အထဲမှာ သူတော့ မပါနိုင်မဲ့သဘော ...။ ဒါဆိုရင် ...၊ ဒါဆိုရင် ...။ ဩော် ...။ ပြောတဲ့သူက ရိုးရိုးပြောလိုက်တာလည်း ဖြစ်နိုင်ပါရက်နဲ့ ... ကိုယ်ဖြစ်ချင်တဲ့ဘက်ကိုဆွဲပြီး အတိတ်ကောက်ချင်မနေပါနဲ့ ... ဒေါ်ရဲရဲရယ် ...။ ပုံမှန်နေမှပေါ့ ...။

"ရည်နဲ့ ငါ့အစ်ကိုနဲ့က ညားကာစ လင်မယားတွေဆိုပေမဲ့ အဲလို ကြိုးတုပ်ထားသလို တပူးပူး ထကပ်ကပ် ဖြစ်နေကြတာမဟုတ်ဘူးဟ ... ကိုက်တစ်ရာ ကြိုးတစ်ကြိုးကို အစနှစ်ဖက်စွန်းတွေကနေ တင်းတင်းဆွဲကိုင်ထားကြသလောက်ပဲ ရှိတာ ..."

"ဟုတ်ပါပြီ ... နင့်အလှည့်ကျမှ ... တစ်ကိုက်ကြိုးပဲကိုင်ကိုင် တစ်ပေကြိုးပဲကိုင်ကိုင် ... ဒါမှမဟုတ် ခြောက်လက်မကြိုးလေးကိုပဲ ရွေးရွေးပေါ့ ... သူတို့လည်း သူတို့ဘာသာ သူတို့ပဲ ရှိပါစေလား ..."

ရဲရဲက ထူးကို မျက်စောင်းနှင့် ရွယ်ရင်း ...

www.burmeseclassic.com



"မဟုတ်ဘူး ... သူတို့နှစ်ယောက် ပုံစံက အချစ်တွေ အေးနေကြသလို ဖြစ်နေတာကို ပြောချင်တာက သပ်သပ် _ ရည်က နင့်ကို ရှောင်ဖယ်ဖယ်လိုလို ဖြစ်နေတာကို ပြောချင်တာက သပ်သပ် ..."

"နေပါဦး ... နင်က 'အချစ်'တွေ ဘာတွေ စကားထဲ ထည့်ပြောနေရအောင် ... နင်က အချစ်ကို သိပြီလား _ ဟင် _ ပြောစမ်းပါဦး ... ငါတို့လည်း နားကြားရအောင်"

ဒီတစ်ခါ ဒိန်းခနဲကတော့ တော်တော်နဲ့ကို ပြန်ဟန် မဆယ်နိုင်တော့တဲ့ "ဒိန်း"မျိုးပင် _။ မျက်စိမျက်နှာပျက်နှင့် ပုံစံ ဟန်ပန်လည်း အပျက်ပျက် အယွင်းယွင်း ရှိရသော ကိုယ့်ကိုယ် ကိုယ် ပြန်သတိထားမိလျှင် ... "ပါလေရာမသာရှိရင် ပွဲက ဒီတင် ပြီးနေပြီ"ဟု ဇီဇဝါကို သတိရလိုက်မိရသေးသည်။

သူပြောချင်ရာတွေ ပြောနေပြီး သူတစ်ပါးကိုတော့ တစ်စက်မှ မကြည့်လေတဲ့ မောင်ထူးက ရဲရဲရဲ့ အပျက်ပျက် အယွင်းယွင်းတွေကို သတိထားမိဟန် မရှိပေမဲ့ ... ပါလေရာမသာ ဆိုရင်တော့ သူဝင်ပါရတော့မဲ့ အကွက်ကောင်းကို "ဒက်"ခနဲ လှမ်းသိနိုင်ပြီးလောက်ပြီ။ ဒီလောက်ဟန်ပျက်နေတဲ့ ရဲရဲနဲ့ _ ဘာ့ကြောင့်မှန်းမသိ "အချစ်"တွေ ဘာတွေကို နှုတ်ကနေ လုတ် ပြောနေလေတဲ့ ထူးတို့ဟာ ... ဇီဇဝါ့ရဲ့အကွက်ထဲကို ကောင်း





ကောင်း ရောက်သွားကြနိုင်တဲ့ သားကောင်နှစ်ဦးပေါ့ ...။ ဇီဇဝါ့ အနေနဲ့ ဘယ်နည်းနဲ့မဆို ဆွဲဖေ့၊ စပ်ဟပ် ... ယှဉ်တွဲ ... သား တီးပစ်လိုက်မှာမုချပင် ...။

ခုကျတော့ နံဘေးမှာလည်း သင်းကမရှိ...။ အကယ် ၍ ရှိခဲ့သည်ဆိုရင်တောင် ... ခုတလောမှာ သင်းဟာ ... ဘယ် တုန်းကမှလည်း ... "ကတိမပျက်စတမ်း"လို့ အာမဘဏ္ဍလည်း မရှိခဲ့ကြဘဲနဲ့ ...။ "ဝါဝင်မပါတော့ဘူး ..."ဟူသည့် စကားကို အဲဒီပါလေရာမက အဟုတ်ကြီးကို အတည်ယူပြီး ကတိတွေ စွတ် တည်ပြနေတော့တာ ...။ ရဲရဲကတော့ ထင်တာပေါ့ ...။ ရည်တို့ကိစ္စ အေးအေးချမ်းချမ်းနဲ့ ပြီးဆုံးပြီးရင် ... အဲဒီ မိစ္ဆာတစ်ယောက် ... စိတ်ကောက်တွေ ဘာတွေပြေကာ ... သူ့ဝသီပါအတိုင်း တစ်စခန်း တော့ ပြန်ထကို ထပေဦးမှာပါလို့ ...။

ခုတော့ ... စိတ်ကောက်စိတ်ဆိုးပြေပုံရတာတော့ ဟုတ်ပါရဲ့။ ရည်တို့ ကျွေးမွေးခဲ့တဲ့ "ဒင်နာပွဲ"မှာ သူငယ်ချင်းတွေ အားလုံး အရင်ကလိုပဲ တစ်သားတည်း ပြန်ကျသွားနိုင်ကြတဲ့ ဥစ္စာ ...။ သို့သော် မတည်တံ့စေလိုတော့သော ကတိတွေကကျ တော့ ခုထက်ထိတိုင် စွတ်တည်နေဆဲ ဖြစ်တော့သည်။

"ကဲပါ ... စဉ်းစားစမ်းပါ ... ရည်က နင့်ကို ရှောင်စရာ ဘာရှိသလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမရှိဘူး"

"ဒါဖြင့်ရင် အဲဒီတစ်ယောက် ဘာဖြစ်နေသလဲ မသိဘူး သိလား ... ငါ သတိထားမိနေတာ နည်းနည်းတောင် ကြာပြီထူးရဲ့ ... ဒီအိမ်ကို စရောက်စတုန်းကတောင် အဲဒီလိုမဟုတ်ပါဘူး ... ဒါပေမဲ့ နည်းနည်းလည်း ကြာလာရော ... ငိုင်တိုင်တိုင်လိုလို ... ငေးတေးတေးလိုလိုနဲ့ ... အလိုလိုနေရင်းပဲ တစ်ခုခုကို စိုးရိမ်နေသလိုလို ... စိတ်နဲ့ လူနဲ့ပဲ မကပ်သလိုလို ...

ငါက အဲဒါကို အဖြေရှာချင်နေတာ ... ခု နင် ရောက်လာတော့လည်း နင့်ကို ရှောင်ပြန်ပြီဆိုတော့ ... ငါက ပြဿနာရဲ့အဖြေက နင်လားလို့ ...။ အစ်ကိုနဲ့တော့ မဟုတ်ဘူးဟ ... သူတို့စုံတွဲက ပျင်းစရာကြီးလိုလိုပေမဲ့ ... ပြဿနာတော့ ဘာမှမရှိဘူး ... ငြိမ်းချမ်းအေးဆေးပြီး အဆင်ပြေကြပါတယ် ..."

"ဒါဖြင့် နင်ပဲနေမှာပေါ့ ... သူ့မှာ ဒီယောက်မတစ်ယောက်ပဲ ကြောက်စရာ လန့်စရာ ရှိတဲ့ဟာဲ ... ခုလည်း နင်ဇာ မလာစေချင်ဘူးမှတ်လို့ ... ကပ်မလာရဲတာ နေမှာပေါ့ ..."

"အောင်မာ ..."



ထူးက သူ့စကားသု "တဟက်ဟက်"ရယ်နေရင်းက ...

"လျှောက်တွေးနေမဲ့အစား ... ဟဲ့ ... မိရည် ... လုပ်စရာရှိတာတွေ ထားခဲ့ပြီး ဒီနားလာနေပါလားလို့ ခေါ်ထားလိုက်ပါလား ...။ ရောက်လာမှ ငါ့ရှေ့မှာပဲ ... ဘယ်လိုလဲလို့ မေးပေါ့ ... မိရည်က အဖုံးအကွယ် အလိမ်အကောက် သိပ်မတတ်ပါဘူး ... တစ်ခုခုဆိုရင် ပေါ်မှာပါ ... ပြောမှာပါ ..."

ရဲရဲက ထူးရဲ့စကားအတိုင်း ချက်ချင်းဆိုသလိုပင် ... "မိရည်ရေ ... ထူးက ခဏတဲ့ ..."ဟု လှမ်းခေါ်လိုက်လျှင် တွန့်ဆုတ်ဆုတ်ဟန်နှင့် ရောက်လာသော ... ချမ်းမြရည်ရဲ့ ပုံစံကြောင့် ထူးလည်း အံ့အားတသင့်နှင့် ဖြစ်သွားမိလေသည်။ ဟုတ်သားပဲ။ မိရည်ရဲ့ ပုံစံဟာ ... ထူးကပဲ သူ့လျှို့ဝှက်ချက် တစ်ခုခုကို ထုတ်ချပြလိုက်မှာကို စိုးနေရပုံနဲ့ ... မျက်လုံးချင်းတောင်မှ ကောင်းကောင်းပင် မဆိုင်ရဲ ...။

ထိုစဉ်မှာပင် ရဲရဲက ထူးရော ချမ်းမြရည်ပါ ကြိုမျှော်လင့်မထားသည့် Trick (လှည့်ကွက်)တစ်ခုအနေနှင့် ...

"မိရည်ရယ် ... ထူးကိုလည်း ခဏတော့ လာညှော်ခံပေးထားဦးမှပေါ့ ... နင့်ယောက်ျားကိစ္စကချည်းပဲ ဘာတွေအရေး

www.burmeseclassic.com



ကြီးနေသလဲ ... သူ့ခမျာ နင့်အတွက် လက်ဖွဲ့ပစ္စည်းကို ရှာလိုက်နေတောင် တကူးတကန့် မှာသယ်လာပေးရတာပါဆို ... ကဲ ... ဒီနား ခဏနေခဲ့ဦး ... ငါ့မှာ မိုးလင်းထဲက ခုထိ ရေတောင်မချိုးရသေးဘူး ... နံစော်တောင်နေပြီ ... ရေသွားချိုးလိုက်ဦးမယ် ...”

ထူးမှာ ပထမတော့ ရဲရဲ တစ်ယောက် ဘာစတာနဲ့ ထွင်ပြန်ပြီလဲလို့ ...။ ပြီးမှ ချက်ချင်းပင် ... “ဒါ တမင်လုပ်တာ” ဆိုတာကို သိလိုက်ပါသည်။ ဣန္ဒြေပျက်နေလေတဲ့ ချမ်းမြရည်ဟာ ရဲရဲ ဒီနားမှာ မရှိတော့ရင် ထူးကကို တစ်ခုခုများ ပွင့်ထွက်လာမလား ... လို့ သူ မျှော်လင့်ပြီး လုပ်ကြည့်လိုက်တာလေ ...။ ခဝ် အအ မိရည်ကို ခုလိုလှည့်ကွက်နှင့် ... ကျုံးသွင်းလိုက်တာမျိုးကိုတော့ မကြိုက်ချင်ပေမဲ့ ... ထူးကိုယ်တိုင်ကလည်း ... ခုချိန်မှာ မိရည်ထံမှ ကြားကောင်း ကြားလာရနိုင်တဲ့ “တစ်စုံတစ်ရာ”ဆိုတာတွေကို မျှော်လင့်လိုက်မိတာပဲမို့ ... ရဲရဲရဲ့ လှည့်ကွက်ကို မတားဆီးမိတဲ့အပြင် ကိုယ်ပါ အလိုတူ အလိုပါလိုလို ...။

ဒါပေမဲ့ ထင်သလောက် မအတော့တာလား ထင်တာထက်ပိုပြီး စိုးရိမ်တတ်နေတာလား မသိတဲ့ မိရည်က ရဲရဲ ထွက်သွားပေမဲ့ ချက်ချင်းလှည့်ကွက်ထဲ ကျရောက်ကာ ရှင်းပြလာခြင်းမျိုး မရှိပါ။ စိတ်ပါလက်ပါ မဟုတ်မှန်း သိသာနေ





အာလာပသလ္လာပတွေနဲ့ နှစ်ယောက်စကားဝိုင်းကလေးက ခြောက်တီးခြောက်ချက် ဖြစ်နေဆဲ ... ထူးက တစ်ချက်ရယ်လိုက်ရင်း ...

“ဘာမှ သိပ်စဉ်းစားမနေတော့ဘဲ မျက်စိစုံမှိတ်ပြီး လုပ်ချင်ရာ လုပ်ချလိုက်ပေမဲ့ ကံကမြင့်နေတော့ ဘာမှသိပ်မမှားလိုက်ဘူးဆိုတာ ... နင်ပေါ့ ဟုတ်လား ...”

“ဟင်း ဟင်း ဟင်း ... ဟုတ်ပါရဲ့ဟယ် ...”

“ဒါပေမဲ့ ... နင် မတော်တဆများ သမီးလေး ဘာလေး မွေးလာမယ် ဆိုရင်ကော ... နံကြားထောက် ကံစမ်းပြီး အဲဒီလို လုပ်ခိုင်းဦးမှာလား”

ချမ်းမြရည်က ရှုပ်ပွပွနှင့် ... “နင့်သမီးကျမှ လုပ်ခိုင်း”တဲ့ ...။ ထူးမှာ ခုမှပင် အကွက်ဝင်ကာ ... ချမ်းမြရည်နှင့် ဖုန်းပြောဖြစ်ခဲ့ကြတဲ့ နေ့ကအကြောင်းကို ခုမှပင် အစပြန်ကောက်မိ၍ အဆင်ပြေသွားရတော့သည်။

“နင်က အရင်ကြုံမှာလေ ... ငါ့မှာ သမီးရဖို့က ဘယ်မှာလဲ မိန်းမ ... ဒါနဲ့ နေဦး ... နင်နဲ့ငါ ဖုန်းပြောထားကြတာတစ်ခု ရှိတယ်လေ ... နင့်ကို ငါက ‘သိပ်ချစ်နေကြ တယ်ပေါ့’လို့ ပြောတော့ ... “နင်ပဲ ကိုယ်ချင်းအစာနိုင် ဆုံး ဖြစ်ရမှာပေါ့ ထူးရယ်”ဆိုတာ ... အဲဒါ နင့်စကားက ဘာလဲ ... ငါ့ကို အဲဒီလို တစ်ထစ်ချ ပြောနိုင်ဖို့ နင်ဘာ တွေ သိနေလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



ထူးရဲ့ စကားကြောင့် မလှုပ်တလှုပ်ကလေး ရှိနေ သော မိရည် တစ်ယောက် ပြုံးပြုံးပျာပျာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရရင်း ...

"တိုးတိုးပြောပါဟဲ့ ..."

"ရော် ... ဘာဖြစ်ရတာလဲ ..."

"နင် အဲဒါမျိုးစကားတွေ ဒီအိမ်မှာ ဘယ်တော့မှမပြော နဲ့... အထူးသဖြင့် ရဲရဲကိုတော့ လုံးလုံးမှ မဖွင့်ဟမိ နဲ့ ..."

"ဟ ... ဘာဖြစ်လို့လဲ ..."

"ဘာမှ မဖြစ်ဘူး ... အဲဒါပဲမှတ်ထား ... နင့်ရင်ထဲ အကြောင်းတွေ ရဲရဲကို လုံးဝထုတ်မပြောနဲ့ ... ရဲရဲဘက် လည်း အဲဒါမျိုးတွေနဲ့ ပတ်သက်လို့ တစ်ခုခုပြောလာ ဆိုရင် ... နင်ကပဲ မရမက စကားလွှဲ ..."

ထူးက မိရည်ကို မျက်ခုံးနှစ်ဖက် ပင့်တက် ကြည့်နေသည်။

"မိရည် ... ငါက ... တကယ်တော့ ... လေဒီစိန့်ကို ..."

"ရှူး ... ရှူး ... ငါသိတယ် ထူးရယ် ... ငါသိပါတ ငါသိတယ်ဆိုရင် ပြီးရောပေါ့ ... နင်တို့နှစ်ယောက် အ ပြေကြမယ် ဆိုရင်လည်း ငါက အရင်ဦးဆုံး ဝမ်းသာ





သူပါ ... ဒါပေမဲ့ နင်တို့ဘာသာ မိဘတွေ စီစဉ်တာကို မငြင်းနိုင်ကြလို့ဆိုတဲ့ ပုံစံနဲ့ လုပ်ပစ်ကြရင် အကောင်းဆုံး ပဲ ... နောက်ဆုံးတစ်နေ့ဟာ ... မနက်ဖြန် လက်ထပ်ဖြစ် ကြတော့မယ် ဆိုရင်တောင် ... ဒီနေ့ညလောက်မှ ရဲရဲကို နင် ပြောမိရင် အကောင်းဆုံးပဲ ... သူ့ဘာသာသူ ကြိုသိ နေရင်တော့ သိပစေပေါ့ ... နင်ကတော့ ခု ငါ့ကိုလာပြော နေသလိုမျိုး မပြောမိလိုက်စေနဲ့လို့ ... နင့်ပါးစပ်ကတော့ ဘယ်တော့မှ မထွက်မိစေနဲ့ ... အဲဒါပြောတာ ..."

"ဘာလို့လဲ ..."

ထူးရဲ့စကားသံက စိတ်အနှောင့်အယှက်တွေ အတော် ကြီး ရောပြွမ်းလျက် ရှိနေပြီဖြစ်သော အသံမျိုးနှင့်ပါ ...။ ရဲရဲ သိချင်နေသော မိရည်ရဲ့ "ထူးဆန်းတဲ့ အခြေအနေ" ဆိုတာရော... ဒီကိစ္စနဲ့ပဲ ဆိုင်ပြန်တာပဲလား ...။ မဟုတ်သေးပါဘူး ... ဘာဆိုင် လို့လဲ ...။ ပြီးတော့လည်းပဲ ... ဒီလောက် ချစ်ခင်နေကြတဲ့ သူငယ်ချင်း အချင်းချင်းတွေမှာ ... မိဖိကိစ္စကို မိရည်သိလို့ရလျှင် ရဲရဲကရော ... ဘာ့ကြောင့် မရ,ရမှာလဲ ...။

ထူးမှာ ကာယကံရှင် မိဇီကလေးကိုပင် ခုထက်ထိ မဖွင့်ဟရသေးသည့် ကိုယ့်ခံစားချက်ကို ... မိရည်ထံ အစောဆုံး ဖွင့်ဟပြောလိုက်မိသော်လည်း ... "ဝမ်းသာပါတယ်" သာပြောပြီး

www.burmeseclassic.com



တကယ်တမ်း ဝမ်းသာလှိုက်လှဲနေသည့်ပုံကိုတော့ မမြင်လိုက်
ဘာတွေမှန်းမသိ အစိုးရိမ်တွေ ကြီးနေတာကိုပဲ ... စိတ်ညစ်
ချင်စဖွယ် ... ရင်ဆိုင်လိုက်ရသည်။

ချမ်းမြရည်မှာ ... စိတ်ထဲရှိရာတွေ လျှောက်ပြော
လိုက်မိပြီးမှ ... ထူး တစ်ယောက်တော့ အတွေးပင်လယ်
ရောက်သွားပြီဆိုတာ သိလိုက်သဖြင့် ... စိတ်အိုက်အိုက် ပုံစံ
နှင့် ရယ်ကျဲကျဲလေး (တမင်)လုပ်ပြလိုက်ပါသည်။

ဘာပဲဖြစ်ဖြစ်လေ ...။ ရဲရဲဟာ ခုချိန်မှာ ရည့်ရဲ့သူငယ်
ချင်းမ,တင်မကတော့ ... ညီအစ်မလို့လည်း ဆိုလို့ရတဲ့ ယောက်
ဘဝကို ရောက်နေပြီလေ ...။ ရဲရဲရဲ့ သိက္ခာတစ်ခုကိုတော့ ရည်
ဘယ်နည်းနဲ့မဆို အလေးထား ဦးစားပေးရဦးမှာပဲပေါ့ ...။ ပြဿနာ
တွေ ထမဖြစ်ချင်လို့သာ (ရဲရဲ တစ်ယောက် ကာယကံရှင်
တိုက်ရိုက်ကြီး ကြားလိုက်ရပြီး မထိန်းနိုင် မသိမ်းနိုင်တွေ
ဖြစ်ရအောင်သာ ...) ထူးကို ရည်က ထုတ်ဖော်ပြီး တားထားလိုက်
မိတာ ...။ "ထူးကို ရဲရဲက သိပ်ချစ်နေမိလို့ပါ" ဆိုတာမျိုးကြီး
အထိတော့ ဆက်လက်ထုတ်ဖော်လို့ ဘယ်ရပါ့မလဲ ...။ ကိုယ်တိုင်
က မထုတ်ဖော်မဲ့အပြင် သူ့ဘာသာပင် မရိပ်မိစေရ ...။ လမ်း
ပစ်တာမျိုး လုပ်သင့်လုပ်ရပေဦးမည်။

"မိရည် ... ဘာလို့လဲ ..."





ထူးက နောက်ထပ်တစ်ခွန်း ထပ်မေးနေပြန်ပါပြီ ...။
ချမ်းမြရည်သည် မျက်စေ့ကို စုံမှိတ်ကာ ... စိတ်ထဲ ပေါ်မိပေါ်
ရာ ...

"သူက စိတ်ပုပ်တယ် ... ငါ့တုန်းကလည်း ဘယ်လောက်
ဝင်နှောက်ထားလိုက်သလဲ ... နင်တို့အသိပဲ ...။ သူသိလို့
မဖြစ်ဘူး ... မသိစေနဲ့"

ထူးက ချမ်းမြရည်ကို အကြာကြီး စိုက်ကြည့်နေ
ပြီးမှ ...

"နင်တို့ချင်း အဆင်မပြေကြဘူးလား ..."

"မဟုတ်ဘူး ... ပြေပါတယ် ... ပြေတယ် ... သူနဲ့ငါ
လောက် အဆင်ပြေတဲ့သမီးယောက်မ ညီအစ်မမျိုးလည်း
ရှိနိုင်တော့မှာ မဟုတ်ပါဘူး ... အဲဒါမျိုးတော့ နင်လျှောက်
မတွေးနဲ့ ... ငါ ရဲရဲနဲ့ရော သူ့အစ်ကိုနဲ့ပါ အဆင်ပြေတယ်
သိလား ... တကယ်ပြောတာ ... ခုဖြစ်နေတဲ့ ငါ့ဘဝ
အခြေအနေက ... ငါ အကျေနပ်ဆုံး ... အဖြစ်ချင်ဆုံး
အနေအထားပါပဲ ..."

ထူးက ခေါင်းကို လေး,ငါးချက်ဆတ်ကာ ဘာမှ
ထပ်မပြောတော့ပေ။ ခုအဆင်ပြေရက်သားနဲ့ ... အရင်ကကိစ္စကို
ချီးခြောက်ရေပြန်နှူးကာ ခုထိ မကျေနပ်နိုင်သူလို့ ထင်နေမလား ...။
အဆင်မပြေကြဘဲနဲ့ "ပြေတယ်"ဟု လိမ်ပြောနေတယ်ပဲ ထင်နေ


www.burmeseclassic.com

www.burmeseclassic.com



မလား ...။ သူငယ်ချင်းဘဝတုန်းက ဘာသံမှ မကြားရ ...။ In Laws တွေ ဘဝရောက်မှပင် အတင်းထတုပ်တော့သည်ဟု ထင်နေမလား ...။ ဘာထင်ထင် ရှည်ကတော့ ဒီထက်ပိုပြီးလည်း မပြောပြတတ်တော့ ...။

ထူးကလည်း ထပ်ကိုမမေးတော့ပါ။ စိတ်ထဲမှာတော့ အတော်ကြီးပင် မသိုးမသန့် ဖြစ်နေရသည်။ မိရှည်ဟာ ဘာသဘောလဲ ...။

ဒီထက် ဒုက္ခရောက်တာက တမင်တကာ လှည့်ကွက်ချ ရှောင်ရှားသွားတဲ့ ရဲရဲပြန်ရောက်လာပြီး ... "ကဲ ... ဘာတဲ့လဲ" ဆိုရင် ထူးမှာ ဘာများ အဆင်ပြေပြေ ပြန်ပြောလိုက်ရပါ့မလဲ ...။ မိရှည်သာ ခုလိုကြီး လာထုတ်ဖော်ပြီး မတားဆီးထားဘူးဆိုရင် ... ထူးက ရဲရဲထံ ကိုယ့်ရင်ထဲက အကြောင်းအရာတွေ အားလုံးကို ... အဟုတ်ပင် ဖွင့်ပြောပြလိုက်ဖို့ပင် ပြင်ထားပြီးနေပါပြီ ...။ ဒီ့ကို နိုင်အောင် လှည့်ပတ်ပြောပေးနိုင်သူမှာ ဤကမ္ဘာမှာ ရဲရဲ တစ်ယောက်သာရှိတော့သည်ဟု ထူးက ထင်တာကိုး ...။ ကိုယ်ချည်းသာဆို ... အယုံအကြည်က လုံးဝမရှိတဲ့အပြင် ... ပြောမယ်ကြံလို့ ပါးစပ်ဟလိုက်တိုင်း ...

"တော်စမ်းပါ ... လူကြီးတွေက သိပ်စိတ်ကူးယဉ်တာပဲ ... အဲဒါနဲ့ပဲ ကလေးတွေက ကြားကနေ ငပေါဖြစ်ရမှာလား ... တစ်ရပ်ကွက်တည်းသား ခြံနားနီးချင်းတွေဖြစ်ရင် ... မိဘချင်း ဆိပ်ခင်ကြရင် ... ကလေးချင်း စိစဉ်ကြစေဆိုတာ ... သူတို့ခေတ်က ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာပဲရှိတာ ... ဒီခေတ်မှာ အဲဒါတွေက သိပ်အောက်သွားပြီးပြီ ... ဘယ်သူမှ မလုပ်ကြတော့ဘူး ... ဟုတ်နိုးနိုးနဲ့ လိုက်အရူးထမယ် စိတ်မကူးနဲ့ ... ဟင်း ..."။

အဲဒါနဲ့ပဲ ကိုယ့်စိတ်ထဲက တကယ့်ကို နှစ်နှစ်ကာကာနဲ့ နှစ်လိုမြတ်နိုးမှု ရှိနေခဲ့တယ် ဆိုတာဟာ ယနေ့ထိကို စကားအစပ်မခံ ... ပေါ်လွင်ခွင့်ကို မရှိတော့ဘူးလေ ...။ ထူးမှာဖြင့် ရဲရဲကိုများ အားကိုးတော့မလားလို့ ...။

ခဏကြာတော့ အဟုတ်ပင် ရေသွားချိုးခဲ့ဟန်ရှိသော ရဲရဲ တစ်ယောက် ... သန့်ပြန့်မွှေးကြိုင်စွာပင် ပြန်ရောက်လာခဲ့ပြီး ...

"မိရှည်ရေ... အဟုတ်ပဲတော့ ... ငါ့အစ်ကိုလည်း တိုးတက်လာပြီး ... နင့်ကို မျက်စိအောက်က အပျောက်မခံနိုင်ဘူးတွေ ဘာတွေတောင် ဖြစ်လာပြီ ... ခုလိုက်ရှာခေါ်နေတယ် ... သွားလိုက်ပေဦးတော့ ..."

နဂိုတည်းက ထလစ်ချင်နေပြီဖြစ်သော ချမ်းမြရှည်ကလည်း ထူးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သွက်လက်မြန်ဆန်စွာ ထထွက်သွားလျှင် ရဲရဲသည် ... ထူးထံ ပြုံးပြုံးကလေး မျက်နှာချင်းဆိုင်လိုက်ကာ ...







www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောတော့ ... ရပြီလား ..."

ရုတ်တရက် လိမ်ဖို့ညာဖို့ကလည်း စဉ်းစားလို့မရ... ဘာ့ကြောင့်မှန်းမသိ (ဘာလိုလိုကြီး ဖြစ်နေသော အခြေအနေကြီးကိုလည်း စိတ်မသန့် စိတ်ပျက်နေရတာနှင့်) ထူးက ခေါင်းကိုပဲ ဟိုဘက်ဒီဘက် ယမ်းခါလိုက်ကာ ...

"မပြောချင်ဘူးဟာ ..."

"ဘာ ..."

ရဲရဲ တစ်ယောက် ... ဆတ်ဆတ်တုန်သွားလားပင် ထင်ရသည်။

"ကိစ္စကလည်း နင်တို့ နင့်အစ်ကိုတို့နဲ့ သိပ်မဆိုင်ဘူးလို့ ငါ ထင်ပါတယ် ..."

"နင်ထင်တာတွေ ဘာတွေ လျှောက်ပြောမနေနဲ့ ... ခုသူ က ဘာပြောသွားတာလဲ"

"ဘာမှတော့လဲ သိပ်မဟုတ်ပါဘူး"ဟု ထူးက ခေါင်းခါယမ်းလိုက်လျှင် ... ရဲရဲသည် လက်သီးနှစ်ဖက်ဆုပ်ကာ ထူးကို စူးစူးကြီး ကြည့်လျက်ရှိတော့သည်။ "မိရည်တစ်ယောက် အနေရကျပ်အောင်တော့ ငါ လုပ်မိပြန်ပြီထင်တယ် ..."ဟု ထူးမှာ ခုမှပင် ခေါင်းတကယ်ကိုက်ချင်လာသည်။

* * *





## အခန်း(၇)

ကိုယ့်အပြစ် ... ကိုယ့်ဒုက္ခ ဘာမှမရှိပါဘဲနှင့် လောကကြီးထဲမှာ အလကားနေရင်း နေမပျော် ... ထိတ်လန့်နေရသော ချမ်းမြရည်ရဲ့ထံပါးသို့ ရဲရဲက ပြုံးရွှင်တက်ကြွစွာ ချဉ်းကပ်လာပါသည်။

"ဟော့ ... မိရည် ... ဒီ ... ဒီဖင်ဘာဟောလီးဒေးမှာ နင်တို့ရုံးက ဘယ်နှရက်ပိတ်ရက်ရသလဲ ..."

"ကြားထဲက ခံနေတဲ့ သောကြာတစ်ရက်ကိုပါ ရက်အပျက်ခံခွင့်ယူပြီး စနေ တနင်္ဂနွေနဲ့ ဆက်လိုက်ရင် ... တစ်ပတ်လုံးနီးပါးကို ဖြစ်သွားမှာပေါ့ ... ဘာလို့လဲ ..."

"အေး ... ဟုတ်တယ် ... ငါတို့လည်း အဲဒီလိုပဲ ... အစ်ကိုကိုလည်း အဲဒီသောကြာရက်တစ်ရက်တော့ ခွင့်ရအောင် ...



www.burmeseclassic.com

www.burmeseclassic.com



ခုတည်းက သူ့လူကြီးတွေကို ကြိုပြောထားခိုင်းရမယ် နင်လည်း နှင့်ရုံးမှာ ခုတည်းက ကြိုဖားထားချင် ဖားထားပါလား ... ငါတို့ ခရီးထွက်ကြရအောင် ... ဒေါ်ဒေါ်ကိုလည်း ဖားရဦးမယ် ... အိမ်စောင့်ဖို့ ... ဟိ"

စိတ်ညစ်ညစ်ထဲက အပျော်လေးတစ်ခု ရှာတွေ့သွားရသဖြင့် ... ရည်က ... "ဟယ် ... တကယ်လား"ဟု တက်ကြွသွားမိရပါသည် ...။ ရည်က ခရီးထွက်ရတာ ကြိုက်ပါသည်။ သို့သော် ဘတ်ဂျက်အခြေအနေကို အမြဲငဲ့တွက်နေရသူမို့ ... ရုံးက တာဝန်နဲ့ စေလွှတ်တတ်သော နှစ်ရက်၊ သုံးရက်စာ ခရီးတိုလေးတွေကလွဲပြီး ... မြန်မာတစ်နိုင်ငံလုံး ဘယ်မှမရောက်ဖူးသလောက်ပင် ...။

"အေးလေ ... ချောင်းသာဖြစ်ဖြစ် သွားရအောင် ... ဘယ်လိုလဲ"

"ပျော်စရာကြီးဟယ် ..."

"အေး ... ပျော်စရာကြီး ... ဟိုနှစ်ယောက်ကိုလည်း ကြိုပြောထားလိုက်ဦးမယ် ... မိဇ္ဇိကတော့ အေးအေးပါ ... ထူးသာ ... သူ့အဖေက သူ့သားအရင်းအချာကြီးကို ငါတို့လူကြီးတွေထက်တောင်မှ ခွင့်ကပ်စေးနည်းနေတတ်သေးတာ ... မရ,ရအောင်တော့ ပြောခိုင်းရမှာပဲ ..."





ရည့်မှာ"ဟင်"ခနဲ ချက်ချင်းလက်ငင်းကြီး ခြေကုန်လက်ပန်းကျချင်သလိုလို ဖြစ်သွားရပါတော့သည်။ ဒုက္ခပဲ ... ခုမှထပြီး ..."မလိုက်ချင်ပါဘူး ... ခရီးသွားရတာ ဝါသနာမပါပါဘူးဟယ်"လို့ ဆိုချင်လို့ကတော့ ဘယ်ရတော့မလဲ ...။ ခက်လိုက်တာနော် ...။ အဲဒီပိတ်ရက်တွေမှာ ဖျားနာနေလို့ မလိုက်,လိုက်ရဘဲ ကျန်နေခဲ့ရရင်လည်း အကောင်းသား ...။

အပျော်ခရီးထွက်ကြသည် ဆိုကတည်းက ဘယ်သူမဆို စိတ်လွှတ်လပ် ပေါ့ပါးနေကြမည့်သူချည်း ဖြစ်ပေရာ ... ရန်ကုန်မှာ ပါးစပ်မဟရဲ ... မလှုပ်ရှားရဲ ... အရာရာကို ချင့်ချိန်နေပုံရသည့် ကိုရွှေထူး တစ်ယောက် ... အပျော်ရှိန်တွေနဲ့ရော ... အုပ်စုတောင့်တာကို အားကိုးပြီးတော့ရော ... သူ့ရင်ထဲက အကြောင်းအရာတွေကို ... စီဇဝါထံ ဖွင့်ချအန်ထုတ်ပစ်လိုက်ဖို့ ပိုမိုနီးစပ် ... နေပြီပေါ့ ...။ အား ... နီးစပ်တာမဟုတ်ပါဘူး ... လုပ်ကို လုပ်ပစ်လိုက်မှာ ... သေချာပေါက် ...။

ဘယ်လိုလုပ်ရပါ့မလဲ ...။ တစ်မြို့တစ်မြေမှာဆိုတော့ ကိုယ့်ယောက်ျားလက် ကိုယ်ဆွဲပြီး ဘန်ဂလိုထဲက မထွက်စတမ်း ပုန်းနေချင်လို့လည်း ရနိုင်မှာမဟုတ် ...။

"ငါတို့သုံးယောက်ပဲသွားလည်း ရတာပဲဟယ် ... နင့်အစ်ကိုက လူများရင် နေတတ်ပါ့မလား ... ငါတို့ချည်းပဲဆို အေးဆေးပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ခွဲခြားခွဲခြားနဲ့ ... နင်တို့ အိမ်ထောင်သည်တွေဆိုတာ ဒီလိုချည်းလား ... ဟိုနှစ်ယောက်သာ ပြန်သိရင် နင့်ခေါင်းကို တူနဲ့လာထုကြလိမ့်မယ် ... အစ်ကိုနဲ့သူတို့နဲ့လည်း ခင်နေကြပြီးသားပဲ ... အစ်ကိုကလည်း အေးသာအေးတာ ... ပျော်တတ်ပါတယ် ... ဘာမှပူမနေနဲ့"

ရုတ်တရက် ဆိုသလိုပင် မလှုပ်တလှုပ်ပုံစံလေးနှင့် စိတ်အကြီးအကျယ် ညစ်ညူးသွားပုံရသော ချမ်းမြရည်ကို ကြည့်ကာ ... ရဲရဲက ... "ဩော် ... မိရည် ... မိရည်"ဟု စိတ်ထဲကပဲ ရေရွတ်လိုက်မိပါသည်။

မိရည်ရယ် ... အောင်မြင်အဆင်ပြေနေတဲ့ အိမ်ထောင်ရေးဘဝထဲမှာ နင် ဘာကြောင့် ထိတ်လန့်ဒုက္ခရောက်နေရသလဲ ... ငါသိလိုက်ပြီးပြီလေ ... ငယောက်မရဲ့ ...။ လုံးဝကို မမျှော်လင့်ဘဲ သိလိုက်ရတာ ...။ ပြောတဲ့လူကလည်း ကြည့်ဦး ... ငါ့အစ်ကိုလေ ...။ ပြောရတဲ့ အကြောင်းရင်းကတော့ ... နင်ညတိုင်းညတိုင်း ... အိပ်မက်တွေမက် ... ကယောင်ချောက်ချားနဲ့ ထအော်ပြီး ... ချွေးစေးတွေနဲ့ ငုတ်တုတ်ထထိုင်နေတတ်တာ ... တစ်ပတ်ဆယ်ရက်တောင် ကျော်ပြီဆိုပဲ ...။

"နင်တို့ သူငယ်ချင်းတွေက ဒီလောက်တောင်ပဲ သူများကိစ္စ ကိုယ့်ကိစ္စလုပ်ပြီး ... အစွဲအလမ်းကြီးတတ်ကြသလား ...





မိရည်တစ်ယောက်တော့ ... ဘာဖြစ်လို့လဲ ... လို့ မေးလည်း မဖြေဘူး ... ပြီးရင် ညတိုင်း အဲဒီလိုချည်း ဖြစ်နေတာ ... အဲဒါ ဆရာဝန်ပြရမှာလား ... ဘယ်လိုဆရာဝန်မျိုးလဲ ... မိန်းမရောဂါ ဆရာဝန်နဲ့ ပြရမလား ... နင်အရင်မေးမြန်းစုံစမ်းပေးပါဦး ... ငါ့ကျ ရှက်လို့မပြောတာများလား ... မောင်ထူးက ဓိဝေါ့ကို ကြိုက်နေတာနဲ့ပဲ သူ့မှာ ဘာတွေဒီလောက် ပြဿနာအကြီးအကျယ် တက်နေရမလဲ ... ဟိုနှစ်ယောက်ဘာသာ အချင်းချင်း ကြိုက်ကြတော့ရော ... သူ့အနေနဲ့ ဘာပူစရာရှိသလဲ ... မဟုတ်ဘူးလား ... ခုတော့ ကြာကြာနေရင် အဲဒီစိတ္တဇနဲ့ သူ လုံးပါးပါးမယ်ထင်တယ် ..."

အစ်ကိုဖြစ်သူမှာ သတိမထားတတ်သည့် သူမို့သာ ...။ ရဲရဲတို့ ဓိတို့လောက်များ ချက်ဆိုနားခွက်က မီးတောက်ပြီးသားလူဆိုရင် ... သူ ပြောလိုက်ပြီးတာနဲ့ ... "ငါတော့မှားပြီ ... ပြဿနာပဲ ... တကယ့် ပြဿနာက ငါ့မိန်းမမှ မဟုတ်ဘဲ ... ငါ့ညီမပါလား ..."ဆိုတာ ချက်ချင်းတန်းသိသွားနိုင်မှာ မုချပင်။ သူက သူ့မိန်းမကိုသာ လုံးပါးပါးမှာ ပူနေတာ ... တကယ်တမ်း ... ခေါက်ခနဲ ဦးနှောက်သွေးကြောပြတ်မတတ် ဖြစ်သွားခဲ့ရတာက သူ့ညီမလေ ...။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ထံ နှစ်ခွန်းထပ်မေးနေစရာလည်း မလိုပါ ...။ ရည်ရော အစ်ကိုပါ မဖြစ်နိုင်တဲ့ အရာတွေကို ထင်ရာမြင်ရာ အစွဲအလမ်းကြီးနေတာပဲ ... ဟုလည်း မယူဆပါ ...။ ချမ်းမြရည်ဟာ အလယ်ကောင်ကနေထိုင်ပြီး ... ဟိုဘက်ဒီဘက် နောက်တစ်ဖက်သုံးဦးသုံးဖလှယ် သုံးဖက်စလုံးကို သိပြီးနေပြီဆိုတာ ရဲရဲက ရိပ်မိလိုက်နိုင်ပါပြီတည်း ...။ အဲဒါကြောင့် ... သူ မူပျက်နေတာ ...။ အဲဒါကြောင့် ထူးကိုမြင်ရင် သူ ပျာယာခတ်ပြီး ... ရဲရဲရဲ့အလယ်ကျမှ ... စကားစမြည်တွေ တိတ်တိတ်ဆိုချင်နေခဲ့တာ ...။

ရဲရဲက ကိုယ့်စိတ်ကိုယ် အနိုင်နိုင်ထိန်းကာ ထူးကို ချက်ချင်းဖုန်းထဆက်ပစ်လိုက်ပါသည်။

"ဟဲ့ ... ချမ်းမြရည်နဲ့ ငါ့အစ်ကို့ကို လေးဘီးကားနဲ့တွေ့တဲ့နေ့တုန်းကလေ ... နင် ငါ့ကို တစ်ခုခု ပြောစရာရှိသေးတယ်ဆိုတာ"

ချမ်းမြရည်နှင့် ဘာတွေပြောပြီးကြပြီလဲ မသိသော မောင်ထူး ခမျာ ... အီး အီး ... အဲ အဲ နှင့် ... ဖြစ်နေဆဲပင် ... ရဲရဲက ...

"ဟဲ ဟဲ ဟဲ ... အဲဒါ ငါအခု ခေါင်းအားနေတုန်း ... ပြန်တွက်ချက်ကြည့်နေတာ တရေးရေးနဲ့ အဖြေပေါ်လာသလားလို့ ... နင့်နှယ်ဟယ် ... ကြိုက်စရာရှားလို့ လေဒီပါလေရာကိုမှ ကြိုက်နေရတယ်ရယ်လို့ ... သနားလိုက်တာ"





ထူးထံမှ "တဟီးဟီး"သံ စထွက်လာသည်။ ဒီဘက်မှာလည်း ..."တအင့်အင့်"ပါပဲ ထူးရယ် ...။ ကလေးကြီးလို ဟစ်ငိုတတ်တာကို ရှုံ့ချချင်တတ်သော ကောင်ကလေး တစ်ယောက်အတွက် ... ဒီတစ်ခါကျရတဲ့ မျက်ရည်ဟာ အသံမထွက်စေရဘဲ ရင်ထဲမှာသာ ...။

"နင် ပါလေရာမကို ပြောပြီးပြီလား ..."

"ဘယ်လိုလုပ် ပြောလို့ရမှာလဲ ... သင်းအကြောင်းလည်း နင် သိရက်နဲ့ ..."

ဒီလိုဆိုရင်တော့ ... လေဒီစိန်သည် ... ထူးရင်ထဲကို လှမ်းမြင်ပြီးပြီမို့ ရဲရဲနှင့် ဆက်လက်မအောင်သွယ်တော့တာမျိုး မဖြစ်နိုင်တော့ ...။ ဝင်မပါတော့တာသည် ရိုးရှင်းသောခံစားချက် နှင့်သာ ဖြစ်လိမ့်မည် ...။ လွတ်စေ ...။

"အစုတ်အနုတ်ကောင် ... နင်နဲ့ မိရည်နဲ့ ဟိုတစ်နေ့ကပြောဖြစ်လိုက်ကြတာလည်း အဲဒီအကြောင်းပဲ ... ငါသိတယ် ... ငါ့များ လက်တစ်လုံးခြား ဖုံးဖိထားချင်လို့ ရပါ့မလား ..."

"မိရည်က နင့်အတွက် စိုးရိမ်တယ်လို့ ငါ့ကို ပြောလို့ပါ ..."

မိရည် ...။ ရဲရဲသည် ဝမ်းနည်းနေရတာတွေပင် ရုတ်တရက် ဘယ်ပျောက်မှန်းမသိ ...။ မိရည်ဆိုတဲ့ တစ်ယောက်ဟာ သူ့ဘာတွေ ကြိုသိမှန်းနိုင်ပြီး ... ထူးကို ဘာတွေလျှောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးပြီလဲ ...။ ဤအိမ်သို့ ရောက်ရှိလာခဲ့ပြီး ခဏတွင်းချင်းမှာ မှိုင်သလိုလို ငိုင်သလိုလို ပုံပြောင်းသွားခဲ့တဲ့ မိရှည်ဟာ အတွေ့အကြုံများလှတဲ့ သူတစ်ယောက်ပီပီ ... ရဲရဲရဲ့ ရင်ထဲကို ထွင်းဖောက်သိမြင်နိုင်သွားပါလိမ့်မည်။ (ဟိုပါလေရာမနဲ့တော့ ပြောင်းပြန်)။

သိတာကတော့ ထားပါတော့ ...။ သိတာက သိလို့ရပါသည်။ အရေးကြီးတာက စည်းမစောင့်၊ နှုတ်မစောင့် ... သိတဲ့အတိုင်း ... အရင်းအတိုင်း ထုတ်ဖော်ပြောမပြော ...။

"ငါတို့ သူငယ်ချင်းလေးယောက်မှာ ငါတို့သုံးယောက်က အတွဲအဖော်တွေနဲ့ ဖြစ်သွားရင် ... နင်တစ်ယောက်တည်း ကျန်ခဲ့တယ်လို့ ... နင့်စိတ်ထဲ ဖြစ်သွားတော့မှာကို မိရှည်က ပူတယ်တဲ့ ... နင်က အဲဒ်လိုဆိုရင် ... ကိစ္စမရှိပါဘူး ... ဂရုမစိုက်ပါဘူးလို့ ပြန်ရွဲ့ပစ်မယ်ဆိုရင် ... နင့်ကို ငါတို့က 'စိတ်ပုပ်မ'လို့ မြင်မှာ ... သတ်မှတ်ကုန်ကြမှာ ... သူရ တယ်တဲ့ ..."

(ချမ်းမြရှည်က စတင်ပြီး စကားလှအောင် တန်ဆာဆင်ခဲ့ခြင်းသည် ... ထူးထံမှ သေချာစဉ်းစားပြီး ထပ်ဆင့်ပြန်ထွက်လာသော အခါတွင်မတော့ ... ကာယကံရှင် ရဲရဲ အတွက် ကြားပျော်နာခံနိုင်သော အနေအထားလေးနှင့် လှပသွားခဲ့ပြီ ...။)





ရဲရဲလည်း ရုတ်တရက် Heart ထိသွားသလို ခံစားလိုက်ရကာ ... ချမ်းမြရှည်ကို ပြေးပင် ဖက်လိုက်ချင်မိသလိုလို။ မိရှည်ရယ် ... နင် ငါ့ရင်ထဲကို တိုက်ရိုက်သိကိုသိနိုင်ပြီးဖြစ်ရက်နဲ့ စကားလှအောင် ပြောတတ်လိုက်တာ ...။ မလိမ်မကွယ်တတ်တဲ့ ချမ်းမြရှည်ကို အဲဒီလောက် စကားလှလှ ထွက်တတ်အောင် ဘယ်လိုခံစားချက်မျိုးက သင်ကြားအသက်သွင်းပေးနိုင်လိုက်သလဲ ...။ ကဲ ...မိရှည်လည်း ... လွတ်စေ ...။

ဒါဖြင့် ထူးရော ...။ လူပဲ ...။ ကိုယ်ချစ်ချင်တဲ့လူကိုပဲ ချစ်မိကြမှာပေါ့နော် ...။ ကိုယ့်လာပြီး သေမတတ်ချစ်နေတဲ့ လူတွေကို ပြန်ရိုပ်မိပြီး ပြန်ချစ်ကြရကြေးသာဆိုရင်တော့ လူ့လောကကြီးဟာ ခုလို အစီအစဉ်တကျ လှပနေတာမျိုး ရှိချင်မှတောင် ရှိလိမ့်မည် ...။ ကဲ ... သူလည်း လွတ်ပါစေ ...။

နောက်ဆုံးကျတော့ ... ဘယ်မှမလွတ်နိုင်ဘဲ ပိတ်မိကျန်ရစ် ... ခံစားနေရတော့မည့်သူမှာ ... ရဲရဲ တစ်ယောက်သာပင် ရှိတော့သည်။ အားလုံးဟာ သူ့စေတနာ ... သူ့မေတ္တာနှင့်သူ ... "လွတ်စေသတည်း"တွေချည်း ဖြစ်ကုန်ကြပြီလေ ...။ ရဲရဲ တစ်ယောက်တည်း ... ဒီအဖြစ်အပျက်ကြီးမှာ ... တအားခံစားကျန်ရစ်ပိတ်မိနေခဲ့လို့ ဖြစ်ပါ့မလား ...။ ရဲရဲမှာရော လွတ်ငြိမ်းမရှိရတော့ဘူးတဲ့လား ...။



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ ရင်ထဲက ယုံကြည်လိုက်မိတာ တစ်ခုတော့ ရှိပါသည်။ သူ့ မုန့်ဟင်းခါးပန်းကန်ကို သွားဆွဲယူသွန်ပစ်လျှင် ကိုယ့်လက်ဖက်ရည်ခွက်ကို ပြန်မှောက်ပစ်လိုက်ဖို့ ဝန်မလေးတတ်သည့် ပါလေရာမ,ဟာ ... ရဲရဲ ရင်ထဲက အခြေအနေတွေကို သူ တကယ်လက်ခံယုံကြည်သွားနိုင်လျှင်တော့ ... ထူးဆိုတဲ့ကောင်ကလေးကို ဒီကမ္ဘာတစ်သက် ... ဘယ်တော့မှ ပြန်လည်လက်ခံလက်တွဲတော့မည် မဟုတ်ခြင်းတည်း ...။

အဲဒီအခါကျ ... သဘောကောင်းဖြူစင်တဲ့ ... ကိုယ့်အပေါ် တစ်သက်လုံး အနွံအတာခံပြီး ကောင်းခဲ့တဲ့ ... ကိုယ်ကိုယ်တိုင်က နှစ်နှစ်ကာကာ ချစ်ရတဲ့ ကောင်ကလေးတစ်ယောက်ပဲ တစ်ဘဝစာ စိတ်ဆင်းရဲ မပျော်ရွှင်နိုင် ဖြစ်ရတော့မှာ ...။ ပါလေရာမက ဘယ်လောက်ပဲ ပြန်ဝင်ပါပါ ... ဒီကောင်လေးက ကိုယ့်ကို ပြောင်းလဲပြီး ချစ်လာနိုင်မတဲ့လား ...။ ဝေးသေးပေါ့။

ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ ဆုံးမ,ကြည့်လိုက်လေ ...။ အဲဒီလို အင်မတန် အဲလိုက်သိ အကြိုက်ဆောင်တတ်တဲ့ ကောင်ကလေးကို ကိုယ်စွဲလမ်းငြိတွယ်သွားမိတာ ဘာ့ကြောင့်လဲ ...။ လုံးဝ တစ်စက်မှ အလိုက်မသိ ... အောက်သက်မကျေတတ်တဲ့ အစ်ကိုကြီးတစ်ယောက်နဲ့ နှစ်ယောက်တစ်မိသားစုဘဝကို မကျေနပ် မပျော်ပိုက်နိုင်လို့ပဲ မဟုတ်လား ...။ ဒါဆိုရင်ပြီး





ပြီလေ ...။ အဖြေက ထွက်နေခဲ့ပြီလေ ...။ ခုဆိုရင် ရဲရဲရဲ့မိသားစုဘဝလေးဟာ ... အမေနေရာမှာ သတ်မှတ်ထားနိုင်သော လူကြီးသူမတစ်ယောက်ရယ် ...၊ ညီအစ်မနေရာမှာ ကိုယ့်အတွက် ... စဉ်းစားသိတတ်ပေးနိုင်တဲ့ သူငယ်ချင်းကောင်း ယောက်မချောရယ် ...။ ဖျက်လုပ်လိုက်တဲ့ အရုပ်သစ်တစ်ရုပ်လို ... မိသားစုရဲ့ ဦးစီးဦးဆောင် တကယ့်ယောကျ်ားလို့ ပြောနိုင်ပြီဖြစ်တဲ့ အစ်ကိုဘစ်ယောက်ရယ်။

ရဲရဲ တကယ်တမ်း လိုအပ်တောင့်တနေမိတာက ... မေတ္တာအကြင်နာတွေ ပြည့်ဝနေတဲ့ မိသားစုဘဝရယ် ...၊ ဂရုတစိုက် အလိုက်သိမှုတွေရယ် ...၊ တာဝန်ယူ ဦးဆောင်နိုင်မှုတွေရယ်။ ဒါတွေကို အကုန်ရနိုင်ခဲ့ပြီပဲ ...။ မဖြစ်နိုင်တဲ့ ဖိုးလမင်းထဲက ယုန်ကလေးအထိပါ လိုက်မျှော်လင့်နေဆဲ ဖြစ်ရအောင် ... အသိဉာဏ် မရှိနိုင်သေးတဲ့ ကလေးလေးလည်း မဟုတ်တော့ဘူးကွယ် ...။

"ဟော့ ... ထူး ... ပါလေရာမနေရာကို ငါဝင်လိုက်ရမလား"

"ဘာဖြစ်တယ် ..."

အမယ်လေး ...။ မောင်ရွှေထူးရယ် ... စကားရောသွားမိတာပါ ... နင့်ရင်ထဲက နေရာထိတော့ ငါ လှမ်းတိုးဝင်ဖို့ စိတ်မကူးတော့ပါဘူးဆိုနေ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ ပါလေရာမ,ဝင်လုပ်ရမှာက ငါလေ ... ဘယ့်နှယ့်လဲ"

ထူးတစ်ယောက် ရယ်လိုက်တာဆိုတာ ...။ အဲဒီလို အုလိုက်သည်းလိုက် ရယ်မောတတ်သံတွေ ဘယ်တော့မှတိတ်မသွားစေရပါဘူး ... ကောင်ကလေးရယ် ...။

ထူးကို စိတ်ချမ်းသာစေနိုင်ပြီးလျှင် မိရည်ရဲ့အလှည့်အင်မတန် ရှာကြံစိတ်ပုပ်တတ်တဲ့ မိန်းကလေးတစ်ယောက်ဟာ_ သူငယ်ချင်းတွေအတွက် စိတ်ချမ်းသာမှုတွေ လိုက်ဝေငှနေရချိန်မှာ ... သူ့ရင်ထဲမလည်း အေးချမ်းနေနိုင့်မှပါပဲဆိုတာ ...။ နင်တို့တစ်ဆိတ်လောက်တော့ ယုံကြည်ပေးကြစမ်းပါ။

တစ်သက်လုံး ခပ်အအခပ်တုံးတုံးကလေးသာ ဖြစ်ခဲ့တဲ့ ချမ်းမြရည်ဟာလည်း ... ဂျူလည်မလို့ သတ်မှတ်ထားကြတဲ့ ရဲရဲရဲ့ လှည့်ကွက်တွေမှာမိပြီး ... သူ ရိပ်မိခဲ့တဲ့ ... "ရဲရဲရဲ့အချစ်" တို့ကို ..."မဟုတ်ဘူး ... ငါမှားသွားတာထင်တယ် ..."လို့ ပြန်ပြီး ထင်ယောင်ထင်မှားတွေ ဖြစ်ကုန်စမ်းပါဦး ...။

"ငါ ဒေါ်ဒေါ့်ကို ပြောထားလိုက်တော့မယ်နော် ... နင်လည်း အစ်ကို့ကို ပြောထားပြီး စီစဉ်ခိုင်းထား ..."

"အဲ ... ဟိုဒင်း ... ဟို ... အတိအကျကြီးတော့ မဆုံးဖြတ်မစီစဉ်ထားနဲ့ဦးဟယ် ... ငါ့ရုံးမှာရော ... နင့်အစ်ကိုရုံးမှာရော ... အဲဒီရက်ခွင့်ရနိုင်ဖို့ဆိုတာက မသေချာ ..."



BURMESE CLASSIC .com



"သေချာအောင် လုပ်ရမှာ နင့်တာဝန်ပေါ့ ... အဲဒီရက် ချောင်းသာကို နင်ပါမလာရင် ... သူငယ်ချင်းသစ္စာဖောက်ပဲ ... ပါလာရင်လည်း နင့်ယောကျ်ားနဲ့ ပူးကပ်ပြီး ပျော်နေခွင့်ရမယ် မထင်နဲ့ ... တာဝန်တွေနဲ့ သွားကြမှာ ... ကိုယ့်လူကိုယ် ကြိုပြောထား ..."

"ဟမ် ... ဘာတွေလဲ ..."

"ငတုံးမလေး ... ငါပြောပြမယ် ... ဒီတစ်ခါ ငါတို့က 'လေဒီပါလေရာစိန်'ဆိုတဲ့ နာမည်ခြောက်လုံးကို တစ်ယောက် ... သုံးလုံးစီ ခွဲယူပြီး လှုပ်ရှားကြရမှာ ... နင်ကြိုက်တဲ့ သုံးလုံး အရင်ယူလိုက် ... ကျန်တာငါပဲ ..."

"ဘာ ... ဘာလဲ"

"နာမည်ပျောက်သွားပြီဖြစ်တဲ့ ဟိုမိန်းမနဲ့ မစွတာမောင်ထူးတို့ကိုစွ ဖြစ်မြောက်ရေးလေ ..."

ချမ်းမြရည်မှာ ရဲရဲကို ဆက်ပဲစိုက်ကြည့်နေရမလိုလို ... မကြည့်ဘဲ မကြည့်ရဲသလိုလိုနှင့် ... ဖျတ်ခနဲ ခိုးကြည့်လိုက် ဘာမှမဖြစ်ချင်ယောင်ဆောင်လိုက် လုပ်နေသည်။

"ငါတို့ ချောင်းသာရောက်ရင် အဲဒီနှစ်ယောက်ကို အပြတ်အောင်သွယ်မယ် ... သိကြရောပေါ့ မိဗိရယ် ... ပျော်စရာကြီးနေမှာ မိရည်ရဲ့ ... နင့်ခွင့်က မရနိုင်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲ ...၊ ရ ... ရနိုင် ..."

"အေး ... ပြီးတာပဲ ..."

"နင့် ... နင့်ကို ထူးက ဘာပြောသေးသလဲ ..."

"ဒီဇဝါကိုမှ မရရင် ... ထွန့်ထွန့်တွေလူး အပိုင်းပိုင်းပြတ်ပြီး သေရပါလိမ့်မယ်တဲ့ ... ကူညီပါတဲ့ ..."

"ဟယ် ... အဲဒီလိုကြီးကို ပြောတယ် ..."

ချမ်းမြရည်ရဲ့ ပုံစံက တထိတ်ထိတ် တလန့်လန့် ဖြစ်နေရာမှ ထူးကို စိတ်တွေတိုလာမိတော့သည်။ မပြောပါနဲ့လို့ အတန်တန် တားထားတဲ့ဟာကို ... ပြောမဲ့ပြောတော့လည်း တစ်ခွခွ။

"အဲ ... အဲဒီတော့ ... နင်က ..."

"ကူညီရမှာပေါ့ဟ ... ထူးမှာ နင်နဲ့ငါ နှစ်ယောက်ပဲ ရှိတာ ဟာ"

မိရည်ရဲ့ သက်ပြင်းလုံးကြီးတစ်လုံးက "ဝုန်း" ဆို ကျသွားပုံရလျှင် ... ရဲရဲမှာလည်း တီတိတိတ်လေးကျိတ်ကာ သက်ပြင်းခိုးချရပါသည်။ ရဲရဲ မျှော်လင့်ချင်သလောက်ကြီး လည်း မ,အလှတော့တဲ့ ချမ်းမြရည်ကတော့ ... "ငါ့အထင် မှားတာပဲ နေလိမ့်မယ်"ဟု ပြန်တွေးဖြစ်မည်တော့ မဟုတ်ပါ ကြည့်နေရင်း... ကြည့်နေရင်းနှင့်ကို ရဲရဲရဲ့ ရင်ထဲကို ... ဟိုးအတွင် ထဲထိ ... ပိုပိုထိုးဖောက်ပြီးတော့သာ မြင်နေနိုင်ပါတော့သည်





ဒါပေမဲ့ ... ရည့်အဖို့ အကောင်းဆုံး မျှော်လင့်နိုင်မှာကလည်း ... ခုလို ... အပြစ်ကင်း ဖြူစင်တဲ့ ဟန်ဆောင်ခြင်းမျိုးတွေ "ကဲ"ထားတဲ့ ... "ငြိမ်းချမ်းပျော်ရွှင်မှု"ပဲလေ။ ဒီအဖြစ်အပျက်ကြီးကို ရဲရဲ လက်သင့်ခံကာ ရင်ဆိုင်နိုင်မည်ဆိုလျှင် ပြီးတာပဲ ...။ နောက်ဆက်တွဲ မျှော်လင့်ချက်တွေ အတွက်တော့ အချိန်ကို စောင့်ရလိမ့်ဦးမည်ဆိုတာ ရည်ကသဘောပေါက်ပါသည် ...။

ရည့်မျက်နှာကလေး ပြန်လည်ကြည်လင်လာနိုင်လျှင် ရဲရဲက ရည့်ကို နောက်ကျောဘက်ကနေ သိုင်းဖက်ပြီး ... ပါးချင်းယှဉ်အပ်ထားလိုက်သည်။

* * *

"ဟဲ့ ... ထူး ... မိရည်ကို တွေ့မိလား ... ငါ့ကို 'ချောင်းသာ'ဆိုတာကြီးကို ရောက်ရောက်ချင်း ... အထုပ်ချပြီးတာနဲ့ ... ကမ်းခြေဆင်းခဲ့ဆိုတဲ့မိန်းမ ... ခုထိမတွေ့သေးဘူး ... သူတို့ ဘန်ဂလိုထဲက ထွက်မလာကြသေးဘူးလား မသိဘူး ... နင်ထွက်လာတော့ မြင်ခဲ့သေးလား"



www.burmeseclassic.com

www.burmeseclassic.com



ထူးက ဗီဇဝါရဲ့အမေးကို ဘာမှပြန်မဖြေဘဲ ပြုံးပြုံးကလေးသာ စိုက်ကြည့်နေသည်။

"မိရည်ကို မတွေ့ရင် ရဲရဲကိုရော ... တွေ့မိလား ... ငါ ထွက်လာတုန်းကတော့ ငါတို့အခန်းထဲမှာ သူ ကျန်ခဲ့တာပဲ ... သွားနှင့် ... လိုက်ခဲ့မယ်တဲ့ ... ပြီးကျ ... ခုထိပေါ်မလာဘူး... သူကရော ဘယ်ရောက်သွားတာလဲ ... မိရည်တို့အခန်းဘက်များ ရောက်သွားလား မသိဘူးနော် ..."

ထူးက ပြုံးနေရာမှ ရယ်ချင်နေသည့် မျက်နှာမျိုးဖြစ်လာသည်။ ဗီဇဝါ့ မျက်နှာမှာ ချက်ချင်း မျက်မှောင်အတွန့်ချိုးသွားကာ ...

"ဟဲ့ ... ထူး ..."

"အဲဒီသုံးယောက် ... ရွာထဲ ဆက်ထွက်သွားကြတယ် ... ကားလည်း သူတို့ပဲ ယူသွားပြီ။ ငါ့ကိုတောင် တာ့တာပြသွားကြသေးတယ် ... ဟင်း ... ဟင်း ..."

ဗီဇဝါ့ မျက်လုံးတွေ ပြူးကျယ်ထွက်သွားရကာ ... ချက်ချင်းဆိုသလိုပင် တရှူးရှူး တရှဲရှဲပါ ဖြစ်လာပြီး ...

"ရဲရဲ လမ်းမှာတုန်းကပြောတဲ့ နှင်ချည်း တစ်သက်လုံးပါလေရာ လိုက်လုပ်နေတာ ... ဒီတစ်ခါ ငါတို့အလှည့် ...





ငါတို့စိတ်ဉ်ပြီဆိုရင် ... နှင်အလှည့်ကျမှ မနှံ့စေနဲ့ ... ဆိုတာရော ... ဘာသဘောလဲ ..."

ထူးက ရယ်ကျဲကျဲနှင့် ခေါင်းလေးကို ကုတ်နေရင်း ...

"အေး ... အဲဒါလည်း အဲဒီသဘောပဲ ... ဟင်း ဟင်း"

"ဘယ်လိုဖြစ်နေကြတာလဲ ..."

ဗီဇဝါက ခပ်ကျယ်ကျယ်ကြီး ကျူးအော်ပစ်လိုက်သည်။

"ငါ ပြောစရာရှိလို့ပါ မိဗီရယ် ..."

"မပြောနဲ့ ... မပြောနဲ့ ... မပြောနဲ့ ..."

"နင် ဟိုနှစ်ယောက်တုန်းကျတော့ ... နင်ဝင်ပါလိုက်တိုင်း ဝင်စီစဉ် ဘေးတီးတိုင်းမှာ ... နင်ကိုယ်တိုင် ဘာပြောခဲ့သလဲ ... ပြန်သတိသေးသလား ..."

"နင်တို့ ဘာမှဝင်မပြောကြနဲ့ ... ပါးစပ်လေးငြိမ်ငြိမ်ပိတ်ပြီး ... ထူးက ဘာပြောချင်သလဲဆိုတာလေး တစ်ချက်ပဲ ... အဲဒီတစ်ချက်ကလေးပဲ သည်းခံပြီး နားထောင်လိုက် ... ဟုတ်ပြီလား ..."။ အဲဒီလိုကြီး ပြောခဲ့မိဖူးတာကို ဗီက ကိုယ့်စကားကိုယ် အမှတ်မရဘဲ ရှိမလား ...။

www.burmeseclassic.com



တောက် ...။ ခံလိုက်ရပြီကွာ ...။ ငါ ဘာလုပ်ရ တော့မလဲ။ တစ်ချိန်လုံး ရအောင် ရှောင်လာနိုင်ပြီးကာမှ ... ဒီတစ်ချက်နဲ့ ...။

ဇီက သဲသောင်ပြင်ပေါ်မှာ ခြေပစ်လက်ပစ်ကြီး "ဝုန်း"ခနဲ ပစ်ထိုင်ချလိုက်မိလျှင် ... ထူးက ရယ်ကျဲကျဲလေးနှင့် ... နံဘေးမှာ အသာအယာ လာကပ်ထိုင်ချလိုက်လေသည်။

❦ ❦ ❦

BURMESE CLASSIC .com

ပုဏ္ဏမီ



www.burmeseclassic.com